၂၁၁၄၉

ဥဒါန်းပါဠိတော်

နှင့်

ဆရာဦးကျော်ထွတ်

၏

# မဉ္ဇူသက ပဋိစ္စသမုပ္ပါဒ်

မှတ်တမ်းတင်သူ-ဒေါ်ခင်သန်းမြင့်

သာသနာနှစ် ၂၅၂၈ ကောဇာနှစ် ၁၃၄၆

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်

စောင်ရေ—၅၀၀၀

သာသနာနှစ်—၂၅၂၉

ကောဇာနှစ်—၁၃၄၇

၂၁၁၄၉

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် အတွက်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ်(၀၂၅၂၇) က ထုတ်ဝေ၍
ဦးစံလှ၊ (၀၂၂၀၉)၊ စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်၊
အမှတ် ၁၄၆/၃၃-လမ်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။


ပဋိစ္စသမုပ္ပါဒ်
အင်္ဂါ-၁၂-ပါး
ကမ္မဝဋ်
သန္ဓိ
ဘဝ
(ကမ္မဘဝ)
ဝိပါကဝဋ်

# မဇ္ဈူသက နိဒါန်း

ဆရာ ဦးကျော်ထွတ်၏ 'မဇ္ဈူသကပဋ္ဌာန်း' ကို ရိုက်နှိပ် ထုတ်ဝေလိုက်သဖြင့် ကျွန်မတို့သင်တန်းကို ဆရာကြီး ဒဂုန်ဦးစန်းငွေက 'အသက် ၆၀ ကျော် ရှင်ပျော်ပျော်အဘိဓမ္မာသင်တန်း' ဟူ၍ အမည်ပေး ကင်ပွန်းတပ်လိုက်ပါသည်။ ယင်း အဘိဓမ္မာသင်တန်းသည် ဆရာကြီးများဖြစ်ကြသော ဦးလှမောင်နှင့် ဦးကျော်ထွတ်တို့က ကျွန်မတို့ တပည့်များအပေါ် ထားရှိသော မေတ္တာနှင့် စေတနာ၊ သင်တန်းသူ သင်တန်းသားများ၏ တရားသင်တန်းသို့ မပျက်မကွက် တက်ရောက်ကြခြင်းဟူသော ဝီရိယနှင့် ဇွဲ၊ တရားသင်တန်းများ အစဉ်မပြတ် ကျင်းပနိုင်ရေးအတွက် ကြည်ဖြူစွာ ဖိတ်ခေါ်လျက် အမြဲတစေ လက်လှမ်းကြိုဆိုနေကြသော မဇ္ဈူသက မိသားစု၏ ကူညီရိုင်းပင်းမှု ဟူသောအကြောင်းအမျိုးမျိုးတို့ကြောင့် ယနေ့တိုင် တည်မြဲလျက် ရှိပါသည်။

ထို အဘိဓမ္မာသင်တန်း တည်တံ့လျက် ရှိနေသဖြင့် ကျွန်မတို့သင်တန်းသူ သင်တန်းသား အပေါင်းမှာ မြတ်ဗုဒ္ဓ၏ ဒေသနာတော်ကိုမပြတ် မှတ်သားကြားနာနေရခြင်း အကျိုးကို ကိုယ်တွေ့ လက်တွေ့ခံစားလျက် ရှိကြပါသည်။

တရားသင်တန်းများ အဆက်မပြတ် ပို့ချနေစဉ်မှာပင် သင်တန်းသား ဗိုလ်မှူးကြီးခင်ညိုနှင့် အငြိမ်းစား သံအမတ်ကြီး ဦးအုံးခင်တို့၏တောင်းပန်ချက်အရ ဆရာဦးကျော်ထွတ်သည် ၁၅-၇-၀၀ နေ့မှ ၂၉-၉-၀၀ နေ့ထိ သောကြာနေ့တိုင်း ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုပို့ချခဲ့ပါသည်။ ထို တရားတော် စတင် ပို့ချသည့်နေ့မှာပင် ဆရာသင်ကြားသည့် ခုံရှေ့တွင် စကားပြောမိုက်ခွက်နှင့် တိတ်ကြိုးခွေ သွင်းယူနေသည်ကို ကျွန်မ သတိထားမိပါသည်။

ဆရာ စတင်သင်ကြားပြီး တိတ် သုံး လေးခွေလောက် သွင်းပြီးသွားသောအခါ မဇ္ဈူသက ဦးသန်းမောင်က စတင်၍ "ဒေါ်သန်းမြင့်၊

ခင်ဗျားတော့ အလုပ်ရအုံးမှာပဲ၊ တိတ်ခွေတော့ သွင်းနေပြီပြီလေ" ဟု ပြောလာပါသည်။ ထိုအခိုက်မှာပင် ဦးအုံးခင်က "ဒီတခါလဲ စာအုပ် ရေးလိုက်ရယင် သိပ်ကောင်းမှာပဲ" ဟု ဆက်ကာ ပြောလိုက်ပါသည်။ အနီးရှိ ငိုင်-အမ်-ဘီ-အေ နာယကကြီး ဦးစိုးရကလဲ "ပဋ္ဌာန်းတရား တော်က ဘုရားဖြစ်ပြီးခါမှ ဆင်ခြင်တာပါ၊ ဘုရားဖြစ်တာကတော့ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်မှ ဘုရားဖြစ်တာပါ။ ပဋိစ္စသမုပ္ပါဒ်ကို မသန်း မြင့် ရေးယင် သိပ်ကုသိုလ်တွေ ရမှာပဲ" ဟု အားပေးစကား ပြောပြန် ပါသည်။

ကျွန်မမှာ ထိုအချိန်က ဖခင်ကြီး၏ မင်္ဂလာပြန့်ပွားရေးနှင့် သာသနာရေး၊ လူမှုရေး ဆောင်ရွက်ချက်များကို မှတ်တမ်းတင် ရေး သားနေခိုက် ဖြစ်သည်နှင့် ဆိတ်ဆိတ်ပင် နေလိုက်ပါသည်။ ထိုအချိန်က ကျွန်မ၏ အာရုံမှာ ဖေဖေ၏ စာအုပ်ပေါ်မှာသာ စူးစိုက်၍ နေခဲ့ပါ သည်။ သို့နှင့်ပင် 'ကျွန်မ၏ဖခင် မင်္ဂလာ ဦးဘသန်း' စာအုပ်မှာ ၁၉၇၁ ခု၊ မတ်လအတွင်းတွင် ရိုက်နှိပ် ပြီးစီးသွားပါသည်။ ကျွန်မ နှစ်ရှည် လများ အထူးကြိုးပမ်းနေသည့် ကိစ္စကြီးတခု ပြီးမြောက် သွားခြင်း ဖြစ်ပါသည်။

၁၉၇၁ ခု၊ မေလ ၁၀ ရက်နေ့တွင် ကျွန်မတို့ အဘိဓမ္မာ သင်တန်းသားများက ဆရာ ဦးလှမောင်နှင့် ဦးကျော်ထွတ်တို့အား ပူဇော်ကန်တော့ပွဲ ပြုလုပ်ကြပါသည်။ ထိုကန်တော့ပွဲတွင် ဆရာ ဦးလှမောင်၏ ဩဝါဒစကားကို ကျွန်မ ကြားနာလိုက်ရသောအခါ ကျွန်မစိတ်တွင် တော်တော် တုန်လှုပ်သွားပါသည်။

"ဆရာတို့ ဒီနေရာမှာ သင်တန်းပေးနေတာ ယခုနှစ်ဆိုယင် ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ရှိသွားပါပြီ။ အမှန် ပြောရမယ် ဆိုယင် ယခုလောက် ရက်ကြာကြာ သင်တန်း တက်ပြီးသွားတော့ တော်တော် ပြောနိုင် ဟောနိုင်ရှိဖို့ ကောင်းပြီ၊ ကျွန်တော်တို့လဲ ရုပ်နဲ့ နာမ် အစုအဝေးမို့ ဘယ်နေ့ ဘာဖြစ်ပြီး ဒီနေရာကို မရောက်နိုင်ပဲ ရှိတော့မယ်ဆိုတာ မသိနိုင်ဘူး၊ ကျွန်တော်တို့ ခြေရာကို ခင်ဗျားတို့ အထဲက လိုက်နိုင်တဲ့သူလဲ ရှိဖို့ကောင်းပါပြီ၊ ကျွန်တော်တို့ကို ခင်ဗျားတို့ တနှစ် တခါ ဆရာတွေရဲ့ ကျေးဇူးစကားတွေကို ပြောပြီး ကန်တော့

နေတာနဲ့တော့ မကျေနပ်နိုင်ပါ''ဟု အတည့်အလင်း ကျွန်မတို့ကို ပြောကြားသွားပါသည်။

ကျွန်မ ဘုရား တမိပါသည်။ ဆရာပြောတာကဖြင့် ဟုတ်လှ မှန်လှပါပေသည်။ ကျွန်မ ဒီသင်တန်းကို တက်ခဲ့သည်မှာ ငါးနှစ်နီးပါး ရှိပေပြီ။ ကျွန်မတို့ ကောလိပ်မှာနေစဉ်က ဒီနှစ်ကာလအတိုင်း အတာနဲ့ဆိုလျှင် ဒီဂရီလဲ ရပြီ၊ ဂုဏ်ထူးတန်းလဲ အောင်နိုင်နေပြီ။ ယခု ကျွန်မတို့မှာ တနေ့လာ နား ထောင်ပြီး ပြန်သွား၊ တနေ့လာ နား ထောင်ပြီး ပြန်သွား၊ တရားတွေ နာရဆဲမှာဖြင့် အလွန်ပင် ဝင်စားပြီး စိတ်က အေးချမ်းလှပါသည်။ ဓမ္မအရသာကို ခံစားပြီး နေမိပါသည်။ အိမ်ပြန်ရောက်သည့်အခါမှာတော့ သားသမီးကိစ္စ၊ အိမ်မှုရေးကိစ္စ၊ လူမှုရေးကိစ္စတွေနှင့် အချိန်ကုန်ရပြန်သည်။

သို့သော်လည်း တခါတရံ တချက် တချက် ကျွန်မ သဘော ပေါက်တာလေးတွေ တွေးမိတဲ့အခါ 'စိတ်-စေတသိက်-ရုပ်နာမ်တွေ ကဖြင့် ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ မပြတ် လှုပ်ရှားနေကြတယ်၊ လူတွေ မှာတော့ ပြုံးကြ မဲ့ကြ ရယ်ကြ ငိုကြ အဖြစ်လဲ မသိနိုင်၊ အပျက်လဲ မသိနိုင်၊ အာရုံစေစားရာ စိတ်စေစားရာ တကောက်ကောက်ပဲ လိုက်နေ ကြတာပါကလား။ ဒီ စိတ် စေတသိက်တွေ ဘုရားရှင်ဟောကြားထား ခဲ့တာကလဲ တအံ့တသြ အထူးတလည် ဆန်းကြယ် လှ ပါ ပေ တယ်။ ဘယ်သူမှ ဘယ်လိုမှ မသိနိုင်တာတွေကို သေချာ ဂန ဟောပြထား ခဲ့တာဖြင့် တကယ့်ကို အနုစိတ်လှပါပေတယ်'လို့ ဘုရားရှင်၏ အစိန္တေယျ ဉာဏ်တော် အနန္တကို ကြည်ညို သဒ္ဓါ ပီတိတွေ ဖြာရပါသည်။

ထိုကဲ့သို့ သဒ္ဓါတွေ ပေါက်လာသည့် အခါမှာဖြင့် စာကလေး မြိုးမြိုးမြက်မြက် ဖတ်လိုက် မှတ်လိုက် လုပ်မိလိုက်ပါသည်။ သုံး လေး ရက် ကြာပြန်တော့လဲ မှတ်ထား ဖတ်ထားတာတွေက ဘယ်ကို ရောက် သည် မသိပါ။ ပြန် စဉ်းစားလို့လဲ မပေါ်ပါ။ စာအုပ်ကို ပြန်ကြည့် မှပဲ အကြောင်းက ပြန်၍ ပေါ်လာပါတော့သည်။ 'သြော် ဉာဏ်တွေက နုံလှချည့်လား'။

ငယ်စဉ်က သင်ခဲ့ ကြားခဲ့ ဖြေခဲ့တာတွေ အလုပ်လုပ်နေစဉ်က လုပ်ငန်းမှာ ဆောင်ရွက်နိုင်ခဲ့တာတွေ ပြန်လည် စဉ်းစားမိပြီး ကျွန်မ၏ အမှတ်သညာတွေ ဘယ်လိုများ ဖြစ်ကုန်ပါလိမ့်ဟု အားမလို အားမရ

ဖြစ်ရပါသည်။ ဆရာတိုက်တွန်း ပြောကြားသွားသလို ဟောနိုင် ပြော နိုင်သည့် သူတို့ခြေရာ နင်းဖို့ကဖြင့် ဝေးလှပါသေးသည်။

ဆရာ့စကားကို စိတ်တုန်လှုပ်စွာဖြင့် ကြားခဲ့ရပြီး ကျွန်မ ခိုင်ခိုင် မာမာ ဆုံးဖြတ်ချက်တခု ချလိုက်ပါသည်။ "ဆရာတို့လို ဟောနိုင် ပြောနိုင်ဖို့ ဒီတသက်မှာကတော့ မဖြစ်နိုင်တာ သေချာပါတယ်။ သို့ ပေမယ့် ဆရာတွေ ပြောစကားကို မပျောက်မပျက် တည်ရစ်အောင် တော့ သူတို့သင်ကြားပေးတဲ့ တရားတွေကို စာအုပ်ရေးနိုင်တာပဲ။ ဒီတခါလဲ ရေးမှပဲ ဖြစ်တော့မယ်" ဤသို့ သဘောပေါက်လိုက်သည် နှင့် ဆရာကန်တော့ပွဲအပြီးမှာပဲ ဆရာဦးကျော်ထွတ်နှင့် ဦးသန်းမောင် အား ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ကျွန်မ ကူးယူ ရေးသားပေးပါ မည်ဟု ဝန်ခံလိုက်ပါသည်။ ဝန်ခံခဲ့သည့် အတိုင်းလည်း ၁-၅-၈၁ နေ့က ဦးသန်းမောင်ထံမှ တရားခွေများကို ယူပြီး ကျွန်မ ကူးယူ ရေးသားခဲ့ရာ ၂၀-၈-၈၁ နေ့တွင် ပြီးစီးပါသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် တရားတော်ကို ကြားနာ၍ ကူးယူနေဆဲမှာပင် တဘဝ၏ ဇာတိ မရဏ အကြောင်းဆက်ကို မျက်ဝါးထင်ထင် တွေ့ မြင်ခဲ့ရပါသည်။ သံဝေဂရဖွယ်အဖြစ် ကြုံတွေ့ခဲ့ရပါသည်။ ကျွန်မတို့ သင်တန်းသူတဦးဖြစ်သည့် ဆရာဝန် ဒေါ်အုံးကြည် (တက္ကသိုလ်များ ဆေးရုံ)သည် မပြတ် တရားသင်တန်း တက်ရောက်နေခဲ့ရာမှ ထိုနေ့က မရောက်လာပါလားဟု သတိထားမိလိုက်ပါသည်။ တရားသင်တန်း ပြီးဆုံးသောအခါ ဒေါ်အုံးကြည်မှာ ထိုနေ့ နေ့လယ်ပိုင်းကပင် ဆုံး ပါးသွားသည်ဟု သတင်းစကားပို့လာကြောင်း သိရပါသည်။ ထို နောက် ကျွန်မတို့နှင့် မော်တော်ကား အတူစီး၍ တရားသင်တန်းသို့ မပြတ် တက်ရောက်သင်ကြားနေသော မိတ်ဆွေကြီး ဦးဘဦးမှာလည်း သောကြာတပတ် တရားသင်တန်း အတူသွားကြပြီးနောက် အင်္ဂါ သင်တန်းသို့ မတက်နိုင် နေမကောင်း၍ ဆေးရုံတင်ထားရသည်ဟု သိရ ပါသည်။ နောက် ရက်သတ္တပတ် အကြာတွင်မူ သေဆုံးသွားပြီဟု ကြား သိရပြန်ပါသည်။

တွေ့ရ ကြုံရ ဆုံရ ကွဲရ ဘဝသည် သေခြင်းသာလျှင် နောက် ဆုံးပါတကားဟူသော အသိတွင် မျက်ဝါးထင်ထင်လည်း မြင်ရ တွေ့ရ

ပါခဲ့ပြီ။ လူတို့၏ ဓမ္မတာ အများသူငါ သေနေကြသည်ကို အမှတ်မထင် နေနိုင်သော်လည်း မိမိနှင့် အမြဲတစေ ကြုံတွေ့ ဆုံတွေ့နေရသူတို့ ပျက်ပြားသွားသည့်အခါတွင်မူ တရားသံဝေ ယူကောင်းရောင်။ ခန္ဓာ၏ ဒုက္ခ၊ ခန္ဓာ၏ အနိစ္စ၊ ခန္ဓာ၏ အနတ္တတရားတို့ကို လက်ဆုပ် လက်ကိုင် သတိထားမိလာပါသည်။

ဘဝတွင် ဇာတိရှိသည့်အတွက် ဇရာ မရဏ ကေန်လာမည်။ ထိုဘဝတွင် အရေးအကြီးဆုံး မရဏကာလတွင် ဘယ်ဇောတွေ ဆိုက်ပြီး ဘယ်ဘဝတွေ ရောက်ကြမည်ကို မသိနိုင်ပါ။ ကိုယ်ရေးကြုံ သက်လိုကောင်းဖို့ ဤပဋိစ္စသမုပ္ပါဒ် တရားတော်ကို သေသေ ချာချာ ဖတ်ရှုမှတ်သားပါလျှင် အနေလည်း တတ်မည်၊ အသေလည်း တတ်မည်ဟု ကျွန်မ ရဲဝံ့စွာ ပြောလိုပါသည်။

ဆရာကြီး ဦးကျော်ထွတ်သည် ပိဋကတ်တော်သုံးပုံကို အထပ်ထပ် အပြန်ပြန် ကြည့်ရှု လေ့လာပြီးသူတဦး ဖြစ်သည့်အတိုင်း သူ့အသိ သူ့ပညာကို ကျွန်မတို့အား စေတနာထား၍ သိသင့် သိထိုက်သည်များ အားလုံးကို အတတ်နိုင်ဆုံး ဖြန့်ဖြူးပေးဝေသွားသည်ကို တွေ့ရပါသည်။

သာမန် ဗုဒ္ဓဘာသာဝင်တို့အဖို့ အောက်အခြေခံအားဖြင့် ဒါနသီလ ဘာဝနာတို့ကို ကြို ပမ်းအားထုတ်ရမည် ဖြစ်ပါသည်။ သို့သော် သံသရာမှ ထွက်မြောက်လိုသူတို့ အဖို့မှာမူ ဗုဒ္ဓသည် အမြင့်ဆုံး တရားများဖြစ်သော အကြောင်းကြောင့် အကျိုးဖြစ်ပုံများကို ဟောကြားထားခဲ့ပါသည်။ ထိုတရားတော်တို့မှာ သစ္စာလေးပါးတရား၊ ပဋိစ္စသမုပ္ပါဒ်တရားနှင့် ပဋ္ဌာန်းဒေသနာတော်တို့ ဖြစ်ကြပါသည်။ အကြောင်းအကျိုးယူပုံမှာ သစ္စာလေးပါးတရားသည် အကျဉ်းဆုံးဖြစ်၍ ပဋိစ္စသမုပ္ပါဒ်တွင် အနည်းငယ် ချဲ့ထွင်ပြီး ဟောပါသည်။ ပဋ္ဌာန်း ဒေသနာတော်တွင်မူကား အကြောင်းပေါင်း ၂၄ မျိုး တခုကို တခု ဆက်သွယ် ယှက်နွယ်ပြီး စိတ်-စေတသိက်-ရုပ်တို့ ဖြစ်ပျက်နေကြပုံကို အလေးစိတ် ဟောတော်မူပါသည်။

ဆရာသည် သူပို့ချသော ပဋိစ္စသမုပ္ပါဒ်တွင် ၃၁ဘုံရှိ သတ္တဝါအပေါင်းတို့ ကျင်လည်ပုံကို ဘယ်အဝိဇ္ဇာကြောင့် ဘယ်သင်္ခါရ ဖြစ်ရသည်၊ ဘယ်ဘုံသို့ ရောက်ရသည်ကို သင်္ဂြိုဟ်ကျမ်းအရ ရှင်းလင်း ပြသ

ထားပါသည်။ စုတ်ပြီး ပဋ္ဌိသမ္ဘိဒါတွင် သခါရကြောင့် ဝိညာဏ် ဖြစ်ရပုံ၊ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ရပုံများကို ပဋိစ္စသမုပ္ပါဒ်နှင့် ပဋ္ဌာန်းဒေသနာတော်ကို ယှဉ်၍ ယှဉ်၍ ဟောပြသွားပါသည်။

ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အပိုင်းသုံးပိုင်း ခွဲခြား၍ ပို့ချသွားရာ ပထမပိုင်းတွင် သရုပ်တွေကို သင်ပြသွားပါသည်။

ဒုတိယပိုင်းတွင် ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ကို လိုက်၍ အင်္ဂါ တပါးပြီး တပါး အကျယ်ပြသွားပါသည်။

တတိယပိုင်းတွင်မူ အလှာ ၄ လှာ၊ ခြင်းရာ ၂၀၊ ဝဋ်သုံးပါး လည်ပုံ၊ နိဗ္ဗာန်ဆိုတာ ဘာလဲ၊ မဗ္ဗဣတိဉာဏ်ကို ရရှိပါက စူဠ သော တာပန်ဖြစ်ပုံ အစုံစုံကို ရှင်းလင်းပြောပြသည့်အပြင်—

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှင့် လောကတွင် လူလုပ်နေသူတို့အတွက် အသတ်ရ အခက်ဆုံးသော သက္ကာယဒိဋ္ဌိကို ပယ်သတ်နိုင်ရေး၊

ဘဝကောင်းစားရေးအတွက်သာ အဓိကထားသော ဒါန သီလ ဘာဝနာ၊

လောက သံသရာမှ လွတ်မြောက်ချင်သူတို့ ပယ်အပ်သော တဏှာ ဥပါဒါန်၊

ပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းစွာ သဘောပေါက်သဖြင့် မိမိ၏ စိတ်—စေတသိက်တို့ ငြိမ်းချမ်းရေး မည်သို့ ရနိုင်ပုံ၊

ယခု လက်ရှိဘဝတွင် သားသမီး စည်းစိမ်နှင့် နေယင်း ထိုင်ယင်း ရရှိနိုင်သည့် နိဗ္ဗာန်၏ အကြောင်းတို့ကိုလည်း သဘောပေါက်အောင် ပင် ပို့ချသွားပါသည်။

ယခုအကြိမ် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို ကျွန်မကိုယ်တိုင် နားလည် သဘောပေါက်ပြီး ရေးသားရသဖြင့် စိတ်ဝင်စား ပျော်ပိုက် လှပါသည်။ အထူးသဖြင့် ဆရာကြီး၏ အာဘော်ကို ပေါ်လွင်အောင် ကျွန်မ အတတ်နိုင်ဆုံး ကြိုးစား၍ ရေးသားပါသည်။ သို့သော် လိုနေ သော အချက်များ၊ မရှင်းလင်းသော အချက်များ ပါရှိပါက ကူးယူ ရေးသားသော ကျွန်မ၏အကက လိုအပ်ချက်သက်သက်သာ ဖြစ်ပါလိမ့်

## —မဉ္ဇူသက နိဒါန်း—

မည်။ ဤစာအုပ်မှာ မဉ္ဇူသကသင်တန်းမှ ဒုတိယအကြိမ်မြောက် ထုတ်ဝေသောကျမ်း ဖြစ်ပါ၍ '**မဉ္ဇူသက ပဋ္ဌိစ္စသမုပ္ပါဒ်**' ဟူ၍ပင် အမည် ပေးလိုက်ပါသည်။

ဤတရားတော်ကို ယခုကဲ့သို့ ပြန်လည်ရေးသားခြင်းအားဖြင့် ဆရာဦးလှမောင်၏ အာသီသကို တစိတ်တဒေသအားဖြင့် ဖြည့်စွမ်းနိုင် စကောင်းပြီဟု ကျွန်မ ယုံကြည် ယူဆပါသည်။

အစမရှိ အဆုံးမရှိသော သံသရာတွင် သတ္တဝါတို့ ကျင်လည် ကြပုံကို ကောင်းစွာ သိရှိသဘောပေါက် နားလည်သဖြင့် သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာ တည်းဟူသော ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရေးကို 'အစလည်းထင် ကမ်းလည်းမြင်' နိုင်ကြပါစေ။

ပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာတော်၏ လိုရင်းအချက်ဖြစ်သော ဒိဋ္ဌိတွေ ကင်းစင်သွားသည့် ဉာဏ်အမြင်တွင် တရားတော်၏ လင်းရောင်ခြည်ကို ရရှိခံစားရသဖြင့် ကိလေသာတို့ တစတစ ချုပ်ငြိမ်းအောင် ကျင့်ကြံ အားထုတ်နိုင်ကြပါစေ၊

တရားတော်၌သာ တည်သော ဓမ္မဋ္ဌိတိဉာဏ်ကို ပိုင်ပိုင်ကြီး လှမ်းယူ စွဲကိုင်နိုင်ကြပါစေ—

ဟူ၍ မေတ္တာနှင့် စေတနာကို အဦးထားကာ 'မဉ္ဇူသက ပဋ္ဌိစ္စ သမုပ္ပါဒ်'ကို ကူးယူရေးသားခြင်း ပြုလိုက်ရပါတော့သည်။

ဤသို့ပြုရ ကုသလကြောင့် ရူပ သဒ္ဒ စသည့်အာရုံ တစုံတခု သော လောက၌ မတွယ်မတာ ဆိတ်စာ မတောင့်တသည်ဖြစ်၍ တရား ၌သာ တည်၍ မှီ၍ ဖြစ်သော ဉာဏ်အလင်းကြောင့် 'လွတ်မှ ရှင်း— ဝဋ်မှ ကင်း'သည် ဖြစ်ရပါစေသတည်း။ ဖြစ်ကြပါစေသတည်း။ ။

မှတ်တမ်းတင်သူ

**ဒေါ်ခင်သန်းမြင့်**

စာကြည့်တိုက်မှူး (အငြိမ်းစား)

တပ်မတော် မော်ကွန်းတိုက်။

## မဥ္ဇူသက ပဋိစ္စသမုပ္ပါဒ်

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


**မဥ္ဇူသက** နိဒါန်း — က

**ပဋိစ္စသမုပ္ပါဒ်** နိဒါန်း — ၁

ဥဒါန်းပါဠိတော် — ၂
ရှင်အာနန္ဒာနှင့် သာတိရဟန်း — ၅-၆
ရဲရင့်သည့် မိန့်ခွန်းတော် — ၇
သံယုတ် ပါဠိတော် — ၈
အဋ္ဌကထာဆရာ ညည်းတွားပုံ — ၈
ဆန္ဒမထေရ် — ၉
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ — ၁၀
ပဋိသမ္ဘိဒါမဂ် ပါဠိတော် — ၁၀
ဗုဒ္ဓဝိပဿနာ — ၁၁
သိကြားမင်း လျှောက်ထားချက် — ၁၃
မိလိန္ဒမင်းကြီး အမေး — ၁၄
သစ္စာလေးပါး ဆယ့်နှစ်မျိုး — ၁၅
ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာလဲ — ၂၅
ကမ္မဿကတာ သမ္မာဒိဋ္ဌိ — ၂၆

**ပထမဆင့် သင်တန်း** — ၂၇

အင်္ဂါ ၁၂ ပါး — ၂၇

၁။ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** — ၂၈

အဝိဇ္ဇာဆိုတာ ဘာလဲ — ၂၈
ဒိဋ္ဌတော့ ဖြုံခွဲနိုင်သည့် တရားတော် — ၂၉
သံယုတ် ပါဠိတော် — ၃၀
ပဋိစ္စသမုပ္ပါဒ်နှင့် ဆန္ဒမထေရ် — ၃၀

အကြောင်းအရာ

တရားရချင်တဲ့ ဆန္ဒ
အဝိဇ္ဇာနှင့် တိမ်တိုက်ကြီး လေးခု

၂။ **သင်္ခါရပစ္စယာ ဝိညာဏံ**

သင်္ခါရဆိုတာ ဘာကို ခေါ်တာလဲ
စေတနာနှင့် စစ်ဗိုလ်
စေတနာနှင့် လက်သမားဆရာကြီး
ကာမာဝစရကုသိုလ် သင်္ခါရ
ဝိပဿနာလုပ်တာလဲ ကာမကုသိုလ်ပါပဲ
ရူပါဝစရကုသိုလ် သင်္ခါရ
အရူပါဝစရကုသိုလ် သင်္ခါရ
အဋ္ဌကထာတွေမှာပြတဲ့ သင်္ခါရ
သင်္ခါရသုံးမျိုး တနည်းလာပုံ
မျက်စိကန်းသူ လမ်းသွားသလို
ပိဋကသုံးပုံရဲ့ ဥပဒေအကျဉ်းချုပ်

၃။ **ဝိညာဏပစ္စယာ နာမရူပံ**

ဝိညာဏ်ဆိုတာ ဘာလဲ
ဝိညာဏ် ၂ မျိုး
ပဋိသန္ဓေဝိညာဏ်
ပဝတ္တိဝိညာဏ်
ဘုံသုံးဆယ်နှင့် ပဋိသန္ဓေဝိညာဏ်
အပါယ် ပဋိသန္ဓေ
လူစဉ်မမီတဲ့ ပဋိသန္ဓေ
အကုသိုလ်ကံကြောင့် လူဖြစ်နိုင်သလား
လူစဉ်မမီတဲ့ ကုသိုလ်တွေ
တိဟိတ် ပဋိသန္ဓေနှင့် ဒွိဟိတ် ပဋိသန္ဓေ ထူးခြားချက်
ကာမပဋိသန္ဓေစိတ် ၁၀ ခု
**အခက်ကြီးလေးပါး**
ရူပ အရူပ ပဋိသန္ဓေ

# - မာတိကာ -

အကြောင်းအရာ

ပဋိသန္ဓေ ဝိညာဏ် တဆယ့်ကိုး
နာမ်ဆိုတာ ဘယ်နာမ်လဲ
ရုပ်က ဘယ်ရုပ်တွေလဲ
ကာယဒသက ကလာပ်
ဘာဝဒသက ကလာပ်
ဝတ္ထုဒသက ကလာပ်
ဗြဟ္မာတို့ရဲ့ ပဋိသန္ဓေ
ပဋ္ဌာန်းနည်း ဝင်လာပုံ

**၄။ နာမရူပ ပစ္စယာ သဠာယတနံ**
ပဋိသန္ဓေအခါမှာ အာယတန ၆ ပါး
ပဋိသန္ဓေခန်းမှာ ဒိဋ္ဌိဖြစ်သွားကြပုံ
လူဘယောက်လို့ ခေါ်နိုင်တဲ့အချိန်

**၅။ သဠာယတန ပစ္စယာ ဖဿော**

**၆။ ဖဿ ပစ္စယာ ဝေဒနာ**
လူတွေ ဘာကို လိုက်ရှာနေကြတာလဲ

**၇။ ဝေဒနာ ပစ္စယာ တဏှာ**
သံသရာထွက်ပေါက်က ဘယ်နေရာလဲ
တဏှာနဲ့ လောဘ တူသလား
တဏှာက ဘယ်လောက် ရှိသလဲ

**၈။ တဏှာ ပစ္စယာ ဥပါဒါနံ**
ကာမုပါဒါန်
တဏှာနှင့် ဥပါဒါန် ဘယ်လိုထူးလဲ
ဒိဋ္ဌုပါဒါန်
နတ္ထိက ဒိဋ္ဌိ
အဟေတုက ဒိဋ္ဌိ
အကိရိယ ဒိဋ္ဌိ
အဘိဓမ္မာမတတ်ယင် တရားမဟောပါနဲ့
သီလဗ္ဗတုပါဒါန်

| အကြောင်းအရာ | စာမျ |
|---|---|


ဘယ်လို အကျင့်သီလမျိုးလဲ
အတ္တဝါဒုပါဒါန်
စူဠသီဟနာဒသုတ်
ကံခန်းနှင့် သက္ကာယဒိဋ္ဌိ
ဝိပဿနာခန်းနှင့် ပဋိစ္စသမုပ္ပါဒ်
ပဋိစ္စသမုပ္ပါဒ်နှင့် သက္ကာယဒိဋ္ဌိ
အတ္တဝါဒုပါဒါန်နှင့် နိကာယ်ငါးရပ်

**၉။ ဥပါဒါနပစ္စယာ ဘဝေါ**
ကမ္မဘဝ
သင်္ခါရ စေတနာ ကံ

**၁၀။ ဘဝပစ္စယာ ဇာတိ**

**၁၁။ ဇာတိပစ္စယာ ဇရာ မရဏ**
သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ
ကေန္တအကျိုး မဟုတ်လို့ပါ


## ဒုတိယဆင့်သင်တန်း


**၁။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ**
အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်ပုံ
ဘယ်လို အဝိဇ္ဇာလဲ
နံပါတ် ၂ အဝိဇ္ဇာ
အဝိဇ္ဇာကြောင့် လုပ်တဲ့ ကုသိုလ်
ဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတဒါန
ငါပါယင် နိဗ္ဗာန်က လက်မခံပါ
ဝဋ်မှ ထွက်မြောက်ရေး
အမြင်ရှင်းဖို့က အရေးကြီး
ငါမပါတဲ့ ဆုတောင်း
ဆုကြီးပန် ဆုတောင်းများ
မစိုးရိမ် ဆရာတော်

## — မာတိကာ —


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အဝိဇ္ဇာကြောင့် ဈာန်ရပုံ | ၈၂ |
| အဝိဇ္ဇာနှင့် အရူပပြဟ္မာ | ၈၄ |
| နာမ်တရား ဖြစ်ပျက်ကို မမြင်နိုင် | ၈၄ |
| နာမ်တရားတို့ စွမ်းရည် | ၈၅ |
| ဒေသနာဉာဏ်တော် | ၈၆ |
| **၂။ သင်္ခါရပစ္စယာ ဝိညာဏံ** | **၈၆** |
| အဝိဇ္ဇာအကြောင်း တခုတည်းလား | ၈၇ |
| အဝိဇ္ဇာက ဘယ်သူ့ကြောင့် ဖြစ်တာလဲ | ၈၇ |
| ဒုက္ခဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ | ၈၉ |
| ပုထုဇဉ်ဆိုတာ အကန်းတွေပါ။ | ၈၉ |
| ဝိပါက်ခန္ဓာဆိုတဲ့ ဝိညာဏ် | ၉၀ |
| ဒိဋ္ဌိအားလုံး လွတ်သွားမှာပါ | ၉၀ |
| ဝိညာဏ်ဖြစ်ပုံက နက်နဲလှပါတယ် | ၉၁ |
| ကိုယ်တိုင်သိ သိအောင် | ၉၂ |
| ကံ အဓိက အကြောင်းပါ | ၉၃ |
| အဘိဓမ္မာဆိုတာ လက်တွေ့ ပြနိုင်ရမယ် | ၉၃ |
| ပစ္စုပ္ပန်ထောက်ပြီး အတိတ်ကို သိနိုင်ပုံ | ၉၄ |
| နာနာက္ခဏိက ကမ္မ | ၉၅ |
| အပါယ် ပဋိသန္ဓေ ဝိညာဏ် | ၉၆ |
| လူ အဟိတ်ပုဂ္ဂိုလ် ရှိသလား | ၉၆ |
| တိဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ် | ၉၇ |
| အညံ့စား ကုသိုလ်နှင့် အကောင်းစား ကုသိုလ် | ၉၈ |
| သေခါနီး ဘယ်ကံက အကျိုးပေးမလဲ | ၉၉ |
| အာသန္နကံက ဘာကြောင့် ဖြစ်ရသလဲ | ၁၀၀ |
| သေခါနီး ဝိညာဏ်ဟာ ဘာကို အာရုံပြုသလဲ | ၁၀၀ |
| ပဋိသန္ဓေခန်းက တဏှာ | ၁၀၁ |
| သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ | ၁၀၁ |
| လူ့သန္တာန်မှာ ကံတွေက အမြဲရှိနေသလား | ၁၀၂ |
| အသစ်စက်စက် ဝိညာဏ် | ၁၀၃ |

## — မာတိကာ —


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဋိသန္ဓေဝိညာဏ်နှင့် ပဝတ္တိဝိညာဏ် | ၁၀၃ |
| ရုပကုသိုလ် သင်္ခါရ | ၁၀၄ |
| သင်္ခါရရှိယင့် ဝိညာဏ် ဖြစ်ရမယ် | ၁၀၅ |
| နာမ်တရားက အကြားမရှိ | ၁၀၆ |
| ဆန်းကြယ်တဲ့ ပဋိသန္ဓေ ဝိညာဏ် | ၁၀၆ |
| အရူပကုသိုလ် သင်္ခါရ | ၁၀၇ |
| ရုပ်ရှိလို့ ဒုက္ခရှိတာ | ၁၀၇ |
| နာမ်ရဲ့ စွမ်းအင် | ၁၀၈ |
| ဗြဟ္မာ ဖြစ်နိုင်တဲ့လမ်း သူတို့မသိ | ၁၀၈ |
| ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ | ၁၀၉ |
| ဝိညာဏ် ဘာကြောင့် ဖြစ်သလဲ | ၁၁၀ |
| ဝဋ်သုံးပါး လည်နေတာပါ | ၁၁၁ |
| ကံကို သတ်မလား ကိလေသာကို သတ်မလား | ၁၁၁ |
| အဝိဇ္ဇာက ကိလေသဝဋ် | ၁၁၂ |
| ကိလေသာနှင့် မလုပ်တဲ့ကံ | ၁၁၂ |
| သံသရာမလည်တဲ့ ကုသိုလ် | ၁၁၃ |
| ကိလေသာကို သတ်ရမှာ | ၁၁၃ |
| ၃။ **ဝိညာဏပစ္စယာ နာမရူပံ** | **၁၁၄** |
| သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ | ၁၁၄ |
| ရုပ်ဝါဒသမားရဲ့ ပဋိစ္စသမုပ္ပါဒ် | ၁၁၅ |
| ဝိညာဏ်ရှိမှ နာမ်ရုပ်ရှိ | ၁၁၅ |
| ပဋိသန္ဓေနေတဲ့ ဝိညာဉ် | ၁၁၆ |
| ပဋိသန္ဓေနေတဲ့ ရုပ် | ၁၁၇ |
| ဝိညာဏ်နှင့် ပဋ္ဌာန်းနည်း | ၁၁၈ |
| ပဋိသန္ဓေအခါ ခန္ဓာငါးပါး | ၁၁၈ |
| ပဋိသန္ဓေဝိညာဏ်နှင့် ရုပ်တရား | ၁၁၉ |
| ရုပ်ဟာ စိတ်ကြောင့် ဖြစ်တာပါ | ၁၂၀ |
| ပဋိသန္ဓေအခါ ပသာဒရုပ်များ သတ္တိအနေနှင့် ရှိနေသလား | ၁၂၀ |

# — မာတိကာ —


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **၄။ နာမရူပပစ္စယာ သဠာယတနံ** | **၁၂၁** |
| လူနှင့် သက္ကာယဒိဋ္ဌိ | ၁၂၂ |
| ပဋိသန္ဓေတည်စမှာ ပသာဒရုပ်မျိုးစေ့ရှိသလား | ၁၂၂ |
| လယ်တီဆရာတော်၏ အဆုံးအဖြတ် | ၁၂၄ |
| ပဋိသန္ဓေနှင့် ဥတုဇရုပ် စိတ္တဇရုပ် | ၁၂၅ |
| ဘဝရဲ့အင်္ဂါ ဘဝင်ဆိုတာဘာလဲ | ၁၂၅ |
| အာဟာရဇရုပ် ဖြစ်ချိန် | ၁၂၆ |
| ရုပ် ၄ မျိုးတို့ အထောက်အပံ့ | ၁၂၆ |
| **၅။ သဠာယတနပစ္စယာ ဖဿော** | **၁၂၇** |
| သတ္တဝါဆိုတာ ရှိသလား | ၁၂၇ |
| ရုပ်ဖြစ်ပုံ ဥပမာ | ၁၂၈ |
| **၆။ ဖဿပစ္စယာ ဝေဒနာ** | **၁၂၉** |
| ဝေဒနာ ၃ မျိုး | ၁၂၉ |
| လူဆိုတာ ချမ်းသာကို ရှာကြတာပါ | ၁၃၀ |
| သတ္တဝါဆိုတာ ဘာကို ခေါ်တာလဲ | ၁၃၁ |
| အနုမာနနည်းဖြင့် သိနိုင်ပုံ | ၁၃၁ |
| အဝိဇ္ဇာက လုပ်တာပါ | ၁၃၂ |
| ပဋိစ္စသမုပ္ပါဒ်မှာ ဘယ်ဟာ အစလဲ | ၁၃၂ |
| စူဠသောတာပန် | ၁၃၃ |
| သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ | ၁၃၄ |
| သမုဒယသစ္စာမှာ ကုသိုလ်ပါနိုင်သလား | ၁၃၄ |
| ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး | ၁၃၅ |
| အရေးအကြီးဆုံး သမ္မာဒိဋ္ဌိမဂ္ဂင် | ၁၃၇ |
| ဝိပဿနာရှုတာနှင့် တရားထိုင်တာ တူသလား | ၁၃၇ |
| အမြင့်ဆုံး တရားများ | ၁၃၈ |
| သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ | ၁၃၉ |
| သက္ကာယဒိဋ္ဌိနှင့် လုပ်တဲ့ကုသိုလ် | ၁၃၉ |
| ခန္ဓာကိုယ်ကို ငါလို့ ထင်နေတယ် | ၁၄၀ |
| ဒီဘဝမှာ လူရယ်လို့ ခေါ်နေတာက | ၁၄၁ |

# - မာတိကာ -


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| သဿတဒိဋ္ဌိ | ၁၄၂ |
| နာမ်တရား ဖြစ်ပျက် ဆုံးတဲ့အချိန် | ၁၄၃ |
| ဥစ္ဆေဒဒိဋ္ဌိ | ၁၄၄ |
| သက္ကာယဒိဋ္ဌိနှင့် နာမ်ရုပ် | ၁၄၅ |
| စူဠသောတာပန် | ၁၄၅ |
| ဒုက္ခသစ္စာ သိယင် သောတာပန် | ၁၄၆ |
| ဒု နိရောဓသည် နိဗ္ဗာန် | ၁၄၆ |
| သတ္တဝါသေယင် နောက်ဘဝ ဖြစ်ဦးမှာလား | ၁၄၇ |
| ဘယ်လို အသိမျိုးလဲ | ၁၄၈ |
| ပင်ရင်းက အဝိဇ္ဇာပါ | ၁၄၉ |
| သစ္စာ ၄ ပါးကို တပြိုင်နက် သိတာပါ | ၁၄၉ |
| **တတိယဆင့် သင်တန်း** | **၁၅၁** |
| ယခုဘဝမှာ တဏှာက ခေါင်းဆောင် | ၁၅၁ |
| ၁။ **ဝေဒနာပစ္စယာ တဏှာ** | **၁၅၂** |
| အဆိုးဘက်ရှုတဲ့ ဝါဒတဲ့ | ၁၅၂ |
| ၂။ **တဏှာပစ္စယာ ဥပါဒါန်** | **၁၅၃** |
| ချမ်းသာ ခံစားဖို့ဆိုယင် တဏှာပါပဲ | ၁၅၃ |
| နိဗ္ဗာန်ဆိုတာ ဘုံတခုလား | ၁၅၄ |
| ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာ အစလား | ၁၅၄ |
| သတ္တဝါ ဘယ်ကစသလဲ | ၁၅၅ |
| သတ္တဝါ ဘာကြောင့် ဖြစ်လာသလဲ | ၁၅၆ |
| ဇာတိ ဇရာ မရဏ ဆိုတာ ဘာလဲ | ၁၅၆ |
| အစပ်သုံးပါးဆိုတာ ဘာလဲ | ၁၅၇ |
| ခြင်းရာ ၂၀ ဆိုတာ ဘာလဲ | ၁၅၈ |
| ဘာကမှ မစပါ၊ ဘယ်လိုမှ မဆုံးပါ | ၁၆၀ |
| ဝဋ္ဋသုံးပါးဆိုတာ ဘာလဲ | ၁၆၁ |
| ကိလေသဝဋ္ဋ် | ၁၆၁ |
| အာသဝေါတရား လေးပါး | ၁၆၂ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကမ္မဝဋ်နှင့် ဝိပါကဝဋ် | ၁၆၃ |
| အရေးကြီးတာက ကိလေသာ | ၁၆၄ |
| ဝဋ်သုံးပါးနှင့် သံသရာလည်ကြတယ် | ၁၆၆ |
| ကိလေသဝဋ်က ထပ်ဖြစ်နေမှာပါ | ၁၆၇ |
| အဝိဇ္ဇာ ရှင်းရှင်းကွာသွားမှ | ၁၆၈ |
| နိဗ္ဗာန်ကို ယခုဘဝမှာ ရဖို့အရေးကြီး | ၁၆၈ |
| နောက်ဘဝကျမှ နိဗ္ဗာန်ရချင်သလား | ၁၆၉ |
| ပဋိစ္စသမုပ္ပါဒ်သိမှ တရားသိ | ၁၇၀ |
| ဗုဒ္ဓဘာသာတရားရဲ့ အကျဉ်းချုပ် | ၁၇၁ |
| လိုချင်တာတွေကုန်ယင် ဒုက္ခတွေ ငြိမ်းမှာပါ | ၁၇၂ |
| အလှူမဏ္ဍပ်ကြီးနှင့် ဆရာတော် | ၁၇၂ |
| ဒုက္ခကို သိယင် နိဗ္ဗာန်ရတာပါပဲ | ၁၇၃ |
| တဏှာကို ပယ်လိုက်ရမှာ စိုးရိမ်သလား | ၁၇၄ |
| လူဆိုတာ အယူဝါဒနဲ့ လာတာပါ | ၁၇၄ |
| တရားပေါ်မှာတည်တဲ့ ဉာဏ် | ၁၇၅ |
| ကံခန်းနှင့် ဓမ္မဋ္ဌိတိဉာဏ် | ၁၇၅ |
| မဂ်ဖိုလ် ရချင်တယ် ဆိုတဲ့အခါ | ၁၇၆ |
| ဒိဋ္ဌိတွေပြုတ်နည်း လေးမျိုး | ၁၇၇ |
| ဧကတ္တနည်း | ၁၇၇ |
| နာနတ္တနည်း | ၁၇၇ |
| အဗျာပါရနည်း | ၁၇၇ |
| ကံခန်းနှင့် ဝိပဿနာခန်း | ၁၇၈ |
| ဘုရားတည်ပြီး ငြမ်းဖျက်ရမှာ | ၁၇၉ |
| ဘုရားတည်ယင်တော့ ငြမ်းဆင်ရမှာပါ | ၁၇၉ |
| နိဗ္ဗာန် လင်းကနဲ ပေါ်လာမှာပါ | ၁၈၀ |
| ဓမ္မတာနည်း | ၁၈၁ |
| နိဂုံး ဆုတောင်းဂါထာ | ၁၈၃ |


**မဉ္ဇူသက ပဋိစ္စသမုပ္ပါဒ် မာတိကာ**

**ပြီးပြီ။**

# ပဋိစ္စသမုပ္ပါဒ် နိဒါန်း

ပဋိစ္စသမုပ္ပါဒ်ကို မသင်ကြားမီ ပဋိစ္စသမုပ္ပါဒ်ရဲ့ နိဒါန်းကို သိထားရန်လဲ လိုပါတယ်။ ဒီလို လိုတာနဲ့ ပဋိစ္စသမုပ္ပါဒ် နိဒါန်းကို စဉ်းစားတဲ့အခါမှာ ဘာက ဘယ်လို စ ရမလဲဆိုတာ စဉ်းစားရ မလွယ်ပါ။ ပဋ္ဌာန်းကျမ်းတုန်းကတော့ တနေရာတည်း ပရိသတ် တမျိုးတည်း ဆိုတော့ ပဋ္ဌာန်းနိဒါန်းက လွယ်နေပါတယ်။ ပဋိစ္စသမုပ္ပါဒ်က နိကာယ်ငါးရပ်မှာကြည့်ယင် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်ဆိုတဲ့ နိကာယ်ငါးရပ်ရှိတဲ့ အထဲမှာ ပဋိစ္စသမုပ္ပါဒ် မပါတဲ့ နိကာယ် မပါတဲ့ ကျမ်းလို့ သိပ်မရှိပါ။ ဘုရားရှင် ဟောကြားတဲ့ ကျမ်းတွေမှာ ပဋိစ္စသမုပ္ပါဒ်က ပါတာများပါတယ်။ ပိဋကတ် သုံးပုံနဲ့ ကြည့်လို့ ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်က အဘိဓမ္မာ ဖြစ်ပေမယ့် ဝိနည်းမှာလဲ ပါပါတယ်။ သုတ္တန်တွေမှာတော့ များသော အားဖြင့် သုတ္တန်တိုင်းလိုလို ပါနေတာ များပါတယ်။ ဒါကြောင့် နိဒါန်းကို စဉ်းစားတဲ့အခါ—

၁။ **ပဋိစ္စသမုပ္ပါဒ်ကို ဘယ်သူဟောသလဲ၊** ဒီမေးခွန်းကတော့ လွယ်ပါတယ်။ မြတ်စွာဘုရားရှင် ဟောကြားတာပါပဲ။

၂။ **မြတ်စွာဘုရားက ဘယ်သူ့ကို** အကြောင်းပြုပြီး ဟောတာလဲဆိုတော့ ပုဂ္ဂိုလ်အမျိုးမျိုးကို ဟောကြားတာဖြစ်လို့ ဘယ်သူ့ အကြောင်းပြုပြီး ဟောတယ်ဆိုတာက ပြောဖို့ တော်တော်ခက်လာပါတယ်။

၃။ **ဘယ်နေရာမှာ ဟောသလဲ**လို့ မေးတဲ့အခါမှာလဲ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင် ဟောကြားတဲ့ နေရာက အများကြီးဆိုတော့ ဒါကလဲ အချိန် အများကြီးယူပြီး လေ့လာဖို့ လိုလာပါတယ်။

၄။ **ပဋိစ္စသမုပ္ပါဒ် ဟောပုံ ဟောနည်းက** အတူတူပါပဲလား ဆိုပြန်တော့လဲ ဟောပုံ ဟောနည်းက တနေရာနဲ့ တနေရာ မတူပါ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် နိဒါန်း ပြည့်ပြည့်စုံစုံကို အချိန်ကုန်ခံပြီး စဉ်းစားမနေတော့ပဲ လေ့လာခဲ့သမျှ မှတ်မိနေသမျှကိုပဲ ပြောပြဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဥဒါန်းပါဠိတော် ပိဋကတ် သုံးပုံထဲမှာ ဥဒါန်း ပါဠိတော်ဆိုတာ ရှိပါတယ်။ ဥဒါန်းဆိုတာက မြတ်စွာဘုရားရှင်ဟာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တဲ့အခါ စိတ်နှလုံးတော် ကြည်နူးလာတော့ စိတ်ထဲမှာ မျိုသိပ်ပြီး မထားနိုင်တော့ပဲ အင်မတန် ကြည်နူး ရွှင်လန်းပြီး နှုတ်တော်က ကျူးရင့်တဲ့တရားကို ဥဒါန်းလို့ ခေါ်ပါတယ်။ ပါဠိလို ဥဒါနက လာတာပါ။ ဥဒါန်းကျူးတယ်လို့ ဗမာစကားအဖြစ် အသုံးပြုနေကြပါတယ်။

အချို့ကတော့ ပဋိစ္စသမုပ္ပါဒ်ဟာ ဝိပဿနာ မဟုတ်ဘူးတဲ့။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါး ပါမှသာ ဝိပဿနာလို့ ဒီလိုပဲ ထင်နေကြတယ်။ ဥဒါန်း အဋ္ဌကထာ ဆရာကတော့ ပဋိစ္စသမုပ္ပါဒ်ကို 'ဗုဒ္ဓ ဝိပဿနာ' မြတ်စွာဘုရားတို့ ဆင်ခြင်သုံးသပ်တဲ့ ဝိပဿနာလို့ ဆိုပါတယ်။ မြတ်စွာဘုရား အလောင်းတော်ဟာ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ အဖန်ဖန် အထပ်ထပ် ဆင်ခြင်တဲ့အခါမှ ဘုရားအဖြစ်သို့ ရောက်တော်မူတာပါ။ ဗုဒ္ဓဝင်မှာလဲ ဒီအကြောင်းက ပါပါတယ်။ ဘုရားအဖြစ်သို့ ရောက်ရှိစေတဲ့ ဝိပဿနာဟာ ပဋိစ္စသမုပ္ပါဒ်ပါပဲ။

မြတ်စွာဘုရားဟာ ကဆုန်လပြည့်နေ့မှာ ဘုရားအဖြစ်သို့ ရောက်ရှိပါတယ်။ ဒီလို ဘုရားအဖြစ်သို့ ရောက်ရှိပုံကို အချို့ ကျမ်းဂန်များမှာ ကဆုန်လပြည့်နေ့ည ပထမယံမှာ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်တော်မူတယ်၊ မဇ္ဈိမ သန်းခေါင်ယံမှာ ပဋိလောမ အားဖြင့် ဆင်ခြင်တော်မူတယ်၊ သဗ္ဗညုတ ဉာဏ်တော်နဲ့ အရဟတ္တမဂ် ဉာဏ်ကို ရတော်မူမည့် မိုးသောက်ယံမှာတော့ အနုလုံ ပဋိလုံ ဆင်ခြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတယ်လို့ ဆိုပါတယ်။

တချို့ ကျမ်းဂန်တွေမှာတော့ မြတ်စွာဘုရားဟာ ပထမယံ ညဉ့်ဦးမှာလဲ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူတယ်၊

မဇ္ဈိမ သန်းခေါင်ယံမှာလဲ့ အနုလုံ ပဋိလုံပဲ ဆင်ခြင်တော်မူတယ်၊ မိုး သောက်ယံမှာလဲ့ အနုလုံ ပဋိလုံပဲ ဆင်ခြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်တော်မူတယ်လို့ ဆိုပါတယ်။ ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်ပုံကို ဖွင့်ဆို ကြတာမှာ နည်းနည်း ကွဲနေပါတယ်။ သို့ပေမယ့် ဘုရားအဖြစ်သို့ ရောက် တော်မူတာကတော့ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူပြီးမှ ရောက်တာ ပါပဲ။

ဒီလို ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီးမှ ဘုရားအဖြစ်သို့ ရောက် တော်မူတာဟာ ဗုဒ္ဓ ဂေါတမ ဘုရားတဆူတည်း မဟုတ်ပါ။ ဘုရား အလောင်းတော်တွေ ဘုရားအဖြစ်နဲ့ ပွင့်တော်မူလာသမျှမှာ ဘယ် ဘုရားအလောင်းပဲ ဖြစ်ဖြစ် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီးမှ ဘုရား အဖြစ်သို့ ရောက်တော်မူကြပါတယ်။ ပဋိစ္စသမုပ္ပါဒ်ကို မဆင်ခြင်ပဲ ဘုရားအဖြစ်သို့ရောက်တဲ့ ဘုရားရယ်လို့ မရှိစကောင်းပါ။ ဒီအကြောင်းကို ကြည့်ယင်လဲ ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်လောက် နက်နဲတယ်၊ မြတ်စွာ ဘုရားတို့ ဆင်ခြင်တော်မူတဲ့ ဝိပဿနာဖြစ်တယ် ဆိုတာဟာ အင်မတန် ထင်ရှားသွားပါတယ်။

ဘုရားအဖြစ်သို့ ရောက်ပြီးတဲ့နောက် ကဆုန်လပြည့်ကျော်တရက် နေ့ ပဌမ သတ္တာဟမှာ ဘုရားရှင်သည် ထိုင်တော်မူရာက ဘယ်မှ မထသေးပဲ ပဋိစ္စသမုပ္ပါဒ်ကိုပဲ ပြန်ပြီး အနုလုံ ပဋိလုံ ဆင်ခြင်တဲ့အခါ မှာ စိတ်နှလုံးတော်ဟာ သိပ် ကြည်နူး ရွှင်ပျလာတော့ မျိုသိပ်မထား နိုင်တော့ပဲ နှုတ်တော်မှ ဖွင့်ဟပြီး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံ ဥဒါန်းကျူးတော်မူပါတယ်။ ဒီလို ဥဒါန်းကျူးတာက ဘယ်ပုဂ္ဂိုလ်ကိုမှ တရားဟောကြားတော်မူတာ မဟုတ်သေးပါ၊ အနုလုံ ပဋိလုံအားဖြင့် ဆင်ခြင်ပြီး နေတာကိုတော့ ဥဒါန်းမခေါ်သေးပါ၊ နှုတ်တော်က ဖွင့်ဟ ပြီး ကျူးရင့်တဲ့ ဂါထာတော်များကိုသာ ဥဒါန်းပါဠိတော်လို့ ခေါ်ကြ ပါတယ်။ မြတ်စွာဘုရားရှင် နှုတ်တော်မှ ဖွင့်ဟတဲ့ ပဌမဆုံး စကား တော်ပါ။ ဒါကြောင့်လဲ ဘုရားအနေကဇာတင် ပူဇော်တဲ့ အခါများမှာ သံဃာတော်တို့က ဒီ ဥဒါန်းပါဠိတော်ကို ရွတ်ဆိုကြခြင်း ဖြစ်ပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို အနုလုံအားဖြင့် ဆင်ခြင်ပြီးတော့ ဥဒါန်း ကျူးတော်မူတဲ့ ဂါထာက—

"ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတု ဓမ္မံ" ဖြစ်ပါတယ်။

ဒုတိယပဋိလောမအားဖြင့် ဆင်ခြင်ပြီးတော့ ဥဒါန်းကျူးတော်မူတဲ့ ဂါထာက–

"ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ" ဖြစ်ပါတယ်။

တတိယ အကြိမ်အားဖြင့် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ ဆင်ခြင်ပြီးတဲ့အခါမှာ ဥဒါန်းကျူးတော်မူတဲ့ ဂါထာက–

"ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ" ဖြစ်ပါတယ်။

ဒါကြောင့် အဋ္ဌကထာ ဆရာတို့ကလဲ့ မြတ်စွာဘုရားရဲ့ ပထမဆုံး စကားတော်ဟာ ဒီ ဥဒါန်းပါဠိတော် သုံးပုဒ်ပါပဲတဲ့။

အားလုံး ရနေကြတဲ့ စကားတော်ဖြစ်တဲ့ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" ဆိုတာက မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီး မြွက်ကြားသွားတဲ့ နောက်ဆုံး စကားတော်ပါ။

ဒီကြားထဲမှာ ဘုရားရှင်ဟာ ၄၅–ဝါပတ်လုံး ဟောကြားသွားတဲ့ ပိဋကတ်တော် သုံးပုံ နိကာယ်ငါးရပ် စကားတော်များကတော့ မဇ္ဈိမဗုဒ္ဓဝစန အလယ်စကားတော်တွေပါ။

ဒီလို မြတ်စွာဘုရားရဲ့ စကားတော်တွေကို ခွဲလိုက်တဲ့ အခါမှာ ပဋိစ္စသမုပ္ပါဒ်က မြတ်စွာဘုရားရှင် ပဌမဆုံး နှုတ်တော်က ဥဒါန်းကျူးတော်မူတဲ့ တရားတော်ဖြစ်လို့ ရှေးတုန်းက ဘုန်းကြီးကျောင်း

တွေမှာ ဘုရားရှိခိုးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်နဲ့ ဒီ ဥဒါန်းဂါထာတော်ကို ဘုရားရှိခိုးထဲမှာ ထည့်ပြီး ရှိခိုးတာဟာ အစဉ်အလာတခု ဖြစ်ပါတယ်။

## ပဋိစ္စသမုပ္ပါဒ်ကို ဘယ်သူ ဟောသလဲ၊ ဘယ်သူ့ကို အကြောင်းပြုပြီး ဟောသလဲ။

**ရှင်အာနန္ဒာ** ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင် ဟောတော်မူတဲ့ နေရာတွေကို လေ့လာကြည့်မယ်ဆိုယင် ဒီဃနိကာယ် သုတ်မဟာဝါ မဟာနိဒါနသုတ်မှာ မြတ်စွာဘုရားက ရှင်အာနန္ဒာကို အကြောင်းပြုပြီး ပဋိစ္စသမုပ္ပါဒ်ကို ဟောပါတယ်။ ဘာဖြစ်လို့ ဟောရသလဲဆိုတော့ ရှင်အာနန္ဒာမှာ သူ့စိတ်ထဲက ဘယ်လို ဖြစ်ပေါ်လာသလဲ ဆိုတော့ မြတ်စွာဘုရားရှင်တိုင်းဟာ ပဋိစ္စသမုပ္ပါဒ်ကို နက်နဲတယ်၊ ခက်ခဲတယ်လို့ ဟောကြားခဲ့ကြတယ်။ သို့ပေမယ့် သူ့စိတ်ထဲမှာ သူ ဆင်ခြင်တဲ့အခါမှာ ပဋိစ္စသမုပ္ပါဒ်က လွယ်နေတယ်လို့ ထင်နေပါတယ်။ ဒီတော့ သူ စဉ်းစားပြီး ဘုရားရှင်အား သူ ထင်နေတဲ့အတိုင်းပဲ ပဋိစ္စသမုပ္ပါဒ်တရားတော်ဟာ သူ့အတွက်မှာ လွယ်တယ်လို့ ထင်နေပါတယ် ဘုရားလို့ ဒီလိုပဲ မြတ်စွာဘုရားကို လျှောက်ထားလိုက်ပါတယ်။

ဒီအခါမှာ ဘုရားရှင်က ရှင်အာနန္ဒာကို "ဒီလို မပြောကောင်းဘူး"ဆိုပြီးတော့ ပဋိစ္စသမုပ္ပါဒ်၏ နက်နဲပုံ ခက်ခဲပုံကို ဟောပြပါတယ်။ ဘုရားအဖြစ်သို့ ရောက်အောင် ဆင်ခြင်တုန်းကတော့ အဝိဇ္ဇာက ငြေး ဇရာ မရဏအဆုံး အနုလောမနည်းနဲ့ လည်းကောင်း၊ အဝိဇ္ဇာချုပ်ယင် သင်္ခါရချုပ်တယ်ဆိုပြီး အဝိဇ္ဇာက ငြေး ဇရာ မရဏ ဆုံးတဲ့ ပဋိလောမနည်းနဲ့ လည်းကောင်း ဆင်ခြင်ခဲ့တာပါ။

ရှင်အာနန္ဒာကို ဟောပြတဲ့ နည်းကတော့ ဘယ်ကငြေး ဟောသလဲဆိုယင် ဇရာ မရဏကစပြီး ဟောပါတယ်။ လောကမှာ လူတွေဟာ အိုတယ်၊ နာတယ်၊ သေတယ်၊ ဘာဖြစ်လို့ အိုကြ သေကြတာလဲလို့ ဘုရားရှင်က မေးတော်မူတဲ့အခါ အရှင်အာနန္ဒာက "ဇာတိရှိလို့ပါ ဘုရား" "ဇာတိ ဘာကြောင့် ဖြစ်ရသလဲ" "ဘဝရှိလို့ပါဘုရား" "ဒီဘဝက ဘာကြောင့် ဖြစ်ရသလဲ"လို့ ဒီလို အမေးအဖြေနဲ့ ဇရာ မရဏက စပြီး အဝိဇ္ဇာသင်္ခါရအထိ အဆုံးကနေ အစထိအောင် မဟာနိဒါနသုတ်မှာ ဟောကြားထားပါတယ်။ ဒါက ဒီဃနိကာယ်မှာ ဟောပုံပါ။

**သာတိရဟန်း** နေ့ာက် မဇ္ဈိမနိကာယ် သုံးကျမ်းထဲက ပဉ္စမမူလပဏ္ဏာသကျမ်း မဟာတဏှာသင်္ခယ သုတ်မှာ သာတိရဟန်းကို အကြောင်းပြုပြီး ဟောပါတယ်။ သာတိရဟန်းက အခြားရဟန်းတော်တွေနဲ့ မြတ်စွာဘုရားရဲ့ တရားကို အတူတူ နာကြပါတယ်။ ဒီလို နာကြတဲ့အခါမှာ သာတိရဟန်းက ဘယ်လို နားလည်သလဲဆိုတော့ မြတ်စွာဘုရားဟောနေတာ ဝိညာဏ်ဟာ တဘဝက တဘဝ ပြောင်းနေတယ်လို့ နားလည်လိုက်ပါတယ်။ ဒီလိုနဲ့ သာတိရဟန်းဟာ အခြားရဟန်းတော်တွေနဲ့ တရားဆွေးနွေးတဲ့အခါမှာ အခြား ရဟန်းတော်တွေက ဝိညာဏ်ဟာ တဘဝက တဘဝကို ပြောင်းနေတယ်လို့ မြတ်စွာဘုရားက ဟောတာ မဟုတ်ပါဘူးလို့ ပြောကြပါတယ်။ ဒီအခါမှာ သာတိရဟန်းနဲ့ ရဟန်းတော်များဟာ အငြင်းအခုံ ဖြစ်ကြပါတယ်။ သာတိရဟန်းက သဿတ အတ္တဂိုဏ်းသားဖြစ်တော့ ဝိညာဏ်ဟာ တဘဝက တဘဝ ပြောင်းနေတယ်လို့ ဒီလိုပဲ ထင်နေပါတယ်။

ဒါနဲ့ပဲ ဘုရားအထံရောက်တော့ မြတ်စွာဘုရားက မေးတော်မူတဲ့အခါမှာ သူထင်ထားတဲ့အတိုင်းပဲ ဝိညာဏ်ဟာ တဘဝက တဘဝသို့ ပြောင်းနေတယ်လို့ ဘုရားရှင် ဟောတော်မူပါတယ်လို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားက ဒီလို ဟောတာ မဟုတ်တဲ့ အကြောင်းကို ပြောပြီး ဆုံးမတော်မူပါတယ်။ အဲဒီသုတ်မှာ ဘုရားရှင်က ဝိညာဏ်ဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ်နဲ့ ဟောပြပါတယ်။ ရုပ်တရားတို့ ဖြစ်ပုံကိုလဲ ပဋိစ္စသမုပ္ပါဒ်နဲ့ပဲ ဟောပြပါတယ်။ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ဆိုတာကလဲ ပဋိစ္စသမုပ္ပါဒ်နဲ့ ဟောမှပဲ လွယ်လွယ်နဲ့ ဖြုတ်လို့ရပါတယ်။ ရိုးရိုးတရားနဲ့ကတော့ ပြုတ်ခဲပါတယ်။

ဒီ မဟာတဏှာသင်္ခယသုတ်မှာ ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာက စတာတဲ့ မဟုတ်၊ ဇရာ မရဏကလဲ စတာမဟုတ်ပါ။ ရုပ်တရားကို ဟောတဲ့အခါမှာ ရဟန်းတွေ ရုပ်တရားကို နားလည်အောင်—

"ရုပ်တရားကြီးဟာ ဘာကြောင့် အသက်ရှည်နေရတာလဲ"

"အာဟာရကို စားလို့ အသက်ရှည်နေပါတယ်ဘုရား"

"ဘာကြောင့် အာဟာရကို စားရတာလဲ"

"မသေချင်တဲ့တဏှာကြောင့် စားပါတယ်ဘုရား"

"တဏှာက ဘာကြောင့်ဖြစ်တာလဲ"

"ဝေဒနာပစ္စယာ တဏှာ ဝေဒနာရှိလို့ တဏှာဖြစ်ပါတယ် ဘုရား"

"ဝေဒနာ ဘာကြောင့်ဖြစ်တာလဲ"

"ဖဿရှိလို့ ဝေဒနာဖြစ်ပါတယ် ဘုရား"

"ဖဿ ဘာကြောင့်ဖြစ်တာလဲ"

"သဠာယတနရှိလို့ ဖဿဖြစ်ပါတယ်ဘုရား"

ပဋိစ္စသမုပ္ပါဒ်ကို တဏှာကစပြီး အဝိဇ္ဇာအထိ၊ တဖန် အဝိဇ္ဇာက နေပြီး ဇရာ မရဏထိအောင် အပြန်အလှန် ဟောခဲ့ပါတယ်။

**ရဲရင့်သည့် မိန့်ခွန်းတော်** တခါ မဇ္ဈိမနိကာယ် မူလပဏ္ဏာသ စူဠသီဟနာဒ သုတ်မှာလဲ ဥပါဒါန်လေးပါး အကြောင်းကို ဟောထားပါတယ်။ အခြား ဘုရားသာသနာတွေမှာ ဥပါဒါန်လေးပါးထဲမှ ကာမုပါဒါန်ကို လွတ်မြောက်အောင် ဟောနိုင်တာ ရှိပါတယ်။ တခါ တဆင့်တက်ပြီး ဒိဋ္ဌုပါဒါန်ကို လွတ်မြောက်အောင် ဟောနိုင်တာလဲ ရှိပါတယ်။ ဒီထက်တဆင့်တက်ပြီးတော့ သီလဗ္ဗတုပါဒါန်ကို လွတ်မြောက်အောင် ဟောနိုင်တာလဲ ရှိပါတယ်၊ ဒီ ဥပါဒါန်သုံးပါးကိုတော့ လွတ်မြောက်အောင် ဟောနိုင်ကြပါတယ်တဲ့။ အတ္တဝါဒုပါဒါန်က လွတ်မြောက်အောင်ကတော့ ငါ့ဘုရားသာသနာတော်မှတပါး ဘယ်ဘုရားသာသနာမှာမှ မရှိခဲ့သေးကြောင်းကို မြတ်စွာဘုရားက ရဟန်းတော်များအား ရဲရဲရင့်ရင့်ကြွေးကြော်ရန် မိန့်ကြားခဲ့ပါတယ်။

ဒီသုတ်ရဲ့အဆုံးမှာ ဥပါဒါန် ဘာကြောင့်ဖြစ်တာလဲ၊ ဥပါဒါန်ရဲ့ အကြောင်းကိုပြောယင် ပဋိစ္စသမုပ္ပါဒ်မှာ ဥပါဒါန်ဟာ တဏှာကြောင့် ဖြစ်ပါတယ်။

တဏှာ ဘာကြောင့်ဖြစ်သလဲ၊ ဝေဒနာကြောင့် ဖြစ်ပါတယ်။

ဝေဒနာ ဘာကြောင့်ဖြစ်သလဲ၊ ဖဿကြောင့်ဖြစ်ပါတယ်။

ဒီလိုနဲ့ ဥပါဒါန်က စပြီး အဝိဇ္ဇာ သင်္ခါရ ထိအောင် ပြန်ပြီး ဟောသွားပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင်ဟောတာမှာ အဝိဇ္ဇာက ဇရာ မရဏ ထိအောင်လဲ ဟောပါတယ်။ ဇရာ မရဏမှ အဝိဇ္ဇာအထိ ပြန်ဟောတာ ကလဲ ရှိပါတယ်။ အလယ် ဝေဒနာ တဏှာကနေပြီး အစကိုလဲ ဟော တာ ရှိပါတယ်။

တခါ ဝေဒနာတဏှာကနေပြီး အထက်ကို ဟောသွားတာလဲ ရှိပါတယ်။

**သံယုတ် ပါဠိတော်** အဲဒါကတော့ သံယုတ္တနိကာယ် သဠာယတန သံယုတ်ပါဠိတော်မှာ "စက္ခုံ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်ယင် စက္ခုဝိညာဏ် ဖြစ်တယ်။ " တိဏ္ဏံ သင်္ဂတိ ဖဿော" စက္ခုပသာဒနဲ့ ရူပါရုံနဲ့ စက္ခု ဝိညာဏ် သုံးခု ပေါင်းဆုံမိယင် ဖဿ ဖြစ်ပါတယ်။ "ဖဿဖြစ်ယင် ဝေဒနာဖြစ်တယ်။ ဝေဒနာဖြစ်ယင် တဏှာဖြစ်တယ်၊ တဏှာဖြစ်ယင် ဥပါဒါန်ဖြစ်တယ်၊ဥပါဒါန်ဖြစ်ယင် ဘဝ၊ဇာတိ၊ ဇရာ မရဏလို့ ဖဿက နေစပြီး အထက်ကို ဇရာ မရဏဆုံးအောင် ဟောသွားတာလဲ ရှိပါတယ်။

**အဋ္ဌကထာဆရာ ညည်းတွားပုံ** ရှင်မဟာဗုဒ္ဓဃောသဟာ ပိဋကတ်သုံးပုံ ဝိနည်း အဋ္ဌကထာ၊ အဘိဓမ္မာ အဋ္ဌကထာ၊ နိကာယ်အဋ္ဌကထာတွေ အကုန်လုံးရေးသွားတဲ့ ပုဂ္ဂိုလ်ပါ။ အဲဒီကျမ်းတွေမှာ အခြားအဖွင့်တွေ အကုန်လုံး ရေးစဉ်က ဘယ်လိုမှ မညည်းတွားခဲ့ပါ။ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဋ္ဌကထာရေးတော့မယ် ကြံတဲ့ အခါကျတော့ သူ ညည်းတွားခဲ့ပါတယ်။ "သူ ယခု ပဋိစ္စသမုပ္ပါဒ်အဖွင့် ရေးတော့မယ်လို့ စိတ်ကူးကြည့်လိုက်တဲ့အခါမှာ သူ ဘယ်လိုဖြစ်နေသလဲ ဆိုတော့ မဟာသမုဒ္ဒရာထဲမှာ ရောက်နေတဲ့ ယုန်သူငယ်လေးလို ကမ်း မမြင် လမ်းမမြင် သူ့ဉာဏ်ဟာ ဘယ်လိုမှ ထောက်တည်ရာမရပါလို့ ဒီလို ညည်းတွားခဲ့ပါတယ်။ ဒါကို တွေ့တဲ့အခါမှာ ဆရာ ငယ်ငယ်တုန်း ကတော့ စာရေးဆရာဆိုတာ တုံးစံ့အတိုင်း ရသပေါ်အောင်ညည်းတာပဲ လို့ အောက်မေ့မိခဲ့ပါတယ်။ အခု လက်တွေ့ကျမှ ပဋိစ္စသမုပ္ပါဒ်နိဒါန်းကို ပြောမယ်လို့ စဉ်းစားကြည့်တဲ့ အခါမှာ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် မှာ ပဋိစ္စသမုပ္ပါဒ်ကို ဟောတဲ့တရားတွေဟာ နေရာအနှံ့အပြား ဖြစ်နေ တော့ ရှင်မဟာဗုဒ္ဓဃောသ ညည်းတွားပုံကို ပြန်ပြီးသတိရလာပါတယ်။

**ဆန္နမထေရ်** တခါ သံယုတ်ပါဠိတော်မှာပဲ ကစ္စာယန ဂေါတ္တသုတ် ဆိုတာ ရှိပါသေးတယ်။ ဆန္နမထေရ်ကို အကြောင်းပြု ပြီး အရှင်အာနန္ဒာက ဟောတာပါ။ ဆန္နကလဲ သဿတဂိုဏ်းသား သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ ရှိနေတော့ ဘယ်လိုမှ သူက တရားအားထုတ်လို့ မရခဲ့ပါ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ဘယ်နည်းနဲ့မှ တရားမရခဲ့တော့ မြတ်စွာဘုရား မရှိတော့တဲ့အခါမှာ တရားရချင်လို့ သူ တရားရအောင် တရားဟောပါလို့ ရှင်အာနန္ဒာကို တောင်းပန်ပါ တယ်။ ရှင်အာနန္ဒာက မြတ်စွာဘုရား ဟောကြားထားခဲ့တဲ့ သုတ်တွေ အများကြီးကို လေ့လာပြီးမှ ဒီကစ္စာယနဂေါတ္တသုတ်ကို ဆန္နအား ဟောပြပါတယ်။

တရားမရနိုင်တဲ့ သက္ကာယဒိဋ္ဌိ ခံနေတဲ့ ပုဂ္ဂိုလ် ဖြစ် နေ လို့ ရှင်အာနန္ဒာက ဒီကစ္စာယနဂေါတ္တသုတ်ကို ရွေးတာပါ။ အကြောင်း ရှိယင် အကျိုးဖြစ်တယ်၊ အကြောင်းမရှိယင် အကျိုးမဖြစ် ဆိုတဲ့ ဆိုလို ရင်း အဓိပ္ပာယ်နဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဟောတာပါ။ ဒီလိုဟောတဲ့အခါမှာ ဆန္နမထေရ်ဟာ တရားရသွားပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို နိကာယ်ငါးရပ်မှာ ပြန်ပြီး လေ့လာကြည့်ယင် ဒီဃနိကာယ်မှာလဲ ပါတယ်၊ မဇ္ဈိမနိကာယ်မှာလဲ ပါတယ်၊ သံယုတ္တ နိကာယ်မှာလဲ ပါပါတယ်။ ဝိနည်းနဲ့ကျတော့လဲ ပဋိစ္စသမုပ္ပါဒ်နဲ့ ဝိနည်းဟာ မဆိုင်ဘူးလို့ပဲ အောက်မေ့ရပါတယ်။ ဒါပေမယ့် ဝိနည်း ငါးကျမ်းထဲမှာ ဝိနည်းမဟာဝါ ဆိုတာ ရှိပါတယ်။ ဒီ ဝိနည်းမဟာ ဝါက ဘုရားပွင့်တော်မူချိန်မှစပြီး တဖြည်းဖြည်း ပဉ္စဝဂ္ဂီရဟန်းတွေ ဖြစ်ပေါ်လာပုံ၊ ရဟန်း ၆ ကျိပ် ပေါ်လာပုံ၊ သာသနာ့ရဲ့ အစမူလကို ဟောပြတာ ဖြစ်ပါတယ်။ ဒီလိုပြရတော့ ဥဒါန်း ပါဠိတော်မှာ ပါတဲ့ မြတ်စွာဘုရားရှင် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပုံ၊ ဘုရားအဖြစ်သို့ ရောက်ပုံ တို့ကို ဝိနည်းမဟာဝါမှာလဲ ဟောပြရပါတယ်။ အဲဒီလို ဟောတဲ့ အခါမှာကျတော့ ဝိနည်းမှာလဲ ပဋိစ္စသမုပ္ပါဒ်က ပါပြန်ပါတယ်။

တခါ အဘိဓမ္မာခုနစ်ကျမ်းမှာ ဝိဘင်း ပါဠိတော်ဟာ ဒုတိယ မြောက် ကျမ်းဖြစ်ပါတယ်။ အဲဒီ ဝိဘင်းပါဠိတော်မှာလဲ ပဋိစ္စသမုပ္ပါဒ် ဝိဘင်းလို့ သီးခြား ဝိဘင်းတခု ပါပါသေးတယ်။ ရှင်မဟာဗုဒ္ဓဃောသ ဟာ ပိဋကတ်သုံးပုံ အဋ္ဌကထာတွေ ဖွင့်တဲ့အခါမှာ ပဋိစ္စသမုပ္ပါဒ်

ဝိဘင်းကို အကျယ်ဆုံး ရေးခဲ့ပါတယ်။ ပဋ္ဌိစ္စသမုပ္ပါဒ်ကို အကျယ်အား ဖြင့် ဖွင့်ပြတာကတော့ ပိဋကတ်သုံးပုံ အဋ္ဌကထာတွေထဲမှာ ဝိဘင်း အဋ္ဌကထာတခုပဲ ရှိပါတယ်။

**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ** တခုရှိတာက ရှင်မဟာဗုဒ္ဓဃောသ ပိဋကတ်သုံးပုံ အဋ္ဌကထာတွေကို မကူးခင်မှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ရေးပါတယ်။ ဒီဝိသုဒ္ဓိမဂ် အဋ္ဌကထာက မြန်မာပြည် ရိပ်သာအားလုံးမှာ တရားအားထုတ်တဲ့ နည်းတွေ အားလုံးပါပါတယ်။ ဒီ ဝိသုဒ္ဓိမဂ်ကလဲ ပိဋကတ်သုံးပုံ အကုန်လုံး အကျုံးဝင်အောင် ပဌမ သီလအမျိုးမျိုး၊ သီလကိုပြပြီးတဲ့နောက် သမာဓိရအောင် အားထုတ်ပုံ နည်းအမျိုးမျိုး၊ သမာဓိကို ပြပြီးတော့ ပညာအမျိုးမျိုး၊ ဒီလို သီလ သမာဓိ ပညာ စဉ်ပြီးတော့ ရေးပြမှ သီဟိုဠ်က သူ့ကို ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာတွေကို ကူးခွင့်ပြုပါတယ်။ အဲဒီ လက်စွမ်းပြ ရေးရတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလဲ ပဋ္ဌိစ္စသမုပ္ပါဒ် ၁၂ ပါး၏ အဖွင့်အကျယ် ပါပါတယ်။

အဖွင့်ချင်းကတော့ ဝိဘင်း အဋ္ဌကထာမှာပဲ ဖြစ်ဖြစ်၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာပဲ ဖြစ်ဖြစ် ရေးတဲ့ ပုဂ္ဂိုလ်က တယောက်တည်းဆိုတော့ အဓိပ္ပာယ်ချင်းကတော့ အတူတူပါပဲ။ ခု သင်တန်းပေးမယ့် ပဋ္ဌိစ္စ သမုပ္ပါဒ်ရဲ့ အဓိပ္ပာယ်တွေကလဲ ဝိဘင်းအဋ္ဌကထာက ယူပြီး ပြောမှာ များပါတယ်။

**ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်** နောက် ပဋ္ဌိစ္စသမုပ္ပါဒ်က ဘယ်မှာ ပါပြန် သလဲဆိုတော့ ပိဋကတ်သုံးပုံ နိကာယ်တွေ ထဲမှာ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်ဆိုတာ နာမည်ကြီးပါတယ်။ ဝိသုဒ္ဓိ မဂ်မှာ ရှင်မဟာဗုဒ္ဓဃောသ ရေးထားတဲ့ တရားအားထုတ်နည်းတွေကလဲ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်ကို အားကိုး လက်ကိုင်ပြုပြီး ရေးတာပါ။ ပဋ္ဌိသမ္ဘိဒါမဂ် ပါဠိတော်မှာလဲ ပဋ္ဌိစ္စသမုပ္ပါဒ်အဖွင့်ကို တွေ့ရပါတယ်။ ပဋ္ဌိသမ္ဘိဒါမဂ်ကလဲ အဘိဓမ္မာ တော်တော်ဆန်ပါတယ်။ ပဋ္ဌိသမ္ဘိဒါ မဂ် ပါဠိတော်မှာ ပဋ္ဌိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဉပါဒါန် ဘဝ ဇာတိ ဇရာ

မရဏဆိုတဲ့ အင်္ဂါ ၁၂-ပါး ဒီအတိုင်းပဲ ရေးတာ ဟောတာ များ ပါတယ်။

အဲဒီလို ရေးတာများတဲ့အတွက် အဘိဓမ္မာသင်ယူတဲ့ ပုဂ္ဂိုလ်များ အောက်အခြေခံရအောင် သင်္ဂြိုဟ် ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါက ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်းဆိုပြီး အကြောင်းအကျိုးပြတဲ့ တရား အကျဉ်းချုပ်ကို ပစ္စည်းပိုင်းမှာ ထည့်ထားခဲ့ပါတယ်။ ဒါကြောင့်လဲ ယခုအချိန်အထိ မြန်မာပြည်မှာ အားလုံး သိနေကြတာက ပဋိစ္စသမုပ္ပါဒ် ဟာ အဝိဇ္ဇာက စတယ်လို့ပဲ သိနေကြပါတယ်။

**ဗုဒ္ဓ ဝိပဿနာ** အဘိဓမ္မာမှာ ပါနေတဲ့ နည်း ယခု မြန်မာပြည်မှာ သင်ပြနေတဲ့ နည်းတွေဟာ ဗုဒ္ဓဝိပဿနာလို့ ဥဒါန်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ဒီပဋိစ္စသမုပ္ပါဒ်ဟာ မြတ်စွာဘုရားတို့ သုံးသပ် ဆင်ခြင်တဲ့ ဝိပဿနာဆိုတော့ စဉ်းစားစရာတခု ရှိလာပါတယ်။ ယခု အများ အဘိဓမ္မာ သင်နေတာက—

အဝိဇ္ဇာ သင်္ခါရ-အတိတ်အကြောင်း၊
ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ-ပစ္စုပ္ပန်အကျိုး၊
တဏှာ ဥပါဒါန် ဘဝ—ပစ္စုပ္ပန်အကြောင်း၊

ဇာတိ ဇရာ မရဏ — အနာဂတ်အကျိုးလို့ ဆိုတော့ အတိတ် ဘဝ ပစ္စုပ္ပန်ဘဝ အနာဂတ်ဘဝ ဆိုတဲ့ ဘဝသုံးပါးကို စပ်ပြီး ပဋိစ္စ သမုပ္ပါဒ်လည်ပုံကို သင်တာပါ။

ဒါကိုသာ ဝိပဿနာရှုယင် ရိုးရိုးလူတွေအနေနဲ့ အတိတ်ကိုလဲ ရှုလို့မရ၊ အနာဂတ်ကိုလဲ ရှုလို့မရ၊ ဝိပဿနာဆိုတာကလဲ ပစ္စုပ္ပန် တည့်တည့် ကိုယ့်မှာ ဖြစ်နေတာကိုပဲ လိုက်ပြီး ရှုနေရမှာဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ်နဲ့ ဘယ်လို ဝိပဿနာတရား အားထုတ်လို့ ရပါ့မလဲလို့ စဉ်းစားစရာတခု ဖြစ်လာပါတယ်။

ပဋိစ္စသမုပ္ပါဒ်ဟာ ဗုဒ္ဓ ဝိပဿနာဖြစ်လို့ ပထမယံမှာ ပုဗ္ဗေနိဝါ သာနုဿတိဉာဏ် ရတယ်။ ဒီ ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ဆိုတာက နောက်က ဖြစ်ခဲ့ဖူးတဲ့ ခန္ဓာရဲ့ ဘဝပေါင်း သိန်းသန်း ကုဋေထိအောင်

ပြန်ပြီးတော့ မြင်တဲ့ဉာဏ်ပါ။ မြတ်စွာဘုရားအဖို့ အတိတ်အကြောင်း ဉာဏ်မှာ အင်မတန် ရှင်းပါတယ်။ တခါ မဇ္ဈိမယံမှာ ဒိဗ္ဗစက္ခုဉာဏ်ကို ရပါတယ်။ ဒီဉာဏ်တော်ကလဲ အနာဂတ်ဘဝကို ကြည့်ယင် ဘဝပေါင်း သိန်းသန်းကုဋေ သတ္တဝါတွေ ဖြစ်စဉ် အကုန်လုံး မြင်ပါတယ်။ ဒီဉာဏ် ကလဲ မြတ်စွာဘုရားအဖို့ အနာဂတ်အတွက် အင်မတန် ရှင်းပါတယ်။ ပစ္ဆိမယံမှာတော့ အာသဝက္ခယဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို ရပါ တယ်။ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်နေယင်းနဲ့ ဒီဉာဏ်သုံးပါးကို ရတာပါ။ အဲဒီလို မြတ်စွာဘုရား ကိုယ်တော်တိုင် ဆင်ခြင်တဲ့ ဝိပဿနာက အတိတ် ဘဝ ပစ္စုပ္ပန်ဘဝ အနာဂတ်ဘဝတွေအတွက် အင်မတန် ရှင်းပါတယ်။

ဒီလိုဆိုတော့ သာမန်လူတွေနဲ့ ဘယ်လို ကိုက်ညီပါ့မလဲလို့ စဉ်း စားတဲ့အခါ သာမန်လူတွေနဲ့ ကိုက်ညီမယ့် ပဋိစ္စသမုပ္ပါဒ်ကတော့ သံယုတ် ပါဠိတော်မှာ ဟောထားတဲ့ သုတ်တွေ အများကြီး ရှိပါတယ်။ ဥပမာ တခုလောက်ပြရယင် “စက္ခုံ့ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခု ဝိညာဏံ” စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ စက္ခုဝိညာဏ် ဖြစ်ပါတယ်။ တိဏ္ဏံ သင်္ဂတိ ဖဿော—စက္ခုပသာဒ ရူပါရုံ စက္ခုဝိညာဏ် ပေါင်းဆုံ ယင် ဖဿ ဖြစ်ပါတယ်။ ဒါကိုတော့ အားလုံးသိနိုင်ပါတယ်။ ရူပါရုံနဲ့ တွေ့တဲ့အခါမှာ ရူပါရုံလဲ ရှိတယ်၊ မျက်စိကလဲ ကောင်းတယ်၊ မြင်တဲ့ စိတ်လဲရှိတော့ ဖဿ တွေ့ထိမှု ရှိပါတယ်။ ဖဿရှိယင် တွေ့တယ်၊ ဖဿမရှိ ယင် မတွေ့ပါ၊ ဖဿရှိလို့ တွေ့တဲ့အခါ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ခံစားမှုရှိတာကို သိနိုင်တာပါပဲ။

ဒီရူပါရုံကို တွေ့တဲ့အခါမှာ လှတာတွေ့ယင် သဘောကျလို့ သုခဝေဒနာ၊ အရုပ်ဆိုးတာတွေ့တော့ သဘောမကျလို့ ဒုက္ခဝေဒနာ၊ ဖဿကြောင့် ဝေဒနာဖြစ်တာကို ဆင်ခြင်လို့ရပါတယ်။ လှတာလေးကို လိုချင်တယ်ဆိုတော့ တဏှာဖြစ်တယ်။ ဝေဒနာပစ္စယာ တဏှာ၊ လိုချင်လို့ မရ မနေနိုင် သိပ်လိုချင်တော့ ဥပါဒါန် ဖြစ်ပါတယ်။ ဒီလို ဥပါဒါန် ဖြစ်တာလဲ တွက်လို့ရပါတယ်။ ဥပါဒါန်ဖြစ်တော့ လိုချင် တောင့်တ လာတဲ့အခါမှာ ကောင်းတဲ့နည်းနဲ့ ရရ၊ မကောင်းတဲ့နည်းနဲ့ ရရ၊ ရအောင် လုပ်ပါတယ်ဆိုတော့ ကမ္မဘဝ—ကံတွေ ဖြစ်ပါတယ်။ ဒီကံတွေ လုပ်ယင် ကံတွေဟာ သခါရပါပဲ။ ကံတွေလုပ်ယင် ကမ္မဘဝကြောင့်

နောက်ဘဝ ဇာတိ ကောန် ဖြစ်မှာပါ။ မြတ်စွာဘုရားက ပစ္စုပ္ပန်တည့် တည့် ဟောတဲ့အခါကျတော့ ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံအထိပဲ ဟောပါတယ်။ ဖဿမရှိယင် ဝေဒနာမရှိ၊ ဝေဒနာမရှိယင် တဏှာ မရှိ၊ တဏှာမရှိယင် ဥပါဒါန် မရှိ၊ ဥပါဒါန်မရှိယင် ကံမလုပ်တော့ ငြိမ်းအေးသွားတာပါပဲ။

**သိကြားမင်း လျှောက်ထားချက်** သံယုတ်ပါဠိတော်မှာပဲ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်ထားတာ ရှိပါသေးတယ်။ ဘာကို လျှောက်ထားသလဲဆိုတော့ "လောကမှာ အချို့သော ပုဂ္ဂိုလ်များဟာ ပရိနိဗ္ဗာန် ပြုကြတယ်၊ အချို့ကတော့ ပရိနိဗ္ဗာန် မပြုကြပါ၊ အဲဒါ ဘာအကြောင်းကြောင့်ပါလဲဘုရား" လို့ လျှောက်ထားပါတယ်။

ဒီအခါမှာ မြတ်စွာဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်ကို တိုတိုပဲဟောပါတယ်။ ဥပါဒါန်ရှိတဲ့ပုဂ္ဂိုလ် သေယင် ပရိနိဗ္ဗာန် မပြုပါ၊ ဥပါဒါန်မရှိတဲ့ ပုဂ္ဂိုလ်သေယင် ပရိနိဗ္ဗာန် ပြုပါတယ်" လို့ ဘုရားရှင်က ဖြေကြားပါတယ်။

ဒါဟာ ဘာနဲ့သွားပြီး ကိုက်ညီနေသလဲဆိုတော့ ရှင်နာဂသိန်ကို မိလိန္ဒမင်းကြီး မေးတဲ့အခါမှာ ရှင်နာဂသိန်က ပြန်ပြီး ဖြေတာနဲ့ ကိုက်ညီနေပါတယ်။ မိလိန္ဒမင်းကြီးဟာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်ပြီးတော့ ရဟန်းတွေကို မေးလွန်းအားကြီးလို့ ရဟန်းပေါင်းတသိန်းလောက်ဟာ အကုန်လုံး တောကိုပြေးပြီး နေကြရပါတယ်။ ရဟန္တာရော ပုထုဇဉ်ရဟန်းတွေပါ တပါးမှ မြို့ထဲရွာထဲမှာ မနေနိုင်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ မိလိန္ဒမင်းကြီးမေးတဲ့ ပြဿနာတွေကို မဖြေနိုင်လို့ပါ။

နောက်တော့မှ ရှင်နာဂသိန်ဆိုတဲ့ ရဟန္တာပုဂ္ဂိုလ်တပါး ပေါ်လာတော့ ရှင်နာဂသိန်နဲ့ မိလိန္ဒမင်းကြီးဟာ ပိဋကတ်သုံးပုံတွေ ဆွေးနွေးပါတယ်။ အဲဒီလို ဆွေးနွေးတဲ့အခါမှာ ရှင်နာဂသိန်ကို မိလိန္ဒမင်းကြီး မေးလိုက်ပုံက "အရှင်ဘုရား၊ ရဟန္တာဖြစ်ပြီးပြီလား၊ မဖြစ်သေးဘူးလား" လို့ ဒီလို တိုက်ရိုက်မမေးပဲ—

**မိလိန္ဒမင်းကြီးအမေး** "အရှင်ဘုရား၊ ပြန်လွန်တော်မူယင် ပရိနိဗ္ဗာန် ပြုမှာလား၊ မပြုဘူးလား" တဲ့။

"မင်းကြီး၊ ဥပါဒါန်ရှိသေးယင် ပရိနိဗ္ဗာန် မပြုပါ၊ ဥပါဒါန် မရှိယင်တော့ ပရိနိဗ္ဗာန် ပြုမှာပါပဲ" လို့ ရဟန္တာ ဖြစ်တယ်လို့လဲ မပြော၊ မဖြစ်ဘူးလို့လဲ မပြောပဲနဲ့ ဖြေလိုက်ပါတယ်။ ဒီလို ရှင်နာဂသိန်က ဖြေလိုက်တဲ့အခါမှာ မိလိန္ဒမင်းကြီးဟာ ရှင်နာဂသိန် ရဟန္တာ ဆိုတာ သိသွားပါတယ်။

ရိုးရိုးပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်တရားကို ဟောတဲ့အခါ အလယ်ကစပြီးဟောတာ များပါတယ်။ ပဋိစ္စသမုပ္ပါဒ် အလယ်က လူတို့ လက်တွေ့ရထားတဲ့ ခန္ဓာငါးပါးဟာ ပစ္စုပ္ပန်ဖြစ်နေ ပါတယ်။ ဒီလို ပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ စက္ခု သောတ ဃာန ဇိဝှာ ကာယ မန ဆိုတဲ့ အတွင်း အာယတန ၆-ပါး ရှိပါတယ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဆိုတဲ့ အပြင် အာယတနကလဲ ၆ ပါး ရှိပါ တယ်။ အတွင်း အာယတနနဲ့ အပြင်အာရုံနဲ့ တိုက်ဆိုင်တဲ့အခါ ဘယ် အာရုံနဲ့ပဲ တိုက်ဆိုင် တိုက်ဆိုင် ပဌမ တိုက်ဆိုင်မှု ဖဿဖြစ်ပါတယ်။ ဖဿ ဖြစ်ပြီးမှ ဝေဒနာဖြစ်တာပါ။

အဲဒီ ဝေဒနာဖြစ်တဲ့အခါမှာ ဝေဒနာက ကောင်းတဲ့ ဝေဒနာ ဆိုယင် တဏှာဖြစ်ပါတယ်။ မကောင်းတဲ့ ဝေဒနာဆိုယင် ဒေါသ ဖြစ်ပါတယ်။ (ပဋိစ္စသမုပ္ပါဒ်ကတော့ အားလုံးကို တဏှာထဲမှာပဲ ထည့်ပါတယ်။) တဏှာမဖြစ်အောင် နေလို့ရှိယင် -

> (တဏှာယ အသေသဝိရာဂ နိရောဓာ ဥပါဒါန နိ
> ရောဓော—
> ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ
> ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏ သောက
> ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ) -

ငြိမ်းတာပါပဲ။

သံယုတ်ပါဠိတော်မှာ ပဋိစ္စသမုပ္ပါဒ်နဲ့ တရားအားထုတ်ပုံကို ဟောတော်မူတာက တခါတလေ ဖဿကစပြီး ဟောပါတယ်။ တခါ တလေ ဝေဒနာကစပြီး ဟောပါတယ်။ တခါတလေ ဥပါဒါန်ကလဲ

စပြီး ဟောပါတယ်။ တခါတလေ တဏှာကစပြီး ဟောပါတယ်။ တခါတလေ အထက်ကို တက်တက်ပြီး ဟောပါတယ်။ တခါတလေ အောက်သို့ ဟောပါတယ်။ ပဋိစ္စသမုပ္ပါဒ်ရဲ့ အစ အလယ် အဆုံးမှာ ဘယ်က စတယ်၊ ဘယ်လို ဆုံးတယ်ဆိုတာ ပြောလို့မရပါ။ ဘယ်တရားကပဲစစ ပဋိစ္စသမုပ္ပါဒ်ဆိုတာက အစမရှိပဲ ပတ်ချာလည်နေရမှာပါ။ အဝိဇ္ဇာတခု သတ်မိယင်လဲ အကုန် ချုပ်ငြိမ်းသွားပါတယ်။ တဏှာတခု သတ်မိယင်လဲ အကုန် ချုပ်ငြိမ်းသွားတာပါပဲ။

ဗုဒ္ဓဘာသာ တရားထဲမှာ ပဋိစ္စသမုပ္ပါဒ်တရားဟာ အလွန်မြင့်တယ်ဆိုပေမယ့် ဗုဒ္ဓဝိပဿနာဆိုတဲ့ ဘုရားရှင်ကိုယ်တော်တိုင် ဆင်ခြင်တော်မူတဲ့အတိုင်း ကာလသုံးပါးနဲ့ ဆိုယင်တော့ အင်မတန် နက်နဲပါတယ်

**သစ္စာလေးပါး ဆယ့်နှစ်မျိုး** ဘုရားရှင်ဟာ သစ္စာလေးပါး တရားကို လူတိုင်းကို ဟောခဲ့ပါတယ်။ သစ္စာလေးပါးတရားနဲ့ ပဋိစ္စသမုပ္ပါဒ်ကလဲ အတူတူပါပဲ။ ဒီလို တူပုံကို မူလပဏ္ဏာသ သမ္မာဒိဋ္ဌိသုတ်မှာဆိုယင် ဥပမာ အဝိဇ္ဇာကို အကျိုးတရားယူယင် အဝိဇ္ဇာ ဘာကြောင့်ဖြစ်သလဲဆိုတော့ အဝိဇ္ဇာရဲ့ အကြောင်းတရားဟာ သမုဒယသစ္စာတဲ့။ အဝိဇ္ဇာချုပ်သွားယင် နိရောဓသစ္စာနိဗ္ဗာန်ပဲတဲ့။ အဝိဇ္ဇာကို သတ်တာက မဂ္ဂသစ္စာတဲ့။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးကို သစ္စာလေးပါးနဲ့ တပါးစီကို ၄ ချက်စီ ၄၈ ချက် ဟောသွားပါတယ်။

ယခုခေတ်မှာ ပညာရှိများက သစ္စာလေးပါးမှ လွတ်သောတရားမည်သည် မရှိလို့ အပြောများကြပါတယ်။ အမှန်ကတော့ သစ္စာလေးပါးက လွတ်သောတရားမည်သည် မရှိဆိုလျှင် ပဋိစ္စသမုပ္ပါဒ်မှ လွတ်သော တရားမည်သည်လဲ မရှိပါ။ ပဋိစ္စသမုပ္ပါဒ်မှ လွတ်သောတရားမည်သည် မရှိ ဆိုလျှင် ပဋ္ဌာန်း တရားတော်မှ လွတ်သောတရားမည်သည်လဲ မရှိနိုင်ပါ။

တချို့ ထင်နေကြတာက ပဋ္ဌာန်းတရားတော်က တမျိုး၊ ပဋိစ္စသမုပ္ပါဒ်တရားတော်က တမျိုး၊ သစ္စာလေးပါးက တမျိုးလို့ ထင်နေ

ကြပါတယ်။ ဘုရားရှင် ဟောကြားတာကတော့ **မူက တမူတည်းပါ**။ ဘယ်တရားတော်မှာပဲ ဖြစ်ဖြစ် လောဘကုန်ရေး၊ ဒေါသကုန်ရေး၊ မောဟကုန်ရေးပဲ ဟောတာပါ။

တလုံးတည်း ပြောပါဆိုယင် 'အာသဝက္ခယ' **အာသဝေါကုန်ခန်းရေး**၊ 'ကိလေသက္ခယ' **ကိလေသာကုန်ရေး** ပါ။ နိဗ္ဗာန်ရတယ်ဆိုတာက ကိလေသာကုန်ရင် ဒီဘဝမှာလဲ နိဗ္ဗာန်ရတာပါပဲ။ ပဋိစ္စသမုပ္ပါဒ်နိဒါန်းကို ပြောခဲ့တာ တော်တော်တော့ စုံသွားပါပြီ။ ယခုသင်ပြမယ့် ပဋိစ္စသမုပ္ပါဒ်ရဲ့ နိဒါန်းကိုတော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ပါရစေ။

**နိဒါန်း ပြီးပါပြီ**

# ခုဒ္ဒက နိကာယ

# ဥဒါန ပါဠိ

## ၁ - ဗောဓိဝဂ္ဂ

### ၁—ပဌမ ဗောဓိသုတ္တ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဧဝံ မေ သုတံ— ဧကံ သမယံ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။ တေန ခေါ ပန သမယေန ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန နိသိန္နော ဟောတိ ဝိမုတ္တိသုခပဋိသံဝေဒီ။ အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ ပဌမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမံ သာဓုကံ မနသာကာသိ—

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊ ယဒိဒံ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။

အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ—

“ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မ”န္တိ။ ။ပဌမံ။

## ၂-ဒုတိယ ဗောဓိသုတ္တံ

၂။ ဧဝံ မေ သုတံ— ဧကံ သမယံ ဘဂဝါ ဥရုဝေလာယံ ဝိဟရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။ တေန ခေါ ပန သမယေန ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန နိသိန္နော ဟောတိ ဝိမုတ္တိသုခပဋိသံဝေဒီ။ အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ မဇ္ဈိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ ပဋိလောမံ သာဓုကံ မနသာကာသိ—

ဣတိ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ၊ ယဒိဒံ အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။

အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ—

“ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ”တိ။ ဒုတိယံ။

## ၃-တတိယ ဗောဓိသုတ္တ

၃။ ဧဝံ မေ သုတံ—ဧကံ သမယံ ဘဂဝါ ဥရုဝေလာယံ ဝိဟ-ရတိ နဇ္ဇာ နေရဉ္ဇရာယ တီရေ ဗောဓိရုက္ခမူလေ ပဌမာဘိသမ္ဗုဒ္ဓေါ။ တေန ခေါ ပန သမယေန ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန နိသိန္နော ဟောတိ ဝိမုတ္တိသုခပဋိသံဝေဒီ။ အထ ခေါ ဘဂဝါ တဿ သတ္တာဟဿ အစ္စယေန တမှာ သမာဓိမှာ ဝုဋ္ဌဟိတွာ ရတ္တိယာ ပစ္ဆိမံ ယာမံ ပဋိစ္စသမုပ္ပါဒံ အနုလောမ ပဋိလောမံ သာဓုကံ မနသာကာသိ—

ဣတိ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿုပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ၊ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ၊ ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ၊ ယဒိဒံ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရော ဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတီတိ။

အထ ခေါ ဘဂဝါ ဧတမတ္ထံ ဝိဒိတွာ တာယံ ဝေလာယံ ဣမံ ဥဒါနံ ဥဒါနေသိ—

“ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခ”န္တိ။ ။တတိယံ။

# ခုဒ္ဒက နိကာယ်
# ဥဒါန်း ပါဠိတော်

## ၁—ဗောဓိဝဂ်

### ၁—ပဌမ ဗောဓိသုတ် မြန်မာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား ဗောဓိပင်၏ အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိချမ်းသာကို ခံစားလျက် တထိုင်တည်း နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ကို လွန်သဖြင့် ထို (အရဟတ္တဖိုလ်) ဖလသမာပတ်သမာဓိမှ ထတော်မူ၍ ညဉ့်၏ ပဌမယံပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားကို အနုလုံအားဖြင့် ကောင်းစွာ နှလုံးသွင်းတော်မူ၏။—

ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား ဖြစ်လတ်သော် ဤ (သင်္ခါရ စသော) အကျိုးတရားသည် ဖြစ်၏။ ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား ဖြစ်ခြင်းကြောင့် ဤ (သင်္ခါရ စသော) အကျိုးတရားသည် ဖြစ်ပေါ်လာ၏။ ယင်း အကြောင်းအကျိုးတို့ကား မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကုန်၏။ ပြုပြင်စီရင်မှု သင်္ခါရတို့ကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ ပဋိသန္ဓေဝိညာဏ်ကြောင့် 'နာမ်ရုပ်' ဖြစ်၏။ နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး 'သဠာယတန' ဖြစ်၏။ အာယတန ခြောက်ပါးကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။ တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ခံစားမှု 'ဝေဒနာ'

ကြောင့် တပ်နှစ်သက်မှု 'တဏှာ'ဖြစ်၏။ တပ်နှစ်သက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဖြစ်ကြောင်း 'ဘဝ' ဖြစ်၏။ ဖြစ်ကြောင်း 'ဘဝ'ကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏။ ပဋိသန္ဓေနေမှု 'ဇာတိ' ကြောင့် အိုမှု'ဇရာ'၊ သေမှု 'မရဏ'၊ စိုးရိမ်မှု 'သောက'၊ ငိုကြွေးမှု 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲမှု'ဒုက္ခ' စိတ်ဆင်းရဲမှု 'ဒေါမနဿ'၊ ပြင်းစွာ ပင်ပန်းမှု 'ဥပါယာသ'တို့ ဖြစ်ပေါ်လာကုန်၏။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ဖြစ်ပွား၏ဟု (ဤသို့ နှလုံးသွင်းတော်မူ၏)။—

ထိုအခါ မြတ်စွာဘုရားသည် ဤ (ပဋိစ္စသမုပ္ပါဒ်) သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင် အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုမှ အပ ပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရား (သုံးဆယ့်ခုနစ်ပါး) တို့သည် ထင်ရှား ဖြစ်ပေါ်လာကုန်၏။ ထိုအခါ အကြောင်းနှင့်တကွ (ပဋိစ္စသမုပ္ပါဒ်) တရားကို အပြားအားဖြင့် သိသောကြောင့် ထိုမကောင်းမှုမှ အပ ပြုပြီးသော ရဟန္တာအား ယုံမှားခြင်း အားလုံးတို့သည် ကင်းပျောက်ကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ပဌမသုတ်

## ၂—ဒုတိယ ဗောဓိသုတ်

၂။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနား ဗောဓိပင်၏ အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလ သမာပတ် သမာဓိချမ်းသာကို ခံစားလျက် တထိုင်တည်းနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို (အရဟတ္တဖိုလ်) ဖလ သမာပတ် သမာဓိမှ ထတော်မူ၍ ညဉ့်၏ မဇ္ဈိမယံပတ်လုံး ပဋိစ္စသမုပ္ပါဒ် တရားကို ပဋိလုံအားဖြင့် ကောင်းစွာ နှလုံးသွင်းတော်မူ၏။—

ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား မဖြစ်လတ်သော် ဤ (သင်္ခါရ စသော) အကျိုးတရားသည် မဖြစ်။ ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား ချုပ်ခြင်းကြောင့် ဤ (သင်္ခါရ စသော) အကျိုးတရားသည် ချုပ်၏။ ယင်း အကြောင်းအကျိုးတို့ ချုပ်ပုံကား မသိမှု 'အဝိဇ္ဇာ' ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ' ချုပ်၏။ ပြုပြင်စီရင်မှု 'သင်္ခါရ' ချုပ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏ်ချုပ်၏။ ပဋိသန္ဓေ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏။ နာမ် ရုပ် ချုပ်ခြင်းကြောင့် အာယတနခြောက်ပါး 'သဠာယတန' ချုပ်၏။ အာယတန ခြောက်ပါး ချုပ်ခြင်းကြောင့် တွေ့ထိမှု 'ဖဿ' ချုပ်၏။ တွေ့ထိမှု 'ဖဿ' ချုပ်ခြင်းကြောင့် ခံစားမှု 'ဝေဒနာ' ချုပ်၏။ ခံစားမှု 'ဝေဒနာ' ချုပ်ခြင်းကြောင့် တပ်နှစ်သက်မှု 'တဏှာ' ချုပ်၏။ တပ်နှစ်သက်မှု 'တဏှာ' ချုပ်ခြင်းကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ချုပ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ချုပ်ခြင်းကြောင့် ဖြစ်ကြောင်း 'ဘဝ' ချုပ်၏။ ဖြစ်ကြောင်း 'ဘဝ' ချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ချုပ်၏။ ပဋိသန္ဓေ နေမှု 'ဇာတိ' ချုပ်ခြင်းကြောင့် အိုမှု 'ဇရာ'၊ သေမှု 'မရဏ'၊ စိုးရိမ်မှု 'သောက'၊ ငိုကြွေးမှု 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲမှု 'ဒုက္ခ'၊ စိတ်ဆင်းရဲမှု 'ဒေါမနဿ'၊ ပြင်းစွာ ပင်ပန်းမှု 'ဥပါယာသ' တို့ ချုပ်ကုန်၏။ ဤသို့ လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ချုပ်ပျောက်ကုန်၏ဟု (ဤသို့ နှလုံးသွင်းတော်မူ၏။)—

ထိုအခါ မြတ်စွာဘုရားသည် ဤ (ပဋိစ္စသမုပ္ပါဒ်) သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌—

"အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရား (သုံးဆယ့်ခုနစ်ပါး) တို့သည် ထင်ရှား ဖြစ်ပေါ်လာ ကုန်၏။ ထိုအခါ အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကိုသိသောကြောင့် ထိုမကောင်းမှုမှ အပပြုပြီး သော ရဟန္တာအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက် ကုန်၏"ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

ဒုတိယသုတ်

## ၃–တတိယ ဗောဓိသုတ်

၃။ အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်။ အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းနား ဗောဓိပင်၏အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပလ္လင်ခွေကာ ဖလသမာပတ် သမာဓိချမ်းသာကို ခံစားလျက် တထိုင်တည်း နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထို (အရဟတ္တဖိုလ်) ဖလသမာပတ် သမာဓိမှ ထတော်မူ၍ ညဥ့်၏ နောက်ဆုံး ပစ္ဆိမယံ ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံအားဖြင့် ကောင်းစွာ နှလုံးသွင်းတော်မူ၏။

ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား ဖြစ်လတ်သော် ဤ (သင်္ခါရ စသော) အကျိုးတရားသည် ဖြစ်၏။ ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား ဖြစ်ခြင်းကြောင့် ဤ (သင်္ခါရ စသော) အကျိုးတရားသည် ဖြစ်၏။ ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား မဖြစ်လတ်သော် ဤ (သင်္ခါရ စသော) အကျိုးတရားသည် မဖြစ်။ ဤ (အဝိဇ္ဇာ စသော) အကြောင်းတရား ချုပ်ခြင်းကြောင့် ဤ (သင်္ခါရ စသော) အကျိုးတရားသည် ချုပ်၏။ ယင်း ဖြစ်ပုံ ချုပ်ပုံကား မသိမှု 'အဝိဇ္ဇာ' ကြောင့် ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ ဖြစ်ကုန်၏။ ပြုပြင်စီရင်မှု 'သင်္ခါရ' တို့ကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်၏။ ပဋိသန္ဓေ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်၏။ နာမ် ရုပ်ကြောင့် အာယတန ခြောက်ပါး 'သဠာယတန' ဖြစ်၏။ အာယတန ခြောက်ပါးကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်၏။ တွေ့ထိမှု 'ဖဿ' ကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်၏။ ခံစားမှု 'ဝေဒနာ' ကြောင့် တပ်နှစ်သက်မှု 'တဏှာ' ဖြစ်၏။ တပ်နှစ်သက်မှု 'တဏှာ' ကြောင့် စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်၏။ စွဲလမ်းမှု 'ဥပါဒါန်' ကြောင့် ဖြစ်ကြောင်း 'ဘဝ' ဖြစ်၏။ ဖြစ်ကြောင်း 'ဘဝ' ကြောင့် ပဋိသန္ဓေနေမှု 'ဇာတိ' ဖြစ်၏။ ပဋိသန္ဓေနေမှု 'ဇာတိ' ကြောင့် အိုမှု 'ဇရာ'၊ သေမှု 'မရဏ'၊ စိုးရိမ်မှု 'သောက'၊ ငိုကြွေးမှု 'ပရိဒေဝ'၊ ကိုယ်ဆင်းရဲမှု 'ဒုက္ခ'၊ စိတ်ဆင်းရဲမှု 'ဒေါမနဿ'၊ ပြင်းစွာ ပင်ပန်းမှု

‘ဥပါယာသ’ တို့ ဖြစ်ပေါ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲ အစုသည် ဖြစ်ပွား၏။

မသိမှု ‘အဝိဇ္ဇာ’ ၏ သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု ‘သင်္ခါရ’ ချုပ်၏။ ပြုပြင်စီရင်မှု ‘သင်္ခါရ’ ချုပ်ခြင်းကြောင့် ပဋိသန္ဓေ ဝိညာဏ်ချုပ်၏။ ပဋိသန္ဓေ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ် ရုပ် ချုပ်၏။ နာမ် ရုပ် ချုပ်ခြင်း ကြောင့် အာယတနခြောက်ပါး ‘သဠာယတန’ ချုပ်၏။ အာယတန ချုပ်ခြင်းကြောင့် တွေ့ထိမှု ‘ဖဿ’ ချုပ်၏။ တွေ့ထိမှု ‘ဖဿ’ ချုပ်ခြင်း ကြောင့် ခံစားမှု ‘ဝေဒနာ’ ချုပ်၏။ ခံစားမှု ‘ဝေဒနာ’ ချုပ်ခြင်း ကြောင့် တပ်နှစ်သက်မှု ‘တဏှာ’ ချုပ်၏။ တပ်နှစ်သက်မှု ‘တဏှာ’ ချုပ်ခြင်းကြောင့် စွဲလမ်းမှု ‘ဥပါဒါန်’ ချုပ်၏။ စွဲလမ်းမှု ‘ဥပါဒါန်’ ချုပ်ခြင်းကြောင့် ဖြစ်ကြောင်း ‘ဘဝ’ ချုပ်၏။ ဖြစ်ကြောင်း ‘ဘဝ’ ချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု ‘ဇာတိ’ ချုပ်၏။ ပဋိသန္ဓေနေမှု ‘ဇာတိ’ ချုပ်ခြင်းကြောင့် အိုမှု ‘ဇရာ’၊ သေမှု ‘မရဏ’၊ စိုးရိမ်မှု ‘သောက’၊ ငိုကြွေးမှု ‘ပရိဒေဝ’၊ ကိုယ်ဆင်းရဲမှု ‘ဒုက္ခ’၊ စိတ်ဆင်းရဲမှု ‘ဒေါမနဿ’၊ ပြင်းစွာပင်ပန်းမှု ‘ဥပါယာသ’ တို့ ချုပ်ကုန်၏။ ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ချုပ်၏ဟု (ဤသို့ နှလုံးသွင်းတော်မူ၏။)

ထိုအခါ မြတ်စွာဘုရားသည် ဤ (ပဋိစ္စသမုပ္ပါဒ်) သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌—

“အကြင်အခါ၌ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော မကောင်းမှုမှ အပပြုပြီးသော ရဟန္တာအား စင်စစ်အားဖြင့် (ဗောဓိပက္ခိယ) တရား(သုံးဆယ့်ခုနစ်ပါး)တို့သည် ထင်ရှားဖြစ်ပေါ်လာကုန်၏။ ထိုအခါ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက် တည်၏” ဟု ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

**တတိယသုတ်**

# မဇ္ဈိမ ပဋိစ္စသမုပ္ပါဒ်

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ။

ဒီနေ့က ဝါဆိုလပြည့် တော်ဖိတ်နေ့။ သင်မှာကလဲ ပဋိစ္စသမုပ္ပါဒ်။ ဘုရားအဖြစ်သို့ ရောက်တာကလဲ ပဋိစ္စသမုပ္ပါဒ် တရားကို ဆင်ခြင်လို့ ရောက်တာ။ သစ္စာလေးပါး ဟောတာကလဲ ဝါဆိုလပြည့်နေ့။ တော်တော် တိုက်ဆိုင်နေပါတယ်။

### ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဘာလဲ

အမှန်ကတော့ သစ္စာလေးပါးတရားနဲ့ ပဋိစ္စသမုပ္ပါဒ်တရားဟာ အတူတူပါပဲ။ သစ္စာလေးပါးတရား ဆိုတာကလဲ အကြောင်းသစ္စာ အကျိုးသစ္စာ ဆိုပြီး အကြောင်းအကျိုးကို ဟောတဲ့တရားပါပဲ။ ဒီလို အကြောင်းအကျိုးတရားတို့ကို မြတ်စွာဘုရား ဟောတော်မူတဲ့ တရားထဲမှာ သစ္စာလေးပါးဟာ အကျဉ်းဆုံးပါပဲ။

သစ္စာလေးပါးတရားမှာ ဒုက္ခဖြစ်ရခြင်း အကြောင်းက သမုဒယသစ္စာ တဏှာဆိုတော့ အကြောင်းက တပါးထဲ။ အကျိုးကလဲ ဒုက္ခသစ္စာ တခုထဲ။ အကြောင်းတခုကြောင့် အကျိုးတခုဖြစ်တယ်ဆိုပြီး အကြောင်း အကျိုး ၂-ချက်ပဲ ဟောတဲ့အခါ သစ္စာလေးပါးက သိပ်ပြီး ကျဉ်းသွားပါတယ်။ ပဋိစ္စသမုပ္ပါဒ်တရားဟာလဲ အကြောင်းအကျိုး တရားပါပဲ။ အကြောင်းအကျိုးဆိုတဲ့နေရာမှာ သူက အင်္ဂါ ၁၂-ပါးအထိ နည်းနည်း ကျယ်လာပါတယ်။ ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာလေးပါး တူပုံကို နောက်တော့ ရှင်းပြပါမယ်။

အကြောင်းအကျိုး တရားတွေထဲမှာ အကျယ်ဆုံးတရားကတော့ ပဋ္ဌာန်းတရားပါ။ ပဋ္ဌာန်းကလဲ အကြောင်းအကျိုး တရားပါပဲ။ ဒါပေမယ့် ပဋ္ဌာန်းက အဘိဓမ္မာဆိုတော့ ပိုပြီး ကျယ်သွားပါတယ်။

**ကမ္မဿကတာ သမ္မာဒိဋ္ဌိ**

ပဋိစ္စသမုပ္ပါဒ်တရားဟာ သုတ္တန်တရားတော်ထဲမှာ အမြင့်ဆုံးတရားပါ။ တရားဟောတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သင်တန်းပြတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် သတိထားစရာက ဗုဒ္ဓရဲ့ တရားတော်ထဲမှာ အမြင့်ဆုံးတရားနဲ့ အောက် အခြေခံတရား နှစ်မျိုးခွဲပြဖို့ လိုပါတယ်။ ဗုဒ္ဓဘာသာမှာ သာသနာပြုခဲ့တာက အောက် အခြေခံတရားနဲ့ ပြုခဲ့တာပါ။ အောက်အခြေခံတရားနဲ့ သာသနာပြုခဲ့တယ်ဆိုတာက အောက်အခြေခံတရားမှာ ပုဂ္ဂိုလ်ရှိတယ်၊ သတ္တဝါရှိတယ်၊ အတိတ်ဘဝရှိတယ်၊ အနာဂတ်ဘဝ ရှိတယ်၊ နတ်ရှိတယ်၊ ဗြဟ္မာရှိတယ်၊ ဒါနပြုယင် ကောင်းရာသုဂတိသို့ ရောက်မယ်၊ သီလဆောက်တည်ယင် ကောင်းရာသုဂတိသို့ ရောက်မယ်၊ သမထအားထုတ်ယင် ဗြဟ္မာပြည် ရောက်မယ်ဆိုတဲ့ ဒီလို ဘုံတွေ ဘဝတွေနဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ပဌမအဆင့်မှာ အခြေခံရပါတယ်။

ဒီ အယူက သက္ကာယဒိဋ္ဌိက လွတ်သလားဆိုတော့ သက္ကာယဒိဋ္ဌိက မလွတ်ပေမယ့် သံသရာလည်တဲ့အခါမှာ လူချမ်းသာ နတ်ချမ်းသာ ထိပ်တန်း ဗြဟ္မာ့ပြည်အထိ ရောက်နိုင်မယ်ဆိုပြီး ဒီရည်ရွယ်ချက်နဲ့ လှူတယ်၊ သီလဆောက်တည်တယ်၊ တရားအားထုတ်တယ်။ ဒီလိုပြုတဲ့ ကုသိုလ်တွေဟာလဲ ကောင်းတဲ့တရားတွေပါပဲ။

အဲဒီ ကောင်းတဲ့ တရားတွေနဲ့ ၃၁ ဘုံမှာ မနေချင်အောင် ၃၁ ဘုံအတွင်းက လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် ဆိုတဲ့ ကြီးကျယ်တဲ့ စည်းစိမ်တွေကို မလိုချင်အောင် ဟောပြောပြီးမှ သစ္စာလေးပါး တရားနှင့် ပဋိစ္စသမုပ္ပါဒ်တရား ဟောသင့်ပါတယ်။ စကတဲက သစ္စာလေးပါးတရားနဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေ ဟောလို့ သဘော မပေါက်နိုင်ပါ။

ယခု လူ့ဘဝမှာ ဘယ်လောက် ရာထူးကြီးပေးပေး၊ ဘယ်လောက် ရွှေတွေ ငွေတွေ ပုံပြီးပေးပေး၊ လူချမ်းသာလဲ မလိုချင်

ဆိုတဲ့အခါမှ ပဋိစ္စသမုပ္ပါဒ်တရားနဲ့ သစ္စာလေးပါးတရား ဟောနိုင်ပါပြီ။ နတ်ပြည်ရောက်ပြီး သိကြားမင်းစည်းစိမ် ခံစားရမှာလဲ ကြောက်လှပါတယ်၊ အဲဒီလောက် ကြောက်နေသူကိုတော့ ပဋိစ္စသမုပ္ပါဒ်တရားနဲ့ သစ္စာလေးပါးတရား ဟောလို့ဖြစ်ပါပြီ။ ဗြဟ္မာမင်းကြီး ဖြစ်ရတာများက ပိုကြောက်စရာကောင်းသေးတယ်။ နေဝသညာ နာသညာ ဆိုယင် ကမ္ဘာပေါင်း ၈ သောင်း ၄ ထောင် နေရတယ်။ ပိုပြီး ကြောက်စရာကောင်းလှချေရဲ့။ အဲဒီဘုံတွေ ဘဝတွေက လွတ်မြောက်ချင်တဲ့ ပုဂ္ဂိုလ်များကိုတော့ ပဋိစ္စသမုပ္ပါဒ်တရားနဲ့ သစ္စာလေးပါးတရား ဟောထိုက်ပါတယ်။

အောက်အခြေခံ ကမ္မဿကတ သမ္မာဒိဋ္ဌိမှာက အတိတ်ဘဝရှိတယ်။ အနာဂတ်ဘဝရှိတယ်။ လူ နတ် ဗြဟ္မာရှိတယ်။ သတ္တဝါရှိတယ်။ ဒါက ဝိပဿနာကို မတက်ခင် ယုံကြည်ထားရမယ့် ဗုဒ္ဓဘာသာပါ။ သက္ကာယဒိဋ္ဌိက မလွတ်သေးပါ။ သို့သော် မိစ္ဆာဒိဋ္ဌိတော့ မဟုတ်ပါ။ နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ၊ အကြိယာဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌိကြီး သုံးမျိုးက လွတ်ယင် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဆိုတဲ့ ကောင်းကျိုးချမ်းသာကို မိမိတို့လုပ်တဲ့ ဒါန၊ သီလ၊ ဘာဝနာနဲ့ ရနိုင်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အဲဒီ ၃၁ ဘုံမှာ **လည်နေရပုံနဲ့** အဲဒီ ၃၁ ဘုံမှ **လွတ်မြောက်ရေး** တရားပါပဲ။

## ပထမဆင့် သင်တန်း

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို မသင်ခင် ပထမ အင်္ဂါ ၁၂ ပါးကို သိထားရပါမယ်။

**အင်္ဂါ ၁၂ ပါး**

(၁) အဝိဇ္ဇာသင်္ခါရ၊

(၂) ဝိညာဏ်—နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

(၃) တဏှာ၊ ဥပါဒါန်၊ ဘဝ၊

(၄) ဇာတိ၊ ဇရာ၊ မရဏပါပဲ။ ဇရာ၊ မရဏ အကျိုးဆက်ကတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ငါးခုပါ။ ဒါက ပါဠိတော်အတိုင်းပါပဲ။ အစီပွာယ်ကတော့—

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။
သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်။
ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်။
နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်။
သဠာယတနကြောင့် ဖဿဖြစ်တယ်။
ဖဿကြောင့် ဝေဒနာဖြစ်တယ်။
ဝေဒနာကြောင့် တဏှာဖြစ်တယ်။
တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်။
ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်။
ဘဝကြောင့် ဇာတိဖြစ်တယ်။
ဇာတိကြောင့် ဇရာ၊ မရဏဖြစ်တယ်။

ဇရာမရဏကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတို့ ဖြစ်ကြပါတယ်။ ဒီအင်္ဂါ ၁၂ ပါးကို ဗမာလိုသာမက ပါဠိတော်ကိုပါ ရထား ကျက်ထားကြယင် ပိုကောင်းပါတယ်။

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

### အဝိဇ္ဇာဆိုတာ ဘာလဲ

အဝိဇ္ဇာဆိုတာ ဘာလဲဆိုယင် မသိမှု၊ ဘာကိုမသိတာလဲဆိုတော့ သစ္စာလေးပါးကို မသိမှု။ သစ္စာလေးပါးကို မသိမှုဆိုတာကတော့ -

(၁) ဒုက္ခကို မသိမှု။
(၂) - ဒုက္ခသမုဒယ=ဒုက္ခဖြစ်ကြောင်းကို မသိမှု။
(၃) ဒုက္ခနိရောဓ=ဒုက္ခငြိမ်းရာကို မသိမှု။

(၄) ဒုက္ခနိရောဓဂါမိနိပဋိပဒါ (ဒုက္ခနိရောဓ = ဒုက္ခငြိမ်းရာ+ ဂါမိနီ = ရောက်ကြောင်း + ပဋိပဒါ = အကျင့်) ဒုက္ခငြိမ်းရာရောက်ကြောင်းအကျင့်ကို မသိမှု။ ဒါကို မဂ္ဂသစ္စာကို မသိမှုလို့ ခေါ်တယ်။ အများကတော့ သစ္စာလေးပါးကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ လွယ်လွယ်ပဲ ခေါ်နေကြတယ်။

အကျဉ်းချုပ်ကတော့ ဒုက္ခကို မသိကြတာပါပဲ။ ဒုက္ခကို မသိနိုင်စေအောင် ဘယ်သူက ဖုံးလွှမ်းထားသလဲဆိုတော့ အဝိဇ္ဇာက ဖုံးလွှမ်းထားပါတယ်။ အဝိဇ္ဇာဆိုတာက သင်္ဂြိုဟ်ကျတော့ မောဟစေတသိက်လို့ ခေါ်တယ်။ မောဟစေတသိက်ဆိုတာက သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားတဲ့ သဘောတရားပါ။ ဒါကို ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာလို့ ခေါ်တာပါ။

ဗုဒ္ဓဘာသာတို့ရဲ့ အောက်ခြေခံတရားမှာ ဒါနပဲလုပ်လုပ်၊ သီလပဲလုပ်လုပ်၊ သမထပဲလုပ်လုပ်၊ သက္ကာယဒိဋ္ဌိနဲ့ လုပ်ကြတာ များပါတယ်။ ငါကောင်းစားရေးဆိုပြီးတော့ အတ္တအစွဲနဲ့ လုပ်တာပါပဲ။ ဒီဘဝလဲ ချမ်းသာချင်တယ်။ ဘဝအဆက်ဆက်လဲ ချမ်းသာချင်တယ်။ ဒီတရားတွေဟာ မကောင်းတဲ့တရားလားဆိုတော့ ရွှေ့ကို မတက်နိုင်သေးယင် ဒီတရားတွေဟာလဲ ကောင်းတဲ့တရားတွေပါလို့ ဘုရားရှင် ဟောကြားချက်တွေ ရှိပါတယ်။ သို့ပေမယ့် ဒီအဆင့်က လွန်ပြီး မဂ်ဖိုလ် နိဗ္ဗာန်ရချင်တယ်ဆိုယင်တော့ "ဘုရားပြီးယင် ငြိမ်းဖျက်" ဆိုတဲ့ သဘောလို ဒိဋ္ဌိတွေကို ဖြိုပစ်လိုက်ရမှာပါ။

## ဒိဋ္ဌိတွေ ဖြိုခွဲနိုင်သည့် တရားတော်

သဿတဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဆိုပြီး ပဉ္စမယူထားတဲ့ အယူအစွဲတွေ၊ ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ ငါ သူတပါးဆိုတဲ့ အယူအစွဲတွေ၊ ဒီ ဒိဋ္ဌိတွေ ပြုတ်မှ ဝိပဿနာလုပ်လို့ရမှာပါ။ ဝိပဿနာအဆင့်ကို တက်မယ့် ပုဂ္ဂိုလ်များအတွက် ဒိဋ္ဌိတွေပြုတ်အောင် အသင့်တော်ဆုံး တရားကတော့ ပဋိစ္စသမုပ္ပါဒ်တရားပါပဲ။

ပထမဆင့် ဗုဒ္ဓဘာသာဆိုတာက ဒီလို ဒိဋ္ဌိအတုံးအခဲကြီးတွေနဲ့ နောက်ဘဝ ကောင်းစားရေး၊ ဒီဘဝ ကောင်းစားရေး၊ ဘဝအဆက်ဆက် ကောင်းစားရေးဆိုပြီး ဘုရားတည်တယ်။ ကျောင်းဆောက်တယ်။

အလှူတွေ တပွေ့တပိုက်ကြီး လုပ်ထားပြီး ဒီလို ကုသိုလ်တွေနဲ့ ဘဝမှာ မော်မယ်၊ ကြွားမယ်ဆိုပြီးတော့ နေလာတဲ့ ဗုဒ္ဓဘာသာတွေပါ။ အဲဒီလို နေလာတဲ့ ဗုဒ္ဓဘာသာတွေကို နိဗ္ဗာန်မြင်အောင် အရိယာဖြစ်အောင် ဘာအရေးအကြီးဆုံးလဲဆိုတော့ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးပါတယ်။ ပဋိစ္စသမုပ္ပါဒ်တရားကတော့ ရှိသမျှ **ဒိဋ္ဌိတွေအကုန်ဖြိုနိုင်တဲ့** တရားတော်ပါပဲ။

**သံယုတ်ပါဠိတော်**

သံယုတ်ပါဠိတော်မှာ ကစ္စာယနဂေါတ္တသုတ် ဆိုတာရှိတယ်။ ဘယ်သူ့ကို ဟောတာလဲဆိုတော့ မြတ်စွာဘုရား တောထွက်တဲ့အခါမှာ မြင်းမြီးကိုဆွဲပြီး လိုက်ပါလာတဲ့ ဆန္နအမတ်။ တောထွက်ကထဲက ပါလာပြီး မြတ်စွာဘုရား ဘုရားဖြစ်တော်မူတဲ့ အခါကျတော့လဲ သာသနာဝန်ထမ်း ရဟန်းဝင်လုပ်တာပါပဲ။ ဆန္နမထေရ်လို့ ခေါ်ကြပါတယ်။ ဆန္နမထေရ်ဟာ မြတ်စွာဘုရားရဲ့ ဆွေတော်မျိုးတော်များနှင့်အတူ နဂိုကအတ္တဂိုဏ်းသားပါ။ ဘုရားလက်ထက်တော်က ဗုဒ္ဓဝါဒမပေါ်မီ အတ္တဂိုဏ်းသားတွေဟာ အကျင့်အားဖြင့် အကောင်းဆုံးပါပဲ။ သူတို့က အတိတ်ဘဝ၊ အနာဂတ်ဘဝတွေ ရှိတယ်လို့ ယူထားတော့ ဘဝကောင်းစားရေးတွေနဲ့ ဒါနလုပ်တယ်။ သီလဆောက်တည်တယ်။ ဘာဝနာတရား အားထုတ် ကျင့်ကြံတာကလဲ စျာန်အဘိညာဉ်ရအောင် ကျင့်ကြံနေကြတာပါ။

**ပဋိစ္စသမုပ္ပါဒ်နှင့် ဆန္နမထေရ်**

ပဥ္စဝဂ္ဂီငါးဦးဆိုလဲ ဘုရားအလျင် တောထွက်ပြီး အင်မတန်ခဲယဉ်းတဲ့ ဒုက္ကရစရိယာဆိုတဲ့ အကျင့်တွေ ကျင့်နေကြပေမယ့် ဘဝကောင်းစားရေး အတ္တအစွဲက မလွတ်ကြသေးပါ။ အဲဒီအယူအဆက ဆန္နမထေရ်မှာလဲ ပါလာတော့ ရဟန်းဝင်ဝတ်တော့လဲ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဘုရားဟောတဲ့ တရားတွေကို သူ့စိတ်ထဲမှာ ဘဝင်မကျပါ။ ဘုရားရှင်ကလဲ သူ့စိတ်ဆန္ဒ သိနေတော့ ဆန္နကို တရားမဟောပါ။ နောက်ဆုံးအချိန် ဘုရား ပရိနိဗ္ဗာန်စံဝင်ခါနီးမှ ဆန္နကို မြတ်စွာဘုရားက ဗြဟ္မဒဏ် ပေးတော်မူခဲ့တယ်။ ဗြဟ္မဒဏ်ဆိုတာ ဒဏ်ပေးတာပါ။

(ဗြဟ္မ-မြတ်သော+ဒဏ်=ဒဏ်ပါပဲ။) မြတ်စွာဘုရားက သူ ပရိနိဗ္ဗာန် စံပြီးနောက် ဆန္နကို ဘယ်သူမှ မဆုံးမကြနဲ့၊ သူ့ဘာသာသူ နေချင် သလို နေပါစေ၊ ပြောချင်သလို ပြောပါစေ၊ ရဟန်းတော်တွေ ဘယ်သူမှ မဆုံးမကြနဲ့လို့ ဒီလို ဗြဟ္မဒဏ် ပေးခဲ့ပါတယ်။

ရှေးမြန်မာလူကြီးတွေကလဲ သားသမီးတွေကို ပြောလို့ ဆိုလို့ ခက်ယင် ဗြဟ္မဒဏ် ပေးတတ်ကြတယ်။ "ငါ့သားကို ဦးကြီးတို့ ဘကြီးတို့ ဘယ်သူမှ မဆုံးမကြနဲ့၊ သူ့ဘာသာသူ နေချင်သလို နေ ပါစေ"လို့ အဲဒီလို အပြောခံရယင် ရှေးတုန်းက သားသမီးများကတော့ သိပ်ကြောက်သွား[illegible]။ "ငါ့ကို အဖေ အမေကလဲ မဆုံးမတော့ဘူး၊ ဆွေမျိုးတွေကလဲ မဆုံးမတော့ဘူး"ဆိုပြီး သိပ်ကြောက် သိပ်တုန်လှုပ် ချောက်ချားသွားကြပါတယ်။။ ယခုခေတ် သားသမီးတွေကတော့ ဝမ်း များ သာသွားကြမလားပဲ။

**တရားရချင်တဲ့ ဆန္န**

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် ဗြဟ္မဒဏ်ပေးခံရတဲ့ ဆန္နဟာ သံဝေဂ ရလာတယ်။ ဟိုအလျင်တုန်းကတော့ "ငါက ဘုရား တောထွက်ကတည်းက မြင်းမြီးဆွဲပြီး ပါခဲ့တာ၊ တရားရချင်တဲ့ အချိန် ရနိုင်တယ်" ဆိုပြီး သူက ဘုရားနဲ့ သိပ်ပြီး ရင်းနှီးတဲ့ သဘောနဲ့ တရားကို ရချင်တဲ့ဆန္ဒ မရှိလို့ ဆန္နဟာ တရားမရခဲ့တာပါ။

နောက်ဆုံး တရားရချင်တဲ့ အခါကျတော့ ဘုရားရှင်ရဲ့ ညီတော် ရှင်အာနန္ဒာကို ချဉ်းကပ်ပြီး "တပည့်တော် တရားရချင်ပါတယ် ဘုရား၊ အရှင်ဘုရား တပည့်တော်ကို တရားဟောတော်မူပါ" ဆိုပြီး ဆန္နဟာ အင်မတန် ကျိုးကျိုးနွံနွံနဲ့ လျှောက်ထားတဲ့ အခါကျတော့ အရှင် အာနန္ဒာက ဆန္နနဲ့ တော်မည့် တရားကို ပိဋကသုံးပုံမှာ ရှာကြည့်ပါ တယ်။ ရှာကြည့်တော့ မြတ်စွာဘုရားက ရှင်မဟာကစ္စည်းကို ဟောခဲ့တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် တရားကို သွားတွေ့ပါတယ်။ အဲဒီ ပဋ္ဌိစ္စသမုပ္ပါဒ်တရားကို ရှင်အာနန္ဒာက ဆန္နမထေရ်ကို ဟောပြတဲ့အခါ ဆန္နမထေရ်ဟာ ပါရမီ ရှိတဲ့ ပုဂ္ဂိုလ်ဆိုတော့ ချက်ချင်း တရားရသွားပါတယ်။

**အဝိဇ္ဇာနှင့် တိမ်တိုက်ကြီးလေးခု**

သစ္စာလေးပါးကို မသိတဲ့ သဘောတရားက ပါဠိလို အဝိဇ္ဇာ၊ ဗမာလိုက မသိမှုပါပဲ။ အဘိဓမ္မာမှာ စေတသိက်ကတော့ မောဟပါ၊ မောဟက မဂ်နဲ့ ၄ ကြိမ် ပယ်ရပါတယ်။ လူတွေမှာ ပထမတိမ်တိုက် ဒုတိယတိမ်တိုက် တတိယတိမ်တိုက် စတုတ္ထတိမ်တိုက် ဆိုတဲ့ သစ္စာလေးပါး မသိအောင် တိမ်တိုက်ကြီး ၄ ခုက ဖုံးလွှမ်းထားပါတယ်။ ပထမမဂ်က ပထမတိမ်တိုက်ကြီးကို ဖြိုလိုက်တော့ ဒုတိယတိမ်တိုက်ဖြစ်တဲ့ မောဟက ကျန်နေသေးတာပဲ။ ဒုတိယမဂ်က ဒုတိယတိမ်တိုက်ကြီးကို တိုက်ထုတ်လိုက်တော့ တတိယတိမ်တိုက်ဖြစ်တဲ့ မောဟက ကျန်သေးတာပါပဲ။ တတိယမဂ်က တတိယတိမ်တိုက်ကြီးကို တိုက်ထုတ်လိုက်တော့လဲ စတုတ္ထတိမ်တိုက်ဖြစ်တဲ့ မောဟက ကျန်နေသေးတာပါပဲ။ နောက်ဆုံးပိတ် စတုတ္ထတိမ်တိုက်ကြီးကို စတုတ္ထမဂ်က တိုက်လိုက်တဲ့အခါကျတော့မှ မောဟ အကုန်လုံး လွင့်စဉ်သွားပြီး ရဟန္တာမြတ်ဖြစ်ရပါတယ်။ မောဟကို မဂ်နဲ့ ၄ ကြိမ် ပယ်ရပါတယ်။ မောဟဟာ အင်မတန် အင်အားကြီးကျယ်တဲ့ တရားပါ။ ယခု ပထမဆင့် သင်တန်းမှာ သိထားဖို့ကတော့ အဝိဇ္ဇာဆိုတာ သစ္စာလေးပါးကို မသိမှု၊ စေတသိက်အားဖြင့် မောဟဆိုတာပါပဲ။

## ၂—သင်္ခါရပစ္စယာ ဝိညာဏံ

**သင်္ခါရဆိုတာ ဘာကိုခေါ်တာလဲ**

သင်္ခါရဟာ ပိဋကတ်တော်မှာ တော်တော်ပဲအသုံးများပါတယ်။ အများရနေတဲ့ "သဗ္ဗေ သင်္ခါရာ အနိစ္စာ"နဲ့ ဒီသင်္ခါရနဲ့ ပါဠိချင်းတူပေမယ့် အဓိပ္ပာယ် အယူအဆချင်း မတူပါ။ သဗ္ဗေသင်္ခါရက မြင်မြင်သမျှ အားလုံး ရှိရှိသမျှ တေဘူမက သင်္ခါရကို ပြောတာပါ။

ဒီသင်္ခါရက ဗမာလိုဆိုယင် စီမံမှု ဖန်တီးမှု၊ တနည်း စီမံတတ်တဲ့သဘော၊ ဖန်တီးတတ်တဲ့ သဘောတရားကို ဆိုတာပါ။ နှိုးဆော်တယ်လို့လဲ သုံးနိုင်ပါတယ်။ ဒီ စီမံတယ်၊ ဖန်တီးတယ်၊ နှိုးဆော်

တယ် ဆိုတာက အဘိဓမ္မာမှာ စေတနာ စေတသိက်ပါ။ ဗမာနားလည်နေတာက "ဒီလူ အင်မတန် စေတနာ ကောင်းတာပဲ" လို့ ဒီလို သုံးနေတော့ ဗမာဝေါဟာရနဲ့က ထပ်တူထပ်မျှ တူချင်မှ တူမှာပါ။ အမှန်ကတော့ စေတနာဟာ ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲ လုပ်လုပ်၊ နှိုးဆော်ပေးတာပါပဲ။ သင်တန်းတက်ကြ တက်ကြလို့ ကိုယ့် စေတနာက နှိုးဆော်လို့ သင်တန်းကို ရောက်လာကြတာ မဟုတ်လား။

မကောင်းတာ လုပ်လို့ရှိယင်လဲ "ကြောက်မနေပါနဲ့၊ လုပ်သာ လုပ်ပါ၊ ငရဲဆိုတာ ရှိချင်မှ ရှိမှာပါ၊ သူလဲ ကျ ငါလဲ ကျပေါ့" လို့ မကောင်းတာလုပ်ဖို့ စေတနာက နှိုးဆော်ပေးတာပါပဲ။ ဒါကြောင့် ကောင်းတာလုပ်တာတို့၊ မကောင်းတာလုပ်တာတို့ရဲ့ သဘော အခြေခံက စေတနာပါပဲ။

## စေတနာနှင့် စစ်ဗိုလ်

စေတနာ စေတသိက်ကို အဘိဓမ္မာမှာ ဥပမာပေးကြတာက စစ်တပ်မှာ ဗိုလ်မှူးတို့၊ ဗိုလ်ချုပ်တို့ ရှိပါတယ်။ စစ်ဗိုလ်ဟာ သူများတွေ တိုက်ဖို့ ခိုက်ဖို့လဲ စီမံရတယ်။ ကိုယ်တိုင်လဲ တိုက်တယ်။ အဲဒီလိုပဲ ဒီပြင်တရားတွေ ကောင်းတာ၊ မကောင်းတာ လုပ်ဖို့ စေတနာက တိုက်တွန်းပေးတယ်။ သူကိုယ်တိုင်လဲ လုပ်တယ်။ အဲဒါကြောင့် စေတနာကို စစ်တပ်မှာ အုပ်ချုပ်တဲ့ စစ်ဗိုလ်နဲ့ အဘိဓမ္မာမှာ ဥပမာ ပေးကြပါတယ်။

## စေတနာနှင့် လက်သမားဆရာကြီး

တချို့ကျတော့လဲ လက်သမားဆရာကြီးနဲ့ ဥပမာပေးကြပါတယ်။ လက်သမားဆရာကြီးဟာ တပည့် သားမြေးတွေကို အလုပ်တွေ ညွှန်ပြပေးတယ်။ သူကိုယ်တိုင်လဲ လုပ်တယ်။ ဒါကြောင့် ကောင်းတာပဲလုပ်လုပ်၊ မကောင်းတာပဲလုပ်လုပ် တရားခံကတော့ စေတနာပါပဲ။ ဒီပြင်လူကို တိုက်တွန်းပေးတဲ့ စေတနာက တမျိုး၊ ကိုယ့်ဘာသာကိုယ် လုပ်အောင် တိုက်တွန်းတဲ့ စေတနာက တမျိုး ၂ မျိုး ရှိပါတယ်။

အဘိဓမ္မာမှာ စိတ်ပိုင်းသင်တော့ "သသင်္ခါရိက" သူများက တိုက်တွန်းလို့ လုပ်တယ်၊ အသင်္ခါရိကက တိုက်တွန်းခြင်းမရှိပဲ လုပ်တယ် ဆိုတော့ ဒါကလဲ သင်္ခါရပဲ။ အဲဒီမှာလဲ ၂ မျိုးလုံး ယူနိုင်ပါတယ်။

ဘယ်အလုပ်ကိုလုပ်လုပ် စေတနာတိုက်တွန်းမှ လုပ်လို့ရပါတယ်။ စေတနာမပါပဲ ဘာအလုပ်မှ လုပ်လို့ မရလို့ သင်္ခါရကို တိုက်တွန်းမှု စီမံမှု နှိုးဆော်မှုလို့ပဲ ဘာသာပြန်ရပါတယ်။

## ကာမာဝစရ ကုသိုလ် သင်္ခါရ

အဝိဇ္ဇာပစ္စယာ သင်္ခါရာအရ ကုသိုလ်နေရာမှာ လောကီကုသိုလ် စေတနာကိုပဲ ယူရပါတယ်။ ပဋိစ္စသမုပ္ပါဒ်က သံသရာလည်မှာဆိုတော့ လောကုတ္တရာကုသိုလ်က မပါနိုင်ပါ။ လူတွေမှာ ဒါန၊ သီလ၊ ဘာဝနာ လုပ်တဲ့အခါ ဘာကုသိုလ်လဲဆိုယင် လောကီ ကာမာဝစရကုသိုလ် ရှစ်ခုပဲ ရှိပါတယ်။ လူ့ဘုံ နတ်ဘုံကို အကျိုးပေးနိုင်ပါတယ်။ ဒါနပဲ လုပ်လုပ် သီလပဲလုပ်လုပ် ဘုရားပဲတည်တည် ကျောင်းပဲဆောက်ဆောက် နိုင်ငံရေးပဲလုပ်လုပ် ကောင်းတာလုပ်တာမှန်သမျှ အဘိဓမ္မာကျတော့ လူတွေမှာ ဖြစ်နိုင်တဲ့ကုသိုလ်က ဒီကုသိုလ် စေတနာရှစ်ခုပဲ ရှိတယ်။

အဝိဇ္ဇာကြောင့် လောကီကာမကုသိုလ် သင်္ခါရတွေ လုပ်တယ်။ မသိမှု မိုက်မဲမှုကြောင့် လုပ်တယ်ဆိုတော့ တချို့က ဒါန သီလ သမထလုပ်ငန်းတွေဟာ သံသရာဝဋ်က မလွတ်နိုင်ဘူးလို့ တဘက် စွန်းရောက် ပြောဆိုတတ်ကြပါတယ်။

## ဝိပဿနာလုပ်တာလဲ ကာမကုသိုလ်ပါပဲ

ကာမာဝစရကုသိုလ် သင်္ခါရတွေဟာ နိဗ္ဗာန်ထိအောင် ကောင်း ကျိုးပေးနိုင်တဲ့အကြောင်း ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်ပြီး မရှင်းပြတတ် တော့ ပြဿနာက တက်လာတယ်။ ပုထုဇဉ်တွေမှာ ဒါန သီလ ဘာဝ နာ ဘာပဲလုပ်လုပ် ကာမာဝစရကုသိုလ် သင်္ခါရပဲ ဖြစ်တာပါ။ သမထ လုပ်လဲ ဈာန်မရခင် ကာမာဝစရကုသိုလ် သင်္ခါရပဲ ဖြစ်တာပါ။ ဝိပဿနာလုပ်တဲ့သူလဲ မဂ်မရခင် ကာမာဝစရကုသိုလ် သင်္ခါရပဲ ဖြစ်တာ ပါ။ သမထ ဝိပဿနာလုပ်ပေမယ့် ဈာန်ရတဲ့အခါကျမှ ဈာန်ကုသိုလ် သင်္ခါရ ဖြစ်တာပါ။ မဂ်ရတဲ့အခါမှာ မဂ်ကုသိုလ် ဖြစ်တာပါ။

ဝိပဿနာလုပ်နေတဲ့အခါမှာ ကာမာဝစရကုသိုလ် ဖြစ်တယ်ဆိုပေမယ့် အဝိဇ္ဇာကြောင့် ဖြစ်တဲ့ ကုသိုလ်နဲ့ ဝိဇ္ဇာကြောင့် ဖြစ်တဲ့ ကုသိုလ် နောက်တော့ ရှင်းလာပါလိမ့်မယ်။ ဒီနေရာမှာတော့ ကာမာဝစရ လောကီကုသိုလ်ဆိုတာဟာ အဝိဇ္ဇာကြောင့် ဖြစ်တာပဲလို့သာ မှတ်ထား ကြပါ။

## ရူပါဝစရ ကုသိုလ် သင်္ခါရ

ရူပါဝစရကုသိုလ် သင်္ခါရက ၅ ခု ရှိပါတယ်။ သမထအားထုတ်တဲ့အခါမှာ ရူပဈာန်ရတဲ့ ပုဂ္ဂိုလ်တွေမှာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်၊ ပဉ္စမဈာန်ဆိုပြီး ရူပါဝစရကုသိုလ် သင်္ခါရက ၅-မျိုးရှိပါတယ်။ ပထမဈာန်နဲ့ သေသူက ပထမဈာန်ဘုံ ရောက်ပါတယ်၊ ဒုတိယနဲ့ တတိယဈာန်နဲ့ သေသူက ဒုတိယဈာန်ဘုံ ရောက်ပါတယ်။ စတုတ္ထဈာန်နဲ့ သေသူက တတိယဈာန်ဘုံရောက်ပါတယ်။ ပဉ္စမဈာန်နဲ့သေသူက စတုတ္ထဈာန်ဘုံရောက်တယ်လို့ သင်္ဂြိုဟ်မှာ လာပါတယ်။

သင်္ဂြိုဟ် ၉ ပိုင်းကတော့ သင်ထားဖို့ကောင်းပါတယ်။ သင်္ဂြိုဟ် ၉ ပိုင်းတတ်ယင် ပိဋကတ်သုံးပုံ အကုန်တတ်ပါတယ်။ တချို့က သင်္ဂြိုဟ်ဟာ ပိဋကတ်သုံးပုံ အကျဉ်းချုပ်ပဲလို့ ဆိုကြပါတယ်။ ကျေးဇူးရှင် **မစိုးရိမ်ဆရာတော်ဘုရားကြီးဟာ အသက် ၉၀ ကျော်အောင် နေ့စဉ် သင်္ဂြိုဟ်ပဲ** သင်နေတာပါ။ ဘာကြောင့်လဲဆိုတော့ သင်္ဂြိုဟ် ၉ ပိုင်း ရတဲ့သူဟာ ဗုဒ္ဓဘာသာမှာ အကုန်လုံး ကိစ္စပြီးလို့ပါပဲ။

## အရူပါဝစရကုသိုလ် သင်္ခါရ

အရူပါဝစရကုသိုလ် သင်္ခါရက ၄ ခု ရှိပါတယ်။ အရူပဈာန်နဲ့ သေသူက ရုပ်မရှိပဲ နာမ်ချည်းပဲသက်သက် ရှိတဲ့ အရူပ ၄ ဘုံကို ရောက်ပါတယ်။ သမထလုပ်ငန်းကြောင့် ဈာန်ရတဲ့ ရူပနဲ့ အရူပဈာန် ကုသိုလ် သင်္ခါရက ပေါင်း ၉ ခု ရှိပါတယ်။

ကာမာဝစရကုသိုလ် သင်္ခါရ (၈)၊ ရူပါဝစရ ကုသိုလ် သင်္ခါရ (၅)၊ အရူပါဝစရကုသိုလ် သင်္ခါရ (၄)၊ ဒီ(၁၇)ခုက အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရပါ။ သင်္ခါရအရ စေတနာဆိုတော့ ဒီစေတနာက ကောင်းတာကိုလဲ စေ့ဆော်တယ်။ မကောင်းတာကိုလဲ စေ့ဆော်တယ်။

ကောင်းတာကို စေ့ဆော်တော့ လောကီကုသိုလ် သင်္ခါရ(၁၇)၊ မကောင်းတာ စေ့ဆော်တော့ အကုသိုလ်စိတ် (၁၂)ခု ရှိတဲ့အတွက် အကုသိုလ်သင်္ခါရ (၁၂)ခု၊ အဲဒီ သင်္ခါရတွေက အဝိဇ္ဇာကြောင့် ဖြစ်တဲ့ သင်္ခါရတွေပါ။

လောကီနယ် ၃၁ ဘုံမှာ မြတ်စွာဘုရား မပွင့်မီ ကောင်းတဲ့ အလုပ်တွေ လုပ်ကြပေမယ့် အဝိဇ္ဇာကြောင့် လုပ်တဲ့ ကုသိုလ်သင်္ခါရ (၁၇)ခုပဲ ရှိပါတယ်။ မကောင်းတဲ့အလုပ်တွေ လုပ်ကြတာကလဲ အဝိဇ္ဇာကြောင့် လုပ်တဲ့ အကုသိုလ်သင်္ခါရ (၁၂)ခုပဲ ရှိပါတယ်။ ဒါက သင်္ဂြိုဟ်နဲ့ ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတွေကို ရှင်းပြတာပါ။

**အဋ္ဌကထာတွေမှာပြတဲ့ သင်္ခါရ**

အဋ္ဌကထာတွေကျတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာမှာ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရလို့ ဆိုပါတယ်။ ပုညာဘိသင်္ခါရဆိုတာက ပုည+အဘိသင်္ခါရ။ ဒီမှာ သဗ္ဗေ သင်္ခါရာ အနိစ္စာနဲ့ ကွဲသွားပါတယ်။ နောက်ဘဝကို ကောင်းကျိုးဆိုးကျိုး စီမံဖန်တီးနိုင်တဲ့ သင်္ခါရ၊ စေတနာမျိုးဖြစ်လို့ သူ့ကို "အဘိ" တပ်ပြီး "အဘိသင်္ခါရ" လို့ ခေါ်တာပါ။ ကာမာဝစရကုသိုလ် (၈)၊ ရူပကုသိုလ် (၅)၊ ပေါင်း (၁၃) ခုကို ပုညာဘိသင်္ခါရ=ကာမဘုံနဲ့ ရူပဘုံကို ရောက်ကြောင်းဖြစ်တဲ့ သင်္ခါရများဖြစ်ပါတယ်။ အပုည+အဘိ+သင်္ခါရ။ ပုညပုဒ်ကို 'အ' ထည့်လိုက်တော့ အပုည=အကုသိုလ်ပါပဲ။ မကောင်းတဲ့ ဒုဂ္ဂတိဘဝကို ရောက်ကြောင်းဖြစ်တဲ့ အကုသိုလ်စိတ် (၁၂)မှာ ရှိတဲ့ စေတနာကို အပုညာဘိသင်္ခါရလို့ ခေါ်ပါတယ်။ ကျန်နေတဲ့ အရူပကုသိုလ် (၄) ခုကိုတော့ အာနေဉ္ဇာဘိ သင်္ခါရလို့ ခေါ်တယ်။

အရူပကုသိုလ်တွေက ရူပကုသိုလ်နဲ့ မတူလို့ ခွဲထားတာပါ။ ရူပဈာန် အရူပဈာန်လို့ ဈာန်ချင်းတူပေမယ့် အရူပဈာန်ဝင်စားတယ်ဆိုယင် နည်းနည်းမှ မတုန်လှုပ်ပါ။ အဉ္ဇ=တုန်လှုပ်၊ နအဉ္ဇ=မတုန်လှုပ်ဆိုတဲ့ ပါဠိက ဖြစ်လာတာပါ။ အာနေဉ္ဇ=လွန်စွာတည်တံ့တဲ့ ဈာန်ဖြစ်လို့ အရူပကုသိုလ်(၄)ကို အာနေဉ္ဇာဘိသင်္ခါရလို့ ခေါ်တာပါပဲ။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာမှာ သင်္ခါရ အရက လောကီကုသိုလ် စေတနာနဲ့ အကုသိုလ်စေတနာ (ကာမ-ရူပ-အရူပ) ပေါင်း (၁၇)

ဟာ အဝိဇ္ဇာကြောင့် ဖြစ်တာပါ။ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောရယင် ဗုဒ္ဓဝါဒမဟုတ်တဲ့ လောကီချောန် အသိညာဉ်တွေ ရတာဟာ အဝိဇ္ဇာကြောင့် ရတာပါ။ အဝိဇ္ဇာ၊ မသိလို့ မိုက်လို့ ရတာပါလို့ပြောယင် ခံနိုင်မည် မဟုတ်ပါ။ ပဋိစ္စသမုပ္ပါဒ်က အမြင့်ဆုံးတရားဆိုတော့ အောက်က ကောင်းတဲ့ တရားတွေပေမယ့် ဖယ်ပြီးမှ အမြင့်ဆုံးတရားကို တက်လို့ ရမှာပါ။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်တရားကို နက်နဲတယ်လို့ ဆိုကြတာ ပါပဲ။

## သင်္ခါရသုံးမျိုး တနည်းလာပုံ

ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရ ဆိုတဲ့ ဒီသင်္ခါရသုံးမျိုးကို ဘာနှင့်လုပ်သလဲ။

ကုသိုလ် အကုသိုလ် ဘယ်အလုပ်ပဲလုပ်လုပ် အလုပ်ကို ကြည့်မယ် ဆိုယင် ကာယဒွါရ ဝစီဒွါရ မနောဒွါရဆိုတဲ့ ဒွါရအားဖြင့် လုပ်ကြ တာပါ။ လူတွေဟာ အကုသိုလ်လုပ်မယ်ဆိုယင် ကိုယ်ဖြင့် လုပ်မယ်၊ နှုတ်ဖြင့် လုပ်မယ်၊ စိတ်ဖြင့် လုပ်မယ်၊ ကုသိုလ်လုပ်ယင်လဲ ဒီသုံးခုပါပဲ။ ဒါကြောင့် အဝိဇ္ဇာပစ္စယာသင်္ခါရာမှာ ကာယသင်္ခါရ ကိုယ်ဖြင့်ပြုလုပ်တဲ့ စေတနာ၊ ကံလို့လဲ ခေါ်ပါတယ်။ သင်္ခါရလို့လဲ ခေါ်ပါတယ်။

ဝစီသင်္ခါရ—နှုတ်ကို ပြောစေအောင် စေ့ဆော်တဲ့ စေတနာ။ ယခု စကားခွန်းတိုင်း ခွန်းတိုင်း ပြောနေတာ၊ ပြောအောင် နှိုးဆော် ပေးနေတဲ့ စေတနာဟာ ဝစီကံ ဝစီသင်္ခါရပါပဲ။

မနောဒွါရဆိုတော့ စိတ်ထဲက တွေးခေါ်ပြီး ဘာတွေ ကြံလိုက်၊ ဘာတွေ တွေးလိုက်၊ ဘာတွေ စိတ်ကူးလိုက်ဆိုတော့ စေတနာက နှိုးဆော် ပေးတာပါ။ သင်္ခါရလို့ခေါ်တဲ့ မနောကံပါပဲ။

ကာယသင်္ခါရ ဆိုတာက ကိုယ်ကို လုပ်အောင် တိုက်တွန်းပေးတဲ့ စေတနာ၊ ဝစီသင်္ခါရက နှုတ်ကို ပြောဆိုအောင် တိုက်တွန်းပေးတဲ့ စေတနာ၊ မနောသင်္ခါရ ဆိုတာက စိတ်ကို တွေးခေါ်အောင် တိုက်တွန်း ပေးတဲ့စေတနာပါပဲ။ အဘိဓမ္မာ တရားကိုယ်ကတော့ တခုထဲပါ။ စေတနာက ဒွါရသုံးခုကို တိုက်တွန်းပေးလို့ ကာယကံမှု ဝစီကံမှု

မနော်ကံမှုတွေ လုပ်ကြတယ်။ ဒီသင်္ခါရတွေ လုပ်ဖြစ်တာကလဲ မသိမှု အဝိဇ္ဇာကြောင့် လုပ်နေကြတာပါပဲ။ အဲဒီအလုပ်တွေမှာ ကောင်းတဲ့ အလုပ်က ကုသိုလ်စေတနာ (၁၇)ခု၊ မကောင်းတဲ့အလုပ်က အကုသိုလ် စေတနာ (၁၂)ခု၊ ဒီလောကီကုသိုလ် အကုသိုလ်တွေ လုပ်နေကြတာ ဟာ သစ္စာလေးပါး မသိသေးသမျှ ကာလပတ်လုံး လုပ်နေကြမှာပါ။

## မျက်စိကန်းသူ လမ်းသွားသလို

မျက်စိကန်းတဲ့သူ လမ်းသွားတဲ့အခါ တခါတလေကျတော့လဲ လမ်းကို တန်းတန်းမတ်မတ်သွားသလို တခါတလေ ကျတော့လဲ ချိုး တော ငင်တိုးမိသလို သစ္စာလေးပါး မသိသေးသမျှ အဝိဇ္ဇာလွှမ်းမိုး နေတဲ့ သတ္တဝါတွေမှာ တခါတလေလဲ ဒါန သီလ ဘာဝနာ ကောင်း တာတွေ လုပ်ချင် လုပ်မယ်၊ တခါတလေလဲ မကောင်းတာတွေ လုပ်ချင် လုပ်မယ်၊ သစ္စာလေးပါး မသိသေးသမျှ ကာလပတ်လုံး သင်္ခါရတွေ လုပ်နေမှာပါပဲ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံကတော့ ပထမဆင့်မှာ ဒီလောက်ဆိုယင် တော်ပါပြီ။

## ပိဋကတ်သုံးပုံရဲ့ ဥပဒေ အကျဉ်းချုပ်

ပဋိစ္စသမုပ္ပါဒ်မှာ ပထမအဆင့် အခြေခံက အဝိဇ္ဇာဆိုတာ ဘာလဲ၊ သင်္ခါရဆိုတာ ဘာလဲ၊ သရုပ်ကိုတော့ အားလုံး သိထားရမှာပါ။ ရှေးခေတ်က ယောကျ်ားလေးတွေ မိန်းမလေးတွေ သင်္ဂြိုဟ် ၉ ပိုင်းကို ကျောင်းမှာ သင်ကြရတော့ လူတိုင်းလိုလို သင်္ဂြိုဟ် တတ်ကြပါ တယ်။ ဒါကြောင့်လဲ ရှေးက ဗုဒ္ဓဘာသာတွေဟာ ဘယ်ဆရာ ဘယ် ဘုန်းကြီးပဲ ဟောဟော ဟောတဲ့တရား မှားတယ် မှန်တယ်ကို သိကြ ပါတယ်။ သင်္ဂြိုဟ် ၉ ပိုင်းဆိုတာကလဲ ဘုရားဟောထားတဲ့ ပိဋကတ် သုံးပုံရဲ့ ဥပဒေ အကျဉ်းချုပ်ပါပဲ။ သင်္ဂြိုဟ် ၉ ပိုင်းသာ နားလည်သွား ယင် ပဋိစ္စသမုပ္ပါဒ်သင်လဲ လွယ်၊ ပဋ္ဌာန်းသင်လဲ လွယ်၊ ပိဋကတ်သုံးပုံ သင်လို့ လွယ်၊ အားလုံး လွယ်သွားပါတယ်။

# ၂။ သင်္ခါရ ပစ္စယာ ဝိညာဏံ

## ဝိညာဏ်ဆိုတာ ဘာလဲ

သင်္ခါရ ကံ စေတနာကြောင့် 'ဝိညာဏံ' ဝိညာဏ်ဖြစ်တယ် ဆိုတော့ ဒီနေ့ ဝိညာဏ်ရဲ့ အရကောက် တရားကိုယ်ကို ပြောမှာပါ။ ပါဠိမှာ ဝိညာဏံ စိတ္တံ မနော အားလုံးရဲ့အဓိပ္ပာယ်က 'စိတ်'တခုထဲ ပါပဲ။ ရှေးက ဗမာတွေ ဘယ်လောက်ထိ အဘိဓမ္မာတတ်သလဲဆိုတော့ ဗမာစကား သုံးပုံတပုံမှာ သင်္ဂြိုဟ်ထဲက အဘိဓမ္မာ စကားလုံးတွေ ပါ နေပါတယ်။ သို့ပေမယ့် ဗမာစကားနဲ့ကျတော့ ဝိညာဏ်က တမျိုး၊ မနောက တမျိုး၊ စိတ်က တမျိုး ကွဲသွားပါတယ်။

ဝိညာဏ်ကို ဗမာစကားမှာ 'လောက်လန်းသဖွယ် ဝိညာဏ် တွယ်တဲ့'၊ မနောကျတော့ 'ဒီလူ မနောဆိုးတယ်'လို့ သုံးကြတယ်။ စိတ်ကတော့ ဗမာစကား ဖြစ်နေပါပြီ။ စိတ်ဆိုးတယ်၊ စိတ်မဆိုးဘူး၊ စိတ်ကောင်းတယ်၊ စိတ်မကောင်းဘူး၊ ဒီလို သုံးကြပါတယ်။ ပါဠိ မှာတော့ ဝိညာဏံ–စိတ္တံ–မနော၊ မနာယတနံ၊ ဒါတွေအားလုံး'စိတ်' ပါပဲ။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတော့ ဒီဝိညာဏ်ဟာ ဘယ် ဝိညာဏ်လဲ။ အရပ်ထဲမှာ သုံးနေတဲ့ ဝိညာဏ်က အသက်ကို ခေါ်တဲ့ ဝိညာဏ်ပါ။ သင်္ဂြိုဟ်မှာ စိတ်က ၈၉ ခုရှိတော့ စိတ်အားလုံးကို ခန္ဓာငါးပါးဖွဲ့တဲ့အခါမှာ ဝိညာဏက္ခန္ဓာဖွဲ့သလို ပဋိစ္စသမုပ္ပါဒ်မှာ စိတ် အကုန်လုံးဟာ ဝိညာဏ်လား၊ ဘယ်စိတ်ကို ဝိညာဏ်ယူမလဲ။

## ဝိညာဏ် ၂ မျိုး

မသိမှု အဝိဇ္ဇာနဲ့ ကုသိုလ် အကုသိုလ် လုပ်တဲ့အခါ ဝိညာဏ် ဖြစ်တယ်ဆိုတော့ ရိုးရိုး လွယ်လွယ်ပြောရယင် ဝိပါက် ဝိညာဏ်ပါပဲ။ ကုသိုလ် အကုသိုလ် စေတနာကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုယင် ဝိပါက် ဝိညာဏ်ကိုပဲ ယူရပါမယ်။ အကြောင်း ဝိညာဏ်ကို မယူပဲ အကျိုး ဖြစ်တဲ့ ဝိညာဏ်ကိုပဲ ယူရမှာပါ။ ဝိပါက် ဝိညာဏ်ကလဲ ပဋိသန္ဓေ အခါမှာဖြစ်တဲ့ ဝိညာဏ်နဲ့ ပဝတ္တိအခါမှာဖြစ်တဲ့ ဝိညာဏ် ၂ မျိုး ရှိပါတယ်။

## ပဋိသန္ဓေ ဝိညာဏ်

သင်္ခါရ ပစ္စယာ ဝိညာဏံမှာ ဝိညာဏ်ဆိုတာ သတ္တဝါတွေရဲ့ ဘဝမှာ အစဆုံးဖြစ်တဲ့ ပဋိသန္ဓေဝိညာဏ်ကို ယူရပါမယ်။ သင်္ခါရကြောင့် ဖြစ်တဲ့ ဝိညာဏ်က အစဆုံးဖြစ်တော့ ပဝတ္တိအခါ မဟုတ်သေးလို့ ပဝတ္တိဝိညာဏ်ကို မယူရသေးပါ။

## ပဝတ္တိ ဝိညာဏ်

ပဝတ္တိ ဝိညာဏ်ဆိုတာက စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယ ဝိညာဏ်၊ မနော ဝိညာဏ်ဆိုတဲ့ မြင်စိတ် ကြားစိတ် နံ့စိတ် ရသာသိစိတ် ထိသိစိတ် တွေးတောစိတ် ဆိုတဲ့ အကျိုးစိတ်တွေပါ။ ဘဝက ကုသိုလ်လုပ်ခဲ့လို့ ကောင်းတာ မြင်၊ ကောင်းတာ ကြား၊ ကောင်းတာ နံ့၊ ကောင်းတာ စား၊ ကောင်း ကောင်းနေရ၊ ကောင်းကောင်း တွေးရတာက အတိတ်က အကြောင်း ကြောင့် ပဝတ္တိအခါမှာ ဖြစ်တဲ့အကျိုးတွေပါ။ မကောင်းတာ မြင်ရ၊ မကောင်းတာ ကြားရ၊ မကောင်းတာ နံ့ရ၊ မကောင်းတာ စားရ၊ မကောင်းတာ တွေ့ရ၊ မကောင်းတာ တွေးနေရတယ် ဆိုတာတွေကလဲ ဝိပါက် ဝိညာဏ်တွေပါပဲ။ စိတ်ပိုင်းမှာ အဟိတ် စိတ်ထဲက ကုသလ ဝိပါက် ဝိညာဏ်နဲ့ အကုသလဝိပါက် ဝိညာဏ်တွေဟာ ပဝတ္တိအခါမှာ ဖြစ်တဲ့ ဝိညာဏ်တွေ များပါတယ်။

## ဘုံသုံးဆယ်နှင့် ပဋိသန္ဓေ ဝိညာဏ်

ပဋိသန္ဓေကလဲ နာမ်သက်သက် ပဋိသန္ဓေ၊ ရုပ်သက်သက်ပဋိသန္ဓေ၊ နာမ်ရုပ် နှစ်ပါး ရောသော ပဋိသန္ဓေလို့ သုံးမျိုးရှိပါတယ်။ နာမ်သက် သက်သာရှိသော အရူပဘုံ၊ ရုပ်သက်သက်သာရှိသော အသညသတ်ဘုံ၊ ခန္ဓာငါးပါးရှိသော ပဉ္စဝေါကာရဘုံ ဆိုတဲ့ ၃၁ ဘုံမှာ ပဋိသန္ဓေက ၂၀ ရှိပါတယ်။

ပဋိစ္စသမုပ္ပါဒ်က အားလုံး လူတွေနားလည်အောင် သင်တာက တမျိုး၊ သင်္ဂြိုဟ်တတ်အောင် အဘိဓမ္မာတတ်အောင် သင်တဲ့ ပဋိစ္စ သမုပ္ပါဒ်က တမျိုးပါ။ ဝိညာဏ်ကို ယူစဲ့ အခါမှာ ရုပ်ပဋိသန္ဓေ (အသညသတ်) ပပါပဲ နာမ်ပဋိသန္ဓေ ၁၉ ကိုပဲ ယူရပါတယ်။

## အပါယ် ပဋိသန္ဓေ

သရုပ်ခွဲရမယ်ဆိုယင် နာမ် ပဋိသန္ဓေမှာ အပါယ် ပဋိသန္ဓေက အဟိတ်စိတ်မှာရှိတဲ့ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တခုထဲပါ။ အပါယ်ဘုံသားတွေ ဘယ်လောက်ပဲ များနေနေ၊ ပဋိသန္ဓေစိတ်ကတော့ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တခုထဲနဲ့ ပဋိသန္ဓေ နေကြတာပါ။ ဒီစိတ် တခုထဲကပဲ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတွေ တပ်ပြီး အပါယ် ၄-ဘုံသားတွေမှာ ဖြစ်ကြပါတယ်။

## လူစဥ်မမီတဲ့ ပဋိသန္ဓေ

လူ့ဘုံမှာ ကုသလဝိပါက် ဥပေက္ခာသန္တီရဏ အဟိတ် ပဋိသန္ဓေနဲ့ လူဖြစ်လာကြသူတွေကတော့ လူစဥ်မမီတဲ့ သူများပါ။ သူတို့က ရှိပေမယ့်လဲ ရှားပါတယ်။ ဘယ်လိုမှ ဆေးကုမရနိုင်တဲ့ မွေးရာပါ ကန်းနေတဲ့သူများ၊ အအကလေးများနဲ့ အင်္ဂါမစုံပဲ မွေးလာတဲ့ သူတွေပါ။

## အကုသိုလ်ကံကြောင့် လူဖြစ်နိုင်သလား

လူရယ်လို့ ဖြစ်လာရတာကတော့ ဘယ်လောက်ညံ့တဲ့သူဖြစ်ဖြစ် အကုသိုလ်ကံကြောင့် လူဖြစ်တယ်လို့တော့ မရှိပါ။ တချို့ ရှေးကပျို့ကဗျာများမှာ မိန်းမဖြစ်ရတာ အကုသိုလ်ကံကြောင့် ဖြစ်ရတာ၊ တချို့ကလဲ စာပေ သိပ်မသိပဲ သူတို့ကိုယ်သူတို့ မိန်းမဖြစ်ရတာ ညံ့ပါတယ်၊ အကုသိုလ်ကံကြောင့် ဖြစ်ရတာလို့ ဆိုကြတယ်။ ဒါတွေက အဘိဓမ္မာမသင်ပဲ ပြောတာပါ။ မိန်းမပဲ ဖြစ်ဖြစ်၊ ယောကျ်ားပဲ ဖြစ်ဖြစ် လူဖြစ်ယင် အကုသိုလ်ကံကြောင့် ဖြစ်တယ်လို့ မရှိပါ။ အညံ့ဆုံး လူစဥ်မမီတဲ့သူဟာ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေတာပါ။ သူလဲ ကုသိုလ်ကံကြောင့် ဖြစ်တာပါပဲ။ သို့ပေမယ့် ဒီကုသိုလ်က ဘယ်လိုကုသိုလ်မျိုးလဲ။

အဘိဓမ္မာမတတ်ပဲ ကုသိုလ်ပြုကြတော့ နောက်ပိုင်း ဒီဘက်ခေတ် ဗမာပြည်မှာ တချို့မွေးလာတာ ခြေမပါ၊ လက်မပါ၊ မျက်စိမကောင်း၊ အ နေတဲ့သူများ သိပ်များလာပါတယ်။ ရှေးခေတ်ကတော့ ကျောင်း

နေတယ်ဆိုယင်ပဲ သင်္ဂြိုဟ် ၉ ပိုင်းကို လူတိုင်းရကြတယ်။ မိန်းမတွေလဲရ၊ ယောကျ်ားတွေလဲ ရ၊ လူတိုင်းလဲ နားလည်ကြတယ်။ ကုသိုလ်ကောင်းမှု လူတိုင်းပြုတတ်ကြတယ်။ ဒီတော့ သူတို့ပြုကြတဲ့ ကုသိုလ်တွေက တိဟိတ် ဥက္ကဋ္ဌကုသိုလ်တွေ၊ တိဟိတ် ဩမကကုသိုလ်တွေ များကြတယ်။ တိဟိတ် ဩမကကုသိုလ်ကလဲ အဟိတ် ပဋိသန္ဓေအကျိုး မပေးပါ။

## လူစဉ်မမီတဲ့ ကုသိုလ်တွေ

ယခုခေတ် လူတွေ ကုသိုလ်ပြုလုပ်တဲ့အခါ ဉာဏ်မပါတဲ့ ကုသိုလ်ဆိုတာက သူများလုပ်လို့ လုပ်တယ်၊ သူများ ဘုရားတည်ယင် တည်တယ်၊ ကျောင်းဆောက်တော့လဲ ဆောက်တယ်၊ ဘာမှန်း ညာမှန်း မသိပဲနဲ့ ကျောင်းဆောက်၊ ဘုရားတည်တဲ့ ကုသိုလ်တွေ လုပ်တယ်ဆိုတော့ ဉာဏဝိပ္ပယုတ် ကုသိုလ်တွေပါ။ တခါ ဒီကုသိုလ်ကို အကုသိုလ်တွေ ရှေ့နောက် ခြံရံလိုက်တော့ ဒွိဟိတ် ဩမကကုသိုလ် ဖြစ်သွားပါတယ်။ ဒီ ဒွိဟိတ် ဩမကကုသိုလ်မျိုးနဲ့ လူ့ဘဝ အကျိုးပေးတော့ လူစဉ်မမီတဲ့လူ၊ အင်မတန် ဆင်းရဲနွမ်းပါး အင်္ဂါမစုံပဲ မွေးလာကြတယ်။ အဲဒီလူတွေဟာ လူ့ဘုံမှာ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ စိတ်နဲ့ ပဋိသန္ဓေနေကြတာပါပဲ။

## တိဟိတ် ပဋိသန္ဓေနဲ့ ဒွိဟိတ် ပဋိသန္ဓေ ထူးခြားချက်

မဟာဝိပါက်စိတ် ၈ ခု ဆိုတာကတော့ ကုသလ ဝိပါက်ထဲက ဉာဏသမ္ပယုတ် ဝိပါက်စိတ် ၄ ခုနဲ့ ဉာဏဝိပ္ပယုတ် ဝိပါက်စိတ် ၄ ခုပါ။ ဘုန်းကံရှိတဲ့လူတွေက တိဟိတ် ပဋိသန္ဓေ ဒွိဟိတ် ပဋိသန္ဓေနဲ့ နေကြပါတယ်။

ဉာဏဝိပ္ပယုတ်စိတ် ၄ ခုထဲက တခုခုနဲ့ ပဋိသန္ဓေနေတဲ့သူကတော့ ပဋိသန္ဓေပညာ မပါပါ။ ဒီ ပဋိသန္ဓေပညာမပါတဲ့ သူတွေဟာ စာသင်တော့ မတတ်ဘူးလားမေးယင် တတ်ပါတယ်။ ပါရဂူဘွဲ့ထိ သင်ယင် ရပါတယ်။

ဉာဏသမ္ပယုတ်စိတ် ၄ ခုထဲက တခုခုနဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်များကျတော့ စာတလုံးမှ မတတ်ပေမယ့် သူက ဉာဏ်ရှိတယ်။ သူက

တိဟိတ်ပုဂ္ဂိုလ်ဆိုတော့ သူ့ဉာဏ်က စာပေသင်ပေမယ့် တိုင်းပြည် အုပ်ချုပ်နိုင်တယ်။ ကြီးကြီးကျယ်ကျယ် အလုပ်အကိုင်တွေကို သူ့နေရာနဲ့သူ လုပ်လို့ရတယ်။ ဘာဖြစ်လို့လဲ။ တိဟိတ်ပဋိသန္ဓေဆိုတာက မွေးလာကတည်းက ဉာဏ်ပါလာတယ်။

ဒွိဟိတ်ပုဂ္ဂိုလ်က ပါရဂူဘွဲ့ကြီး ရချင် ရမယ်။ တိပိဋကရေဘွဲ့ကြီးထိ ရချင်လဲ ရမယ်။ ဒါပေမယ့် သူက ပဋိသန္ဓေနေတုန်းက ပညာမပါတဲ့အတွက် စာအုပ်ကြီးအတိုင်းပဲ လုပ်တတ်တယ်။ တိဟိတ်ပုဂ္ဂိုလ်က စာအုပ်ကြီးတွေ ဖတ်ချင် ဖတ်မယ်။ သို့ပေမယ့် စာအုပ်ကြီးအတိုင်း မလုပ်ပဲ သူ့အခြေအနေနဲ့ သူ့ဒေသနဲ့ သူ့ကာလနဲ့ သူကြည့်ပြီး သူ့ဘာသာ သူ့ဉာဏ်နဲ့ ဆုံးဖြတ်မှာပါ။ ဆုံးဖြတ်တော့လဲ သူက မှန်တာများပါတယ်။

မိမိတို့ပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုလိုက်ပြီး လူတွေမှာ တိဟိတ်ပဋိသန္ဓေနဲ့ ဒွိဟိတ်ပဋိသန္ဓေ အဟိတ် ပဋိသန္ဓေ သုံးမျိုးကွဲသွားပါတယ်။

## ကာမ ပဋိသန္ဓေစိတ် ၁၀-ခု

လူ့ပြည်နဲ့ နတ်ပြည် ၆ ထပ်ကို ကာမသုဂတိ ခုနစ်ဘုံလို့ ခေါ်ပါတယ်။ နတ်ပြည် ၆ ထပ်က အထက် နတ်တွေကတော့ ဉာဏသမ္ပယုတ်နဲ့ ပဋိသန္ဓေနေကြတာ များပါတယ်။ နတ်က လူထက် ဉာဏ်ထက်မြက်မယ်ဆိုတာကတော့ သေချာပါတယ်။ မဟာဝိပါက် ၈ ခု၊ ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ ခု၊ ဒီ ကုသလဝိပါက်စိတ် ၉ ခုက လူ့ပြည်နဲ့ နတ်ပြည် ၆ ထပ်ဖြစ်တဲ့ ကာမသုဂတိဘုံ ခုနစ်ဘုံမှာ ပဋိသန္ဓေနေတဲ့ စိတ်များ ဖြစ်ပါတယ်။ ကာမသုဂတိ ခုနစ်ဘုံနဲ့ အပါယ် လေးဘုံကို ကာမ ၁၁ ဘုံလို့ ခေါ်ပါတယ်။ ကာမ ၁၁ ဘုံမှာ "သင်္ခါရပစ္စယာ ဝိညာဏံ"ဆိုတဲ့ ပဋိသန္ဓေဝိညာဏ် ပဋိသန္ဓေနေတဲ့စိတ်က ၁၀ ခုပဲ ရှိပါတယ်။ အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁၊ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁ ခုနဲ့ မဟာဝိပါက်စိတ် ၈ ခုတို့ပါပဲ။

အဲဒီစိတ် ၁၀ ခုဟာ ကာမ ၁၁ ဘုံမှာ "သင်္ခါရပစ္စယာဝိညာဏံ" ဆိုတဲ့ ပဋိသန္ဓေဝိညာဏ်ပါပဲ။ ဒီ ပဋိသန္ဓေဝိညာဏ်အတွက် သတ္တဝါ

တွေမှာ ဒီဌ်တွေ ဖြစ်နေကြရပါတယ်။ ပဋိသန္ဓေဝိညာဏ် ပဋိသန္ဓေ အခန်းက အခက်ကြီးလေးပါးမှာ တပါးအပါအဝင် ဖြစ်ပါတယ်။

**အခက်ကြီးလေးပါး**

"သစ္စံ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရ မေဝ စ။
ဒုဒ္ဒသာ စတုရောဓမ္မာ၊ ဒေသေတုံစ သုဒုက္ကရာ"

လို့ ဝိဘင်းအဋ္ဌကထာ ပဋိစ္စသမုပ္ပါဒ် အစမှာ—

(၁) သစ္စာလေးပါးတရား၊
(၂) သတ္တဝါတို့ရဲ့ ဖြစ်ပုံ၊
(၃) ပဋိသန္ဓေခန်း၊
(၄) ပဋိစ္စသမုပ္ပါဒ်—

ဆိုတဲ့ အခက်ကြီး လေးပါးဟာ ဟောပြောရတာလဲ မလွယ်၊ သိဖို့ ကျ တော့လဲ ခက်ပါတယ်တဲ့။ သို့ပေမယ့်လဲ တကယ်သင်တဲ့အခါမှာ ဒီ အခက်ကြီး လေးပါးဟာ တခုထဲပါပဲ။

ပဋိစ္စသမုပ္ပါဒ်ကို သဘောကျသွားယင် သစ္စာလေးပါးကိုလဲ သဘောပေါက်သွားတာပါပဲ။ သစ္စာလေးပါး သဘောပေါက်ယင်လဲ သတ္တဝါတို့ရဲ့ ဖြစ်ပုံနဲ့ ပဋိသန္ဓေခန်းကို သဘောပေါက်သွားမှာပါ။ ဒိဋ္ဌိ ဖြစ်တယ် ဆိုတာကလဲ ဒီပဋိသန္ဓေ ဝိညာဏ်ကြောင့် ကမ္ဘာပေါ်မှာအယူ ဝါဒတွေ အမျိုးမျိုး ဖြစ်နေတာပါပဲ။ သတ္တဝါတို့ရဲ့ အစ ပဋိသန္ဓေ အခန်းမှာ ဝိညာဏ်ဟာ ဘာကြောင့် ဖြစ်ရသလဲဆိုတဲ့ အကြောင်းအကျိုး ဆက်သွယ်နေပုံကိုတော့ နောက် ဒုတိယဆင့်မှာ သင်ပါမယ်။ အခုက တော့ အခြေခံ ပထမဆင့်မှာ ပဋိသန္ဓေဝိညာဏ် ၁၀ ခုကတော့ ကုန်သွား ပါပြီ။

**ရူပ အရူပ ပဋိသန္ဓေ**

ရူပ ဗြဟ္မာဘုံ ၁၆ ဘုံမှာ အသညသတ်ဘုံကို လွတ်ပြီး ရူပါ ဝစရ ကုသိုလ်ကြောင့် ရူပါဝစရဝိပါက် ၅ ခုဖြစ်ပါတယ်။ ပထမစျာန် ဝိပါက်၊ ဒုတိယစျာန်ဝိပါက်၊ တတိယစျာန်ဝိပါက်၊ စတုတ္ထစျာန် ဝိပါက်၊ ပဉ္စမစျာန်ဝိပါက် ဆိုတဲ့ ပဋိသန္ဓေ ဝိညာဏ် ငါးခုပါ။

အရူပ ဗြဟ္မာတို့ကတော့ ရုပ်မပါ၊ နာမ်သက်သက် ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေပါ။ အရူပ ဗြဟ္မာတွေက အရူပဝိပါက် ၄ ခု၊ ရူပ ဗြဟ္မာတွေက ရူပ ဝိပါက် ၅ ခု၊ အရူပဘုံနှင့် ရူပဘုံပေါင်းတော့ မဟဂ္ဂုတ်ဝိပါက် ၉ ခု ဖြစ်ပါတယ်။ ဒါကြောင့် ဗြဟ္မာ့ဘုံ ၂၀ ထဲက ၁၉ ဘုံမှာ မဟဂ္ဂုတ်ဝိပါက် ၉ ခုနဲ့ ပဋိသန္ဓေယူကြပါတယ်။

**ပဋိသန္ဓေ ဝိညာဏ် တဆယ့်ကိုး**

"သင်္ခါရ ပစ္စယာ ဝိညာဏံ"မှာ ဝိညာဏ်အရ ဘာကို ယူရမလဲ ဆိုယင် ဝိပါက် ဝိညာဏ်ကို ယူရပါမယ်။ ဝိပါက် ဝိညာဏ်ကလဲ ကာမ ၁၁ ဘုံက ပဋိသန္ဓေစိတ် ၁၀ ခု၊ ဗြဟ္မာ့ဘုံက မဟဂ္ဂုတ်ဝိပါက် ၉ ခု၊ ပေါင်း ပဋိသန္ဓေ ဝိညာဏ် ၁၉ ခုကို ယူရမှာပါ။ အကုသိုလ် စေတနာ သင်္ခါရကြောင့် အပါယ်လေးဘုံမှာ ဝိညာဏ်ဘယ်လိုဖြစ်လာသလဲ၊ ကာမာဝစရကုသိုလ် စေတနာသင်္ခါရကြောင့် ကာမသုဂတိ ခုနစ်ဘုံမှာ ဝိညာဏ်ဘယ်လိုဖြစ်လာသလဲ။ ရူပ အရူပ ကုသိုလ်စေတနာ သင်္ခါရကြောင့် ဗြဟ္မာ ၁၉ ဘုံမှာ ဝိညာဏ် ဘယ်လိုဖြစ်လာသလဲ၊ အကြောင်းအကျိုး ဆက်ပုံတွေကိုတော့ နောက် ဒုတိယဆင့်မှာ ထပ်ပြီး သင်ပါမယ်။

## ၃။ ဝိညာဏ ပစ္စယာ နာမရူပံ

ဝိညာဏ ပစ္စယာ နာမရူပံ၊ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်ပုံကို သမ္မောအဌကထာမှာ တော်တော် ကျယ်ကျယ် ပြထားပါတယ်။ ဒီသင်တန်းမှာလဲ သမ္မောအဌကထာထဲကပဲ ယူပြီး တော်တော်စုံစုံ ပြောပြပါမယ်။ ပဋိစ္စသမုပ္ပါဒ် အကျယ်ကို နောက်နောက် ဆရာတို့ ရေးကြတာကလဲသမ္မောအဌကထာက ယူပြီး ရေးတာ များပါတယ်။

**နာမ်ဆိုတာ ဘယ်နာမ်လဲ**

ဝိညာဏ ပစ္စယာ နာမရူပံမှာ ဝိညာဏ်ကြောင့် နာမ်ဖြစ်တယ် ဆိုတော့ ဒီနေရာမှာ နည်းနည်း သတိထားဖို့က နာမ်ဆိုတာ ဘယ်နာမ်လဲ၊ ဝိညာဏ် ဆိုတာကလဲ နာမ်ပဲ။ နာမ်ကြောင့် နာမ်ဖြစ်သလား၊

အကြောင်းနဲ့အကျိုး ကွဲသွားရမှာပါ။ နာမ်အရ စိတ်ကိုပါ ယူယင် ဝိညာဏ်ကြောင့် နာမ်ဖြစ်တယ်ဆိုတဲ့ အခါမှာ ဒီနာမ်ကလဲ စိတ်ကို ယူပြန်တော့ အကြောင်းနဲ့အကျိုး ထပ်တူဖြစ်နေမှာပါ။ ထပ်တူမဖြစ် ရအောင် ဝိညာဏ ပစ္စယာ နာမရူပံမှာ နာမ်ဆိုတာ ဘယ်နာမ်လဲ။

ဝိဘင်း ပါဠိတော်ကတော့ လွယ်အောင် 'နာမံ' အရမှာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဆိုတဲ့ ခန္ဓာသုံးပါးကို ပြပါ တယ်။ ဝိညာဏ်အရမှာ ဝိညာဏက္ခန္ဓာကို ယူပြီးသားဖြစ်နေတော့ ဝိညာဏပစ္စယာ နာမရူပံ။ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်တယ်ဆိုတဲ့ အခါမှာ ဒီနာမ်က စေတသိက်ကိုပဲ ယူရမှာပါ။ ဆိုလိုရင်းကတော့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာပါပဲ။

ဝိညာဏ ပစ္စယာ နာမရူပံကို သုတ္တန်ပါဠိတော်များမှာ တမျိုး ဟောတာတွေ ရှိပါတယ်။ သင်္ဂြိုဟ်အတိုင်း သရုပ်ကုန်အောင် သင်ရ မယ်ဆိုယင် ဥပမာအားဖြင့် အကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ရဲ့ အကုသလ ဝိပါက် ဝိညာဏ်မှာ အဲဒီ ဝိညာဏ်နဲ့ ယှဉ်တဲ့ စေတသိက် အကုန်လုံး ယူရပါတယ်။ အဟိတ် ကုသလဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်မှာ အဲဒီ ပဋိသန္ဓေစိတ်နဲ့ယှဉ်တဲ့ စေတသိက်တွေ အကုန်လုံး ယူလို့ရပါတယ်။ အဲဒီ စေတသိက်တွေကို လွယ်အောင် ခန္ဓာဖွဲ့တဲ့အခါ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ခန္ဓာ ၃ ပါးပဲ ရပါတယ်။

စေတသိက်က အကုသလဝိပါက်မှာ ယှဉ်တဲ့ စေတသိက်က တမျိုး၊ အဟိတ် ကုသလဝိပါက်မှာ စေတသိက်ယှဉ်တာက တမျိုး၊ မဟာဝိပါက်စိတ်မှာ စေတသိက် ယှဉ်တာက တမျိုး၊ သင်္ဂြိုဟ် ၉ ပိုင်း ကုန်အောင် သိထားတဲ့ ပုဂ္ဂိုလ်ကတော့ စေတသိက်ချင်း ကွဲသွားတာ သိပါတယ်။

စေတသိက်က ၅၂ ခုရှိတော့ ဝေဒနာစေတသိက် တလုံးထဲကို ဝေဒနာက္ခန္ဓာ၊ သညာစေတသိက် တလုံးထဲကို သညာက္ခန္ဓာ၊ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀ တို့ကို သင်္ခါရက္ခန္ဓာ၊ တလုံးထဲလဲ သင်္ခါရက္ခန္ဓာပါပဲ။ အဲဒါကြောင့် ဝိညာဏ ပစ္စယာ နာမရူပံမှာ နာမ် အရ နာမ်လို့ဆိုပေမယ့် ဒိပြင် နာမ်တွေမယူပဲ ဒီနေရာမှာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာဆိုတဲ့ ခန္ဓာသုံးပါးပဲ ယူရပါတယ်။

**ရုပ်က ဘယ်ရုပ်တွေလဲ**

နာမ်မှာ ဒီခန္ဓာသုံးပါးကို ယူတော့ ရုပ်က ဘယ်ရုပ်တွေလဲ။ ရုပ်က ၂၈ ခု ရှိပါတယ်။ ဥပပါတ် ပဋိသန္ဓေဆိုတဲ့ နတ်တို့ရဲ့ ပဋိသန္ဓေက ချက်ချင်း ၁၆ နှစ်သားအရွယ် ဖြစ်လာတာပါ။ အဲဒီ ဥပပါတ် ပဋိသန္ဓေက တမျိုးပါ။ လူတွေက 'ဂဗ္ဘသေယျက' ကိုယ်ဝန်ဆောင်ပြီး နေရတဲ့ ပဋိသန္ဓေပါ။ လူတို့ရဲ့ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာ ကမ္မဇရုပ်ပဲ ဖြစ်ပါတယ်။ ကမ္မဇရုပ်မှာ ကာယဒသက ကလာပ်၊ ဘာဝ ဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ်လို့ ကလာပ်သုံးစည်း ရုပ်ပေါင်း ၃၀ ရှိပါတယ်။

**ကာယဒသက ကလာပ်**

ကလလရေကြည်ဟာ ဘယ်လောက် သေးငယ်သလဲဆိုတော့ ဥပမာပြစရာတောင် မရှိသလောက်ပါပဲ။ ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏက ကလလရေကြည်မှာ ကာယဒသက ကလာပ်လဲ ပါပါတယ်။ကာယဒသက ကလာပ်မှာ ခွဲလို့မရတဲ့ မဟာဘုတ် ၄ ပါးနဲ့ ဝဏ္ဏ ဂန္ဓ ရသ ဩဇ ရုပ်တွေ ပါတယ်။ ဒီရုပ်က ဘယ်လောက်ထိ အသေးစိတ် ခွဲခွဲ ဒီရုပ် ၈ ခုကတော့ အမြဲ ပါပါတယ်။ အဝိနိဗ္ဘောဂ ရုပ် ၈ ခု၊ ဇီဝိတရုပ် ၁၊ ကာယပသာဒရုပ် ၁ ဟာ ကာယဒသက ကလာပ် ဖြစ်ပါတယ်။

**ဘာဝဒသက ကလာပ်**

ဘာဝဒသက ကလာပ်ခေါ်တဲ့ မိန်းမဆိုယင် ဣတ္ထိဘာဝ ဒသက ကလာပ်၊ ယောကျ်ားဆိုယင် ပုမ္ဘာဝ ဒသက ကလာပ်လို့ ရှိတာမှာ ဣတ္ထိဘာဝရုပ် ၁၊ ဇီဝိတရုပ် ၁ နဲ့ အဝိနိဗ္ဘောဂ ရုပ် ၈ ခု၊ ဒီ ၁၀ ခုဟာ ဣတ္ထိဘာဝ ဒသက ကလာပ်ပါပဲ။ ပုမ္ဘာဝရုပ် ၁၊ ဇီဝိတ ရုပ် ၁ နဲ့ အဝိနိဗ္ဘောဂရုပ် ၈ ခု၊ ဒီ ၁၀ ခုဟာလဲ ပုမ္ဘာဝဒသက ကလာပ်ပါ။ မိန်းမနဲ့ ယောကျ်ား ကွဲသွားတယ်ဆိုတာ ဘာဝရုပ်ကြောင့် ကွဲသွားတာပါ။ ဣတ္ထိဘာဝရုပ် ပါလာယင် မိန်းမ အမူအရာ၊ မိန်းမ သဘာဝ ဖြစ်သွားတယ်။ ပုမ္ဘာဝရုပ် ပါလာတော့လဲ ယောကျ်ား အမူအရာ ယောကျ်ား သဘာဝ ပေါ်လာတာပါပဲ။

ယခုဓမ္မခေတ်တော့ မိန်းမလဲ မဟုတ်၊ ယောကျ်ားလဲ မဟုတ်သူတွေ များလာတယ်။ ဘာဝရုပ်တွေ နည်းနည်းရောလာတယ် ထင်တယ်။ ကုသိုလ်ကောင်းမှု လုပ်ကြတာမှာ သိပ်မသိကြတော့ သူတို့ ကုသိုလ်ကံ အကျိုးပေးမှာ ဘာဝရုပ်က သီးသန့်မဖြစ်ပဲ နည်းနည်း ရောချင်တယ်။ ယောကျ်ားက မိန်းမအဖြစ် ပြောင်း၊ မိန်းမကလဲ ယောကျ်ားအဖြစ် ပြောင်း၊ ဘာဝရုပ်ဟာ ပြောင်းလဲနိုင်ပါတယ်။

## ဝတ္ထုဒသက ကလာပ်

ဝတ္ထုဒသက ကလာပ်ဆိုတာက ဟဒယဝတ္ထု ၁၊ ဇီဝိတ ၁၊ အဝိနိဗ္ဘောဂရုပ် ၈ တို့ပဲ ဖြစ်ပါတယ်။

ကာယဒသက ကလာပ်၊ ဘာဝဒသက ကလာပ်၊ ဝတ္ထုဒသက ကလာပ် အားလုံးပေါင်း ရုပ် ၃၀ ဟာ ကလလရေကြည် အခိုက်မှာ ပါလာပါတယ်။ ဒါက လူ့ဘုံက ပဋိသန္ဓေအကြောင်းပါ။

## ဗြဟ္မာတို့ရဲ့ ပဋိသန္ဓေ

အရူပ ဗြဟ္မာဘုံမှာကတော့ တမျိုးပါ။ အရူပဘုံမှာတော့ "ဝိညာဏ ပစ္စယာ နာမံ" ပဲ ဖြစ်ပါတယ်။ အရူပဘုံက နာမ်နဲ့ ရုပ် ရောလို့ မဖြစ်၊ နာမ်ချည်းသက်သက် ဖြစ်တာပါ။

အသညသတ်ဘုံမှာ "ဝိညာဏ ပစ္စယာ ရူပံ" ရုပ်ချည်း သက်သက်ပဲ ဖြစ်ပါတယ်။ ဝိညာဏ ပစ္စယာ နာမရူပံအရ နာမ် ရုပ် ယူတဲ့ အခါမှာ ပိဋကတ်သုံးပုံ အကုန်လုံးနဲ့ ညှိပြီး ယူရပါတယ်။ ဗုဒ္ဓဘာသာ တရားကလဲ အင်မတန် ကျယ်ဝန်းတော့ ကျမ်းတကျမ်းကို ကျေညက်အောင် တတ်နေတာက တမျိုးပါ။ ကျမ်းတတ်တာထက် ကျမ်းညှိ တတ်ဖို့က အရေးကြီးပါတယ်။

## ပဋ္ဌာန်းနည်း ဝင်လာပုံ

ရုပ်က ၂၈ ခု ရှိပေမယ့် ပဋိသန္ဓေအခန်းမှာ "ဂဗ္ဘသေယျက" အမိဝမ်းတိုက်မှာ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေမှာ ကလလရေကြည်ဆိုတဲ့ ကလာပ်စည်း သုံးခုမှာ ရုပ်က ၃၀ ရှိပါတယ်။ "သင်္ခါရ ပစ္စယာ ဝိညာဏံ" မှာ အတိတ်ဘဝက ကုသိုလ် အကုသိုလ် စေတနာကြောင့်

ဒီဘဝမှာ အစဆုံး ပဋိသန္ဓေ ဝိညာဏ်ကလေး လာဖြစ်တယ်။ ဝိညာဏ ပစ္စယာ နာမရူပံကျတော့ ဝိညာဏ်က အကြောင်း၊ နာမ်ရုပ်က အကျိုး ပါ။ ဒီဝိညာဏ်နဲ့ နာမ်ရုပ်က ဖြစ်ပုံဖြစ်နည်း ဘယ်လိုလဲ၊ ဒီနေရာမှာ ပဋ္ဌာန်း ဝင်လာပါတယ်။

(က) ဩက္ကန္တိက္ခဏေ–နာမရူပံ အညမညံ့ သဟဇာတ ပစ္စယေန ပစ္စယော၊

(ခ) ဩက္ကန္တိက္ခဏေ–နာမရူပံ အညမည ပစ္စယေန ပစ္စယော၊

ပဋိသန္ဓေအခါမှာ နာမ်နဲ့ ရုပ်ဟာ သဟဇာတ အတူတကွ ဖြစ် ပါတယ်။ အရှင် မဟာ ဗုဒ္ဓဃောသ ကိုယ်တိုင်က ပဋိစ္စသမုပ္ပါဒ်အဖွင့်ကို ရေးစဉ်က ပဋ္ဌာန်းနည်းတွေ ထည့်ထားခဲ့ပါတယ်။ သင်္ဂြိုဟ်ပစ္စည်းပိုင်း မှာ အကြောင်းအကျိုးယူတဲ့အခါ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်းလို့ ရှိပါတယ်။ ပဋိစ္စသမုပ္ပါဒ်နည်းက အကြောင်းအကျိုးယူတာ ကျဲပါ တယ်။ ပဋ္ဌာန်းနည်းကတော့ အကြောင်းအကျိုးစိပ်တော့ ပဋိစ္စသမုပ္ပါဒ် ကို ပဋ္ဌာန်းနဲ့ရောပြီး သင်လို့ ရပါတယ်။

ဝိညာဏပစ္စယာနာမရူပံ ဆိုတဲ့ ပဋိသန္ဓေ ဥပါဒ်ခဏမှာ ဝိညာဏ်နဲ့ နာမ်ရုပ်ဟာ 'သဟဇာတ' အတူတကွ တပြိုင်နက် ဖြစ်ပါတယ်။ တပြိုင် ထဲ ဘာဖြစ်လို့ ဖြစ်သလဲဆိုယင် ပဋိသန္ဓေ ဥပါဒ်ခဏမှာ ပဋိသန္ဓေဝိညာဏ် ချည်းသက်သက် နေလို့မရပါ။ "ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော" ကိုင်း ကျန်းမှီ၊ ကျန်း ကိုင်းမှီ နာမ်နဲ့ ရုပ်က တခုကိုတခု မှီပြီး ဖြစ်ရပါတယ်။

ဝိညာဏပစ္စယာ နာမရူပံမှာ နာမ်ကို စိတ်နဲ့ စေတသိက် ခွဲယူရ ပါတယ်။ ဩက္ကန္တိက္ခဏေ နာမရူပံမှာ နာမ်ကို စိတ်နဲ့စေတသိက် တွဲပြီး ယူရပါတယ်။ ပဋိသန္ဓေခဏမှာ နာမ်နဲ့ရုပ်ဟာ 'နိဿယ' တဦးကိုတဦး မှီပြီး ဖြစ်ရတယ်။ 'သဟဇာတ' တပြိုင်နက်ဖြစ်တယ်။ ဒီပြင် အချိန် အခါ ပဝတ္တိကာလမှာ ကမ္မဇရုပ်တွေကလဲ သူ့အကြောင်းနဲ့သူ ဖြစ်နေ ကြတယ်။ အာဟာရဇရုပ်တွေကလဲ သူ့အကြောင်းနဲ့သူ ဖြစ်နေကြ တယ်။ ဥတုဇရုပ်တွေကလဲ သူ့အကြောင်းနဲ့သူ ဖြစ်နေကြတာပါပဲ။ နာမ်တရားတွေကလဲ သူ့အကြောင်းနဲ့သူ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်နေ ကြတာပါပဲ။ 'သဟဇာတ' တပြိုင်နက်ဖြစ်တယ်၊ အတူတကွဖြစ်တယ်

ဆိုတာကတော့ ပဋိသန္ဓေခဏမှာပဲ ဝိညာဏ် နာမ် ရုပ် ဒီသုံးခုဟာ ကျွန်း ကိုင်းမှီ၊ ကိုင်း ကျွန်းမှီ တပြိုင်နက်ထဲ ဖြစ်ကြပါတယ်။ သဟဇာတပစ္စည်း၊ အညမညပစ္စည်း၊ နိဿယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတွေကို "ဝိညာဏပစ္စယာ နာမရူပံ"မှာ အားလုံး ပစ္စည်းပြိုင်လို့ ရပါတယ်။ ဒါက ပဋ္ဌာန်းနည်းပါ။ ဝိညာဏပစ္စယာ နာမရူပံ ပထမဆင့်မှာ ဒီလောက်နဲ့ တော်လောက်ပါပြီ။

## ၄။ နာမရူပပစ္စယာ သဠာယတနံ

သဠာယတနဆိုတဲ့ ပါဠိစကားမှာ သဠာယတနနဲ့ ဆဠာယတန အတူတူပါပဲ။ နာမရူပပစ္စယာ ဆဠာယတနံ=နာမ်ရုပ်ရှိယင် အာယတန ၆ ပါး ဖြစ်ပါတယ်။ ပိဋကတ် ဘာသာပြန်ဌာနမှာ 'အာယတန' ကို ဘာသာအမျိုးမျိုး ပြန်ကြည့်ကြပါတယ်။ အဋ္ဌကထာ ဋီကာတွေ ကြည့်ပြီး သံသရာကို ချဲ့တတ်သောကြောင့် အာယတန၊ စိတ် စေတသိက်တို့၏ တည်ရာ မှီရာဖြစ်ခြင်းကြောင့် အာယတန၊ ဘယ်လိုပဲပြန်ပြန် အာယ-တနကို အာယတနလို့ ခေါ်တာပဲ ရှင်းပါတယ်။

အာယတန ၆-ပါးဆိုတာက စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန တို့ပါပဲ။ တနည်းဆိုယင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန ဆိုတဲ့ အာယတန ၆ ပါးပါပဲ။ အဘိဓမ္မာသင်တယ်ဆိုတာက ဒါတွေ ကျက်နေတာထက် ကိုယ့်ခန္ဓာကို ကိုယ်ကြည့်ဖို့ပါပဲ။ အမှန်က ကိုယ့်ခန္ဓာမှာ ရှိတဲ့ နာမ်နဲ့ ရုပ်ကို မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ် လှည့်ပြတာပါ။

မိမိခန္ဓာကိုယ်ကို လူကြီး နတ်ကြီး ဗြဟ္မာကြီး မိန်းမ ယောကျာ်းလို့ စွဲနေတဲ့ ဒိဋ္ဌိတွေ ပြုတ်သွားအောင်က ဒီ နာမ်နဲ့ ရုပ်ဟာ "ဒီအကြောင်းကြောင့် ဒီအကျိုး" ဖြစ်တာပဲ။ ဒီလို ဖြစ်နေတာကလဲ နာမ်နဲ့ ရုပ်ရှိလို့ ဖြစ်နေတယ်ဆိုတဲ့ အကြောင်းကို ပါဠိဘာသာစကားတွေနဲ့ ပြောနေတာပါ။

ပဋိသန္ဓေ တည်စအခါမှာ ပဋိသန္ဓေဝိညာဏ်၊ စေတသိက် ခန္ဓာ ၃ ပါးနဲ့ ကမ္မဇရုပ်ပဲ ရှိတာပါ။ အဲဒီ ပဋိသန္ဓေဝိညာဏ်နဲ့ နာမ်ရုပ်

ကလလရေကြည်လေး ရှိလာတဲ့အခါ "နာမရူပပစ္စယာ သဠာယတနံ" ဆိုတဲ့ အာယတနတွေ ဖြစ်လာတာပါပဲ။

**ပဋိသန္ဓေအခါမှာ အာယတန ၆ ပါး ရှိသလား**

အချို့ ဂိုဏ်းဆရာကြီးတွေမှာ ဒိဋ္ဌိက မသိမသာ ရှိနေကြပါတယ်။ ဘုရားပွင့်တော်မူစဉ်က အကောင်းဆုံးဂိုဏ်းခေါ်နိုင်တဲ့ သဿတဒိဋ္ဌိတွေ ရှိကြပါတယ်။ သဿတဒိဋ္ဌိဆိုတာက တခုခု မြဲနေတာလေး ရှိရပါတယ်။ ပြုခဲ့တဲ့ကုသိုလ် အကုသိုလ်တွေ အမြဲတမ်း ရှိနေတယ်။ သတ္တဝါဆိုယင် အတ္တကလေးက တဘဝက တဘဝ ပြောင်းနေတယ်။ ဒီအတ္တကလေးက တဖြည်းဖြည်းနဲ့ ပါရမီရင့်လာတယ်။ ဒီလိုယူမှုလဲ ပြောလို့ ဟောလို့ နားလည်မှာဖြစ်တော့ မြတ်စွာဘုရားကလဲ သုတ္တန်ပါဠိတော်မှာ ဒီလို ဟောကြားချက်တွေ ရှိပါတယ်။

ဒါပေမယ့် ဝိပဿနာတက်ချင်လို့ ဒိဋ္ဌိဖြုတ်ချင်တဲ့အခါမှာ သစ္စာလေးပါးနဲ့ သော်လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်နဲ့ သော်လည်းကောင်း၊ ပဋ္ဌာန်းနဲ့သော် လည်းကောင်း အဲဒီဒိဋ္ဌိက ပြုတ်ရမှာပါ။ ဝိညာဏ် နာမ် ရုပ် ရှိယင် အာယတန ၆ ပါး ဖြစ်တယ်ဆိုတော့ တချို့က ကလလရေကြည်အခါမှာ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒတွေဖြစ်ဖို့ မျိုးစေ့ ဗီဇ အကြောင်းသတ္တိတွေ ရှိနေတယ်လို့ ပြောကြပါတယ်။ အမှန်က ကာယပသာဒကတော့ ပဋိသန္ဓေတည်စကတဲ က ပါပါတယ်။စက္ခုပသာဒ၊သောတပသာဒ၊ ဃာနပသာဒ၊ဇိဝှါပသာဒ တွေကတော့ ပဋိသန္ဓေနေပြီး သူဖြစ်ချိန် ရက်ပေါင်း ဘယ်လောက်ရှိမှ ဖြစ်တယ်ဆိုတာက ယခုခေတ် ဆရာဝန်တွေလဲ အဆုံးအဖြတ်ရှိပါတယ်။

အဘိဓမ္မာနည်းမှာလဲ ပဋိသန္ဓေ အခိုက်အတန့်မှာ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒ မရှိသေးပါ။ ကာယပသာဒတခုထဲ ရှိပါတယ်။ ပထမသတ္တာဟမှာ စက္ခုပသာဒဖြစ်တယ်။ ဒုတိယ ခုနစ်ရက်မှာ သောတပသာဒ ဖြစ်ပါတယ်။ တတိယ ခုနစ်ရက်မှာ ဃာနပသာဒ ဖြစ်တယ်လို့ ယူဆတဲ့ အဘိဓမ္မာဆရာတွေလဲ ရှိသေးတယ်။ သူတို့က သင်္ဂြိုဟ်မှာပါတဲ့ "တတောပရံ ပဝတ္တိကာလေ ကမေန စက္ခုဒသကာဒီနိ ပါတုဘဝန္တိ" ပါဠိမှားကို ကြည့်ပြီး စက္ခု သောတ ဃာန ဇိဝှါတို့ဟာ အစဉ်အတိုင်းဖြစ်တယ်လို့ ဆိုကြတာပါ။ လယ်တီ

ဆရာတော်က "စာကူးတာ လွဲလို့ပါ၊ ကမေန မဟုတ်၊ ကမ္မေန-ကံကြောင့် စက္ခု, သောတ, ဃာန, ဇိဝှါတို့ဟာ တပြိုင်နက် ဖြစ်တယ်လို့ ဆိုပါတယ်။

## ပဋိသန္ဓေခန်းမှာ ဒိဋ္ဌိဖြစ်သွားကြပုံ

ဝိညာဏ် နာမ်ရုပ် ဖြစ်လာယင် ဒီနာမ်ရုပ်ထဲမှာ ပသာဒတွေ ဖြစ်ဖို့ အကြောင်းသတ္တိ သဘောလေးတွေ ရှိနေတယ်လို့ သွားယူယင် သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်။ ဥပမာအားဖြင့် မီးခြစ်ဆံနဲ့ မီးခြစ်မှာ "မီးခြစ်ဆံထဲမှာ မီးရှိတယ်" လို့ ယူဆယင် သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်။ မီးက နဂိုကမရှိပဲ မီးခြစ်ဆံနဲ့ မီးခြစ်ခြစ်လိုက်တဲ့အခါ အကြောင်းတိုက်ဆိုင်လို့ အသစ်ပေါ်လာတာ။ အဘိဓမ္မာကတော့ ပြတ်သားပါတယ်။ မီးခြစ်ထဲမှာ မီးမရှိ၊ မီးခြစ်ဆံထဲမှာလဲ မီးမရှိ၊ မီးကို လိုချင်လို့ ခြစ်လိုက်တဲ့အခါ အကြောင်းကြောင့် အကျိုးပေါ်လာတာပါပဲ။

အကြောင်းနဲ့အကျိုး တပေါင်းတည်းယူယင် ဧကတ္တနည်း သဿတဒိဋ္ဌိ ဖြစ်သွားပါတယ်။ အကြောင်းနဲ့ အကျိုး တခြားစီယူယင် နာနတ္တနည်း ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားပါတယ်။ ဒီ ဒိဋ္ဌိ အယူအဆတွေရဲ့ လက်ဝဲစွန်း လက်ယာစွန်းက လွတ်တဲ့ မဇ္ဈိမပဋိပဒါလမ်းက သွားရမှာပါ။ ဗုဒ္ဓဘာသာ ဝိပဿနာတရားဟာ ကြိုးတန်းပေါ်မှာ သွားရသလို သင်တဲ့အခါမှာလဲ ခက်ခဲပါတယ်၊ အားထုတ်တဲ့ အခါမှာလဲ နက်နဲပါတယ်။

## လူတယောက်လို့ ခေါ်နိုင်တဲ့အချိန်

နာမရူပ ပစ္စယာ သဠာယတနံ ဆိုတော့ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အာယတနတွေက ဖြစ်လာပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း ပုံပန်းသဏ္ဌာန်ကို ပြောတာမဟုတ်ပါ။ နှာခေါင်းရှိတယ် ဆိုပေမယ့် ပသာဒက ရှိချင်မှ ရှိတာပါ။ မျက်စိရှိလျက်နဲ့ မမြင်ပဲ ကြောင်တောင်ကွယ်နေတဲ့သူ၊ နှာခေါင်းရှိလျက်နဲ့ အနံ့မရတဲ့သူ၊ နားရှိလျက်နဲ့ မကြားတဲ့သူတွေလဲ ရှိပါတယ်။ ပြဟ္မာကြီးတွေမှာတော့ နှာခေါင်း၊

လျှာ၊ ကိုယ်၊ ပုံပန်းသဏ္ဌာန်တွေ ရှိသော်လဲ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒတွေ မရှိကြပါ။ နာမရူပ ပစ္စယာ သဠာယတနံက နာမ် ရုပ် ဖြစ်ပေါ်လာယင် အာယတန ၆ ပါးကတော့ ဖြစ်လာပါတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ် ရုပ်နဲ့ သဠာယတနအထိ ရောက်လာတဲ့အခါမှာ ယောကျ်ား မိန်းမလို့ လူတယောက်အဖြစ်နဲ့ ခေါ်နိုင်ပါပြီ။

## ၅။ သဠာယတနပစ္စယာ ဖဿော

အာယတန ၆ ပါးရှိတော့ ဖဿကလဲ ၆ မျိုးပဲ ရှိလာပါတယ်။ လူဖြစ်လာယင် စက္ခုပသာဒ ရူပါရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ စက္ခုနဲ့ ရူပါရုံတွေ့ထိမှု စက္ခုသမ္ဖဿ၊ သောတပသာဒက သဒ္ဒါရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ သောတနဲ့ သဒ္ဒါရုံတွေ့ထိမှု သောတသမ္ဖဿ၊ ဃာနပသာဒက ဂန္ဓာရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ ဃာနနဲ့ ဂန္ဓာရုံ တွေ့ထိမှု ဃာနသမ္ဖဿ၊ ဇိဝှါပသာဒက ရသာရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ ဇိဝှါနဲ့ ရသာရုံတွေ့ထိမှု ဇိဝှါသမ္ဖဿ၊ ကာယပသာဒက ဖောဋ္ဌဗ္ဗာရုံနဲ့ တိုက်ဆိုင်တဲ့အခါမှာ ကာယနဲ့ ဖောဋ္ဌဗ္ဗာရုံတွေ့ထိမှု ကာယသမ္ဖဿ၊ မနောနဲ့ ဓမ္မာရုံ တိုက်ဆိုင်တဲ့အခါ မနောသမ္ဖဿလို့ ဖဿက ၆-မျိုး ရှိပါတယ်။ ဒါကလဲ နိယာမ သဘောတရားပါ။ စက္ခု သောတတွေ ရှိယင် ရူပါရုံ သဒ္ဒါရုံတို့နဲ့ တွေ့ထိမှုက ဖြစ်ကို ဖြစ်ရမှာပါ။ လူဖြစ်လာလို့ ပဝတ္တိအခါ ရောက်လာတော့ ဖဿ ၆ မျိုးရှိတယ်ဆိုယင် ဝေဒနာတွေကလဲ ၆ တွဲပဲ ဖြစ်လာပါတယ်။

## ၆။ ဖဿပစ္စယာ ဝေဒနာ

စက္ခုနဲ့ ရူပါရုံ တွေ့ထိတဲ့အခါ စက္ခုသမ္ဖဿ ဖြစ်လာတော့ ကောင်းတဲ့အာရုံမှာ သူ သဘောကျယင် သုခဝေဒနာ၊ မကောင်းတဲ့ အာရုံ အနိဋ္ဌာရုံနဲ့ တွေ့ယင် သဘောမကျတော့ ဒုက္ခဝေဒနာ ဖြစ်ပါတယ်။ ဝေဒနာဆိုတာက စိတ်ချမ်းသာမှု သုခဝေဒနာ၊ စိတ်ဆင်းရဲမှု

ဒုက္ခဝေဒနာအထိ ဖြစ်တာမဟုတ်သေးပါဘူး။ ကောင်းတဲ့ ဣဋ္ဌာရုံနဲ့တွေ့တော့ သဘောကျယင် သုခဝေဒနာ၊ မကောင်းတဲ့ အနိဋ္ဌာရုံတွေ့တော့ သဘောမကျယင် ဒုက္ခဝေဒနာ၊ သာမညရူပါရုံနဲ့ တွေ့တော့ ဥပေက္ခာ ဝေဒနာလို့ အာရုံတခုခုမှာ ဝေဒနာ ၃ မျိုးစီ ရှိပါတယ်။ ဒါပေမယ့် လှုယ်အောင် ဖဿ ၆ မျိုးရှိတော့ ဝေဒနာ ၆ မျိုးပဲ ခွဲပါတယ်။

ဝေဒနာ ၆ မျိုးမှာ စက္ခုနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့ စက္ခုသမ္ဖဿကို ဝေဒနာနဲ့ တွဲလိုက်တော့ စက္ခုသမ္ဖဿဇာ ဝေဒနာလို့ ပါဠိတော်မှာ လာပါတယ်။ ဒါကြောင့် စက္ခုသမ္ဖဿဇာ ဝေဒနာ၊ သောတသမ္ဖဿဇာ ဝေဒနာ၊ ဃာနသမ္ဖဿဇာ ဝေဒနာ၊ ဇိဝှါသမ္ဖဿဇာ ဝေဒနာ၊ ကာယ သမ္ဖဿဇာ ဝေဒနာ၊ မနော သမ္ဖဿဇာ ဝေဒနာလို့ အကျယ်အားဖြင့် ဝေဒနာ ၆ ပါး ရှိပါတယ်။ 'ဇာဝေဒနာ'ဆိုတာက ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာလို့ ပြောတာပါ။

ဝေဒနာ ၆ မျိုးမှာ တခု တခုတွင် သုံးမျိုး ရှိခြင်းကြောင့် ဝေဒနာက ၁၈ မျိုးလို့လဲ ပြောနိုင်ပါတယ်။

## လူတွေ ဘာကို လိုက်ရှာနေကြတာလဲ

လူ့ဘဝမှာ လူတွေဟာ ဘာကို လိုက်ရှာနေကြတာလဲ။ ဝေဒနာကိုပဲ ရှာနေကြတာပါ။ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာဆိုတဲ့ ဝေဒနာ သုံးမျိုးမှာလဲ သုခဝေဒနာဆိုတဲ့ ချမ်းသာကိုသာ လိုက်ရှာကြတာပါ။ ယခု အဘိဓမ္မာသင်တန်း တက်နေတာကလဲ သုခဝေဒနာအတွက်ပဲ မဟုတ်လား။ စီးပွားရှာနေတာ၊ နိုင်ငံရေးလုပ်နေတာ၊ တကမ္ဘာလုံး လူတွေ လုပ်နေကြတာက သုခဝေဒနာ ချမ်းသာရှာနေတာပါ။

ချမ်းသာရှာတာမှာ လုပ်နည်းလုပ်ဟန် မဟုတ်တော့ ဒုက္ခလိုက်ရှာတာနဲ့ တူနေပါတယ်။ လူတိုင်းလူတိုင်း လိုချင်တောင့်တတာက ချမ်းသာပါ။ ချမ်းသာကို မရှာတတ်တဲ့ အခါကျတော့ ပိုပြီး ဆင်းရဲသွားတယ် မဟုတ်လား။ ဖဿရှိယင် ဝေဒနာ ရှိရမယ်ဆိုတာက နိယာမ သဘောတရားတွေကို ဘုရားက အရှိကို အရှိအတိုင်း ဟောထားတာပါ။

စက္ခုနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ ဖဿဖြစ်တယ်ဆိုတာ မဖြစ်ဘူးလို့ တကမ္ဘာလုံးက ဘယ်ဘာသာဝင်မှ ပြောလို့ရတဲ့ သဘောတရား

မဟုတ်ပါ။ စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တော့ ဖဿဖြစ်ယင် ချမ်းသာသော်လည်းကောင်း၊ ဆင်းရဲသော်လည်းကောင်း၊ ဥပေက္ခာသော်လည်းကောင်း ဝေဒနာတခုခု ဖြစ်ရမယ်ဆိုတာကလဲ ဘယ်သူ့မှ ငြင်းလို့ရတဲ့ သဘောတရား မဟုတ်ပါ။ ဘုရားဟောတဲ့ တရား ဆိုတာကလဲ ဘယ်လောကပညာရှိတဲ့ သမဏပဲဖြစ်ဖြစ်၊ ဘယ်လောက် တန်ခိုးကြီးတဲ့ ဗြဟ္မာကြီးပဲဖြစ်ဖြစ် မဟုတ်ပါဘူးလို့ မပြောနိုင်ပါ။ နိယာမအတိုင်း ဖြစ်စဉ် ဖြစ်နေတဲ့အတိုင်း သဘောတရားတွေ ဖြစ်နေတာကို ဘုရားက ဟောထားခဲ့တာပါ။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးက ပဋ္ဌာန်းလို လူတိုင်းမသိနိုင်တဲ့ အကြောင်းအကျိုးမျိုး မဟုတ်တော့ ဖဿရှိယင် ဝေဒနာရှိမှာပဲဆိုတာက လူတိုင်းလူတိုင်း ဝန်ခံနိုင်သည့် တရားပါ။

## ၇။ ဝေဒနာ ပစ္စယာ တဏှာ

ဝေဒနာရှိယင် တဏှာဖြစ်မယ်ဆိုတော့ တဏှာဆိုတာ အဘိဓမ္မာမှာ လောဘစေတသိက်ပါ၊ လောဘ စေတသိက်ဆိုတော့ ချမ်းသာတဲ့ သုခဝေဒနာမှာ လောဘတဏှာဖြစ်မယ်။ မကောင်းတဲ့ ဒုက္ခဝေဒနာ ကျတော့ ဒေါသဖြစ်မှာပါ။ ဥပေက္ခာဝေဒနာကျတော့ မောဟဖြစ်မှာပါ။ ပဋိစ္စသမုပ္ပါဒ်မှာတော့ ဝေဒနာကို သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ဒီလို မခွဲတော့ပဲ သုခဝေဒနာကို ခေါင်းတည်ပြီး ဝေဒနာပစ္စယာ တဏှာလို့သာ ဟောခဲ့ပါတယ်။

### သံသရာထွက်ပေါက်က ဘယ်နေရာလဲ

တရားအားထုတ်တဲ့အခါမှာ ဝေဒနာပစ္စယာ တဏှာဟာ ပဋိစ္စသမုပ္ပါဒ် သံသရာရဲ့ ထွက်ပေါက်ပါပဲ။ ဝေဒနာက တဏှာမကူးယင် သံသရာစက်ကြီး ရပ်သွားမှာပါ။ ဝေဒနာက မဖြစ်ပဲတော့မနေပါ။ ကောင်းတာတွေ့ယင် သဘောကျတယ်။ မကျပါနဲ့လို့ ပြောလို့မရပါ။ ဝီထိစိတ်က သိပ်မြန်တော့ ကောင်းတာတွေ့ယင် သဘောကျတဲ့ဝေဒနာက ဖြစ်ကို ဖြစ်ပါတယ်။ မကောင်းတဲ့ အနိဋ္ဌာရုံတွေ့ယင် နှာခေါင်းပိတ်လိုက်တော့ ဝေဒနာက ဖြစ်ကို ဖြစ်ပါတယ်။ မဖြစ်ပါနဲ့ဆိုလို့ ရကို မရပါ။ သာမညအာရုံနဲ့တွေ့လဲ ဥပေက္ခာဝေဒနာက တားဆီးလို့ မရ

ပါ။ ဖြစ်ကို ဖြစ်ပါတယ်။ 'ဝေဒနာပစ္စယာ တဏှာ' ကောင်းတဲ့အာရုံကလေးမှာ သဘောကျတာကလေးကတော့ ပထမ ဖြစ်လိုက်တာပါပဲ။ တရားအားထုတ်တယ် ဆိုတာက သဘောကျတာကလေး **ဖြစ်တာကို 'ဒါ တဏှာ'ပဲလို့ ဆက်ကာ ဆက်ကာ မဖြစ်**အောင် 'သတိ' ဆိုတော့ ရပ်သွားပါတယ်။ တဏှာက ရှေ့ကို မတိုးတော့ပါ။

ဝေဒနာပစ္စယာ တဏှာမှာ လောဘတခုပဲ ဖြစ်သလားဆိုယင် ဒုက္ခဝေဒနာနဲ့ကျတော့ 'ဝေဒနာပစ္စယာ ဒေါသ' ဝေဒနာကြောင့် ဒေါသဖြစ်ပါတယ်။ ဒေါသဆိုတာ စိတ်ဆိုးတာချည်း မဟုတ်ပါ။ မကြိုက်တာလဲ ဒေါသပါပဲ။ ဉပေက္ခာဝေဒနာဆိုတဲ့ သာမညအာရုံမှာ သဘောကျတာလဲမဟုတ်၊ မကျတာလဲမဟုတ်၊ အဲဒီအခါမျိုးကျတော့ တရားရတာလဲ မဟုတ်ယင် 'ဝေဒနာပစ္စယာ မောဟ' ဖြစ်ပါတယ်။ ဒါပေမယ့် မြတ်စွာဘုရားက အကျဉ်းချုပ်ပြီး ပဋိစ္စသမုပ္ပါဒ်မှာ 'ဝေဒနာပစ္စယာ တဏှာ' လို့သာ ဟောခဲ့တာပါ။ တဏှာကလဲ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ၊ ဓမ္မတဏှာလို့ ၆ မျိုးရှိပါတယ်။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ ဆိုတဲ့ အာရုံ ၆ ပါးမှာ တဏှာ အမည်တပ်လိုက်တာပါပဲ။

## တဏှာနှင့် လောဘ တူသလား

တကယ်တော့ တဏှာဆိုတာ လောဘစေတသိက်ပါပဲ။ ဗမာစကားမှာ တဏှာဆိုတာ အဓိပ္ပာယ်တမျိုး ဖြစ်နေတယ်။ အဘိဓမ္မာစကားတွေက ဗမာစကားထဲမှာ ရောက်နေပေမယ့် ဗမာနားလည်တာနဲ့ အဘိဓမ္မာ အယူအဆနဲ့က အကုန်လုံး မတူလှပါ။ ဗမာက တဏှာကြီးတယ်ဆိုတာ နားလည်နေတာက တမျိုး၊ လောဘကြီးတယ်ဆိုတာက တမျိုးဆိုပေမယ့် အဘိဓမ္မာမှာက တဏှာနဲ့ လောဘက အတူတူပါပဲ။

ရူပတဏှာ = ရူပါရုံ ရုပ်အဆင်းကို တွယ်တာတဲ့ လောဘ။

သဒ္ဒတဏှာ = သဒ္ဒါရုံ အသံကို သာယာတဲ့ လောဘ။

ဂန္ဓတဏှာ = ဂန္ဓာရုံ အမွှေးအကြိုင်ကို သာယာတဲ့ လောဘ။

ရသတဏှာ –ရသာရဲ့ အစာအာဟာရကို တွယ်တာတဲ့ လောဘ။

ဖောဋ္ဌဗ္ဗတဏှာ–ဖောဋ္ဌဗ္ဗာရဲ့ နူးညံ့တဲ့ အတွေ့အထိကို တွယ်တာ တဲ့ လောဘ။

ဓမ္မတဏှာ –ဓမ္မာရဲ့၊ အာရုံ ငါးပါးကလွဲပြီး ကိုယ့်စိတ်ကူးနဲ့ ကိုယ် မနေ့ာထဲမှာ အတွေးအခေါ်ကို သာယာတဲ့ လောဘဆိုတဲ့ တဏှာ ၆ ပါးပါပဲ။

## တဏှာက ဘယ်လောက်ရှိသလဲ

တဏှာ ၆ မျိုးက တမျိုးတမျိုးမှာလဲ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာလို့ သုံးမျိုးစီ ရှိပါသေးတယ်။ ဓမ္မစကြာမှာပါတဲ့ တဏှာသုံးမျိုးကို သမ္မောအဋ္ဌကထာဆရာ ဖွင့်ပြတာက ရူပါရုံကို ခံစားချင်လို့ တွယ်တာတဲ့တဏှာက ကာမတဏှာတဲ့။ မိမိတွယ်တာတဲ့ ရူပါရုံဟာ မြဲပါတယ်လို့ ဒီလို သဿတဒိဋ္ဌိနဲ့တကွ ဖြစ်တဲ့ သာယာမှုက ဘဝတဏှာတဲ့။ ဒီ သာယာ:မြတ်နိုး တွယ်တာနေတဲ့ ရူပါရုံဟာ ပြတ်စဲသွားတယ်လို့ ဒီလို ဥစ္ဆေဒဒိဋ္ဌိနဲ့တကွ ဖြစ်တဲ့ သာယာမှုက ဝိဘဝတဏှာတဲ့။ အာရုံတခု တခုမှာ တဏှာက ၃ မျိုးစီ ဖြစ်သွားပြန်တယ်။

၁။ တဏှာသုံးတန်၊ တည်ထားပြန်၊ အာကာသံနှင့် မြောက်။

၂။ တဏှာအစစ်၊ တရာ့ရှစ်၊ ဖြစ်၏ လူမှာရောက်။

ဝေဒနာပစ္စယာ တဏှာမှာ အကျယ်ခွဲပြန်တော့ တဏှာ ၁၀၈- ပါး ရှိတယ်လို့ အဋ္ဌကထာဆရာက ဖွင့်ပြပါတယ်။ အာရုံ ၆ ပါးမှာ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဆိုတော့ သုံးမျိုးစီမှာ ၆ x ၃=၁၈ ခု ရပါတယ်။ ဒီတဏှာ ၁၈ ခုက မိမိသန္တာန်မှာလဲ ဖြစ်တယ်၊ သူတပါးသန္တာန်မှာလဲ ဖြစ်တယ်ဆိုတော့ ပေါင်းယင် ၃၆ ရပါတယ်။ အတိတ်ကာလကလဲ ဒီ ၃၆ က ဖြစ်ခဲ့တယ်၊ ပစ္စုပ္ပန်မှာလဲ ဖြစ်နေတယ်။ အနာဂတ်မှာလဲ ဖြစ်ဦးမှာဆိုတော့ ကာလ ၃ ပါးနဲ့ ထပ်ပြီး မြှောက်လိုက်ယင် အားလုံး တဏှာ ၁၀၈ ပါး ရသွားပါတယ်။

ဒါက အဘိဓမ္မာသင်ခါစ လူတိုင်းလူတိုင်း သရုပ်ကို မှန်မှန်ရနိုင်ဖို့ လွယ်ကူအောင် လက်ာလေးတွေနဲ့ သင်တဲ့နည်းပါ။

## ၈။ တဏှာပစ္စယာ ဥပါဒါန်

တဏှာဖြစ်ယင် ဥပါဒါန်ဖြစ်တယ်ဆိုတော့ ဥပါဒါန်က ဗမာစကား ဖြစ်နေတယ်။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက် ဆိုတဲ့ ဗမာစကားမှာ ဥပါဒါန်ဟာ စွဲလမ်းမှုပါပဲ။ ဥပါဒါန်ကို ဒီအတိုင်းပဲ ဘာသာပြန်တာ ကောင်းပါတယ်။ တဏှာဆိုတဲ့ တွယ်တာမှု ပေါ်လာယင် ဥပါဒါန် စွဲလမ်းမှု ဖြစ်ပါတယ်။ တဏှာကြောင့် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန် ၄ မျိုး ဖြစ်တယ်။

တကယ် တရားကို ပေါက်ရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဝိပဿနာကို တထိုင်တည်းနှင့် တရားတပွဲတည်းနှင့် မဂ် ဖိုလ် ရချင်သူတွေ ဆိုယင် ဥပါဒါန်ကို သဘောပေါက်တာနဲ့ မဂ် ဖိုလ် ရသွားကြပါတယ်။

### ကာမုပါဒါန်

ကာမုပါဒါန်ဆိုတာက ကာမ+ဥပါဒါန်ပါပဲ။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်ဆိုတော့ တဏှာက အဘိဓမ္မာမှာ လောဘပါ။ တဏှာဆိုတဲ့ လောဘကြောင့် 'ကာမုပါဒါန်' ကာမဂုဏ်တရားတွေမှာ စွဲလမ်းမှု လောဘ ဖြစ်တယ်။ ဒါကလဲ လောဘ စေတသိက်ပါ။ ဒါကြောင့် တဏှာပစ္စယာ ဥပါဒါန်မှာ လောဘကြောင့် လောဘဖြစ်တယ် ဆိုတဲ့ အဓိပ္ပာယ် ဖြစ်နေပါတယ်။ ဒီလို တူနေယင် တဏှာပစ္စယာ ဥပါဒါန်က လောဘနဲ့ ကာမုပါဒါန်က လောဘ ဘယ်လိုထူးသလဲ။

### တဏှာနှင့် ဥပါဒါန် ဘယ်လို ထူးသလဲ

အဋ္ဌကထာ ဋီကာဆရာတွေက ဝေဒနာပစ္စယာ တဏှာဆိုတဲ့ လောဘက သိပ်အားမကြီးသေးပါ။ သူက ဣဋ္ဌ ရူပါရုံနဲ့တွေ့ယင် သောမနဿ သုခဝေဒနာ ဖြစ်တယ်။ လှတဲ့ ရူပါရုံနဲ့တွေ့ယင် သူ

သဘောကျတယ်။ ကျေနပ်တယ်။အဲဒီစိတ်က လောဘဆိုတော့ တဏှာပဲ။ လောဘဖြစ်ရုံပဲ ဖြစ်တယ်၊ သိပ်အားမကြီးသေးတော့ နောက်ပြန်ဆုတ်လို့ ရသေးတယ်။အနိဋ္ဌာရုံနဲ့တွေ့လို့ ကိုယ်က မကြိုက်တဲ့အခါမှာ ဝေဒနာ ပစ္စယာ တဏှာမှာ ဝေဒနာပစ္စယာ ဒေါသောဆိုပြီး ဒေါသဖြစ်တယ်။ အဲဒီ ဒေါသကလဲ သိပ်အားမကြီးသေးတော့ နောက်ပြန်ဆုတ်လို့ ရပါ သေးတယ်။

ကာမုပါဒါန်ကျတော့ ဥပါဒါန်လောဘ ဖြစ်တယ်ဆိုယင် သူက မရပဲ မနေ၊ရအောင် လိုက်ရှာတယ်။ သူက ပိုပြီး အားကြီးတယ်။လောဘ ကြောင့် လောဘဖြစ်တယ် ဆိုတာက အမှန်ဖြစ်သော်လဲ အကြောင်း အကျိုးက ပြောလို့မလွယ်လှပါ။ ဝေဒနာပစ္စယာ တဏှာက လောဘက အားနည်းသော လောဘ၊ တဏှာပစ္စယာ ဥပါဒါန်က အားကြီးသော လောဘ၊ အားနည်းသော လောဘကြောင့် အားကောင်းသော လောဘ ဖြစ်ပါတယ်။ ကာမုပါဒါန်လောဘက ကာမဂုဏ်တရားတွေကို မရလျှင် ရအောင်ရှာတော့ လောဘအကြီးစား ဖြစ်သွားပါတယ်။

**ဒိဋ္ဌုပါဒါန်**

ပါဠိမှာတော့ ဒိဋ္ဌိ+ဥပါဒါန်ပါပဲ။ တဏှာပစ္စယာ ဥပါဒါန်= တဏှာကြောင့် အယူဝါဒတွေကို လူတွေ စွဲလမ်းကြတယ်။ ဒိဋ္ဌိဆိုတာက အယူဝါဒပါ။ ဥပမာ–ဆရာတယောက်ယောက် ဟောပြောတဲ့ အယူ ဝါဒကို ကိုယ်တိုင် သဘောကျတော့ တဏှာဖြစ်တယ်၊ တဏှာဖြစ်တော့ ဒီဆရာ ဟောပြောတဲ့ ဝါဒကို လက်ခံတယ်၊ သူဟောပြောတဲ့ အယူ ဝါဒကို လက်ခံယင် ဒိဋ္ဌုပါဒါန်ပါပဲ။ ဒိဋ္ဌိကလဲ ၆၂ ပါး ရှိပါတယ်။

လောဘက အကုသိုလ် စေတသိက်ဆိုပေမယ့် ရိုးရိုး လောဘက အပါယ်ကို မချသလို ဒိဋ္ဌိက အကုသိုလ် စေတသိက် ဆိုသော်လဲ ဒိဋ္ဌိ တိုင်းလဲ အပါယ်မချပါ။ တဏှာကြောင့် ဥပါဒါန်ဖြစ်တဲ့ ဒိဋ္ဌိမှာက ဘယ်ဒိဋ္ဌိ အဆိုးဆုံးလဲ။ ဗုဒ္ဓဘာသာမှာ မိစ္ဆာဒိဋ္ဌိလို့ ခေါ်တဲ့ နတ္ထိက ဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိနဲ့ အကိရိယ ဒိဋ္ဌိတို့က အဆိုးဆုံးပါပဲ။ ဝိဘင်း ပါဠိတော်မှာ ကတမံဒိဋ္ဌုပါဒါန် ဆိုပြီး ဒိဋ္ဌိကို ဖွင့်ပြတာမှာ ၆၂ ပါး လုံးကို မဖွင့်ပါ။ မိစ္ဆာဒိဋ္ဌိ ၁၀ ပါးကိုသာ ဖွင့်ပြပါတယ်။ ဝိပဿနာ

သမားတွေ ပြောနေတဲ့ သက္ကာယဒိဋ္ဌိက မိစ္ဆာဒိဋ္ဌိ ၁၀ ပါးထဲမှာ မပါပါ။ သက္ကာယဒိဋ္ဌိဆိုတာက လူမှန်ယင် ရှိမှာပါပဲ။ သက္ကာယဒိဋ္ဌိရှိလို့လဲ လူလုပ်နေလို့ ရတာပါ။

## နတ္ထိက ဒိဋ္ဌိ

နတ္ထိက ဒိဋ္ဌိ ဆိုတာက ကောင်းတာလုပ်လဲ ကောင်းကျိုး မရှိ၊ မကောင်းတာလုပ်လဲ မကောင်းကျိုး မပေး၊ ရှေးဘဝလဲ မရှိ၊ နောက်ဘဝလဲ မရှိလို့ ယူဆတဲ့ အယူမျိုးပါ။ ကုသိုလ်ကောင်းမှု ဒါန သီလ လုပ်တာ နောက်ဘဝမှာ ကောင်းကျိုးမပေး၊ အကုသိုလ်တွေလုပ်လဲ နောက်ဘဝမှာ အပြစ်မရှိဆိုပြီး အကျိုးကို ပယ်တာပါ။ ဆိုလိုရင်းကတော့ ကုသိုလ် လုပ်လုပ်၊ အကုသိုလ် လုပ်လုပ် ဘာမှ အကျိုး မဖြစ်ဆိုတာက နတ္ထိက ဝါဒပါ။

## အဟေတုကဒိဋ္ဌိ

အဟေတုက ဒိဋ္ဌိက အ + ဟေတု (အကြောင်း မရှိ) ဒီ ဒိဋ္ဌိက အတိတ်ကံကို မယူပဲ အကြောင်းကို ပယ်တာပါ။ လူဖြစ်လာတာ အတိတ်ကုသိုလ်ကံကြောင့် မဟုတ်၊ အဖေနဲ့ အမေ မင်္ဂလာဆောင်လို့ လူဖြစ်တာပါ ဆိုပြီး မြင်သလောက်နဲ့ပဲ ဆုံးဖြတ်ပါတယ်။ ချမ်းသာတဲ့ လူတွေဟာ အတိတ်က ကောင်းမှုတွေ လုပ်ခဲ့လို့ ချမ်းသာတာပဲ၊ ဆင်းရဲတဲ့ သူတွေကတော့ အတိတ်ဘဝက မကောင်းတာတွေ လုပ်ခဲ့လို့ ဆင်းရဲတာပဲလို့ ဗုဒ္ဓဘာသာက ယူတာပါ။ သူတို့ကတော့ 'ဘယ်သူတွေ မကောင်းတာတွေ လုပ်နေလဲ ချမ်းသာနေတာပဲ၊ ချမ်းသာတာက အတိတ်အကြောင်း မဟုတ်ပါဘူး၊ ဆင်းရဲတာကတော့ ခနရှင်တွေက သွေးစုပ်လို့ ခေါင်းပုံဖြတ်လို့' ဆိုပြီး ပစ္စုပ္ပန်ကိုပဲ ကြည့်ပြောတာပါ။ ဒီအဟေတုက ဒိဋ္ဌိက အကြောင်းကို ပယ်တာပါ။

## အကိရိယဒိဋ္ဌိ

(အ = မရှိ+ကိရိယ = ပြုခြင်း) ဒီ ဒိဋ္ဌိကတော့ 'အကိရိယ' ပြုပေမယ့် ပြုရာမရောက်လို့ အဓိပ္ပာယ် ဘာသာပြန်ရတယ်။ ဗုဒ္ဓ အဘိဓမ္မာမဟုတ်တဲ့ သူတို့ခေတ် သူတို့အဘိဓမ္မာမှာ ဗမာပြည်မှာရှိတဲ့ ပစ္စည်း

အားလုံး ဗမာတွေ လူတိုင်းလူတိုင်း ပိုင်တယ်၊ သူ့ပစ္စည်း ကိုယ့်ပစ္စည်း မရှိ၊ သူပိုင် ကိုယ်ပိုင် မရှိ၊ ဘာပဲယူယူ အကုသိုလ်ကံ မဖြစ်နိုင်ဘူး၊ ခိုးပေမယ့်လဲ ခိုးရာမရောက် ဆိုပြီး ကံကို ဖျက်ပစ်တာပါပဲ။

ပါဏာတိပါတမှာလဲ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ငါမရှိ၊ သူမရှိ၊ နာမ်နဲ့ရုပ်ပဲလို့ သူတို့အဘိဓမ္မာက ထိပ်တန်းရောက်နေတော့ ပုဂ္ဂိုလ်မှ မရှိပဲ ဘယ်သူ့ကို သတ်မလဲ၊ သတ်စရာပုဂ္ဂိုလ် မရှိတော့ သူတပါး အသက် သတ်တယ်ဆိုတာ မဖြစ်နိုင်၊ သူတပါးပစ္စည်း ခိုးတယ်ဆိုတာလဲ ခိုးရာမရောက်လို့ ဒီလို ထိပ်တန်းအဘိဓမ္မာတွေနဲ့ ပြောတော့ ယုံကြည်မှု မရှိသူတွေဟာ ပါသွားတာ များပါတယ်။ သို့သော်လဲ ဒီဝါဒက ကံခန်းကို စနစ်တကျ ဖျက်ဆီးတဲ့ ဝါဒပါ။

**အဘိဓမ္မာမတတ်ယင် တရားမဟောပါနဲ့**

ဒါကြောင့် အဌကထာဆရာက အဘိဓမ္မာမတတ်ပဲ တနေ့တရားပွဲ တရာပဲဟောပါစေ၊ ဒီပုဂ္ဂိုလ်ဟာ ဓမ္မကထိက မဖြစ်နိုင်ဘူးတဲ့။ ဘာကြောင့်လဲဆိုယင် ကံတပါးကို တပါးနဲ့ ရောယှက်ပြီး ဟောတတ်ပါတယ်တဲ့။ ကံခန်းမှာဆိုယင် ပုဂ္ဂိုလ် သတ္တဝါ ရှိရပါတယ်။ ဝိပဿနာခန်းကျမှ ပုဂ္ဂိုလ် သတ္တဝါ ဖြုတ်ရမှာပါ။ ကံခန်း အဘိဓမ္မာနဲ့ ဝိပဿနာခန်း အဘိဓမ္မာရောလိုက်တော့ သူတပါးအသက် သတ်တာလဲ မဖြစ်နိုင်၊ သူတပါးပစ္စည်း ခိုးတယ်ဆိုတာလဲ ခိုးရာမရောက် ဖြစ်ကုန်တာပါပဲ။

ဒီ ဒိဋ္ဌိသုံးပါးကို အဘိဓမ္မာမှာ နိယတမိစ္ဆာဒိဋ္ဌိလို့ ဆိုပါတယ်။ ဒီအယူဝါဒကို မစွန့်ပဲ ဒီအယူဝါဒနဲ့ သေယင် ဧကန်မုချ ငရဲကျမှာပါ။ သေခါနီး မရဏာသန္နဇောမှာ ဒီအယူဝါဒ ရောက်လာပြီ။ ဒီလောဘ ဇောစောယင် ငရဲကို ရောက်မှာပါ။ ဒီအယူဝါဒတွေကို ဟောပြော တော့ စာအုပ်ဖတ်တော့ သဘောကျတယ်ဆိုယင် တဏှာပစ္စယာ ဒိဋ္ဌု ပါဒါန်ပါပဲ။ ဒီဝါဒမျိုးကို ခေတ်လူငယ်တွေကိုသာ သင်ပေးလိုက်ရမယ် ဆိုယင် တကမ္ဘာလုံးဟာ ခဏကလေးနဲ့ ပျက်သွားမှာပါ။

**သီလဗ္ဗတုပါဒါန်**

သီလဗ္ဗတုပါဒါန် ဆိုတာက ပါဠိလို သီလ-က သီလ၊ ဝတ-က အကျင့်၊ ဥပါဒါန်-က စွဲလမ်းမှု။ အဓိပ္ပာယ်က အကျင့်သီလ၌ စွဲလမ်းမှု

ပါပဲ။ တဏှာရှိယင် သီလဗ္ဗတုပါဒါန် ဖြစ်တယ် ဆိုတာကို အဋ္ဌကထာဋီကာဆရာတွေ ဖွင့်တာက နွားလိုကျင့်တဲ့အကျင့်၊ ခွေးလိုကျင့်တဲ့အကျင့်မျိုးတွေ ဘုရားလက်ထက်တော်တုန်းက တိတ္ထိတွေကျင့်တဲ့ အကျင့်တွေ အများကြီးရှိခဲ့တယ်။ အဲဒီအကျင့်များကို စွဲလမ်းမှုဟာ သီလဗ္ဗတုပါဒါန်လို့ ဖွင့်တာ များပါတယ်။

မဇ္ဈိမနိကာယ် ပါဠိတော်မှာ "ဣမိနာ သီလေန ဝါ ဝတေန ဝါ ဒေဝေါ ဘဝိဿာမိ" စသဖြင့် ရှိနေတော့ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် လောကီစည်းစိမ် ခံစားဖို့ ရည်မှန်းပြီး ကျင့်တဲ့ အကျင့်မျိုး၊ ဆောက်တည်တဲ့ သီလမျိုးဆိုယင် သီလဗ္ဗတုပါဒါန်ပါပဲ။ ဗုဒ္ဓဘာသာကတော့ ဒါနပဲလုပ်လုပ်၊ သီလပဲလုပ်လုပ်၊ ဝိပဿနာပဲရှုရှု၊ ဘယ်အကျင့်ကိုပဲ ကျင့်ကျင့်၊ ဥ၁ ဘုံက လွတ်မြောက်ရေးပါ။

**ဘယ်လို အကျင့်သီလမျိုးလဲ**

သီလဗ္ဗတုပါဒါန်က တဏှာရှိယင် 'တို့အကျင့်က ကောင်းတယ်၊ ဟိုလူတွေအကျင့်က မကောင်းဘူး၊ တို့အကျင့်က မှန်တယ်၊ သူတို့အကျင့်က မှားတယ်၊ တို့သီလက မြတ်တယ်၊ သူတို့သီလက မမြတ်ဘူး' စသည်ဖြင့် ကိုယ့်အကျင့် ကိုယ့်သီလများကို စွဲလမ်းပြီး နေတာပါ။ ဘုရားပွင့်တဲ့ အခါကာလ မဟုတ်တော့ သူတို့အယူဝါဒတွေက လောကမှ ထွက်မြောက်နိုင်တဲ့ အကျင့်မျိုးတွေ မဟုတ်ပါ။ အဲဒီ သီလမျိုးကလဲ တဏှာကြောင့် ဖြစ်တာပါပဲ။ သီလဗ္ဗတုပါဒါန်က တရားကိုယ်က ဒိဋ္ဌိစေတသိက်ပါ။ သူတို့ဆောက်တည်တဲ့ သီလ၊ သူတို့ကျင့်တဲ့ အကျင့်တွေက အမှန်အားဖြင့် ဥ၁ ဘုံက ထွက်မြောက်ရေးမဟုတ်ပါ။ မဟုတ်ပေမယ့် ဒီသီလ ဒီအကျင့်တွေနဲ့ နိဗ္ဗာန်ကို ရနိုင်တယ်ဆိုပြီး ကျင့်ကြတော့ နိဗ္ဗာန်ကို ရည်မှန်းသော်လဲ သူတို့ အကျင့်သီလတွေက မှားနေတော့ အကျင့်သီလအပေါ်မှာ မှားသောအားဖြင့် သုံးသပ်တယ်ဆိုတဲ့ ဒိဋ္ဌိတမျိုးပါ။

ဒါကြောင့် ဒီအယူဝါဒကို သံယောဇဉ် ၁၀ ပါးမှာ သီလဗ္ဗတပရာမာသ သံယောဇဉ်လို့ ခေါ်ပါတယ်။ အကျင့်ကို မှားသောအားဖြင့် သုံးသပ်တယ်ဆိုတဲ့ ဒိဋ္ဌိပါ။ တဏှာပစ္စယာ ဥပါဒါန်မှာ

ဒိဋ္ဌုပါဒါန်ကလဲ ဒိဋ္ဌိ၊ သီလဗ္ဗတုပါဒါန်ကလဲ ဒိဋ္ဌိပါပဲ။ သို့ပေမယ့် ဒိဋ္ဌိချင်းက မတူပါ။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ခံစားရအောင် ဆောက်တည်တဲ့ မှန်တဲ့သီလတို့၊ မှန်တဲ့အကျင့်တို့ဆိုယင် လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ရနိုင်ပါတယ်။ ဒိဋ္ဌိတော့ ဒိဋ္ဌိပဲ၊ ဒိဋ္ဌိတိုင်း အကုသိုလ်တိုင်းကလဲ အပါယ်ချတာမဟုတ်ပါ။ သီလဆောက်တည်တာမှာ ၃၁ ဘုံမှ ထွက်မြောက်ရေး မဟုတ်လို့သာ ဥပါဒါန်မှာ ထည့်ရတာပါ။

## အတ္တဝါဒုပါဒါန်

အတ္တဝါဒ+ဥပါဒါန်။ ဒီ ဥပါဒါန်ကလဲ ဒိဋ္ဌိစေတသိက်ပါပဲ။ သက္ကာယဒိဋ္ဌိ အပ္ပုစ္ဆံပုံက ခန္ဓာငါးပါးမှာ ရုပ်ကို အတ္တလို့ စွဲသူရှိတယ်၊ ဝေဒနာကို အတ္တလို့ စွဲသူရှိတယ်၊ သညာကို အတ္တလို့ စွဲသူရှိတယ်၊ သင်္ခါရကို အတ္တလို့ စွဲသူရှိတယ်၊ ဝိညာဏ်ကို အတ္တလို့ စွဲသူရှိတယ်၊ ရှင်းရှင်းကတော့ ဒီခန္ဓာကိုယ်ကို ငါလို့ ထင်နေတာပါပဲ။ အနတ္တလက္ခဏသုတ်ကို ဘုရားရှင် ဟောတော်မူတာကလဲ ဒီအတ္တဝါဒကို ပျောက်အောင် ဟောတာပါပဲ။ အတ္တဝါဒကို ပြုတ်အောင် ဟောနိုင်တာကလဲ သမ္မာသမ္ဗုဒ္ဓ ဘုရားမှလွဲပြီး ဘယ်ဘုရားမှ ဟောနိုင်တာ မရှိပါ။

## စူဠသီဟနာဒသုတ်

မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်မှာ စူဠသီဟနာဒသုတ် ဆိုတာ ရှိပါတယ်။ သီဟ=ခြင်္သေ့+နဒ=ဟောက်သည်ဆိုတော့ ခြင်္သေ့များ ဟောက်လိုက်တဲ့အခါ တောသုံးတောင်မှာရှိသမျှ သတ္တဝါတွေ အားလုံး ကြောက်လန့်ကြပြီး ဘယ်သူမှ မလှုပ်ဝံ့ကြပါ။ မြတ်စွာဘုရားတို့ မည်သည်မှာလဲ တခါတရံ သီဟနာဒ ရဲရင့်သော မိန့်ခွန်းတော်များ မြွက်ဟတော်မူကြပါတယ်။ ယခုခေတ်မှာ ကြေငြာချက်ထုတ်တဲ့ သဘောပါပဲ။

မြတ်စွာဘုရားက သမ္မာသမ္ဗုဒ္ဓ ဘုရားမှတပါး ကမ္ဘာပေါ်မှာ ပေါ်လေသမျှ ဘုရားပြိုင်တို့၏ သူတို့ဟောပြောချက်များ လုပ်ငန်းစဉ်များမှာ အတ္တဝါဒက လွန်မြောက်နိုင်တဲ့ တရားမျိုး မရှိ၊ လုပ်ငန်းစဉ်

မျိုး မရှိလို့ သီဟနာဒ ရဲရဲရင့်ရင့် မိန့်ကြားခဲ့ပါတယ်။ ဒီအခါမှာ ဘုရားပြိုင်တွေကလဲ သူတို့ သာသနာမှာ အတ္တဝါဒက လွန်မြောက်တဲ့ နည်းလမ်းရှိပါတယ်လို့ တဦးတယောက်မျှ ထွက်မပေါ်မလာပါ။ ဒီ စူဠ–သီဟနာဒသုတ်မှာ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်နဲ့ သီလဗ္ဗတုပါဒါန် ဒီ ၃ ပါးကို လွန်မြောက်အောင် ဟောနိုင်တဲ့ ဘုရားပြိုင်မျိုးတော့ ရှိနိုင်ပါတယ်တဲ့။ အတ္တဝါဒုပါဒါန်ကို လွန်မြောက်အောင် ဟောနိုင်တဲ့ ဘုရားပြိုင်မျိုးကတော့ မရှိနိုင်ပါတဲ့။ အတ္တဝါဒုပါဒါန်က သမ္မာသမ္ဗုဒ္ဓ ဘုရားမျိုး ပွင့်တဲ့အခါကျမှ တခါတခါ ဟောနိုင်တာပါလို့ အတည့် အလင်း မိန့်ကြားထားခဲ့ပါတယ်။

## ကံခန်းနှင့် သက္ကာယဒိဋ္ဌိ

သက္ကာယဒိဋ္ဌိဆိုတဲ့ အမိပ္ပာယ်ဟာ ဘယ်လောက် နက်နဲသလဲ ဆိုတော့ တွေးတောကြည့်ရုံဖြင့် **စိတ်မောစရာကြီး**ပါပဲ။ လူတွေဟာ ခန္ဓာကိုယ်ကြီးကို 'ငါ'လို့ ထင်တယ်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ထင်တယ်။ ငါကုသိုလ်လုပ်ယင် ကုသိုလ်ရတယ်။ ကုသိုလ်ကလဲ ဘဝဆက်တိုင်းဆက်တိုင်း နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အကျိုးပေးမယ်။ ငါ အကုသိုလ်လုပ်ယင် အကုသိုလ်ဖြစ်မယ်။ အကုသိုလ်က မကောင်းကျိုးကို ပေးမယ်ဆိုတာ ယုံကြည်တယ်။ အတိတ်ဘဝ ရှိတယ်။ အနာဂတ်ဘဝရှိတယ်။ ယခုဘဝက ကုသိုလ်ကောင်းမှု လုပ်ယင် နောက် ကောင်းတဲ့ဘဝ ရောက်တယ်။ နိဗ္ဗာန် မရောက်သေးခင် မကောင်းတာလုပ်တဲ့သူက မကောင်းတဲ့ဘဝ ရောက်မယ်ဆိုပြီး 'ဘဝ ရှိတယ်'လို့ ကံခန်းမှာ ခံယူလာခဲ့ကြပါတယ်။

## ဝိပဿနာခန်းနှင့် ပဋိစ္စသမုပ္ပါဒ်

ဗုဒ္ဓဘာသာတရားမှာ အတ္တဝါဒ သက္ကာယဒိဋ္ဌိက လွန်မြောက်အောင် ပြောတဲ့အခါကျတော့ ကံခန်းနဲ့ ဝိပဿနာခန်းကို မရောစေပဲ ရှင်းလင်းအောင် ပြောဖို့က အလွန် အရေးကြီးပါတယ်။ ပဋိစ္စသမုပ္ပါဒ် တရားတော်ဟာ သက္ကာယဒိဋ္ဌိပျောက်အောင် ဟောခဲ့တာပါ။ ဆန္ဒမထေရ်ဟာ ဘုရားရှင်ကိုယ်တိုင် ၄၅ ဝါပတ်လုံး တရားဟောခဲ့ပေမယ့် တရားမရခဲ့ပါ။ ဘုရားပရိနိဗ္ဗာန် စံတော်မူပြီး ဗြဟ္မ

ဒဏ် ပေးခံရလို့ သူ့ကို ဘယ်သူကမှ ပြောသူ ဆိုသူ မရှိတော့မှ ရှင်အာနန္ဒာကို တောင်းပန်ပါတယ်။ ရှင်အာနန္ဒာက ဆန္နမထေရ် တရားမရတာ သက္ကာယဒိဋ္ဌိ ရှိနေတယ်လို့ဆိုတာ သိတာနဲ့ သက္ကာယဒိဋ္ဌိကို ဖြိုခွဲနိုင်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဟောတော့မှ တရား ရသွားပါတယ်။

ခန္ဓာကိုယ်ကြီးကို အတုံးလိုက် အခဲလိုက် လူပဲ သတ္တဝါပဲ ယောကျ်ား မိန်းမပဲလို့ စွဲလာတဲ့ အစွဲကြီးကို ပျက်ပြုန်းသွားအောင် ဟောဖို့ ပြောဖို့က အင်မတန် နက်နဲပါတယ်။ ဗုဒ္ဓဘာသာမှာ အမြင့်ဆုံး တရား ဖြစ်လို့လဲ သိမ်မွေ့လှပါတယ်။ ဘယ်လောက် နက်နဲ သိမ်မွေ့သလဲဆိုတာက ပုထုဇဉ် ဉာဏ်နဲ့ တွေးလို့ မရနိုင်အောင်ပါပဲ။

## ပဋိစ္စသမုပ္ပါဒ်နှင့် သက္ကာယဒိဋ္ဌိ

ကံခန်းမှာ ကုသိုလ်ကောင်းမှုလုပ်ယင် နောက်ဘဝမှာ ကောင်းတဲ့ဘဝ ရောက်မယ်၊ မကောင်းမှုလုပ်ယင် မကောင်းတဲ့ဘဝ ရောက်မယ်ဆိုတာကို ဟောပြောလဲ နေကြပါတယ်။ ရေးသားလဲ နေကြပါတယ်။ ပုဂ္ဂိုလ်ရှိတယ်၊ သတ္တဝါရှိတယ်ဆိုတဲ့ ကံခန်း အယူအဆက နေပြီး ဝိပဿနာခန်း ရောက်တော့ ယောကျ်ား မရှိ၊ မိန်းမ မရှိ၊ လူ မရှိ၊ ပုဂ္ဂိုလ် မရှိ၊ ရုပ် နာမ်ပဲ ရှိတယ်။ ရုပ် နာမ် ၂ ပါးကလဲ အကြောင်းကြောင့် ဖြစ်ပေါ်လာတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်တယ်၊ နာမ် ရုပ်ကြောင့် သဠာယတနဖြစ်တယ်လို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ဟောလိုက်တဲ့အခါ လူရှာလို့လဲ မတွေ့၊ ပုဂ္ဂိုလ်ရှာလဲ မတွေ့၊ သတ္တဝါလဲ မတွေ့ "အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်၊ အကြောင်းတရားမရှိယင် အကျိုးတရားမရှိ" လို့ အဲဒီလို သဘောပေါက်ခါမှ သက္ကာယဒိဋ္ဌိက ပျောက်မှာပါ။

သက္ကာယဒိဋ္ဌိက ဝိညာဏ်ကို အတ္တလို့စွဲပြီး ဒီဘဝမှာ ရုပ်ကြီးက သင်္ချိုင်းကုန်း ပစ်လိုက်ရတဲ့အခါမှာ ဝိညာဏ်က တဘဝကို ပြောင်းသွားတယ်လို့ ကံခန်းမှာ ယူဆလာခဲ့ကြတာပါ။ ဒီအယူဝါဒက ဘဝမရှိဘူးလို့ ယူတဲ့ နတ္ထိကဒိဋ္ဌိနဲ့ အဟေတုကဒိဋ္ဌိတို့နဲ့စာယင် ကောင်းရာ သုဂတိကို ရောက်နိုင်တဲ့ အယူပါပဲ။

ဒီအယူနဲ့ ဝိပဿနာခန်းကို တက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ ကံခန်းမှာတော့ ဒီအယူအဆက ဟုတ်ပါတယ်။ သို့ပေမယ့် တကယ့် ဝိပဿနာဉာဏ်နဲ့ကျတော့ ဝိပဿနာဉာဏ်က အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်းသိတဲ့ ယထာဘူတဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ်တွေနဲ့ ကြည့်တော့ "နာမ်ရုပ်ပဲရှိတယ်၊ ဒီနာမ်နဲ့ ရုပ်ဟာလဲ အကြောင်းကြောင့် အကျိုးဖြစ်နေတာပဲ" လို့ ဒီလို ဉာဏ်အမြင်မျိုး ပေါက်သွားတာနဲ့ သက္ကာယဒိဋ္ဌိဟာ ပြုတ်သွားတာပါပဲ။

## အတ္တဝါဒုပါဒါန်နှင့် နိကာယ်ငါးရပ်

အတ္တဝါဒုပါဒါန် ဘယ်က စဖြစ်လာသလဲဆိုယင် တဏှာ ပစ္စယာ ဥပါဒါနံ = တဏှာကြောင့် ဖြစ်လာတာပါပဲ။ အတ္တ သမံ ပေမံ နတ္ထိ= လူမှန်ယင် ကိုယ့်ခန္ဓာကိုယ်ကို မတွယ်တာတဲ့သူ မရှိပါ၊ ဘယ်သူမှ မသေချင်ပါ၊ မအိုချင်ပါ၊ မနာချင်ပါ၊ ကိုယ့်ခန္ဓာကိုယ်ကို ချမ်းသာစေချင်တဲ့ တဏှာတော့ ရှိနေတာပါပဲ။

တဏှာရှိယင် ဒီတဏှာကြောင့်ပဲ အတ္တဝါဒ—သက္ကာယဒိဋ္ဌိ ဖြစ်လာတာပါပဲ။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အမြင့်ဆုံးတရားကတော့ ဒီ အတ္တဝါဒုပါဒါန်ကို ဖြိုခွဲဖို့ပါပဲ။ သို့ပေမယ့် လူတိုင်းပဲ အတ္တဝါဒု-ပါဒါန်ကို ဖြိုခွဲနိုင်သလားဆိုတော့ ကာမုပါဒါန်ကို ဖြိုခွဲနိုင်တဲ့သူက ကာမုပါဒါန်ကို ဖြိုခွဲဖို့၊ ဒိဋ္ဌုပါဒါန်ကို ဖြိုခွဲနိုင်တဲ့သူက ဒိဋ္ဌုပါဒါန်ကို ဖြိုခွဲဖို့ပါပဲ။ ကံခန်းမှာ ဒိဋ္ဌုပါဒါန်ရှိပေမယ့် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိနဲ့ အကိရိယဒိဋ္ဌိ သုံးပါးက လွတ်ယင် ဗုဒ္ဓဘာသာ ခေါ်နိုင်ပါတယ်။

ကမ္မဿကတ သမ္မာဒိဋ္ဌိ ဗုဒ္ဓဘာသာက တဆင့်တက်ပြီး ဒီဘဝမှာပဲ မဂ် ဖိုလ် နိဗ္ဗာန် ရဖို့ဆိုယင်တော့ သက္ကာယဒိဋ္ဌိခေါ်တဲ့ အတ္တဝါဒု-ပါဒါန်ကို ဖြုတ်ရပါမယ်။ မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောသွားတဲ့ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်တို့မှာ လိုရင်းကို ချုပ်မယ်ဆိုယင် သက္ကာယဒိဋ္ဌိပြုတ်ဖို့ ဟောတာပဲ များပါတယ်။

# ၉။ ဥပါဒါန ပစ္စယာ ဘဝေါ

ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်ဆိုတော့ ဘဝက နှစ်မျိုးရှိပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ ဘဝပြဿနာ နည်းနည်းရှိပါတယ်။ "လောကမှာလဲ ဘဝ ပြဿနာ ရင်ဆိုင်နေကြတာပဲ" ဆိုပြီး ဗမာစကားမှာ သုံးတဲ့ 'ဘဝ' ဆိုတာက လူ့ဘဝပါ။ ပဋိသန္ဓေနေပြီး မွေးသည့်နေက စ၍ သေသည့် နေ့အထိကို ဘဝလို့ ခေါ်တာပါ။ ဒါက ဥပပတ္တိဘဝ ဆိုတဲ့ လူ့ဘဝ နတ်ဘဝ ဗြဟ္မာ့ဘဝလို့ ဘဝကြီးကိုးပါး အဘိဓမ္မာမှာ ခွဲထားတာ ရှိပါတယ်။ အဲဒီ ဥပပတ္တိဘဝကို 'ဘဝ' လို့ ခေါ်တာက နားလည် နိုင်ပါတယ်။

**ကမ္မဘဝ**

ကမ္မဘဝဆိုတာက 'ကံ' ကိုပဲ ဘဝလို့ ခေါ်ပါတယ်။ ဒါကလဲ ပဋိစ္စသမုပ္ပါဒ်နဲ့ ကျတော့မှ ကံကို ဘဝလို့ ခေါ်တာ နားလည်မှာပါ။ ဥပါဒါန်ကြောင့် 'ကံ' တွေ လုပ်ကြတယ်၊ ဥပါဒါန်ကြောင့် ကုသိုလ်ကံ အကုသိုလ်ကံတွေ လုပ်ကြတော့ ကမ္မဘဝဆိုတဲ့ ကံတွေ ဖြစ်လာတယ်။ ဘာကံလဲဆိုယင် ၃၁ ဘုံက လွတ်မြောက်ကြောင်းတော့ မဟုတ်ပါ။ ၃၁ ဘုံမှာ ကျင်လည်စေတဲ့ ကံ၊ ဥပါဒါန်ကြောင့် လုပ်တဲ့ ကံပါ။

ကာမုပါဒါန်က လူ့စည်းစိမ် နတ်စည်းစိမ်ဆိုတဲ့ ကာမဂုဏ်တွေ ခံစားဖို့ ဘဝတိုင်း ဘဝတိုင်း ချမ်းသာချင်လို့ ဒါန အလှူပေးမယ်၊ သီလ ဆောက်တည်မယ်၊ သမထ ဘာဝနာ အားထုတ်မယ်ဆိုပြီး ကောင်းတာတွေလုပ်ယင် ကောင်းတဲ့ဘဝတွေ ရောက်မယ်၊ ကာမဂုဏ် စည်းစိမ်တွေ ဖြစ်တိုင်း ဖြစ်တိုင်း ဘဝမှာ ခံစားရမယ်ဆိုပြီး ဥပါဒါန် ကြောင့် အကုသိုလ်ကံတွေလုပ်ယင် မကောင်းတဲ့ဘဝတွေ ရောက်မယ်။

ဒိဋ္ဌုပါဒါန်ကလဲ ဥစ္ဆေဒဒိဋ္ဌိနဲ့ ဘဝတခုခုမှာ ဘဝပြတ်နိုင် တယ်ဆိုပြီး ဒါန သီလ သမထတွေ လုပ်ယင် ကောင်းတဲ့ဘဝတွေ ရောက်မယ်၊ "ပါဏာတိပါတ ကံ မရှိ၊ အဒိန္နာဒါန ကံ မရှိ ဆိုတဲ့ အယူဝါဒ စွဲလမ်းမှုနဲ့ အကုသိုလ်ကံတွေလုပ်ယင် မကောင်းတဲ့ဘဝတွေ ရောက်မယ်၊ သီလဗ္ဗတုပါဒါန်ကလဲ ဒီ သီလ ဒီအကျင့်တွေ ကျင့်တာဟာ

ဗြဟ္မာဖြစ်ဖို့ နတ်ဖြစ်ဖို့ ဆိုပြီး ကုသိုလ်ကံတွေလုပ်ယင် ကောင်းတဲ့ဘဝ တွေ ရောက်မယ်၊ မကောင်းမှု ကံတွေလုပ်ယင် မကောင်းတဲ့ဘဝ ရောက်မယ်။

အတ္တဝါဒုပါဒါန်မှာလဲ အတ္တဝါဒရှိတဲ့ ပုဂ္ဂိုလ်က ဘဝကောင်း စားရေးအတွက် ကုသိုလ်ကောင်းမှု လုပ်သူလဲ ရှိတယ်၊ အကုသိုလ် လုပ်သူလဲ ရှိတယ်။ အဲဒီ ပုဂ္ဂိုလ်တွေလဲ ဥပါဒါန်ကြောင့် ကောင်းတဲ့ဘဝ မကောင်းတဲ့ဘဝ ရောက်ကြတာပါပဲ။ ဒီလို ရှင်းလိုက်တော့ အဝိဇ္ဇာ ကြောင့် သင်္ခါရဖြစ်တယ် ဆိုတာနဲ့ ပြန်တူသွားပါတယ်။ ဒီနေရာမှာ ဥပါဒါနပစ္စယာ ဘဝေါနဲ့ အဝိဇ္ဇာပစ္စယာ သင်္ခါရာကို သေသေ ချာချာ သဘောပေါက်စေချင်လို့ ပြန်ညွှန်းပြတာပါ။

### သင်္ခါရ စေတနာ ကံ

အဝိဇ္ဇာကြောင့် သင်္ခါရမှာတုန်းက သင်္ခါရကို ကုသိုလ် အကုသိုလ် စေတနာလို့ ပြောခဲ့တယ်။ ဥပါဒါနပစ္စယာ ဘဝေါက ကမ္မဘဝ ကုသိုလ်ကံ အကုသိုလ်ကံနဲ့ သင်္ခါရက စေတနာနဲ့ တရားကိုယ်ချင်းက အတူတူပါပဲ။ အဘိဓမ္မာမှာ သင်္ခါရ စေတနာ ကံ အတူတူလို့ ဆိုပါ တယ်။ သို့ပေမယ့် နည်းနည်းပါးပါး သူ့နေရာလေးအလိုက် ခြား နားချက်တော့ ရှိပါတယ်။

ပဋ္ဌာန်း နာနာက္ခဏိက ကမ္မ ပစ္စည်းမှာ "ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော"လို့ ကမ္မကို ဟောပါတယ်။ သဟဇာတကမ္မပစ္စည်းမှာ "စေတနာ သမ္ပယုတ္တ- ကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော"လို့ စေတနာကို ဟောပါတယ်။ စေတနာနဲ့ ကံမှာ ထူးတဲ့နေရာ ထူးပုံ ကလေးများကို နောက်တော့ ရှင်းပြပါဦးမယ်။

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာက သင်္ခါရနဲ့ ဥပါဒါန ပစ္စယာ ဘဝေါက ကမ္မဘဝမှာ တရားကိုယ်ချင်းက တူပါတယ်။ လောကီ ကုသိုလ်ကံ အကုသိုလ်ကံတွေက ဥပါဒါန်ကြောင့် ဒီကံတွေ လုပ်နေ ကြတာပါ။ လက်တွေ့ စဉ်းစားကြည့်ယင်လဲ ကိုယ်ဝါသနာပါရာ ကိုယ် စွဲလမ်းရာ ကံတွေကို နေ့ရှိသမျှ လူတိုင်း လုပ်နေကြတာပါ။

အကြောင်းနှင့် အကျိုး ဆက်ပြတဲ့ ဒုတိယဆင့် သင်တန်းကျမှ ကမ္မဘဝ အကြောင်းကို ရှင်းပါဦးမယ်။

## ၁၀။ ဘဝပစ္စယာ ဇာတိ

ဘဝကြောင့် ဇာတိဖြစ်တယ်ဆိုတဲ့ဘဝက ကမ္မဘဝကို ဆိုတာပါ။ ကုသိုလ် အကုသိုလ်ကံတွေ လုပ်တယ်ဆိုယင် ဇာတိဖြစ်ပါတယ်။ ဇာတိကို ပဋိသန္ဓေလို့ ဘာသာပြန်ကြတယ်။ အမှန်က ရုပ်နာမ် အသစ် ဖြစ်ပေါ် လာတာကို ဇာတိလို့ ခေါ်တာပါ။ ဇာတိ ပဋိသန္ဓေနေတယ်ဆိုတော့ ဗမာရဲ့နားမှာ တမျိုးဖြစ်နေပါတယ်။ ဇာတိက ဖြစ်တာပါ။ ဘာတွေ ဖြစ်သလဲ။ ရုပ်နာမ် ဖြစ်တယ်။ ဉပါဒါန်ကြောင့် ကံတွေ လုပ်တယ်။ ကံတွေလုပ်ခြင်းကြောင့် ရုပ် နာမ် ဖြစ်ပေါ်လာတယ်။ ရုပ် နာမ် ဖြစ် ပေါ်လာယင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှာ ပါတဲ့ ဇရာ 'အိုမှု'၊ မရဏ 'သေမှု' တွေ ဖြစ်လာတာပါပဲ။

## ၁၁ ဇာတိ ပစ္စယာ ဇရာ မရဏ

ရုပ် နာမ်တို့ ဖြစ်ပေါ်လာယင် ရုပ် နာမ်တို့၏ ရင့်ရော်မှု ဖြစ် လာတယ်။ ဆံဖြူ သွားကျိုး ဖြစ်လာတာဟာ ဇရာပါပဲ။ ရုပ် နာမ်ဟာ မြဲသလားဆိုတော့ ရင့်ရော်မှု အိုမှု ဖြစ်လာတယ်ဆိုယင် မရဏ 'သေမှု' ဖြစ်တာပါပဲ။ မရဏကို သေမှုလို့ ဘာသာပြန်ပေမယ့် အမှန်က ရုပ် နာမ်တို့ရဲ့ ဖြစ်ပြီး ပျက်မှုပါပဲ။ ရုပ် နာမ်တို့ ပျက်မှုကို သေတယ်လို့ ခေါ်တာပါ။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှာ အကျဉ်းချုပ်ကတော့ ဇရာ မရဏအထိပါပဲ။

### သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ

ဇာတိဖြစ်ယင် ဇရာ မရဏ သာမက သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဉပါယာသ ဆိုတဲ့ တရားငါးမျိုးလဲ ဖြစ်တယ်လို့ ပဋိစ္စ သမုပ္ပါဒ်မှာ လာပါတယ်။ သောကကို အင်္ဂါ ၁၂ ပါးထဲမှာ ဘာ ဖြစ်လို့ မထည့်သလဲ။

ဇာတိဖြစ်ယင် အိုမှု သေမှု ကောန်မုချ ဖြစ်ရမယ်။ အိုတယ်၊ သေကော်ဆိုယင်လဲ ပူဆွေးမှု မုချ ဖြစ်တာပါပဲ။ ဉာတိဗျသန ဆိုတဲ့ မိဘသေ၍ လည်းကောင်း၊ သားသမီးသေ၍ လည်းကောင်း၊ ဆွေမျိုး သေ၍လည်းကောင်း သေတဲ့အခါ ပျက်စီးတဲ့အခါမှာ ပူဆွေးမှု ဖြစ်ကြတယ်။ လူကြီး လူအိုတွေ သေဆုံးတော့ ပူဆွေးတာထက် ငယ်ရွယ်သူများ ပျက်စီးတဲ့အခါ ပိုပြီး ပူဆွေးကြပါတယ်။ ဘောဂ ဗျသန ပစ္စည်းပျက်တဲ့ အခါများမှာလဲ သောက တော်တော်များပြီး အင်မတန် ပူဆွေးကြပါတယ်။

သောကဆိုတာက အတွင်းမှာ ပူတာပါ။ သောကရဲ့ တရားကိုယ် ကတော့ ဒေါမနဿ ဝေဒနာပါ။ စိတ်အတွင်းမှာ ခံစားချက် သောက ပူဆွေးမှုပါပဲ။ အဘိဓမ္မာမှာကတော့ ဝေဒနာ စေတသိက်ပါ။

သောကနဲ့ပဲ ပြီးသလားဆိုတော့ ပရိဒေဝက ဆက်ပြီး လာပါ တယ်။ ပရိဒေဝက ဗမာစကားမှာ ငိုကြွေးမြည်တမ်းတာပါ။ ပါးစပ်က ပြောချင်တာတွေ ပြောပြီး ငိုကြွေးတယ်၊ မြည်တမ်းတယ်ဆိုတော့ သဒ္ဒါရုံ အသံတွေပါ။ ရုပ်လို့ ဆိုတာပါ။ ဒီလို ငိုတဲ့အခါမှာလဲ ကိုယ့်ကိုယ် ကိုယ် ထုတယ်၊ ရိုက်တယ်၊ အောက်ကို ပစ်လှဲချပြီး ငိုတယ်ဆိုယင် ကာယိကဒုက္ခ ဆိုတဲ့ ဒုက္ခဝေဒနာ ဖြစ်လာပါတယ်။

ဒီလို ကိုယ်ဆင်းရဲမှု 'ဒုက္ခ'၊ စိတ်ဆင်းရဲမှု 'ဒေါမနဿ' ဝေ ဒနာ ဖြင့်ပြီးပြန်တော့ ဉပါယာသ လာပါတယ်။ ဉပါယာသကို ရှေး ဆရာကြီးများက ပြင်းစွာပူလောင်ခြင်းလို့ ဘာသာပြန်တယ်။ ဉပါ- ယာသ ပရိဒေဝ သောက အားလုံးဟာ ပူဆွေးတာပါပဲ။ ဒါပေမယ့် အဋ္ဌကထာဆရာက အထူးပြတာမှာ မီး ခပ်နည်းနည်းပေါ်မှာ တင် ထားတဲ့ ဆီအိုးဟာ အတွင်းမှာ ပူပြီးနေတယ်။ အပြင်ကို လျှံမကျသလို အတွင်းမှာသာ ပူဆွေးပြီး အတွင်းဆွေး ဆွေးနေတာက 'သောက'လို့ ခေါ်ပါတယ်တဲ့။

ဒီ ဆီအိုးကိုပဲ မီး ခပ်ပြင်းပြင်း ထိုးပေးတော့ ဆီတွေ ဆူဝေပြီး အပြင်ကို လျှံကျတာက 'ပရိဒေဝ' ပါတဲ့။ အတွင်း ဆွေးရုံသာမက အပြင်ဘက်ကို လျှံထွက်လာတာပါ။

ဉပါယာသကတော့ မီးပြင်းလို့ ဆီတွေ လျှံကျပြီးတဲ့နောက် အိုးအတွင်းမှာ ကျန်တဲ့ ဆီကတော့ လျှံလဲ မကျတော့ပဲ အတွင်းမှာသာ

သိပ်ပူပြီး ဆီတွေကျက်ပြီးတော့ ခန်းခြောက်သွားတာလို အချို့ အတွင်းမှာ အလွန်ပူဆွေးလွန်းလို့ ဟက်သွားတာမျိုးပါတဲ့။ သိပ်ပြီး စွဲလမ်းချစ်ခင်သူ သေသွားတာနဲ့ လိုက်ပြီး သေတာမျိုးတွေပါ။

ဒါကြောင့် ရှေး လူကြီးသူမများက ပူဆွေးသောက ရောက်နေသူတို့ကို ငိုချင်သလောက် ငိုပါစေ၊ မငိုပဲနေယင် စိုးရိမ်ရတယ်လို့ ပြောကြပါတယ်။ ဒီလို မငိုပဲနေတာက ဥပါယာသ အတွင်းမှာ သိပ်ပူပြီး နေတာပါ။ အတွင်းမှာ သိပ်ပူပြီးနေယင် သေတတ်တယ်ဆိုပြီး ငိုခိုင်းပါတယ်။ ငိုလိုက်တော့ သက်သာသွားတာ များပါတယ်။ ဒီလို အလွန်ပူလောင်တဲ့ အပူမျိုးကို ဥပါယာသ ခေါ်ပါတယ်။

**ကေန္တအကျိုး မဟုတ်လို့ပါ**

ဒီ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ကို အင်္ဂါ ၁၂ ပါးထဲ မထည့်တာကတော့ သူတို့က ဇာတိရဲ့ အကျိုးဆက်တွေ ဖြစ်လို့ပါပဲ။ မုချ အကျိုးတွေ မဟုတ်ပါ။ ဇာတိရှိယင် ဇရာ မရဏတို့ကတော့ မုချ အကျိုးဆက်ပါ။ အကြောင်းအကျိုး ဆက်နေပါတယ်။ ဇာတိရှိတိုင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဖြစ်ရမလားဆိုတော့ ဖြစ်တဲ့သူမှာ ဖြစ်ပါတယ်။ မဖြစ်တဲ့ သတ္တဝါတွေလဲ ရှိပါတယ်။ ဒီတရားတွေဟာ ဇာတိရဲ့ ကေန္တအကျိုး မဟုတ်ပဲ အကျိုးဆက်သာဖြစ်လို့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှာ မထည့်ပဲ သီးခြားထားရပါတယ်။

အင်္ဂါ ၁၂ ပါးကို သင်ပြီးတော့ ပဋိစ္စသမုပ္ပါဒ် အစက ပြန်ပြီး စပါမယ်။ ပထမဆင့်မှာ ပဋိစ္စသမုပ္ပါဒ် သရုပ်ကို ရအောင် သင်တာပါ။ ဒုတိယဆင့်မှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ၊ အကြောင်းနှင့် အကျိုး ဆက်သွယ်ပုံတွေကို ဒီနေ့က စပြီး ဆက်သင်ပါမယ်။ တတိယအဆင့်မှာတော့ ပဋိစ္စသမုပ္ပါဒ် သံသရာစက် လည်ပုံ၊ ပြတ်ပုံတို့ကို သင်ပါမယ်။ ပထမဆင့်က ကျောင်းသားကို သင်နည်း၊ ဒုတိယဆင့်က ဆရာ ဆရာမများကို သင်နည်းနဲ့ တတိယဆင့်မှာတော့ မဂ် ဖိုလ် နိဗ္ဗာန်ရတဲ့ အထိပါပဲ။

**ပထမအဆင့်သင်တန်း ပြီးပါပြီ။**

# ဒုတိယဆင့် သင်တန်း

## အဝိဇ္ဇာပစ္စယာ သင်္ခါရာ

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုတာမှာ အဝိဇ္ဇာဆိုတာ ဘာလဲ။ အဝိဇ္ဇာဆိုတာ တိုတိုကတော့ သစ္စာလေးပါးကို မသိမှု၊ ဗမာစကားနဲ့ ပြောရယင် အမှန်တရားကို မသိမှုပါ။ အမှန်တရားတွေ မသိခြင်းကြောင့် သင်္ခါရတွေဖြစ်တယ်။ သင်္ခါရဆိုတာ ဘာလဲ။ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရလို့ ရှိပါတယ်။ ပုညာဘိ သင်္ခါရက ကာမာဝစရ ကုသိုလ် စေတနာ၊ ကာမကုသိုလ် လုပ်ငန်းတွေ၊ ရူပကုသိုလ် စေတနာ၊ ရူပကုသိုလ် လုပ်ငန်းတွေပါ။ အပုညာဘိသင်္ခါရက အကုသိုလ်စေတနာ၊ အကုသိုလ်လုပ်ငန်းတွေပါ။ အာနေဉ္ဇာဘိသင်္ခါရက အရူပကုသိုလ်စေတနာ၊ အရူပကုသိုလ်လုပ်ငန်းတွေလို့ သင်ခဲ့ပါတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုတဲ့ နေရာမှာ ရှင်းစရာတွေ အများကြီးရှိပါတယ်။ နည်းနည်းပိုပြီး ရှင်းသွားရအောင် အဝိဇ္ဇာလေးမျိုး၊ သင်္ခါရလေးမျိုးနဲ့ ပြေီး ရှင်းယင် ပိုကောင်းပါတယ်။

## အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်ပုံ

အပုညာဘိသင်္ခါရဆိုတာ အားလုံး နားလည်တဲ့စကားနဲ့ ဆိုယင် အကုသိုလ်စေတနာပါပဲ။ သင်္ခါရ စေတနာ ကံဆိုတာက အဘိဓမ္မာမှာ တူနေတဲ့နေရာမှ လာတူပါတယ်။ သင်္ဂြိုဟ်သင်တဲ့အခါ စေတသိက် ၅၂ လုံးမှာ စေတနာလို့ပဲ သင်ခဲ့တယ်။ သင်္ခါရလို့လဲ မသင်၊ ကံလို့လဲ မသင်ခဲ့ပါ။ အဘိဓမ္မာမူရင်း စေတသိက် ၅၂ လုံးကိုတော့ ကကြီးခခွေး သင်သလို တတ်ထားရမယ်။ စေတသိက်က ပိဋကတ်သုံးပုံ တခုလုံးမှာ ၅၂ လုံးပဲ ရှိပါတယ်။ အဲဒီ ၅၂ လုံးကို နာမည်နှင့်တကွ သင်ပြီးတဲ့နောက်မှ စေတနာကို ကံလို့လဲ ခေါ်ပါတယ်၊ သင်္ခါရလို့လဲ ခေါ်တယ်လို့ သူ့နေရာနဲ့သူ ပြန်ညွှန်းလို့ ရပါတယ်။

အဝိဇ္ဇာပစ္စယာ သင်္ခါရာမှာ သင်္ခါရဆိုတာ စေတနာ၊ ကံပါပဲ။ သင်္ခါရက လုပ်တယ်၊ လုပ်တာ ဘာကြောင့်လုပ်သလဲ။ အဝိဇ္ဇာကြောင့် လုပ်တာပါ။ ပဋိစ္စသမုပ္ပါဒ် သင်တာက ဒိဋ္ဌိပြုတ်အောင် သင်တာပါ။ ဆန္ဒမထေရ်မှာ သဿတဒိဋ္ဌိခံနေလို့ ရှင်အာနန္ဒာက သူ တရားရအောင် ဘယ်သုတ် ဟောရ ကောင်းပါ့မလဲဆိုတော့ ကစ္စာယနဂေါတ္တသုတ်မှာ လာတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဟောရပါတယ်။

ယခုခေတ် တရားအားထုတ်တဲ့ လူတွေမှာလဲ သက္ကာယဒိဋ္ဌိ ခံနေတဲ့သူ များပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗုဒ္ဓဘာသာတွေက ကမ္မသကတ သမ္မာဒိဋ္ဌိတွေပါ။ ယခုမှ ဝိပဿနာ လေ့လာကြတာပါ။ မလေ့လာခင်ကဆိုယင် ဒါနလုပ်တယ်၊ သီလဆောက်တည်တယ်၊ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်၊ ရှင်ပြုတယ်၊ ရဟန်းခံတယ်။ ဒီလိုလုပ်ကြတာက ဘဝကောင်းစားရေး၊ ဘဝအဆက်ဆက် ကောင်းစားရေး လုပ်ကြတာပါ။ နောက်ပိတ်ဆုံးကျမှ မဂ်ဖိုလ်နိဗ္ဗာန် ရရေးလို့ ဒီအယူအဆနဲ့ ယူလာတဲ့ ဗုဒ္ဓဘာသာတွေပါ။

လူတိုင်းလိုလိုက ခန္ဓာကိုယ်ကို အကောင်အထည်ကြီး ရှိတယ် ထင်တာပါ။ ငါဆိုတာလဲ ရှိတယ်ထင်တာပဲ။ ဘုရားကလဲ သမုတိသစ္စာ အနေနဲ့ ရှိတယ်လို့ သုတ္တန်တွေမှာ ဟောတာပါပဲ။ တကယ် ဝိပဿနာ တက်ချင်တော့ ဒီ သက္ကာယဒိဋ္ဌိက ခံနေပါတယ်။ ဒီအတိုင်းနဲ့တော့ ဝိပဿနာတက်လို့ မရပါ။ ဒီ ဒိဋ္ဌိက ပြုတ်အောင် လုပ်ရမှာပါ။ မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောသွားတဲ့ တရားတွေကလဲ ဒိဋ္ဌိပြုတ်အောင် ဟောတာ များပါတယ်။ ဒိဋ္ဌိပြုတ်တဲ့ နည်းမျိုးစုံထဲမှာ အကောင်းဆုံးကတော့ ပဋိစ္စသမုပ္ပါဒ်ကို သဘောပေါက်ဖို့ပါပဲ။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် ဆိုရာမှာ အကုသိုလ်တွေ လုပ်တာ ဘာကြောင့် လုပ်သလဲ။ အဝိဇ္ဇာကြောင့် လုပ်တာပါ။ ဘယ်သူမှ လုပ်တာမဟုတ်၊ သူလုပ်တာ၊ ငါ လုပ်တာ မဟုတ်၊ ယောကျ်ား လုပ်တာလဲ မဟုတ်၊ မိန်းမလုပ်တာလဲ မဟုတ်၊ အကုသိုလ် စေတနာက လုပ်တာပါ။ အကုသိုလ် သင်္ခါရက လုပ်တာပါ။ ဒီ အကုသိုလ် သင်္ခါရကိုပဲ အပုညာဘိသင်္ခါရလို့ ပါဠိပြောင်းပြီး သုံးလိုက်ပါတယ်။ ဒီလို ပါဠိအခေါ် စကားတွေကြောင့် ခက်နေတာပါ။ သဘောတရားရေးမှာ

အပုညာဘိသင်္ခါရကို အကုသိုလ် စေတနာလို့ ဆိုယင် သင်္ဂြိုဟ်သင်ဖူးတဲ့ သူက နားလည်ပါတယ်။ အကုသိုလ်ကံဆိုယင် ပိုပြီး ရှင်းပါတယ်။

အဝိဇ္ဇာကြောင့် အကုသိုလ်ကံဖြစ်တော့ လုပ်ငန်းအားဖြင့် ပြောရယင် အကုသိုလ်လုပ်ငန်းက ကာယ ဒုစရိုက် ဝစီ ဒုစရိုက်နဲ့ မနော ဒုစရိုက်ပါပဲ။ ဒီမကောင်းတဲ့ ဒုစရိုက်အမှုကြီးတွေကို ကျူးလွန်နေကြတာက ဘာကြောင့် ကျူးလွန်နေကြတာလဲ။ အဝိဇ္ဇာကြောင့်ပါဆိုယင် လူတိုင်း နားလည်နိုင်ပါတယ်။ အကုသိုလ်ကံက အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ အကုသိုလ်စေတနာကလဲ အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ အကုသိုလ် သင်္ခါရကလဲ အဝိဇ္ဇာကြောင့် ဖြစ်တယ်ဆိုတာကတော့ အဘိဓမ္မာ တက်နေတဲ့သူကမှ နားလည်ပါတယ်။ အကုသိုလ် ဒုစရိုက်ကြီးတွေ လုပ်နေတဲ့ အဝိဇ္ဇာက ဘယ်လိုအဝိဇ္ဇာလဲ။ အဝိဇ္ဇာကို လေးမျိုးလောက် ခွဲတော့မှ သင်္ခါရက ရှင်းမှာပါ။

**ဘယ်လို အဝိဇ္ဇာလဲ**

သင်္ဂြိုဟ်သင်တဲ့အခါ အကုသိုလ် စေတသိက် ၁၄ လုံးရှိတော့ ဒီစေတသိက်ထဲမှာ အဝိဇ္ဇာနာမည်နဲ့ သီးခြားမပါပဲ "မောဟ" ပါပါတယ်။ မောဟကလဲ နာမည်အများကြီး ရှိတာပါ။ မောဟကို အဝိဇ္ဇာလို့လဲ ခေါ်ပါတယ်။ အကုသိုလ်စေတသိက် ၁၄ လုံးထဲမှာ မောဟက အမှန်တရားကို မသိအောင် ဖုံးလွှမ်းပေးမှုပါပဲ။ ကာယ ဒုစရိုက် ဝစီ ဒုစရိုက် မနော ဒုစရိုက်ဆိုတဲ့ ဒုစရိုက်မှုကြီးတွေ ကျူးလွန်နေတဲ့ ပုဂ္ဂိုလ်တွေမှာ ရှိတာက ဘယ်လို အဝိဇ္ဇာလဲ။ သူတို့က ကုသိုလ်လဲ မသိ၊ အကုသိုလ်လဲ မသိ၊ သူတို့လုပ်တဲ့ လုပ်ငန်းဟာ ကုသိုလ်လုပ်ငန်းလား၊ အကုသိုလ်လုပ်ငန်းလား ဆိုတာလဲ ခွဲခြားပြီး မသိ။ ဒီလို မသိတဲ့အပြင် ဒီ ဒုစရိုက် လုပ်ငန်းတွေဟာ ဒီဘဝမှာ မကောင်းကျိုး ပေးလိမ့်မယ်၊ နောက်ဘဝမှာလဲ မကောင်းကျိုး ပေးလိမ့်မယ် ဆိုတာကိုလဲ မသိ၊ အဲဒီလောက်ထိအောင် မသိတဲ့ အဝိဇ္ဇာပါ။

အဝိဇ္ဇာပစ္စယာ— ကုသိုလ် အကုသိုလ်ကိုလဲ ခွဲခြားလို့ မသိ၊ အကုသိုလ်တို့ရဲ့ အပြစ်တို့ကိုလည်း နားမလည် မသိတဲ့ အဝိဇ္ဇာကြောင့်။ သင်္ခါရာ—အကုသိုလ်စေတနာ အကုသိုလ် သင်္ခါရ အကုသိုလ်ကံ ဆိုတဲ့ ဒုစရိုက်မှုကြီးတို့သည်။ သမ္ဘဝန္တိ-ဖြစ်ကုန်၏။

ဒီလို သင်္ခါရကို အကုသိုလ်စေတနာ အပုညာဘိသင်္ခါရလို့ ယူတဲ့အခါမှာ အဝိဇ္ဇာက ကုသိုလ် အကုသိုလ်ကို ခွဲပြီး မသိတဲ့ လူစားမျိုး၊ အကုသိုလ်တွေဟာ ဒီဘဝမှာလဲ အပြစ်ရှိတယ်၊ ဘဝ ဘဝမှာလဲ အပြစ်ရှိတယ်လို့ ဒီလောက်ထိအောင် မသိတဲ့သူတွေရဲ့ အကုသိုလ် သင်္ခါရတွေဖြစ်ပါတယ်။ ဒါက အကြမ်းဆုံး နံပါတ်တစ် အဝိဇ္ဇာပါ။

## နံပါတ် ၂ အဝိဇ္ဇာ

နံပါတ် ၂ အဝိဇ္ဇာက သင်္ခါရမှာ နှစ်မျိုးရောထားတော့ အဓိပ္ပာယ်ရှင်းအောင် ဒီ ပုညာဘိသင်္ခါရကို ခွဲမယ်ဆိုယင် ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့အခါမှာ ကာမကုသိုလ် စေတနာ၊ ရူပကုသိုလ်စေတနာတွေ ဖြစ်ပါတယ်။ တမျိုးကိုတော့ ကာမကုသိုလ်ကံ ကာမကုသိုလ်စေတနာ ကာမကုသိုလ် သင်္ခါရလို့လဲ ခေါ်နိုင်ပါတယ်။ ဒီလိုကာမာဝစရကုသိုလ်တွေ လုပ်တဲ့အခါမှာ လုပ်ငန်းအနေနဲ့ ဒါနမှုမှာဘုရားတည်တယ်၊ ကျောင်းဆောက်တယ်၊ ရှင်ပြုတယ်၊ ရဟန်းခံတယ်၊ တိုင်းပြည်ကောင်းစားရေးအတွက် လုပ်တယ်ဆိုတဲ့ ကောင်းတဲ့လုပ်ငန်းဟူသမျှမှာ ကာမကုသိုလ် စေတနာတွေပဲ ဖြစ်ပါတယ်။

သီလမှာ ၅ ပါးသီလ၊ ၈ ပါးသီလ၊ ၁၀ ပါးသီလ ဆောက်တည်သမျှမှာလဲ ကာမကုသိုလ် စေတနာ ဖြစ်တာပါပဲ။ သမထကို အားထုတ်တဲ့အခါမှာလဲ စျာန်မရခင်မှာ ကာမကုသိုလ်ပါပဲ။ ဝိပဿနာပွားများတော့လဲ မဂ်ဖိုလ်မရခင်မှာ ကာမကုသိုလ် စေတနာပဲ ဖြစ်ပါတယ်။

## အဝိဇ္ဇာကြောင့် လုပ်တဲ့ကုသိုလ်

ဒါန သီလ ဘာဝနာဆိုတဲ့ လုပ်ငန်းစဉ်သုံးခု လုပ်တာဟာ ဘာကြောင့် လုပ်တာလဲ။ အဝိဇ္ဇာကြောင့် လုပ်ပါတယ်။ မသိလို့ လုပ်တယ်၊ မိုက်လို့ လုပ်တယ်ဆိုတော့ မိုးကုတ် ဆရာတော် တရားဟောသလို နားကြီးကြီးနဲ့ ထောင်မှ ရပါတယ်။ ဒီနေရာမှာ သဂ္ဂိုဟ်မသင်ခဲ့ပဲ သာမညအားဖြင့် ဒါနလုပ်တာ မသိလို့ လုပ်တယ်၊ မိုက်လို့ လုပ်တယ်၊ အဝိဇ္ဇာဆိုတာ မိုက်တယ်၊ မှောင်တယ်၊ မသိဘူးလို့ဆိုယင်ရိုးရိုးလူတွေ နားမလည်နိုင်ပါ။ အဝိဇ္ဇာကြောင့် ဒါန သီလ ဘာဝနာ

လုပ်တယ်ဆိုယင် ရိုးရိုး ဘာသာရေးသမားတွေကလဲ လက်ခံနိုင်မယ် မဟုတ်ပါ။

နွားကြီးကြီးနဲ့ ထောင်ပါဆိုတာက ပဋိစ္စသမုပ္ပါဒ်က ဒီ မြင့်ဆုံး တရားဖြစ်တော့ ဒီအမြင့်ဆုံးတရားမှာ အဝိဇ္ဇာက ဘယ်လို အဝိဇ္ဇာလဲ။ သူကတော့ ကုသိုလ်နဲ့ အကုသိုလ်ကို ခွဲပြီးသိတယ်။ အကုသိုလ်လုပ်ယင် နောက်ဘဝမှာ ဒုက္ခရောက်မယ်ဆိုတာ သိတယ်။ သူမသိတာက ဘာကို မသိတာလဲ။ ကာမာဝစရကုသိုလ် အကျိုးပေးနိုင်တာက နောက်ဘဝ မှာ လူချမ်းသာ နတ်ချမ်းသာကိုသာ အကျိုးပေးနိုင်တယ်။ လူဖြစ် ယင်လဲ အထက်တန်းစား၊ နတ်ဖြစ်ယင်လဲ အထက်တန်းစား၊ ဒီဘဝ မှာလဲ ချမ်းသာတယ်၊ ဘဝတိုင်းမှာလဲ အထက်တန်းစား ချမ်းသာကို ကာမကုသိုလ်က အကျိုးပေးတယ်။ ဒီလို လူချမ်းသာ နတ်ချမ်းသာ ကာမဂုဏ်ချမ်းသာတွေဟာ ဒုက္ခပါပဲလို့ မသိတာပါ။

တကယ် ကြီးကျယ်မြင့်မြတ်တဲ့ စည်းစိမ်ရာထူးတွေဟာ မရခင် သာ ကောင်းတယ်ထင်တာ၊ မရခင်က ရချင်တယ်၊ ဒီစည်းစိမ် ချမ်းသာ ရတနာတွေ ရပြန်တော့လဲ ဒုက္ခများလိုက်တာလို့ နည်းနည်း သိတယ်။ တကယ်သိတာတော့ မဟုတ်သေး၊ ဒုက္ခများလိုက်တာလို့ ဒီလောက်ပဲ သိတယ်။

အဝိဇ္ဇာ ပစ္စယာ-ကာမဂုဏ် စည်းစိမ်ချမ်းသာပိုတဲ့ လူ့စည်းစိမ် နတ်စည်းစိမ်တွေကို ဒုက္ခပါပဲလို့ မသိတဲ့ အဝိဇ္ဇာကြောင့်။ သင်္ခါရာ- ဒါန သီလ ဘာဝနာဟု ဆိုသည့် ပုညာဘိသင်္ခါရလို့ ခေါ်တဲ့ သင်္ခါရ တို့သည်။ သမ္ဘဝန္တိ-ဖြစ်ကုန်၏။

ဒီလိုဆိုတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရချင်း ကွာသွားပါတယ်။

**ဝဋ္ဋနိဿိတဒါန ဝိဝဋ္ဋနိဿိတဒါန**

ဒါကြောင့် ဒီနေရာမှာ တချို့က ပြဿနာ ဖြစ်ကြတယ်။ ဒါန မှာ ဝဋ္ဋနိဿိတဒါနနဲ့ ဝိဝဋ္ဋနိဿိတဒါနလို့ ရှိတော့ ဒီဒါနတွေနဲ့ ပတ်သက်ပြီး ဆရာ အစဉ်အဆက်က အဆုံးအဖြတ်တွေ အများကြီး ရေးခဲ့ကြပါတယ်။ ပိဋကတ်ကျမ်းဂန်တွေကပဲ ထုတ်နုတ်ပြီး ဝဋ္ဋနိဿိတ ဒါနက ဘယ်လို လုပ်ရတယ်၊ ဝိဝဋ္ဋနိဿိတဒါနက ဘယ်လို လုပ်ရတယ်လို့

အဆုံးအဖြတ်တွေနဲ့ ရေးကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာမှာ ဒါနလုပ်တဲ့အခါ အဝိဇ္ဇာလွှတ်ရအောင်၊ သီလ ဆောက်တည်တဲ့အခါ အဝိဇ္ဇာလွှတ်ရအောင်၊ သမထဘာဝနာ အားး ထုတ်တဲ့အခါ အဝိဇ္ဇာလွှတ်ရအောင် လုပ်နည်း လုပ်ဟန်တွေကို အဆုံး အဖြတ်တွေနဲ့ ရေးခဲ့ကြတာပါ။ သို့ပေမယ့်လဲ ခပ်များများကတော့ သိပ် ရှင်းရှင်းလင်းလင်း နားလည်ကြပုံ မရပါ။

များသော အားဖြင့် နားလည်နေကြတာကတော့ အဝိဇ္ဇာ ကြောင့်ဖြစ်တဲ့ ဒါန သီလ ဘာဝနာက လွှတ်ရအောင် ရေစက်ချရာမှာ လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် ဆိုတဲ့ ၃ ပါးကို မတောင့်တပဲ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်စူးတောင့်တပြီး လုပ်ကြတယ်။ အဲဒီ ဒါန သီလ ဘာဝနာမျိုး လုပ်တယ်ဆိုယင် ဝိဝဋ္ဋနိဿိတဒါန။ ဘဝ သမ္ပတ္တိ လူ ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ့ချမ်းသာကို တောင့်တပြီး လုပ်တဲ့ ဒါန သီလ ဘာဝနာဆိုယင် ဝဋ္ဋနိဿိတလို့ ဒီလိုပဲ ရေးသား ဟောပြော နေတာ များပါတယ်။

စဉ်းစားကြည့်တဲ့အခါ ဝိဝဋ္ဋနိဿိတ ဒါနဆိုတဲ့ ဝဋ်က ထွက် မြောက်ရေး ဒါန သီလ ဘာဝနာ ဖြစ်ရအောင် နိဗ္ဗာန်ကို ရည်စူးပြီး လှူပါတယ်၊ သီလ ဆောက်တည်ပါတယ်၊ တရား အားထုတ်ပါတယ် ဆိုယင် နိဗ္ဗာန်ဆိုတာ ဘာလဲလို့ သိဖို့ ပထမ အရေးကြီးပါတယ်။ လှူတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်ဆိုတာ သေသေချာချာ မသိပဲနဲ့ နိဗ္ဗာန်ကို ရည်စူးပြီး ဘုန်းကြီးက ချပေးလို့ လိုက်ဆိုရတာကတော့ သိပ်ပြီး ကျေနပ်စရာ မကောင်းလှပါ။

## ငါပါယင် နိဗ္ဗာန်က လက်မခံပါ

ရှင်းရှင်းဆိုရယင် ပုထုဇဉ်များ သိထားတဲ့ ချမ်းသာမျိုးကို လိုလားလို့ ဒါနလုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ 'ငါ' ပါနေပါတယ်။ ဒါနလုပ်တဲ့ အခါ ငါချမ်းသာရေး၊ ငါကောင်းစားရေး၊ ငါနိဗ္ဗာန်ရရေး ပါနေ ပါတယ်။ ဒီနေရာမှာ နိဗ္ဗာန်ဆိုတာက ဘာလဲလို့ သိထားသူပဲ ဖြစ်ပါ စေဦး၊ ဒီအလှူဒါနအတွက် ဝဋ်မှ ထွက်မြောက်ရေး ဝိဝဋ္ဋဒါန မဖြစ် နိုင်ပါ။ ဘာဖြစ်လို့လဲ။ ငါပါယင် နိဗ္ဗာန်က လက်မခံပါ။

ပဋိစ္စသမုပ္ပါဒ်က ငါလဲ မရှိ၊ သူလဲ မရှိ၊ ယောကျ်ား မရှိ၊ မိန်းမလဲ မရှိဆိုတော့ ကာမာဝစရ ကုသိုလ်ဖြစ်တဲ့ ဒါန သီလ ဘာဝနာတွေ ဘယ်သူက လုပ်နေတာလဲ။ သူ လုပ်တယ်၊ ငါ လုပ်တယ်ဆိုတော့ ဒိဋ္ဌိက ခံနေပါတယ်။ ဒါန သီလ ဘာဝနာ ပုညာဘိသင်္ခါရတွေ ဘာကြောင့် လုပ်သလဲ။ အဝိဇ္ဇာကြောင့် လုပ်ကြတယ်။ လူ့စည်းစိမ် နတ်စည်းစိမ် ကာမဂုဏ် စည်းစိမ်တွေကို ဒုက္ခပဲလို့ မသိလို့ လုပ်နေကြတာပါ။ မြတ်စွာဘုရားက လူ့ချမ်းသာ နတ်ချမ်းသာကို သုခလို့ မဟောဘူးလားဆိုတော့ ဟောတာကလဲ ရှိပါသေးတယ်။ 'သုခဝေဒနာ ဌိတိသုခါ' သုခဝေဒနာ ရှိနေတုန်းတော့ သုခပါပဲ။ သို့ပေမယ့် သူကလဲ 'ဝိပရိဏာမဒုက္ခာ' ဖောက်ပြန်သွားတဲ့အခါ ဒုက္ခဖြစ်သွားတာပါ။ ရာထူးတက်နေရသလိုပါပဲ။ ရာထူးတက်နေတုန်းတော့ 'ဌိတိသုခ' ပါ။ ရာထူးဆိုတာကလဲ အမြဲတမ်း တက်နေတာမှ မဟုတ်ပဲ။ ကျတဲ့အခါလဲ ရှိမှာပါ။ ဝိပရိဏာမ ရာထူးကျသွားတဲ့အခါ ဒုက္ခဖြစ်ပါတယ်။ လူ့ဘဝမှာ ချမ်းသာဖြစ်နေတုန်းတော့ သုခပါပဲ။ ဝိပရိဏာမ ဆင်းရဲသွားတဲ့အခါမှာ ဒုက္ခပါ။ သုခကလဲ အမြဲမရှိတော့ လောကီစည်းစိမ်ဟာ အမြဲမရှိ ဒုက္ခပဲလို့ မသိတာပါ။

အဲဒီလို မသိတော့ ဒါနပဲလုပ်လုပ်၊ သီလပဲလုပ်လုပ်၊ ဘာဝနာပဲလုပ်လုပ် ငါ ကောင်းစားရေး၊ ငါ ချမ်းသာရေး၊ ငါ ကုသိုလ်ရရေးဆိုတဲ့ စေတနာမျိုးနဲ့ လုပ်တဲ့အခါမှာ ဒီ ဒါန သီလ ဘာဝနာဟာ ၃၁ ဘုံမှာ လူ့စည်းစိမ်၊ နတ်စည်းစိမ်ဆိုတဲ့ အကျိုးပဲ ပေးမှာပါ။

**ဝဋ်မှ ထွက်မြောက်ရေး**

ဝဋ်မှ ထွက်မြောက်ရေး ဒါနအစစ် သီလအစစ် ဘာဝနာအစစ် ဖြစ်ဖို့ကတော့ မလွယ်လှပါ။ မလွယ်တာက များသောအားဖြင့် မိမိတို့ ချွေးနှဲစာနဲ့ ကျောင်းဆောက်တယ်၊ ဘုရားတည်တယ် ဆိုတာမှာ ပထမ ဘဝအဆက်ဆက် ချမ်းသာရေး၊ ပြီးတော့မှ နိဗ္ဗာန်ရရေးက နောက်ဆုံးမှ ပါလာတာပါ။ ဘဝ အဆက်ဆက်မှာ နောက်ဆုံးပိတ်ကျမှ နိဗ္ဗာန်ရရေးဆိုပြီး လှူကြတာပါ။ ၃၁ ဘုံမှာ ကျင်လည်တော့ ကောင်းတဲ့ဘဝမှာ ကျင်လည်နိုင်ဖို့ ဒါန သီလ ဘာဝနာ လုပ်တာဟာ မကောင်းဘူးလားဆိုတော့ ကောင်းပါတယ်။ သို့ပေမယ့် ပဋိစ္စသမုပ္ပါဒ် အမြင့်

သုံးတရားနဲ့ လောကက ထွက်မြောက်ချင်လို့ ကုသိုလ်လုပ်တဲ့ အခါမှာ ငါမပါဖို့ အရေးကြီးပါတယ်။

သီရိဓမ္မာသောကမင်းကြီးဟာ မြတ်စွာဘုရားရှင် ဟောထားတဲ့ တရားတော်က ဓမ္မခန္ဓာ ၈၄၀၀၀ ရှိတော့ အဲဒီ ဓမ္မခန္ဓာတွေကို ရည်စူးပြီး စေတီတွေ ၈၄၀၀၀ တည်ပါတယ်။ အခု သင်တန်းပေးနေတယ် ဆိုတာကလဲ ဘုရားတွေ စေတီတွေ တည်နေတာပါပဲ။ တရားတွေ ပြန့်ပွားအောင်လုပ်တာဟာ ဓမ္မစေတီ တည်တယ်ဆိုတာ လူတွေက သိပ်ပြီး သဘောမပေါက်ကြ၊ မသိကြပါ။ ဓမ္မခန္ဓာတခုကို ဘုရားတဆူလို့ ရည်စူးပြီး လူတွေမြင်ရတဲ့ ဘုရားတွေ တည်မှ စေတီမဟုတ်ပါ။ တရားတော် ပြန့်ပွားအောင် ကျောင်းသားတွေ ကျောင်းသူတွေမှ စ၍ လူအားလုံးကို အဘိဓမ္မာတတ်အောင် သင်ပေးနေတာလဲ ဘုရားတည်တာ ဓမ္မစေတီ တည်နေတာပါပဲ။

**အမြင်ရှင်းဖို့က အရေးကြီး**

ဒါနလုပ်လိုက်တဲ့အခါမှာ ဒီခန္ဓာ ဒုက္ခမှ ငြိမ်းချမ်းရေး၊ သီလဆောက်တည်တဲ့ အခါမှာလဲ ဒီခန္ဓာ ဒုက္ခမှ ငြိမ်းချမ်းရေး၊ သမထ ဝိပဿနာ အားထုတ်တဲ့ အခါမှာလဲ ဒီခန္ဓာ ဒုက္ခမှ ငြိမ်းချမ်းရေးလို့ အမြင်ရှင်းဖို့က အရေးကြီးပါတယ်။ ကိုယ့်ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်တာမှာ တခုခု ရည်မှန်းချက်နဲ့ စွန့်လွှတ်တာဆိုတော့ 'ငါ' မပါပဲ လုပ်ဖို့ဆိုတာက သိပ်လွယ်လှတဲ့ ဒါန သီလ ဘာဝနာတော့ မဟုတ်ပါ။

အခု ပြောနေတာကတော့ နိဗ္ဗာန်ရရေးဆိုတဲ့ အဓိပ္ပာယ်ပါ။ နိဗ္ဗာန်ဆိုတာကတော့ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ သင်ပြီးသွားယင် သူ့ဘာသာလူ ရှင်းပြီး နားလည်သွားမှာပါ။ ဝိဝဋ္ဋနိဿိတ ဝဋ်မှ ထွက်မြောက်တဲ့ ဒါနက ပထမ နိဗ္ဗာန်ဆိုတာ ဘာလဲလို့ သိထားဖို့က အရေးကြီးတာပါပဲ။

**ငါမပါတဲ့ ဆုတောင်း**

ဝိပဿနာဒီပနီကို ရေးတဲ့ ဆရာတော်ရဲ့ ဆုတောင်းကို တွေ့ဖူးပါတယ်။ ဒီဆရာတော်ဟာ ဝိပဿနာ အားထုတ်ရာမှာ တော်တော်ရင့်ကျက်တဲ့အဆင့် ရောက်နေပါပြီ။ ဆရာတော်ကြီးများဟာ ကျမ်းတွေ

ရေးပြီးတိုင်း ဆုတောင်းတွေ ထည့်ကြတော့ ဆရာတော်များ ဘာဆုတောင်းသလဲလို့ လေ့လာပါတယ်။ သူတေသန လုပ်ကြည့်ပါတယ်။ ဒီဆရာတော်ရဲ့ ဆုတောင်းမှာ ဝိပဿနာဒီပနီစာအုပ်ကို ရေးသားရတဲ့ ကောင်းမှု ကုသိုလ်ကံကြောင့် "ဤကောင်းမှုမှ ရအံ့သော ကုသိုလ် တစုံ တခုကမှ အကျိုးမပေးပါစေသတည်း" လို့ ဆုတောင်းပါတယ်။ ဆရာတော်ရဲ့ ဆုတောင်းက 'ငါ' လွတ်အောင် တောင်းတာနဲ့ တူပါတယ်။

ရှင်မဟာဗုဒ္ဓဃောသဟာ ပိဋကတ်သုံးပုံကို အဋ္ဌကထာတွေ ရေးခဲ့တာပါ။ ပါဠိတော်တွေကို ဘာသာပြန်တဲ့အခါ ဒီ အဋ္ဌကထာတွေ ကြည့်ပြီး ဘာသာပြန်ကြရပါတယ်။ ရှင်မဟာ ဗုဒ္ဓဃောသ သူ့စာအုပ်ရဲ့ နိဂုံးမှာ—ဥတ္တာ ဓမ္မံ သုခါဝဟံ=အားလုံး သတ္တဝါတွေ တရားရဖို့။

"စိရံ တိဋ္ဌတု သဒ္ဓမ္မော" သူလုပ်တဲ့ကုသိုလ်သည် သူတော်ကောင်း တရား ကြာမြင့်စွာတည်ဖို့၊ "ဓမ္မေ ဟောန္တု သဂါရဝါ" အားလုံး ရှိရှိ သမျှ ကမ္ဘာသူ ကမ္ဘာသားများ တရားတော်ကို ရိုသေလိုက်နာ လေးစားဖို့၊ "သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု" "အားလုံး သတ္တဝါများ ချမ်းသာပါစေရန် လေမှန်မှန် မိုးမှန်မှန် ရွာသွန်းပါစေ သတည်း" လို့ ဆုတောင်းပါတယ်။ အားလုံးလူတွေ တရားရဖို့၊ ချမ်းသာဖို့ဆိုတော့ ဒီဆရာတော်ကလဲ ငါမပါအောင် ဆုတောင်းတာပါပဲ။

## ဆုကြီးပန် ဆုတောင်းများ

ဗမာပြည်မှာ အင်မတန်ကျော်ကြားတဲ့ မန်လည်ဆရာတော်ကတော့ သူ့စာအုပ်အဆုံးမှာ သတ္တဝါတွေ အားလုံး ကယ်တင်နိုင်တဲ့ ဘုရားဆုကို တောင်းပါတယ်။ ကြားထဲမှာ ဘုရား မဖြစ်သေးယင် "ယခု ရဟန်းဘဝနဲ့ သာသနာပြုရသလို ဘဝဆက်တိုင်း ရဟန်းဘဝနဲ့ သာသနာပြုရပါစေ" လို့ ဆုတောင်းတယ်။ ဒါကတော့ သမ္မာသမ္ဗုဒ္ဓ ဘုရားဆု။ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်များကျတော့ ဒီလိုဆုမျိုး တောင်းကြပါတယ်။

ပုဂံမှာ သာသနာထွန်းကားတုန်းက နိုင်ငံခြားအထိ နာမည်ကြီးခဲ့တဲ့ သဒ္ဒနီတိ သုံးကျမ်းကို ပြုစုတဲ့ ဆရာတော်ကလဲ ဘုရားဆု တောင်း

သွားပါတယ်။ "သူဟာ ဘုရားဖြစ်ပြီး အားလုံး သတ္တဝါတွေ ကယ်တင်ရတဲ့ ပုဂ္ဂိုလ် ဖြစ်ရပါလို၏"လို့ ဆုတောင်းပါတယ်။ နောက်ပိုင်းမှာလဲ လေးစားလောက်တဲ့ အကျင့်သီလနဲ့ စာပေကျမ်းဂန်တွေ နှံ့စပ်တဲ့ ပထမ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးဟာ ဓာတုတ္ထသင်္ဂြိုဟ်ကျမ်းကို ရေးပါတယ်။ ဒီကျမ်းဟာ ပိဋကတ်သုံးပုံ ဘယ်နေရာကြည့်ကြည့် သဒ္ဒါအားဖြင့် ဖြန်းဖြန်းကွဲ နားလည်နိုင်ပါတယ်။

## မစိုးရိမ်ဆရာတော်

ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ကြီးဟာ သုမဂ္ဂါဂိုဏ်းပင် ဖြစ်သော်လဲ ရွှေကျင်ဆရာတော်ကြီးရဲ့ အတ္ထုပ္ပတ္တိနဲ့တကွ သာသနာပြုပုံကို ချီးကျူးပြီး ပြောပြပါတယ်။ ဒီဆရာတော်ကြီး သာသနာပြုပုံက စာတော်ယင် ကိုရင်ပဲဖြစ်စေ၊ ဦးပဉ္ဇင်းပဲဖြစ်စေ စာတော်တဲ့ပုဂ္ဂိုလ်ကို ချီးမြှောက်ပါတယ်။ စာမတော်ယင် ကိုယ့်တူပဲဖြင့်ဖြစ်၊ ကိုယ့်သားပဲ ဖြင့်ဖြစ် ကိုယ့်ကို တသက်လုံးပဲ လုပ်ကျွေးပါစေ၊ ချီးမြှောက်လေ့ မရှိ။ သူတို့လုပ်ကျွေးတာတော့ ခံပါတယ်လို့ မစိုးရိမ်ဆရာတော်ကြီးက ကျမ်းရေးတဲ့ပုဂ္ဂိုလ်ကို ကြည်ညိုအောင် ပြောပြီး ဓာတုတ္ထသင်္ဂြိုဟ်ကို ကျက်ခိုင်းပါတယ်။

ဒီဆရာတော်ကြီး ဆုတောင်းကတော့ "ယခုဘဝမှာပဲ မဂ်ဖိုလ် ရရပါလို၏။ ယခုဘဝမှ မရသေးလျှင် အရိမေတ္တေယျ မြတ်စွာဘုရား လက်ထက်တော်မှာ ရရပါလို၏" ဆိုပြီး သူတို့စိတ်ကို သူတို့ ခိုင်ခိုင် မာမာ ဆုံးဖြတ်ချက်ချပြီး ဆုတောင်းခဲ့ကြတာပါ။ သီလ သမာဓိ ပညာရှိတဲ့ ဆရာတော်ကြီးတွေမှာ ဘုရားဆုတောင်းတဲ့သူ၊ ပကတိ သာဝကဆု တောင်းတဲ့သူတွေ ရှိကြပါတယ်။

ဝဋ္ဋနိဿိတနဲ့ ဝိဝဋ္ဋနိဿိတ အဆုံးအဖြတ်ဟာ ဆရာအစဉ်အဆက် အတော်ပဲ အပြောများပါတယ်။ ဝိပဿနာဉာဏ် အမြင်နဲ့ကျတော့ ငါ မပါပဲလုပ်တဲ့ ဒါန သီလ ဘာဝနာဆိုယင် ဝဋ္ဋက လွတ်နေတာပါ။ အရေးကြီးတာက ငါ ကောင်းစားရေး၊ ငါ ချမ်းသာရေး၊ ငါ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရေးဆိုယင် ဝဋ္ဋက ထွက်မြောက်ရေးဆိုတဲ့ အဓိပ္ပာယ် မဖြစ်နိုင်ပါ။ ဒါကြောင့် ဒါနဖြစ်စေ၊ သီလဖြစ်စေ၊ ဘာဝနာဖြစ်စေ

လုပ်တဲ့အခါ ဗုဒ္ဓဘာသာတိုင်းမှာ ဒီစိတ်ဓာတ်မျိုး ဖြစ်လာအောင် ပြင်ဖို့က ခဲယဉ်းလှပါတယ်။

ဝိပဿနာအဆင့် ရောက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ဖြင့် ပြင်လို့ ရနိုင်ပါမယ်။ ရိုးရိုးပုဂ္ဂိုလ်တွေကတော့ ငါ ကောင်းစားရေး၊ ငါ့ဘဝ ချမ်းသာရေးနဲ့ လုပ်ကြတာပါပဲ။ သို့ပေမယ့် ပထမ အဝိဇ္ဇာနယ်က ကျော်လွန်လာယင်ပဲ ကျေနပ်နေရပါပြီ။ ငါ ကောင်းစားရေးအတွက်နဲ့ ကုသိုလ်လုပ်တော့လဲ လူ့စည်းစိမ် နတ်စည်းစိမ် ဘဝဆက်တိုင်း ချမ်းသာ ရနိုင်တာပဲလို့ သုတ္တန်တွေမှာ ဒါလောက်နဲ့ တန်တဲ့ပုဂ္ဂိုလ်တွေကျတော့ လူ့စည်းစိမ် နတ်စည်းစိမ်ဆိုတဲ့ သုဂတိဘဝ ရောက်ရေးကိုပဲ ဟောကြားချက်များ ရှိပါတယ်။ ပဋိစ္စသမုပ္ပါဒ်က တငယ့် ငင့်မြစ် ပြတ်သွားအောင် လုပ်တဲ့နည်းကို ပြတော့ ဝဋ်သုံးပါးက ထွက် မြောက်ရေး မဟုတ်သေးယင် ကာမကုသိုလ်တွေလဲ အဝိဇ္ဇာကြောင့် ဖြစ်ရတာ ပါပဲ။

### အဝိဇ္ဇာကြောင့် ဈာန်ရပုံ

တတိယ အဝိဇ္ဇာကြောင့် ရူပကုသိုလ်စေတနာများ ဖြစ်တယ်။ သရုပ်မှာတုန်းက ပုညာဘိသင်္ခါရမှာ ကာမကုသိုလ်နဲ့ ရူပကုသိုလ် သင်ခဲ့ပါတယ်။ ကာမကုသိုလ်က လူ့ဘုံ နတ်ဘုံ ကာမသုဂတိ ၇ ဘုံကို ရောက်တယ်။ ရူပကုသိုလ်ကံ စေတနာသင်္ခါရက ရူပဗြဟ္မာဘုံကို ရောက်ပါတယ်။ ရူပကုသိုလ် စေတနာနဲ့ ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဖြစ်တာ ဘာကြောင့် ဖြစ်တာလဲ။ ဗြဟ္မာဖြစ်အောင် ဈာန်လုပ်ငန်းတွေ လုပ်တာက ဘာကြောင့် လုပ်တာလဲ။ သမထ တရားထိုင်တယ်ဆိုတာ ဘယ်အတွက် ထိုင်တာလဲ။ အဝိဇ္ဇာကြောင့် ထိုင်တာပါ။ တရားထိုင်ဟာ မိုက်လို့ ထိုင်တယ်ဆိုယင် တော်တော် ဂွပြောတဲ့သူလို့ ဖြစ်မှာပါ။ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောရယင် –

အဝိဇ္ဇာ ပစ္စယာ- ဗြဟ္မာချမ်းသာကို ဒုက္ခလို့ မသိတဲ့ အဝိဇ္ဇာကြောင့်။ သင်္ခါရာ- ရူပကုသိုလ် စေတနာ သင်္ခါရတို့သည်။ သမ္ဘဝန္တိ- ဖြစ်ကုန်၏။ ဒီလိုပဲ ပြောရမှာပါ။

ဒီ အဝိဇ္ဇာက အလျင်ပြောခဲ့တဲ့ အဝိဇ္ဇာတွေထက်တော့ အဆင့်မြင့်ပါတယ်။ လောကီ ကာမဂုဏ် စည်းစိမ်တွေဟာ 'အပ္ပဿာဒါ ဒုက္ခာ ကာမာ'ဆိုတဲ့အတိုင်း ချမ်းသာက နည်းပြီး ဒုက္ခက များပါတယ်။ ဘာနဲ့ ဥပမာပြသလဲဆိုတော့ လောကီစည်းစိမ် လူ့စည်းစိမ် နတ်စည်းစိမ်တွေကို အင်မတန်ထက်တဲ့ သင်ဓုန်းဓားသွားပေါ်မှာ ရှိတဲ့ ပျားရည်ကို လျှာနဲ့လျက်သလို ကာမဂုဏ်စည်းစိမ်တွေဟာ ဒုက္ခပဲလို့ ဒီလောက်တော့ သိတယ်။ ဒါကြောင့် ဗြဟ္မာ့ဘုံသွားတဲ့ ပုဂ္ဂိုလ်တွေက ကာမဂုဏ် စည်းစိမ်ကို အကုန်လုံး စွန့်ပါတယ်။

ဘုရားမပွင့်ခင် ခေတ်ကဆိုယင် နတ်စည်းစိမ်တမျှ ဘယ်လိုပဲ ချမ်းသာတဲ့ လူ့စည်းစိမ်တွေ ဖြစ်ပါစေ၊ အကုန်စွန့်ပြီး တောထွက်တဲ့ သူတွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီ စည်းစိမ်တွေဟာ ဒုက္ခပဲလို့ သိတယ်။ သူတို့ မသိတာက ဘာလဲဆိုတော့ ကာမဂုဏ်စည်းစိမ်တွေက ထွက်မြောက်သွားတယ် ဆိုယင် ဗြဟ္မာ့ပြည်ရောက်ယင်တော့ အေးသွားပြီ၊ နိဗ္ဗာန်ပဲလို့ ထင်တာပါ။ လူ့စည်းစိမ်နဲ့ စာယင်တော့ ဗြဟ္မာဆိုတာမှာ တန်ခိုးရှိတယ်။ အသက်ကလဲ ကမ္ဘာနဲ့ချီပြီး ရှည်တယ်။ သူတို့မှာ စားဝတ်နေရေး ဒုက္ခဆိုတာကလဲ ဘာမှ မရှိ၊ သူတို့က ပီတိပဲ စားနေတာပါ။ အဲဒီလောက် ချမ်းသာတဲ့ ချမ်းသာနဲ့ ဒီလို ဗြဟ္မာ ဖြစ်ရသော်လည်း တဆင့်ပြီးတဆင့် ပြန်ပြီးတော့ ငရဲထိအောင် ကျနိုင်တယ်ဆိုတာကို သူတို့က မသိကြပါ။

ဘဝဂ္ဂမ္ပိ သမ္ပတ္တိံ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ = ဗြဟ္မာ့ဘုံ ဘဝဂ်ထိအောင် ရောက်တယ်ဆိုပေမယ့် ဒုဂ္ဂတိဘဝထိအောင် ပြန်ရောက်နိုင်သေးတယ်လို့ ဆိုပါတယ်။ ဗြဟ္မာမှာလဲ ဇာတိ၊ ဇရာ၊ မရဏ ဆိုတာက ရှိတယ်။ သူ့ သက်တမ်းစေ့ နေပြီးတော့ သေမယ်၊ လူ့ပြည် ပြန်ရောက်လို့ မကောင်းတာလုပ်မိယင် ငရဲထိ ပြန်ကျနိုင်တယ်။ အဲဒီတော့ ၃၁ ဘုံထဲက မလွတ်နိုင်သေးတဲ့ ဒုက္ခကို မသိတဲ့ အဝိဇ္ဇာပါ။ အဲဒီ အဝိဇ္ဇာကြောင့် ကာမဂုဏ်စည်းစိမ်စွန့်ပြီး တောထွက် တရားအားထုတ်တဲ့ အခါ ဈာန် အဘိညာဏ်တွေ ရလာတော့ မြေလျှိုး မိုးပျံနိုင်ပြီး ယခု ဘဝမှာလဲ ချမ်းသာတယ်၊ နောက်ဘဝလဲ ဗြဟ္မာ့ပြည် ရောက်တယ်၊ ဒီလမ်းစဉ်ဟာလဲ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သမထလမ်းစဉ်ပါပဲ။

အဝိဇ္ဇာဆိုတဲ့ အကုသိုလ်စေတသိက်ထဲက မောဟက ဘယ်လောက် ဖုံးလွှမ်းသလဲဆိုတော့ အထပ်ထပ် အလွှာလွှာ တိမ်တိုက် တိမ်ခဲကြီး များလို မောဟက ဉာဏ်ကို ဖုံးလွှမ်းထားတာပါ။ အမှန်တရားကို မသိနိုင်အောင် အထပ်ထပ် ဖုံးလွှမ်းထားတာမှာ တထပ်ခွာလဲ တထပ် ကျန်၊ တထပ်ခွာလဲ တထပ်ကျန်နဲ့ မြတ်စွာဘုရားပင်လျှင် လေးသင်္ချေနဲ့ ကမ္ဘာတသိန်းကြာမှ သဗ္ဗညုတဉာဏ်ကို ရတာပါ။

## အဝိဇ္ဇာနှင့် အရူပဗြဟ္မာ

စတုတ္ထ ၄ ခုမြောက် အဝိဇ္ဇာကြောင့် အရူပကုသိုလ် စေတနာ ဖြစ်ပါတယ်။ လုပ်ငန်းက အရူပဈာန်ဆိုတော့ သမထပဲ လုပ်တာပါ။ ဒီ အရူပဈာန်က အရူပ ဗြဟ္မာဘုံကို အကျိုးပေးပါတယ်။ ဗြဟ္မာက သုံးမျိုးရှိပါတယ်။ အသညသတ် ဗြဟ္မာဘုံက ရုပ်ချည်းသက်သက် ရှိတာ ပါ။ ကြွင်းသော ရူပဗြဟ္မာဘုံက ရုပ်၊ နာမ် ၂ ပါး ရှိပါတယ်။ အရူပ ဗြဟ္မာက နာမ်သက်သက်ပဲ ရှိတာပါ။ အရူပဘုံ ရောက်တဲ့ ဗြဟ္မာ တွေက ဘာကိုမသိတာလဲ။ အဋ္ဌကထာဆရာက အဲဒီ အရူပဘုံက ဗြဟ္မာတွေကို မျက်စိလည် လမ်းမှားပြီး ဘီလူးတွေပေါတဲ့ သဲကန္တာရထဲ ရောက်သလိုဖြစ်အောင် မောဟက 'လှည့်စားလိုက်တယ်လို့ ဆိုပါတယ်။ သူတို့က ဒုက္ခရောက်တာဟာ ရုပ်ရှိလို့ ဒုက္ခရောက်တာ၊ ရုပ်ရှိယင် အိုနာ သေဆိုတဲ့ ဒုက္ခ ဖြစ်တယ်ဆိုပြီး ရုပ်မှာ အပြင်မြင်ပါတယ်။

## နာမ်တရားဖြစ် ပျက်ကို မမြင်နိုင်ပါ

နာမ်တရားက ဥပါဒ် ဌီ ဘင် အားဖြင့် ဖြစ်ပျက် နေတယ်ဆိုတာ ကလဲ ဘုရားမှတပါး ဘယ်သူမှ မသိနိုင်ပါ။ ပဋ္ဌာန်း အနန္တရပစ္စည်း မှာ လာပုံက နာမ်တရားတွေကတော့ ဆက်တိုက် ဖြစ်နေတာပါ။ ဒါကို သူတို့ မသိနိုင်ကြပါ။ ရုပ်တရားတွေ တဘဝမှာ တခါ ပျက်ပျက်သွား တာကိုတော့ သူတို့သိကြပါတယ်။ ဒါကြောင့် ရုပ်တရားတွေ ထပ် တလဲလဲ ဖြစ်နေလို့ ဒုက္ခရှိနေတာပဲ။ နာမ်တရားချည်းပဲသာ ဆိုယင် နိဗ္ဗာန်ရမှာပဲ ဆိုပြီး သူတို့ အဝိဇ္ဇာက နည်းနည်း ထမ်းသွားပါတယ်။ ရုပ်ပေါ်မှာသာ ဒုက္ခကို မြင်ပြီး နာမ်ပေါ်မှာ ဒုက္ခလို့ မမြင်တဲ့ အဝိဇ္ဇာပါ။

## နာမ်တရားတို့ စွမ်းရည်

နာမ်ရဲ့ စွမ်းရည်ကလဲ ဘယ်လောက် ထက်သလဲဆိုယင် နေဝ သညာ နာသညာယတနဘုံမှာဆိုယင် နာမ်တရား ရှိလေသလော မရှိလေသလောလို့ ထင်ရအောင်ပဲ နာမ်တရားက သိမ်ပြီး သိမ်မွေ့သွားပါတယ်။ ဘယ်လောက်သိမ်မွေ့သွားသလဲဆိုတော့ အသက်ရှည်တာကလဲ ကမ္ဘာပေါင်း ၈၄၀၀၀ ရှိတော့ နိဗ္ဗာန်တမျိုးပါပဲ။ ကမ္ဘာပေါင်း ၈၄၀၀၀ နာမ်ချည်းသက်သက် သွားပြီး ဖြစ်နေတာပါ။ မြတ်စွာဘုရားက ဟောလို့သာ ဒုဂ္ဂတိဘဝကို ရောက်နိုင်သေးတယ်လို့ သိရတာပါ။ သူတို့မှာက နာမ်ပျက်ပြီးတဲ့အခါမှာ အပါယ်ဘုံ ရောက်နိုင်သေးတယ်ဆိုတာ မသိတဲ့ အဝိဇ္ဇာပါ။ အဲဒီ အဝိဇ္ဇာကြောင့် သမထတရားတွေ အားထုတ်ပြီး အရူပဈာန်ကိုရတော့ အရူပဗြဟ္မာဘုံ ရောက်ကြတာပါပဲ။ အခု ပြောခဲ့တာတွေကတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရမှာ အဝိဇ္ဇာ ၄ မျိုးကြောင့် သင်္ခါရ ၄ မျိုး ဖြစ်ပုံပါ။

ရိုးရိုး သင်္ဂြိုဟ်သရုပ်သင်တုန်းက အဝိဇ္ဇာသုံးမျိုးကြောင့် ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရ သုံးမျိုး ဖြစ်တယ်လို့ သင်ခဲ့တယ်။ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဆိုတဲ့ သင်္ခါရ သုံးမျိုးကလဲ ဒီအထဲမှာ တပါတည်း ပါသွားပါတယ်။ အဝိဇ္ဇာကြောင့် အကုသိုလ်လုပ်ငန်း ဒုစရိုက်ကို လုပ်တဲ့အခါ ကိုယ်ဖြင့် ပြုလုပ်တာက ကာယသင်္ခါရ၊ နှုတ်ဖြင့် ပြောဆိုမှုက ဝစီသင်္ခါရ၊ စိတ်ဖြင့် ကြံစည်မှုက မနောသင်္ခါရ ဖြစ်ပါတယ်။ သုစရိုက်အလုပ်တွေ လုပ်တဲ့အခါမှာလဲ ကာယဒွါရ ဝစီဒွါရ မနောဒွါရ အားဖြင့် လုပ်ကြပါတယ်။

ဘုရားရှင်ဟောတဲ့ တရားတွေက များလွန်းတော့ တပည့်တော်တို့ နားလည်အောင် အကျဉ်းချုပ် ဟောတော်မူပါလို့ တောင်းပန်တဲ့အခါ သူတွေ့နှုန်တွေမှာ အကျဉ်းအားဖြင့် ဟောပါတယ်။ "ကာယကံမှာ ကိုယ်လုပ်တဲ့ အလုပ်ဟာ သူတပါးကို ထိခိုက်သလား၊ မထိခိုက်ဘူးလား။ သူတပါးကို ထိခိုက်မယ့် အလုပ်ဆိုယင် မလုပ်ပါနဲ့။ ဝစီကံ နှုတ်က ပြောမယ်ဆိုယင်လဲ ကိုယ်ပြောမယ့် စကားသည် သူတပါးကို ထိခိုက်သလား၊ မထိခိုက်ဘူးလား။ ထိခိုက်မယ်ဆိုယင် မပြောပါနဲ့။ စိတ်က ကြံစည်တဲ့အခါမှာလဲ သူများတကာ ဒုက္ခရောက်မယ့် အကြံအစည်မျိုး

ဆိုယင် ဘာမှ မကြံစည်နဲ့။ အဲဒီ သုံးမျိုးကို ထိန်းယင် ပြီးတာပဲ'' လို့ အကျဉ်းချုပ် ဟောပါတယ်။

**ဒေသနာဉာဏ်တော်**

ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် ကာယဒွါရ ဝစီဒွါရ မနောဒွါရကသာ လုပ်တဲ့အတွက် တကယ်စစ်လိုက်တဲ့အခါ ဒီသုံးမျိုးက လွဲပြီး ဘာမှ လုပ်လို့မရပါ။ ဘုရားဟောတဲ့တရားက တကယ် သိလာတဲ့အခါ ချဲ့ယင် ကျမ်းတကျမ်း ဖြစ်အောင် တရားတလုံးတည်းကပဲ ချဲ့လို့ရသလို ကျဉ်းချင်တော့လဲ စာတအုပ်လုံးကို တရားလေး တလုံး နှစ်လုံးအထိ ကျဉ်းနိုင်ပါတယ်။ ဒါက ရှင်တော်မြတ်ဘုရားရဲ့ ဒေသနာ ဉာဏ်တော်ပါ။

သင်္ခါရတွေမှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေ-ဉ္ဇာဘိသင်္ခါရကို ပြန်ပြီး ချုပ်လိုက်ယင် ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီကံသုံးမျိုးမှာပဲ ပြန် ဝင်ပါတယ်။ ဒါန သီလက ကာယကံ၊ ဝစီကံ၊ မနောကံသုံးမျိုးနဲ့ လုပ်ပါတယ်။ သမထနဲ့ ဝိပဿနာကတော့ မနောကံ သက်သက်ပါ။ တရားအားထုတ်တယ်ဆိုတော့ စိတ်နဲ့သာ လုပ်တာပါ။ ဒီကံ ၃ ပါးမှာပဲ ပြန်ဝင်သွားပါတယ်။ ဒါကတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာကို အဝိဇ္ဇာ ၄ မျိုး သင်္ခါရ ၄ မျိုးနဲ့ ရှင်းပြတာပါပဲ။

## ၂။ သင်္ခါရပစ္စယာ ဝိညာဏံ

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတော့ ဒီနေရာမှာ တော်တော် အရေးကြီးပါတယ်။ သင်္ခါရပစ္စယာ ဝိညာဏံမှာ သင်္ခါရက ၄ မျိုးရှိတယ်။ အကုသိုလ်သင်္ခါရ၊ ကာမာဝစရကုသိုလ်သင်္ခါရ၊ ရူပ ကုသိုလ်သင်္ခါရ၊ အရူပကုသိုလ်သင်္ခါရပါပဲ။ ဒီ လောကီ ကုသိုလ် အကု သိုလ် စေတနာတို့ကြောင့် သတ္တဝါတွေဟာ ၃၁ ဘုံမှာ ကျင်လည်ရမှာ ပါ။ အကုသိုလ်သင်္ခါရ၊ အကုသိုလ်စေတနာကြောင့် အပါယ် ၄ ဘုံကို သွားရတယ်။ ကာမကုသိုလ် သင်္ခါရကြောင့် ကာမသုဂတိ ၇ ဘုံကို

သွားရတယ်။ ရူပကုသိုလ် သင်္ခါရကြောင့် ရူပဘုံ၊ အရူပကုသိုလ် သင်္ခါရကြောင့် အရူပဘုံကို သွားရမှာဆိုတော့ သူ့သင်္ခါရနဲ့ သူ့ဘုံနဲ့ ပဋိစ္စသမုပ္ပါဒ်က လည်သွားမှာပါ။

ဒီနေရာမှာ ဒီ ကုသိုလ် အကုသိုလ်တွေကို ငါလုပ်တာ မဟုတ်၊ အဝိဇ္ဇာကြောင့် ဒီကုသိုလ် သင်္ခါရနဲ့ အကုသိုလ်သင်္ခါရတွေ ဖြစ်ကြတာပဲလို့ ဒိဋ္ဌိပြုတ်ချင်တဲ့သူက မြင်ရမှာပါ။ ပဋိစ္စသမုပ္ပါဒ်မှာက 'ငါ' ကို ဖျောက်ပစ်ရမှာပါ။ 'ငါ' သွားထည့်လို့ မရပါ။

**အဝိဇ္ဇာအကြောင်း တခုတည်းလား**

အဝိဇ္ဇာကြောင့် သင်္ခါရတွေ ဖြစ်တယ်ဆိုတာမှာ ဒီသင်္ခါရတွေ ဖြစ်တာက အဝိဇ္ဇာဆိုတဲ့ အကြောင်းတခုတည်းလား။ အကြောင်းတခုတည်း ဆိုယင် "ဧက ကာရဏဝါဒ" ဆိုတဲ့ ဒိဋ္ဌိတမျိုးဖြစ်မှာပါ။ ပဋိစ္စသမုပ္ပါဒ်မှာက အဝိဇ္ဇာကို ပဓာနဖြစ်လို့ ခေါင်းတည်ပြီးတော့ ဟောတာပါ။ ဘုရားရှင်ဟောတဲ့ တရားတွေမှာ—

(၁) အကြောင်းက ပဓာနဖြစ်လို့ ခေါင်းတည်ပြီး ဟောတဲ့ အကြောင်းလဲ ရှိတယ်။
(၂) အကြောင်းအမျိုးမျိုးမှ အကြောင်းတခုကသာ ထင်ရှားလို့ ခေါင်းတည်ပြီး ဟောတာလဲ ရှိပါတယ်။
(၃) ဒီအကြောင်းတရားကို ပြယင် အခြား တပါးသော အကြောင်းတရားတွေနဲ့ မဆက်ဆံတဲ့ အကြောင်းတရားကို ပြတာလဲ ရှိပါတယ်။

အကြောင်းကို ရှာတဲ့အခါ ပဋ္ဌာန်းမှာတော့ အကြောင်း အမျိုးမျိုးကို ပြပါတယ်။ ဘုရားရှင်ရဲ့ ဝါဒက ဝိဘဇ္ဇဝါဒပါ။ အကြောင်း တခုတည်း ဆုပ်ကိုင်ထားတဲ့ ဝါဒမဟုတ်ပါ။ အကြောင်း အမျိုးမျိုးကြောင့် အကျိုးအမျိုးမျိုး ဖြစ်တာတွေကို ဟောတဲ့ ဝါဒပါ။

**အဝိဇ္ဇာက ဘယ်သူ့ကြောင့် ဖြစ်တာလဲ**

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်ဆိုယင် အဝိဇ္ဇာက ဘယ်သူ့ကြောင့် ဖြစ်တာလဲ။ သံသရာအစဟာ အဝိဇ္ဇာလား၊ အာဒိဗြဟ္မာအခြေခံ

အကုသိုလ်စေတသိက်တွေ သင်တဲ့အခါ 'မောဟ'က ပထမဆုံး လာပါတယ်။ မောဟက အကုသိုလ်ပြုတိုင်းပြုတိုင်း ပါပါတယ်။ မောဟမပါပဲ ဘယ်အကုသိုလ်မှ လုပ်လို့မရပါ။ ပါဠိလိုကတော့ 'သဗ္ဗာကုသလသာဓာရဏ' စေတသိက်၊ အကုသိုလ်စိတ် အားလုံးနဲ့ ဆက်ဆံတဲ့ စေတသိက်လို့ ဆိုပါတယ်။ ရှင်းရှင်းနဲ့ လွယ်အောင်ကတော့ အကုသိုလ်ပြုတိုင်း ပါဝင်တဲ့ စေတသိက်က ၄ လုံးရှိပါတယ်။ နံပါတ်တစ်က မောဟပါပဲ။ မောဟက လူတွေကို မျက်မှန်စိမ်းတပ်ပေးလိုက်တာပါပဲ။ မြင်းများကို မြက်ကျွေးတဲ့အခါ မျက်မှန်စိမ်း တပ်ပေးတော့ မြက်ခြောက်ကို အစိုထင်ပြီး စားတယ်မဟုတ်လား။

အဲဒီလိုပဲ မောဟက လူတွေရဲ့ ဉာဏ်ကို အကုသိုလ် ဒုစရိုက်ကို မသိအောင် ဖုံးလွှမ်းပေးထားတဲ့ မောဟက တမျိုး၊

ကာမာဝစရကုသိုလ် အကျိုးတွေကို ဒုက္ခလို့ မမြင်အောင် ဖုံးလွှမ်းပေးတဲ့ မောဟက တမျိုး၊

ရူပကုသိုလ် အရူပကုသိုလ် အကျိုးတွေကို ဒုက္ခလို့ မမြင်အောင် ဖုံးလွှမ်းတဲ့ မောဟက တမျိုး၊ မောဟက အမှန်တရားဖြစ်တဲ့ နိဗ္ဗာန် သို့မဟုတ် သစ္စာလေးပါးတရားကို မမြင်အောင် နည်းအမျိုးမျိုးနဲ့ အထပ်ထပ် ဖုံးကွယ်ထားတာပါ။ အကုသိုလ်လုပ်ယင် မောဟ၊ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ ဆိုတဲ့ စေတသိက် ၄ လုံးက တခါတည်းပါတာပါ။

လောဘလုပ်ငန်းဖြစ်ယင်လဲ မောဟပါတယ်၊ ဒေါသဖြစ်ယင်လဲ မောဟပါတယ်။ လောဘချည်းဖြစ်လို့ မရပါ။ ပစ္စည်းတခုကို လိုချင်တဲ့ လောဘဖြစ်ယင် ဒီပစ္စည်းရဲ့ ဒုက္ခကို မသိအောင် မောဟက ဖုံးလွှမ်းပေးရတာပါ။ ဒေါသဖြစ်ယင်လဲ ငါရော သူပါ ဒုက္ခရောက်နိုင်တယ်လို့ သိတဲ့ဉာဏ်ကို မောဟက ဖုံးလွှမ်းပေးမှလဲ ဒေါသဖြစ်လို့ ရတာပါ။ မာနဖြစ်တယ်လို့ ဆိုယင်လဲ မာနကြီးတဲ့သူက လူ့အောက်ကို ရောက်သွားတတ်တယ်။ မာနဟာ ဒုက္ခ ရောက်စေတယ်လို့ မမြင်အောင် မောဟက ဖုံးလွှမ်းပေးမှ မာနက ဖြစ်လို့ရတာပါ။ ဒိဋ္ဌိဖြစ်တယ် ဆိုယင်လဲ ဒီအယူဝါဒကို မှားတယ်လို့ မသိအောင် မောဟက ဖုံးလွှမ်းပေးမှ မှန်တယ်လို့ သူက ယူဆတာပါ။ ဘယ်အကုသိုလ်ပဲ ဖြစ်ဖြစ် မောဟမပါပဲ ဖြစ်လို့ မရပါ။

အဝိဇ္ဇာက ဘယ်သူ့ကြောင့် ဖြစ်တာလဲ။ အဝိဇ္ဇာ ဖြစ်ယင် တဏှာက ပါလာပါတယ်။ တဏှာနဲ့ အဝိဇ္ဇာက ခွဲလို့ရတာ မဟုတ်ပါ။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးကို သင်တဲ့အခါမှာ အဝိဇ္ဇာနဲ့ တဏှာကို ဒွေမူလလို့ ဆိုပါတယ်။ အဝိဇ္ဇာ ဘယ်သူ့ကြောင့် ဖြစ်တာလဲ၊ တဏှာကြောင့် ဖြစ်တယ်၊ တဏှာ ဘယ်သူ့ကြောင့် ဖြစ်တာလဲ၊ အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ ဒီလို သံသရာလည်မှာပါ။

## ဒုက္ခဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ

သစ္စာလေးပါး တရားမှာ ဒုက္ခဖြစ်ခြင်း အကြောင်းကို ဘယ်တရားလို့ ဟောသလဲ။ ဒုက္ခသစ္စာရဲ့ အကြောင်းကို သမုဒယ တဏှာလို့ ဟောပါတယ်။ သို့ပေမယ့် တဏှာမှတပါး အကုသိုလ်တရား အကုန်လုံးဟာလဲ ဒုက္ခဖြစ်ခြင်း အကြောင်းချည်းပါပဲ။ လောဘကလဲ ဒုက္ခဖြစ်ခြင်း အကြောင်း သမုဒယသစ္စာ၊ ဒေါသကလဲ ဒုက္ခဖြစ်ခြင်း အကြောင်း သမုဒယသစ္စာ၊ မာန ဒိဋ္ဌိတို့ကလဲ ဒုက္ခဖြစ်ခြင်းအကြောင်း။ သမုဒယသစ္စာ၊ အကုသိုလ်တရား အကုန်လုံးဟာ သမုဒယသစ္စာ ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်ပေမယ့် မြတ်စွာဘုရားက သစ္စာလေးပါး တရား ဟောတဲ့အခါမှာ တဏှာက ပဓာနဖြစ်လို့ ဒုက္ခဖြစ်ခြင်း အကြောင်းကို တဏှာလို့ တခုတည်း ဟောခဲ့ပါတယ်။

## ပုထုဇဉ်ဆိုတာ အကန်းတွေပါ

ပဋိစ္စသမုပ္ပါဒ် ဟောတဲ့အခါမှာတော့ သတ္တဝါတွေမှာ သစ္စာလေးပါးကို မမြင်နိုင်အောင် နိဗ္ဗာန်ကို မမြင်နိုင်အောင် အဝိဇ္ဇာက ဖုံးလွှမ်းနေတော့ အဝိဇ္ဇာက အကြောင်းရင်းပဓာန ဖြစ်နေပြန်ပါတယ်။ အဋ္ဌကထာဆရာများ ဥပမာပေးတာမှာ အကန်းများ လမ်းသွားသလို လမ်းပေါ်မှာ သွားတဲ့အခါလဲ သွား၊ ဆူးတောထဲ တိုးချင်လဲ တိုး၊ မှန်တဲ့လမ်းလဲ ရောက်၊ ဆိုးတဲ့လမ်းလဲ ရောက်သလို အဝိဇ္ဇာ ဖုံးလွှမ်းခံရတဲ့ သူတွေဟာ ၃၁ ဘုံမှာ တခါတလေ အပါယ်ဘုံရောက်၊ တခါတလေလဲ ကာမသုဂတိ ၇ ဘုံရောက်၊ တခါတလေလဲ ဗြဟ္မာ့ဘုံရောက်၊ အကန်းလမ်းသွားသလို ဖြစ်နေပါတယ်တဲ့။

အဝိဇ္ဇာက ဘယ်သူ့ကြောင့် ဖြစ်သလဲလို့ ပြန်မေးယင် အဝိဇ္ဇာ ဟာ တဏှာကြောင့်ဖြစ်တယ်ဆိုတာ ထင်ရှားပါတယ်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာမှာ အဝိဇ္ဇာက အထင်ရှားဆုံး ပဓာနအကျဆုံး အကြောင်း ဖြစ်လို့ အဝိဇ္ဇာကို နံပါတ်တစ် အကြောင်းထားပြီး ဟောရပါတယ်။

ဝိညာဏ်က ပြဿနာအဖြစ်ဆုံးပါ။ ဒီနေရာမှာ အသိရလွယ် အောင် ယခုဖြစ်နေတဲ့ ဘဝကို ဝိညာဏ်ဖြစ်ဘယ်လို့ ယူလိုက်ပါ။ ဒီဝိညာဏ်က ဘာဖြစ်လို့ လာဖြစ်နေတာလဲ။ လူဖြစ်တာ ဘာကြောင့် ဖြစ်တာလဲ။ လူ နတ် ဗြဟ္မာဆိုတဲ့ သတ္တဝါတွေကို ဘယ်သူ ဖန်ဆင်း သလဲဆိုယင် သင်္ခါရကြောင့် ဖြစ်တာပါပဲ။ သင်္ခါရကို စေတနာလို့လဲ ခေါ်တယ်။ ကံလို့လဲ ခေါ်တယ်။ ပဋ္ဌာန်း ကမ္မပစ္စည်းမှာ "ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော" ဒီပါဠိတော်ကို မြန်မာပြန်ရယင် ကုသိုလ် အကုသိုလ် ကံဆိုတဲ့ သင်္ခါရသုံးမျိုးတို့သည် 'ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ'' ဝိပါက် ခန္ဓာ ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်စေပါတယ်လို့ ဆိုပါတယ်။

**ဝိပါက်ခန္ဓာဆိုတဲ့ ဝိညာဏ်**

ဝိပါက်ခန္ဓာ ဆိုတာက ဝိညာဉ်ကို ခေါ်တာပါပဲ။ သင်္ဂြိုဟ်မှာ ဝိညာဏ်ကို စိတ် ၈၉ ခု၊ စိတ်အကုန်လုံးကို ခေါ်ပေမယ့် ဒီနေရာ မှာ ဝိညာဏ်အရ ပဋိသန္ဓေ ဝိညာဏ်ဆိုတဲ့ ဝိပါက် ဝိညာဏ်ကို ယူရမှာ ပါ။ ဝိညာဏ်က ဝိပါက်ဝိညာဏ်၊ အကုသိုလ်ဝိညာဏ်၊ ကုသိုလ်ဝိညာဏ်၊ ကြိယာဝိညာဏ်လို့ ဝိညာဏ် ၄ မျိုးရှိတော့ ဒီဝိညာဏ်က ဝိပါက် ဝိညာဏ်ပါ။ ဝိပါက်ကလဲ ပဋိသန္ဓေအခါမှာဖြစ်တဲ့ ဝိပါက်နဲ့ ပဝတ္တိ အခါမှာဖြစ်တဲ့ ဝိပါက်လို့ နှစ်မျိုးရှိပါတယ်။ ဒီလို ပဋိသန္ဓေ ဝိပါက် ဝိညာဏ်နဲ့ ပဝတ္တိဝိပါက် ဝိညာဏ် ရှိတာမှာ ဝိညာဏ်ကို ပဋိသန္ဓေ ဝိညာဏ်ပဲ ယူရမှာပါ။

**ဒိဋ္ဌိအားလုံး လွတ်သွားမှာပါ**

အများအားဖြင့် လူတွေထင်နေတာက လူတွေ နတ်တွေ ဗြဟ္မာ တွေဟာ တဘဝမှ တဘဝ ပြောင်း ပြောင်း သွားတယ်လို့ ထင်နေ တာပါ။ ဒီလို အယူအဆနဲ့ ပညတ်တွေခံနေယင် ဒိဋ္ဌိက မပြုတ်နိုင်ပါ။

ဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်ကို ဟောတာက ဒိဋ္ဌိပြုတ်အောင် ဟောတာပါပဲ။ လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ဗြဟ္မာဖြစ်တယ်လို့ မယူပဲနဲ့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုယင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ သက္ကာယဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိတွေက လွတ်သွားပြီး ဘာဒိဋ္ဌိမှ မဖြစ်တော့ပါ။

အဝိဇ္ဇာကြောင့် သင်္ခါရတွေ ဖြစ်တယ်၊ သင်္ခါရကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်ဟယ်။ ပဋိသန္ဓေစိတ်ဟာ သင်္ခါရကြောင့် ဖြစ်တယ်ဆိုတော့ ဘုံစဉ်အတိုင်း အပါယ်ပဋိသန္ဓေ ကာမသုဂတိ ပဋိသန္ဓေ ရူပပဋိသန္ဓေ အရူပ ပဋိသန္ဓေလို့ ၄ မျိုး ကွဲသွားပါတယ်။

သင်္ခါရပစ္စယာ- သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ- ပဋိသန္ဓေဝိညာဏ်တွေ ဖြစ်ပါတယ်။ ဝိညာဏ်ဖြစ်တာဟာ အကြောင်းမရှိပဲ ဖြစ်တာလား။ ယခုခေတ် သိပ္ပံဆရာတွေ ယူဆတာက ဝိညာဏ်ဟာ အတိတ် အကြောင်းကြောင့် ဖြစ်လာတာ မဟုတ်၊ အဖေနဲ့ အမေ မင်္ဂလာဆောင်လို့ ဖြစ်လာတာပါတဲ့။ ပစ္စုပ္ပန်အကြောင်း တခုတည်းကြောင့် ဖြစ်တယ်ဆိုတော့ ရုပ်ဝါဒ ဖြစ်သွားပါတယ်။ ဒီအယူကရှေး အတိတ်ကံ အကြောင်းကို ပယ်တဲ့ အဟေတုက ဒိဋ္ဌိပါ။ ဒီဘဝဝိညာဏ်က နောက်တဘဝ ပြောင်းသွားတယ်လို့ ယူဆတဲ့ အယူအဆကတော့ သဿတဒိဋ္ဌိပါ။ 'ငါ'ဘဝပြောင်းတယ်ဆိုတော့ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိက မလွတ်ပါ။ ပဋိစ္စသမုပ္ပါဒ် သင်တာက ဒိဋ္ဌိလွတ်အောင် သင်တာပါ။ ပဋိသန္ဓေဝိညာဏ်ဟာ အတိတ်ဘဝက ပြုခဲ့တဲ့ကံ သင်္ခါရ အကြောင်းတရားကြောင့် အကျိုးဝိညာဏ်ဖြစ်တယ်လို့ သဘောပေါက်မှ ဒိဋ္ဌိတွေက လွတ်မှာပါ။

## ဝိညာဏ်ဖြစ်ပုံက နက်နဲလှပါတယ်

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံက နက်နဲတဲ့အပြင် ပြဿနာလဲ များပါတယ်။ ပဋိသန္ဓေ ဝိညာဏ်ကို လူ့ဘဝမှာ အသက်လို့လဲ ခေါ်တယ်။ ဝိညာဏ်လို့လဲ ခေါ်ပါတယ်။ အသက်သေသွားတယ်။ ဝိညာဏ်ထွက်သွားတယ်လို့လဲ ပြောကြပါတယ်။ လူတွေမှာ အရေးကြီးဆုံး ဝိညာဏ်ကလေး ရလာပုံက ဘာကြောင့် ရလာသလဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ပြန်စဉ်းစားတဲ့အခါမှာ မြတ်စွာဘုရားကတော့ ၃၁ ဘုံမှာ

သတ္တဝါတွေရဲ့ ဝိညာဏ်အားလုံး ဖြစ်ပုံကို ဟောတော့ ဟောထား ခဲ့ပါတယ်။

သို့ပေမယ့် လူတွေအနေနဲ့ ကိုယ်သိတာကိုပဲ ကိုယ် စဉ်းစား ကြည့်ယင် လူတိုင်းမှာ ပဋိသန္ဓေ ဝိညာဏ်က အစဆုံး ဖြစ်ပါတယ်။ သေတဲ့အခါ အသက်ထွက်သွားတယ်၊ သေသွားတယ်၊ ဘဝတပါး ပြောင်းသွားတယ်လို့ ဘယ်လိုပဲပြောပြော ဒီဝိညာဏ်ကို ပြောတာပါပဲ။ ဒီဝိညာဏ်ကလေး ဘာကြောင့် ရလာတယ်ဆိုတဲ့ အကြောင်းကို ရှာတဲ့ အခါ သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ သင်္ခါရကြောင့် ဝိညာဏ်ကလေး ရလာပါတယ်။

သင်္ခါရဆိုတာက အဘိဓမ္မာမှာ စေတနာပါပဲ။ စေတနာဆိုတာက ဘာပဲလုပ်လုပ် အလုပ်တခု လုပ်ယင် စေတနာရဲ့ ဦးဆောင်မှု၊ နှိုးဆော်မှု၊ လှုံ့ဆော်မှုကြောင့်သာ လုပ်ဖြစ်တယ်။ ကောင်းတာလုပ်တာလဲ စေ တနာကြောင့်၊ မကောင်းတာလုပ်တာလဲ စေတနာကြောင့် လုပ်တာပါ။ ဒီလို ကောင်းတာ မကောင်းတာ လုပ်နေတာဟာ သင်္ခါရကြောင့် လုပ်နေတာပါ။ လူတွေ နားလည်အောင် ပြောရယင် ကောင်းတဲ့အလုပ် မကောင်းတဲ့အလုပ် အဲဒီအလုပ်တွေ ဘာကြောင့် လုပ်သလဲ စေတနာ ကြောင့် လုပ်ပါတယ်။ အဲဒီစေတနာကို သင်္ခါရလို့ ခေါ်တယ်။ ကံလို့လဲ ခေါ်တယ်။ အဲဒီ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်လာတယ်။ အဲဒီ စေတနာကြောင့် ဝိညာဏ် ဖြစ်လာတယ်။ ဒီလိုသိတာကတော့ စာတွေ့ သိတာပါ။

## ကိုယ်တိုင်သိ သိအောင်

ကိုယ်တိုင်သိ သိအောင် ဘယ်လို တွေးမလဲ။ ဘယ်လို စဉ်းစား ကြည့်မလဲဆိုတော့ နက်နဲ ခက်ခဲပါတယ်။ ပဋိစ္စသမုပ္ပါဒ်ဟာ နက်နဲတယ်၊ ခက်ခဲတယ်ဆိုပေမယ့် အရှင်အာနန္ဒာက မြတ်စွာဘုရား ကို လျှောက် ထားပါတယ်။ "ပဋိစ္စသမုပ္ပါဒ်ဟာ အခြားသူတွေအတွက်တော့ ခက် ချင် ခက်မှာပါ။ တပည့်တော်အတွက်တော့ လွယ်ပါတယ်ဘုရား" လို့ လျှောက်ထားဖူးပါတယ်။ ဒီလို လျှောက်တော့ "အာနန္ဒာ၊ ပဋိစ္စ သမုပ္ပါဒ်ဟာ နက်နဲတယ်၊ မလွယ်ဘူး" ဆိုပြီး ရှင်အာနန္ဒာကို နက်နဲတဲ့ အကြောင်း ဟောခဲ့ပါတယ်။

## ကံကြောင့် ဖြစ်တယ်
## ကံ အစိက အကြောင်းပေါ

ပဋိစ္စသမုပ္ပါဒ်မှာ ဝိညာဏ်ကလေး ရလာပုံကို စဉ်းစားတော့ ယခုခေတ် သိပ္ပံဆရာတွေ စဉ်းစားတာကတော့ မိဘ ၂ ပါး အင်္ဂပြုပြီး ဝိညာဏ် ဖြစ်လာရတယ်လို့ လူဖြစ်လာခြင်း အကြောင်းကို ရှာကြတယ်။ ဒီအကြောင်းကသာ တကယ် ပမာနဆိုယင် အဖေအမေ သူတော်ကောင်း ဖြစ်ယင် တကယ့် ကောင်းတဲ့ သားသမီးပဲ မွေးမှာပါ။ မိဘတဦးတည်း ကပဲ ပေါက်ဖွားတဲ့ သမီး သားတွေမှာ ဆိုးတဲ့သူက သိပ်ဆိုး၊ ကောင်းတဲ့ သူက သိပ်ကောင်း၊ ပညာတတ်တဲ့သူကလဲ သိပ်တတ်၊ မတတ်တဲ့သူကလဲ မတတ်၊ အဲဒီလို လူတွေမှာ ကွဲပြား ခြားနားနေပါတယ်။ အဲဒီ ကွဲပြားတဲ့ အကြောင်းကတော့ ရှိရမှာပါ။ အဲဒီအကြောင်းကို စဉ်းစား တော့ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် သင်္ခါရဆိုတာ စေတနာ၊ စေတနာဆိုတာ ကံ၊ ကံကြောင့် ကွဲပြားကြတယ်လို့ ဟော ပါတယ်။ သုတ္တန် ပါဠိတော်တွေမှာလဲ "ကမ္မံ သတ္တေ ဝိဘဇတိ" အယုတ် အလတ် ဒွမြတ်လို့ သတ္တဝါတွေ ကွဲပြားသွားတာက ကံက စီမံ ဖန်တီး တယ်လို့ ဆိုပါတယ်။ ဒီ ပါဠိတော်တွေနဲ့ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ ပါဠိတော်က တထပ်တည်းပါ။ ပဋိစ္စသမုပ္ပါဒ် နက်နဲတယ် ဆိုတာက သင်္ခါရ ပစ္စယာ ဝိညာဏံ ဆိုတဲ့ ပဋိသန္ဓေ အခန်းပါပဲ။

## အဘိဓမ္မာဆိုတာ လက်တွေ့ ပြနိုင်ရမယ်

ဒီထက် ထင်ထင်ရှားရှား ကိုယ်တိုင်သိရအောင်က ပဝတ္တိအခါ ကိုယ်သန္တာန်မှာ ဝိညာဏ်တွေ ဖြစ်နေတာကို ကြည့်ရပါမယ်။ ခေတ် ကလဲ သိပ္ပံပညာ ထွန်းကားပြီး လူတွေရဲ့ တွေးခေါ် မြော်မြင်ရေး တရား တွေက အများကြီး ပြည့်စုံပြီး နေကြတယ်။ ပါရဂူတွေကလဲ အမျိုး မျိုး လေ့လာနေကြတော့ ဒါကတော့ ဘုရားဟောတာပဲလို့ ပြောရုံနဲ့ သဘောပေါက်ကြမယ် မဟုတ်ပါ။ ဝိညာဏ်ဖြစ်နေတာကို လက်တွေ့ သိပ္ပံနည်းကျကျနဲ့ ပြောယင် အဘိဓမ္မာက လက်တွေ့ပြနိုင်တာ အများ ကြီး ရှိပါတယ်။

လက်တွေ့မှာ ပဋိသန္ဓေဝိညာဏ်ကို မစဉ်းစားသေးပဲ ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ ဝိညာဏ်တွေကို စဉ်းစားရမယ်။ ပဝတ္တိအခါမှာ မြင်တဲ့စိတ် ကြားတဲ့စိတ် နံတဲ့စိတ် ဒီစိတ်တွေဟာ ပဝတ္တိအခါ 'သင်္ခါရပစ္စယာ ဝိညာဏံ' သင်္ခါရကြောင့်ဖြစ်တဲ့ ဝိညာဏ်တွေပါပဲ။

## ပစ္စုပ္ပန်ထောက်ပြီး အတိတ်ကို သိနိုင်ပုံ

မြင်တဲ့စိတ် ဖြစ်တဲ့အခါ ကောင်းတာချည်းပဲ ဖြစ်တာမဟုတ်။ လူတိုင်းကတော့ ကောင်းတာချည်းပဲ မြင်ချင်ပါတယ်။ ကောင်းတာချည်းပဲ ကြားချင်တယ်။ ကောင်းတာချည်းပဲ နံချင်တယ်။ ဒါပေမယ့် ဖြစ်နေတာက မကောင်းတာလဲ မြင်၊ မကောင်းတာလဲ ကြား၊ မကောင်းတာလဲ နံ ဆိုတော့ ဒီဝိညာဏ်တွေဟာ ဘာကြောင့်ဖြစ်တာလဲ။ ယခုလောလောဆယ်လုပ်တဲ့ စေတနာကြောင့် ဖြစ်လို့ရရဲ့လား။ လူတွေမှာဖြစ်ချင်တဲ့ဆန္ဒ၊ ဝီရိယ၊ စေတနာတို့က ကောင်းတာမြင်၊ ကောင်းတာကြား၊ ကောင်းတာ စားရအောင် ကြိုးစားနေကြတာပါပဲ။ ဒီလို ဆန္ဒဝီရိယ စေတနာတွေ မျိုးစုံနဲ့ ကြိုးစားနေပေမယ့် မကောင်းတာလဲမြင်၊ မကောင်းတာလဲ ကြား၊ မကောင်းတာလဲ စား၊ မကောင်းတာနံနဲ့လဲ ကြုံတွေ့နေရတော့ အကြောင်းတခုကတော့ ရှိရမှာပါ။ ဒီအကြောင်းက ဘာလဲ။ လူတိုင်းမှာ အတိတ်ဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကံ အကုသိုလ်ကံက ရှိရပါမယ်။

ကောင်းတာ လုပ်ခဲ့သူတွေဟာ ကောင်းတာ မြင်နေရတယ်၊ ကောင်းတာ ကြားနေရတယ်၊ ကောင်းတာ စားနေရတယ်။ မကောင်းတာ လုပ်ခဲ့လို့ မကောင်းတာ မြင်ရ၊ မကောင်းတာ ကြားရ၊ မကောင်းတာ စားနေရတယ်။ အကြောင်းကိုရှာယင် သင်္ခါရကြောင့်ပါပဲ။ ဒီသင်္ခါရကို ကုသိုလ်ကံ အကုသိုလ်ကံလို့လဲ ခေါ်တယ်။ ကုသိုလ်စေတနာ အကုသိုလ်စေတနာလို့လဲ ခေါ်တယ်။ လောလောဆယ် ပစ္စုပ္ပန်မှာ ကောင်းတာ မြင်ချင်တယ်၊ ကောင်းတာ စားချင်တယ်၊ ကောင်းတာ နံချင်တယ် ဆိုပြီး ဘယ်လိုပဲ ကောင်းတာဖြစ်အောင် လုပ်နေပေမယ့် အတိတ်က မကောင်းတဲ့ကံတွေ ရှိနေယင် မကောင်းတာ မြင်၊ မကောင်းတာ ကြား၊ မကောင်းတာပဲ စားနေရပါတယ်။ ဒီလို အကြောင်းကို

ချာတဲ့အခါ ပစ္စုပ္ပန် လောလောဆယ်အကြောင်း တခုတည်းကတော့ မဖြစ်နိုင်ပါ။ အတိတ်က အကြောင်းတခုခုတော့ ရှိရပါမယ်။

**နာနာက္ခဏိက ကမ္မ**

သင်္ခါရပစ္စယာ ဝိညာဏံမှာ သင်္ခါရက 'ကံ'ဆိုတော့ ပဋ္ဌာန်း ကမ္မပစ္စည်းမှာ 'ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော'လို့ ဟောပါတယ်။ ဒီနာနာက္ခဏိက ကမ္မပစ္စည်းမှာ ကံကို ပြုလုပ်တဲ့အချိန်က တချိန်၊ အကျိုးဖြစ်တဲ့ အချိန်က တချိန်၊ ကံကို ပြုလုပ်တာက ဘဝ, ဘဝက ပြုလုပ်ခဲ့တာပါ။ အကျိုးပေးတာက ယခုဘဝမှာ လာပြီး တိုက်ဆိုင်တဲ့အခါမှာ အကျိုးက ပေးပါတယ်။

ကံကြောင့် ဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်ဖြစ်တယ်လို့ ဆိုတာပါ။ ရှင်းရှင်း ဗမာစကားနဲ့ ပြောရယင် လုပ်ခဲ့တဲ့ ကုသိုလ်ကံ ကုသိုလ်အလုပ် အကုသိုလ်ကံ အကုသိုလ်အလုပ်တွေကြောင့် ယခုဘဝမှာ အသက်လို့ ခေါ်တဲ့ ဝိညာဏ်၊ ကိုယ်ခန္ဓာလို့ခေါ်တဲ့ ကမ္မဇရုပ်တို့ကို လာပြီး ရနေတာပါ။ သင်္ခါရပစ္စယာ ဝိညာဏံမှာ အဋ္ဌကထာဆရာက ပဋ္ဌာန်း နည်းတွေပါ ထည့်ပြီး ရှင်းပြတဲ့အခါ ကမ္မပစ္စည်းနဲ့ ဥပနိဿယပစ္စည်း တို့ကိုပဲ ညွှန်းပါတယ်။

မိမိတို့သန္တာန်မှာ ပစ္စုပ္ပန်ဝိညာဏ်တွေ ဖြစ်ပုံကို စေတနာကြောင့် ကံကြောင့် သင်္ခါရကြောင့် ဖြစ်နေတယ်ဆိုတာကို ရှင်းပြတဲ့အခါ အာဂမယုတ္တိ၊ သဘာဝယုတ္တိတို့ ရှိရမှာပါ။ အာဂမယုတ္တိဆိုတာက ကျမ်းဂန်တွေနဲ့ ကိုးကားပြတာပါ။ သဘာဝယုတ္တိ ဆိုတာက သဘောအားဖြင့် အကြောင်းလုပ်ထားယင် အကျိုးတရား ဖြစ်ရတယ် ဆိုတာပါ။ သင်္ခါရပစ္စယာ ဝိညာဏံမှာ ကုသိုလ်ကံ အကုသိုလ်ကံ ကောင်းတာ မကောင်းတာ လုပ်ခဲ့ခြင်းကြောင့် ဝိညာဏ်ဖြစ်တယ်ဆိုတော့ ဘယ်သင်္ခါရ ကြောင့် ဘယ်လိုဝိညာဏ်ဖြစ်သလဲ၊ ဘယ်လိုကံမျိုးကြောင့် ဘယ်လို ဝိညာဏ် ဖြစ်လာသလဲ။

ပဋိစ္စသမုပ္ပါဒ်က ၃၁ ဘုံမှာ သတ္တဝါတွေ ကျင်လည်ပုံကို ပြတာပါ။ ၃၁ ဘုံမှာရှိတဲ့ သတ္တဝါတွေမှာ ဝိညာဏ်က အမျိုးအစား ၄ မျိုးလောက် ခွဲရပါမယ်။

## အပါယ် ပဋိသန္ဓေဝိညာဏ်

ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့ အပါယ် ၄ ဘုံမှာ ပဋိသန္ဓေနေတဲ့ ဝိပါက်ဝိညာဏ်က တခုတည်းပါ။ အဘိဓမ္မာမှာ ဘုရားရှင် ဟောခဲ့တာက အပါယ် ၄ ဘုံမှာ သတ္တဝါတွေ ဘယ်လောက်ပဲ များနေ နေ၊ ပဋိသန္ဓေစိတ်က အဟိတ် အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်တခုတည်းနဲ့ပဲ ဖြစ်ကြရပါတယ်။ အကုသလဝိပါက်ဆိုတော့ အကုသိုလ်ကံရဲ့ အကျိုးပါ။ စိတ် ၈၉ ခုမှာ ဒီ အကုသလ ဝိပါက်စိတ် ကလေး တခုဟာ အပါယ် ၄ ဘုံမှာ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိ ကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စ တပ်ပြီး ဖြစ်ပါတယ်။

ပဋိသန္ဓေကိစ္စ ဆိုတာက ဘဝအစ၊ အပါယ်သတ္တဝါတွေရဲ့ အစ ဆုံးဖြစ်တဲ့ ဝိညာဏ် ပဋိသန္ဓေပဲ ဖြစ်ပါတယ်။ အကုသိုလ်စိတ် ၁၂ ခု ထဲက ဥဒ္ဓစ္စသဟဂုတ်စိတ်မှာ ယှဉ်တဲ့ စေတနာက ဇနကသတ္တိနဲ့ အပါယ်ပဋိသန္ဓေအကျိုး မပေးနိုင်တော့ အပါယ်ဘုံမှာ ဖြစ်တဲ့ ပဋိသန္ဓေ ဝိညာဏ်ဟာ အကုသိုလ်ကံ အကုသိုလ် သင်္ခါရ အကုသိုလ် စေတနာ ၁၁ ခုကြောင့်ပဲ ဖြစ်တာပါ။

## လူ အဟိတ်ပုဂ္ဂိုလ် ရှိသလား

ကာမသုဂတိ ၇ ဘုံလို့ ခေါ်တဲ့ လူ့ဘုံနဲ့ နတ်ပြည် ၆ ထပ် မှာ ဘုံကိုလိုက်ပြီး ဝိညာဏ်ကို ခွဲတဲ့အခါ ကာမသုဂတိ ပဋိသန္ဓေစိတ်က ၉ ခု ရှိပါတယ်။ သင်္ဂြိုဟ်နဲ့ ပြောတော့ ကာမာဝစရ ကုသိုလ်ကံ၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောတော့ ကာမာဝစရကုသိုလ် သင်္ခါရကြောင့် ဝိညာဏ် ၉ ခု ဖြစ်တာပါ။ အဲဒီ ၉ ခုထဲက ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်နဲ့ ပဋိသန္ဓေကိစ္စ တပ်ပြီး မွေးလာတဲ့ လူများမှာ ကုသိုလ် ကံကြောင့် လူဖြစ်လာရတယ်ဆိုပေမယ့် လူစဉ်မမီတဲ့၊ စကားမပြော တတ်တဲ့ အအ ကလေးများ၊ မွေးကတည်းက မျက်စိမမြင်ပဲ ကန်းလာ သူများ၊ နားမကြားပဲ နားပင်းလာသူတွေပဲ ဖြစ်ပါတယ်။

ဒီလို လူ့ဘုံမှာ အဟိတ်ပုဂ္ဂိုလ်တွေ ဖြစ်လာရတဲ့ ကုသိုလ်က ဒွိဟိတ်ဩမက ဉာဏဝိပ္ပယုတ် ကုသိုလ်ကံပဲ ဖြစ်ပါတယ်။ သူများလုပ်လို့ သာ လိုက်ပြီး ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်၊ ဒါန သီလမှု

ပြုတယ်။ သူ့စိတ်မှာ ဘာမှ ဉာဏ်နဲ့ ယှဉ်ပြီးလုပ်တာ မဟုတ်တော့ ဉာဏဝိပ္ပယုတ်၊ ဒွိဟိတ်ဩမက အညံ့စားကုသိုလ် ဖြစ်ပါတယ်။ ဒီ ဒွိဟိတ်ဩမက ကုသိုလ်နဲ့ လူဖြစ်လာတဲ့အခါမှာ ကုသိုလ်ကံကြောင့် ဝိပါက် ဝိညာဏ် ဖြစ်တာမှန်သော်လဲ သူလုပ်ခဲ့တဲ့ ကုသိုလ်က အညံ့စား ကုသိုလ်ဖြစ်လို့ လူစဉ်မမီတဲ့လူ လာဖြစ်ရတာပါ။ ဒီလူမျိုးကလဲ လူ့ဘုံ မှာပဲ ရှိတာ များပါတယ်။

**တိဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်**

မဟာဝိပါက်စိတ် ၈ ခုမှာ ဉာဏဝိပ္ပယုတ် ဝိပါက် ၄ ခုက ဒွိဟိတ် ပုဂ္ဂိုလ်၊ ဉာဏသမ္ပယုတ် ဝိပါက် ၄ ခုက တိဟိတ် ပုဂ္ဂိုလ်၊ ပဋိသန္ဓေ တွေ ဖြစ်ကြပါတယ်။ ကာမာဝစရကုသိုလ် အကျိုးပေးကြောင့် ပဋိ သန္ဓေနေကြရတဲ့ လူတွေ၊ နတ်တွေရဲ့ ဝိညာဏ်ကတော့ မဟာဝိပါက်စိတ် ၈ ခုပါပဲ။

တိဟိတ် ပဋိသန္ဓေက တိဟိတ် ဥက္ကဋ္ဌကုသိုလ် ဉာဏသမ္ပယုတ် စိတ် ၄ ခုက တခုခုနဲ့ပြုတဲ့ ကုသိုလ်ကံကြောင့် ဖြစ်ရတဲ့ ဝိညာဏ်ပါပဲ။ ဉာဏသမ္ပယုတ် ကုသိုလ်ဆိုတာက ဉာဏ်နဲ့ ယှဉ်ပြီး ပြုလုပ်တဲ့ ကုသိုလ်ပါ။ သူ ကုသိုလ်လုပ်စဉ်မှာ ဒီကုသိုလ်ကို လုပ်ယင် ဘယ်လောက် အကျိုးများ မယ်ဆိုတာ သိတယ်။ ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် ဒီကုသိုလ်က ဝဋ္ဋနိဿိတ သံသရာမှာ ကျင်လည်နိုင်တဲ့ ကုသိုလ်ပဲ၊ ဒီကုသိုလ်က သံသရာက ထွက် ကြောင်းဖြစ်တဲ့ ကုသိုလ်ပဲလို့ သိပါတယ်။

ဒီကုသိုလ်မျိုးက သံသရာမှာ ကျင်လည်တယ် ဆိုပေမယ့် တိုင်း ပြည်အတွက် သာသနာအတွက် အများကောင်းစားရေး အကျိုးအတွက် ဉာဏ်နဲ့ယှဉ်ပြီး လုပ်တာပါ။ ဒီလို ကုသိုလ်ဟာ သံသရာမှာ ကြာတယ် ဆိုပေမယ့်လဲ ဘုရားအလောင်းများကဲ့သို့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကြာချင် ကြာပါစေ၊ သတ္တဝါတွေ အားလုံး ဆင်းရဲတွင်းမှ ကယ်တင် ပြီးတော့ ဘုရားဖြစ်ပြီးမှပဲ နိဗ္ဗာန်ကို သွားမယ်ဆိုတာက ဉာဏသမ္ပယုတ်၊ သိပြီးတော့ လုပ်တဲ့ တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ပါ။

တိဟိတ်ဥက္ကဋ္ဌ၊ တိဟိတ်ဩမက၊ ဒွိဟိတ် ဥက္ကဋ္ဌ၊ ဒွိဟိတ်ဩမက ကုသိုလ် ၄ မျိုးကတော့ ကာမသုဂတိ ၇ ဘုံမှာ ဖြစ်တဲ့ ကုသိုလ်

ပါပဲ။ ကာမာဝစရ ကုသိုလ်ကံ ၈ ခုက ကာမသုဂတိ ၇ ဘုံကို ရောက်စေတတ်တဲ့ ကံပါ။ ဝိညာဏ် ၉ ခု ဆိုတာကတော့ အဟိတ် ကုသလဝိပါက် ၁ နဲ့ မဟာဝိပါက်စိတ် ၈ ခုတို့ပဲ ဖြစ်ပါတယ်။ ကာမာဝစရကုသိုလ်ကံ ၈ ခုကြောင့် ဝိပါက် ဝိညာဏ် ၉ ခု ဖြစ်လာတာကို အသေးစိတ် ခွဲမယ်ဆိုယင် တိဟိတ်ဥက္ကဋ္ဌ ၄ ခုကြောင့် တိဟိတ်ပဋိသန္ဓေ ၄၊ တိဟိတ် ဩမက ကုသိုလ် ၄၊ ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ် ၄ ခုကြောင့် ဒွိဟိတ် ပဋိသန္ဓေ ၄၊ ဒွိဟိတ်ဩမက ကုသိုလ် ၄ ခုကြောင့် အဟိတ်ကုသလဝိပါက် ပဋိသန္ဓေ ၁ တို့ပဲ ဖြစ်ပါတယ်။

### အညံ့စားကုသိုလ်နှင့် အကောင်းစား ကုသိုလ်

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နဲ့ ဒါန လုပ်တယ်၊ သီလဆောက်တည်တယ်၊ အဲဒီလို ကုသိုလ်လုပ်တဲ့ အခါမှာ ရှေ့နောက် အကုသိုလ် ခြံရံပြီး လုပ်တော့ တိဟိတ် ဩမကကုသိုလ် ဖြစ်ပါတယ်။ မိမိ ကုသိုလ်ပြုတဲ့ အခါမှာ ရှေ့နောက် ကုသိုလ်ခြံရံယင် တိဟိတ် ဥက္ကဋ္ဌကုသိုလ် ဖြစ်ပါတယ်။ သင်္ခါရပစ္စယာ ဝိညာဏံမှာ ကုသိုလ်က တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ ၄ ခုဆိုယင် ဝိညာဏ်အရ ကျတော့လဲ တိဟိတ်ဝိပါက်ပဋိသန္ဓေ ဝိညာဏ် ၄ ခုပဲ ယူရပါတယ်။

ကုသိုလ်လုပ်တဲ့အခါမှာ မလှူမီ အကုသိုလ် ဖြစ်၊ လှူဆဲတော့ ဉာဏသမ္ပယုတ် ဖြစ်၊ လှူပြီးတဲ့အခါမှာ အကုသိုလ် ဖြစ်ပြန်တယ်။ ဥပမာအားဖြင့် ဘုန်းကြီးကို ကျောင်းဆောက်ပြီး လှူလိုက်တယ်၊ မလှူမီလဲ အကုသိုလ် ဖြစ်ရတယ်။ နောင်အခါ ဘုန်းကြီးနဲ့ မတည့်တော့ အကုသိုလ် ဖြစ်ရပြန်တယ်။ ဘုရားတည်တဲ့ အခါမှာလဲ မတည်ရသေးခင် စိတ်ဆိုးရ၊ ဘုရားလူကြီးလုပ်တဲ့ သူတွေနဲ့ စကားများရ၊ ရန်ဖြစ်ရ၊ ဘုရားတည်တော့ ဉာဏသမ္ပယုတ်နဲ့ တည်ပြီးသွားပါတယ်။ တည်ပြီးတော့ မကျေနပ်လို့ စကားများရပြန်တော့ ဘုရားတည်ပြီး အကုသိုလ်စိတ်တွေဖြစ်နေရပါတယ်။ ဒီလို အကုသိုလ် ရှေ့နောက် ခြံရံတဲ့ တိဟိတ် ဩမကကုသိုလ်ကြောင့် ဒွိဟိတ် ဝိပါက် ပဋိသန္ဓေ ဝိညာဏ် ၄ ခုပဲ ရပါတယ်။

တိဟိတ် ဥက္ကဋ္ဌကုသိုလ်နဲ့ တိဟိတ် ဩမက ကုသိုလ်က တိဟိတ် ကုသိုလ် ၄ ခုချင်း တူပေမယ့် ပဋိသန္ဓေဝိညာဏ်ချင်း ပဋိသန္ဓေ ရုပ်ချင်းက ကွာသွားပါတယ်။ ဒါကြောင့်မို့ လူတွေမှာ တဦးနဲ့တဦး မတူပဲ ထူးထူးခြားခြား ဖြစ်နေကြရတာက ဒီ ပဋိသန္ဓေနေတဲ့ ဝိညာဏ် ကြောင့်ပါပဲ။ ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်နဲ့ ဒွိဟိတ် ဩမက ကုသိုလ်ကြောင့် ဖြစ်တဲ့ ဝိညာဏ်တွေကလဲ ဒီအတိုင်းပါပဲ။

**သေခါနီး ဘယ်ကံက အကျိုးပေးမလဲ**

လူတွေမှာ မရဏာသန္နဇော ရှိပါတယ်။ သေခါနီး အခါမှာ မရဏာသန္နဇော ဇောပါတယ်။ အာသန္နကံ ဆိုတာက သေခါနီးမှာ လုပ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံပါ။ အာစိဏ္ဏကံက အမြဲတမ်း လုပ် နေတဲ့ ကံမျိုးပါ။ ယခုလို သင်တန်းတက်နေတယ်ဆိုတာက အာစိဏ္ဏကံ ပါပဲ။ အဘိဓမ္မာမှာ ဂရုကံ အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံလို့ ကံကို လေးမျိုး ခွဲလိုက်ပါတယ်။ ကံဆိုတာက စေတနာပါပဲ။ သင်္ခါရပစ္စယာ ဝိညာဏံ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံက အင်မတန်ကျယ်ဝန်းပါတယ်။ ကံခန်းနဲ့ယှဉ်ပြီး ပြောရမယ်ဆိုယင် သင်္ခါရဆိုတဲ့ ကုသိုလ်ကံ လုပ်ခဲ့တယ်၊ အမြဲမပြတ် လုပ်နေတဲ့ အာစိဏ္ဏကံနဲ့ သေခါနီးအခါမှာလုပ်တဲ့ အာသန္နကံ နှစ်မျိုးမှာ ဘယ်ကံက ပဋိသန္ဓေ အကျိုးပေးမလဲဆိုယင် သေခါနီးအခါ မှာ တခါလုပ်လိုက်တဲ့ အာသန္နကံက အကျိုးပေးပါတယ်။

ရုတ်တရက် စဉ်းစားယင် အာစိဏ္ဏကံက အကျိုးပေးဖို့ ကောင်း တယ် ဆိုပေမယ့် အဘိဓမ္မာမှာ အာသန္နကံကပဲ အကျိုးပေးတယ်လို့ ဆိုပါတယ်။ ကံ အကျိုးပေးပုံကို အဘိဓမ္မာဆရာကြီးတွေက ဥပမာပေး တာမှာ အင်မတန် အားကောင်းတဲ့ နွားသိုးတွေ နွားခြံထဲမှာ ပြည့်ကျပ် နေအောင် လှောင်ထားလိုက်တဲ့အခါမှာ နွားအိုကြီးက ခြံပေါက်ဝမှာပဲ နေပါတယ်။ ဖြုန်းကနဲ တံခါးဖွင့်လိုက်တော့ အလယ်က နွားသိုးက အလျင်ထွက်မလား၊ ခြံပေါက်ဝက နွားအိုကြီးက အလျင် ထွက်မလား ဆိုယင် ခြံပေါက်ဝက နွားအိုကြီးက အလျင်ထွက်ပါမယ်။ ဒီဥပမာလိုပဲ အာသန္နကံက သေပေါက်ဝမှာ ကပ်ပြီး လုပ်တဲ့အတွက် သူကပဲ အကျိုး ပေးတယ်လို့ ဆုံးဖြတ်ကြပါတယ်။

## အာသန္နကံက ဘာကြောင့် ဖြစ်ရသလဲ

သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ်ဖြစ်အောင် လုပ်တာကတော့ သင်္ခါရပါ။ ဒီ သင်္ခါရ အာသန္နကံက ဘာကြောင့် ဖြစ်ရသလဲ။ သေခါနီး မရဏာသန္နဇော စောတဲ့အခါ မျက်စိက ကောင်းကောင်း မမြင်တော့ဘူး၊ နားကလဲ မကြားတော့ဘူး ဆိုတာက သေတော့မှာမို့ တဖြည်းဖြည်း ကမ္မဇရုပ်တွေ ချုပ်သွားတာပါ။ ဒီနေရာမှာ အဘိဓမ္မာ တတ်တဲ့သူကတော့ မျက်စိလဲ မမြင်တော့ဘူး၊ နားလဲ မကြားတော့ဘူး ဆိုတာမှာ ကမ္မဇရုပ်တွေ တဖြည်းဖြည်း ချုပ်သွားတာလို့ သိပါတယ်။ ဟဒယဝတ္ထုရုပ် ကာယပသာဒဘာဝနဲ့ ဇီဝိတတို့ ကျန်နေသေးပေမယ့် နောက်ပိတ်ဆုံး မရဏာသန္နဇော စောတဲ့အချိန်မှာ ဝိညာဏ်က ဘာကို အာရုံပြုသလဲ၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဆိုတဲ့ အာရုံကို ဝိညာဏ်က တွယ်ရတယ်။ တခုခုသော အာရုံရှိမှလဲ ဝိညာဏ်က တွယ်လို့ရပါတယ်။

ရှေးက အဘိဓမ္မာတတ်ကြလို့ပဲလား၊ မတတ်ပဲနဲ့ ဗဟုသုတနဲ့ပဲ ပြောကြတာလားလို့တော့ မသိရ၊ လောက်လန်းသဖွယ် ဝိညာဏ်တွယ် ဆိုတဲ့ အဓိပ္ပာယ်က ဒီဘဝက ဝိညာဏ်ဟာ ဟိုဘဝမှာ တွယ်စရာအတွက် တခုခုကို တွယ်မိမှ ဒီဘဝကို လွှတ်လိုက်တာပါ။ မတွယ်မိသေးယင် မလွှတ်သေးပါ။

## သေခါနီး ဝိညာဏ်ဟာ ဘာကို အာရုံပြုသလဲ

သေခါနီး ဝိညာဏ်ဟာ ဘာကို အာရုံပြုသလဲ။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်လို့ သုံးမျိုးရှိတာမှာ ကံဆိုတာက ဘယ်လိုကံလဲ။ များသော အားဖြင့် အမြဲမပြတ် ကုသိုလ်ကောင်းမှုပြုလုပ်ခဲ့တဲ့ ကံက သေခါနီးအခါမှာ ဝိညာဏ်ရဲ့ အာရုံမှာ ပေါ်ပါတယ်။ အတိတ်က ပြုခဲ့တဲ့ ကမ္မနိမိတ် ဆိုတာက ရှင်ပြုတဲ့အခါတုန်းက ဘုန်းကြီးပင့်တာ၊ ပရိသတ်တွေ လာကြတာ၊ မဏ္ဍပ်တွေနဲ့ လှူဖွယ်တွေနဲ့ လှူတာ၊ ဘုန်းကြီးဆီမှာ သီလ ယူတာ၊ ဒါတွေက သေခါနီးမှာ လာပြီးပေါ်ပါတယ်။ ဒီလို အတိတ်က ပြုခဲ့တဲ့ ကုသိုလ်တွေကို သေခါနီး ဝိညာဏ်က ပြန်ပြီး အာရုံပြုတာဟာ ကံအသစ် ဖြစ်လာတာပါပဲ။

ဂတိနိမိတ်ဆိုတာက နတ်သမီးတွေ ဘုံဗိမာန်တွေကို မြင်လာတာပါ။ ဒါတွေကိုမြင်တော့ ကိုယ်သွားရမယ့်ဘုံတို့ ဗိမာန်တို့ကို ဝိညာဏ်က လှမ်းလှမ်းပြီး လောက်လန်းသဖွယ် ဝိညာဏ်တွယ်သလို တွယ်ပါတယ်။ လူ့ဘုံ သွားမယ်ဆိုယင်လဲ အဖေ အမေ အမိ၏ ဝမ်းရေစသည်တို့ အာရုံထဲမှာ ပေါ်လာတယ်လို့ အဌကထာဆရာတွေက ဆိုပါတယ်။ ဒီလို ဂတိနိမိတ်ပေါ်လာတယ်ဆိုယင် ကံ ကမ္မနိမိတ် ဂတိနိမိတ်ကို အကြောင်းပြုပြီး နတ်ပြည်သွားမယ်ဆိုယင် သွားချင်တဲ့ တဏှာက ညွှတ်ပေးရပါတယ်။

## ပဋိသန္ဓေ-နီးက တဏှာ

ပဋိသန္ဓေခန်းမှာ တဏှာမပါပဲ မဖြစ်ပါ။ သေခါနီးအခါ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ကံ ကမ္မနိမိတ် ဂတိနိမိတ်တွေ ထင်လာပါတယ်။ နိမိတ်ထင်လာတော့ ထင်လာတဲ့ဘုံကို သွားချင်တဲ့ တွယ်တာတဲ့ တဏှာက ညွှတ်ပေးတယ်။ အဝိဇ္ဇာကလဲ ဖုံးလွှမ်းပေးတယ်။ ဥပမာ-ငရဲဘုံသွားမယ့်သူဟာ ငရဲရဲ့အပြစ်ကို မမြင်အောင် ဖုံးလွှမ်းပေးတယ်။ နတ်ပြည်သွားမယ့်သူကို နတ်ပြည်ရဲ့ ဒုက္ခကို မမြင်အောင် အဝိဇ္ဇာက ဖုံးလွှမ်းပေးပါတယ်။ တဏှာက ညွှတ်ပေးလိုက်တဲ့အခါမှာ မရဏာသန္နဇောက ဟိုဘဝရဲ့ အာရုံကို အာရုံပြုပြီးတာနဲ့တပြိုင်နက် ဒီဘဝမှ စုတေရတယ်။ ဒီဘဝက ရွေ့လျောသွားတဲ့ ဝိညာဏ်ကို စုတိ၊ ဟိုဘဝမှာ ဆက်ပြီးဖြစ်တဲ့ ဝိညာဏ်ကို ပဋိသန္ဓေဝိညာဏ်လို့ခေါ်ပါတယ်။ ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝ နှစ်ခုကို ပေါင်းစပ်ပေးလို့ ပဋိသန္ဓေလို့ ခေါ်တာပါ။

## သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ

ဒီဘဝက ဝိညာဏ် ဟိုဘဝ ရောက်သွားသလား။ အားလုံး ထင်နေကြတာက ဒီဘဝက ဝိညာဏ်က ဟိုဘဝကို အာရုံပြုမိတာနဲ့ ဟိုဘဝမှာ ချက်ချင်း လူ နတ် သွားဖြစ်တယ်လို့ ထင်တာပါ။ ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့ အခြားသော ပုဂ္ဂိုလ်များက ဒီဘဝက ဝိညာဏ်ပဲ ဟိုဘဝကို ပြောင်းသွားတာလို ယူဆတာပါ။ အဲဒီလို ယူဆတာဟာ သဿတဒိဋ္ဌိပါပဲ။ ဒီ သဿတဒိဋ္ဌိက ဝိပဿနာတရား အားထုတ်ယင်

မဂ်ဖိုလ် မရနိုင်ပါ။ ပရိကံ ဥပစာ အနုလုံဆိုတဲ့ ဝိပဿနာကုသိုလ်ဇော တွေကတော့ ရပါတယ်။ သို့ပေမယ့် အရင်းခံက 'ငါ ဒီဘဝကသေယင် နောက်ဘဝ ရောက်မှာပဲ' ဆိုတဲ့ ဝိညာဏ်ပြောင်းတယ်ဆိုတဲ့ အယူဝါဒ ဟာ ပဋိစ္စသမုပ္ပါဒ်နဲ့ ဆန့်ကျင်ဘက်ပါပဲ။

ဒီဘဝမှာ ရထားတဲ့ ရုပ်နဲ့နာမ်ဟာ ဒီဘဝမှာပဲ ပြတ်သွားတယ်။ ဟိုဘဝနဲ့ ဘာမှ မဆိုင်ဘူးလို့ ဆိုယင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပြန်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်က ဒီ ဒိဋ္ဌိအားလုံးကို ဖြိုခွဲရမှာပါ။

## လူသန္တာန်မှာ ကံတွေက အမြဲရှိနေသလား

ဒီဘဝမှာ ဝိညာဏ်ဖြစ်ရခြင်းဟာ အသစ်စက်စက် ဖြစ်တာပါပဲ။ ဒါပေမယ့် ဒီဝိညာဏ်တွေ ဘာကြောင့် ဖြစ်ရသလဲဆိုတော့ အဝိဇ္ဇာ တဏှာ ခြံရံတဲ့ သင်္ခါရကြောင့် ဖြစ်ရတာပါ။

အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန–အဝိဇ္ဇာနုသယဖြင့် ခြံရံအပ်သော။ တဏှာနုသယ မူလကေန–တဏှာနုသယလျှင် အကြောင်းရင်းရှိသော။ သင်္ခါရေန–ကုသိုလ် အကုသိုလ်ကံသည်။ ဇနိယမာနံ–ဖြစ်စေအပ် သော-လို့ –

သင်္ဂြိုဟ်မှာ ဆိုထားပါတယ်။

ဟိုဘဝမှာ ပဋိသန္ဓေစိတ် ဆိုတဲ့ ဝိညာဏ်ဟာ ဘာကြောင့် ဖြစ်တာလဲဆိုတော့ ဒီဘဝက အဝိဇ္ဇာခြံရံတဲ့ တဏှာအကြောင်းရင်း ရှိတဲ့ သင်္ခါရကြောင့် ဖြစ်တာပါ။ ဒီဘဝက အကြောင်းကြောင့် ဟို ဘဝမှာ ဖြစ်တဲ့အကျိုးပါ။ ဟိုဘဝက ရုပ်နာမ်က ဒီဘဝက ရုပ်နာမ်နဲ့ ကင်း၍ သော်လဲ မဖြစ်၊ ဒီဘဝက ရုပ်နာမ်က ဟိုဘဝကို ပြောင်းသွား တာလဲ မဟုတ်၊ သတ္တဝါဆိုတဲ့ ရုပ် နာမ် ဖြစ်ရခြင်းက အတိတ်ဘဝက အဝိဇ္ဇာ တဏှာ ခြံရံတဲ့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်ရတာပါ။

ကုသိုလ်ကံ အကုသိုလ်ကံ ဆိုတာကလဲ ဥပါဒ်-ဌီ-ဘင် နဲ့ ပျက် ပျက်ပြီး အတိတ် ဖြစ်သွားတာပါ။ ဒီ ကုသိုလ်ကံတွေက အကျိုးပေးဖို့ ဘယ်နေရာမှာမှ ဆိုင်းငံ့နေတာလဲ မဟုတ်ပါ။ စောင့်နေတာလဲ မဟုတ် ပါ။ အတိတ်က ပြုလုပ်ခဲ့တဲ့ အကြောင်းကြောင့် နာမ် ရုပ် ဆိုတဲ့ ဝိညာဏ်ဟာ ကမ္ဘာတထောင် တသောင်း တသိန်းကြာမှ လာပြီး

အကျိုးပေးချင်လဲ ပေးပါတယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုတာမှာလဲ ဒီအကြောင်းကလဲ မိမိသန္တာန်မှာ အမြဲရှိနေတာ မဟုတ်ပါ။ အကြောင်းတွေ တိုက်ဆိုင်လာတဲ့အခါမှ အကျိုးပေးတာပါ။ ဒီလို အကြောင်းအကျိုးတရားတွေ ဖြစ်ပုံကို သိလာတဲ့အခါမှ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့က လွတ်သွားမှာပါ။

**အသစ်စက်စက် ဝိညာဏ်**

အဝိဇ္ဇာပစ္စယာ သင်္ခါရမှာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရ၊ အဲဒီ သင်္ခါရကြောင့် ဝိညာဏ်တွေ ဖြစ်တယ်၊ အမှန်ကတော့ အဝိဇ္ဇာ ပါယင် တဏှာက ပါလာတယ်။ ကံခန်းမှာ ဒီဘဝ ဝိညာဏ်က ဟိုဘဝကို ညွတ်အောင် တဏှာက နတ်ပြည်ဆိုယင်လဲ နတ်ပြည်၊ ငရဲပြည်ဆိုယင်လဲ ငရဲကို ညွတ်ပေးပါတယ်။ သေခါနီး မရဏာသန္နဇောမှာ အဝိဇ္ဇာက ဖုံးလွှမ်းတော့ ငရဲပြည်မှာ ငရဲမီး၊ ငရဲမီးလျှံကိုပဲ ရွှေပန်းလို့ ထင်ပြီးတော့ တဏှာက ညွတ်ပေးရပါတယ်။ သင်္ခါရဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံက ပစ်ချလိုက်တော့ ဟိုဘဝမှာ ဝိညာဏ်သွားဖြစ်ရပါတယ်။ ဟိုဘဝ ဝိညာဏ်ဟာ ဒီဘဝက အဝိဇ္ဇာ တဏှာ သင်္ခါရကြောင့် အသစ်စက်စက် ဖြစ်ပေါ်လာတာပါ။

ဒီပဋိသန္ဓေ ဝိညာဏ်သည် ဘယ်ဘဝကမှ ပြောင်းလာတာ မဟုတ်ပဲ ယခု အသစ်စက်စက် ဖြစ်လာတာပါ။ အဲဒီ ဝိညာဏ်က ဘာကြောင့်ဖြစ်ရသလဲဆိုယင် အဝိဇ္ဇာ တဏှာ သင်္ခါရကြောင့် ဖြစ်ရတာပါ။ ဒီဘဝက ဝိညာဏ်က ဥပါဒ် ဌီ-ဘင် ချုပ်ပြီးမှ ဟိုဘဝမှာ ဝိညာဏ်က အသစ်စက်စက် ဖြစ်တာပါ။ သင်္ခါရပစ္စယာ ဝိညာဏ်မှာ ကာမာဝစရ ကုသိုလ်ကံခန်းတခု ရှင်းလို့ရှိယင် ကျန်တဲ့ကံတွေ ရှင်းလောက်ပါပြီ။

**ပဋိသန္ဓေဝိညာဏ်နဲ့ ပဝတ္တိဝိညာဏ်**

လူ့ဘဝမှာ ပဋိသန္ဓေဝိညာဏ်မှတပါး ပဝတ္တိအခါမှာ ကုသလ ဝိပါက်ဝိညာဏ် အကုသလဝိပါက် ဝိညာဏ်တွေကလဲ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်တာပါပဲ။ အကုသလဝိပါက် ဝိညာဏ်ဆိုတာက လူတွေမှာ မကောင်းတာ မြင်ရ၊ မကောင်းတာ ကြားရ၊ မကောင်းတာ

နံ့ရ ဆိုတဲ့ ပဝတ္တိကာလမှာဖြစ်တဲ့ ဝိညာဏ်တွေပါပဲ။ အဲဒီ ဝိညာဏ်တွေဟာ ဘာကြောင့် ဖြစ်သလဲဆိုတော့ အတိတ်ဘဝက လုပ်ခဲ့တဲ့ အကုသိုလ်ကံကြောင့် ဒီဘဝ ပဝတ္တိအခါမှာ အကုသလဝိပါက် ဝိညာဏ်တွေ ဖြစ်ရပါတယ်။ ကုသလဝိပါက်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီ အကုသလဝိပါက် မဖြစ်တော့ဘူးလား၊ သင်္ဂြိုဟ်စွယ်ဟာ ဝိညာဏ်မှာ ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ် နှစ်မျိုးရှိပါတယ်။ အကုသလဝိပါက် ဖြစ်တဲ့ မကောင်းတာမြင်၊ မကောင်းတာကြား၊ မကောင်းတာ နံ့ ဖြစ်နေရတာဟာ ယခုဘဝမှာ မကောင်းတာလုပ်လို့ ဖြစ်တာမဟုတ်ပါ။ အတိတ်ဘဝတွေက မကောင်းတာလုပ်ခဲ့လို့ ပဋိသန္ဓေက ကုသလဝိပါက်ပင် ဖြစ်သော်လည်း ပဝတ္တိအခါမှာ အကုသလဝိပါက်တွေလဲ ဖြစ်၊ ကုသလဝိပါက်တွေလဲ ဖြစ်တာပါပဲ။

အဘိဓမ္မာက မြင်တဲ့စိတ်၊ ကြားတဲ့စိတ်၊ နံ့တဲ့စိတ်၊ ရသာသိစိတ်၊ ထိတွေ့စိတ်တွေမှာ ကုသလဝိပါက်နဲ့ အကုသလဝိပါက် ခွဲထားပါတယ်။ အတိတ်ဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကံကြောင့် ကောင်းတာမြင်၊ ကောင်းတာ စား၊ ကောင်းတာကြားနေတဲ့ သူတွေမှာလဲ တခါတခါ အကုသိုလ်ဝင်ခဲ့ယင် မကောင်းတာမြင်၊ မကောင်းတာ ကြား၊ မကောင်းတာ စားရတာပါပဲ။ ကုသလဝိပါက်နဲ့ အကုသလဝိပါက် ဝိညာဏ် ၁၀ ပါးဟာ ပဝတ္တိအခါ တိဟိတ်ပုဂ္ဂိုလ်တွေမှာလဲ ဖြစ်နေတာပါပဲ။ ဒါက ပဝတ္တိဝိညာဏ်နဲ့ ပဋိသန္ဓေဝိညာဏ်ကို ခွဲပြတာပါ။

## ရူပကုသိုလ် သင်္ခါရ

ရူပကုသိုလ် သင်္ခါရကြောင့် ရူပဝိပါက် ဝိညာဏ်ဖြစ်ပါတယ်။ ရူပကုသိုလ်က ၅ ခုရှိတဲ့အတွက် ရူပဝိပါက် ဝိညာဏ်ကလဲ ၅ ခုပဲ ရှိပါတယ်။ သင်္ခါရစွယ်ဟာဝိညာဏ်မှာ ရူပကုသိုလ် သင်္ခါရ ရူပကုသိုလ်စေတနာ ရူပကုသိုလ်ကံလို့ ဆိုရတဲ့ ပထမစျာန် ကုသိုလ်သင်္ခါရကြောင့် ပထမစျာန်ဘုံမှာ ပထမစျာန်ဝိပါက် ပဋိသန္ဓေစိတ် သွားဖြစ်ပါတယ်။ ဒုတိယစျာန် ကုသိုလ်သင်္ခါရနဲ့ တတိယစျာန် ကုသိုလ်သင်္ခါရကြောင့် ဒုတိယစျာန်ဘုံမှာ ဒုတိယ တတိယဝိပါက် ဝိညာဏ်သွားဖြစ်ပါတယ်။ စတုတ္ထစျာန် ကုသိုလ်သင်္ခါရကြောင့် တတိယစျာန်ဘုံမှာ စတုတ္ထစျာန် ဝိပါက်ဝိညာဏ် သွားဖြစ်ပါတယ်။ ပဉ္စမစျာန် ကုသိုလ်သင်္ခါရကြောင့်

စတုတ္ထစျာန်ဘုံမှာ ပဋ္ဌမစျာန် ဝိပါက်ဝိညာဏ် သွားဖြစ်ပါတယ်။ စျာန်ကုသိုလ်က ပဋ္ဌမစျာန်ထိ ငါးမျိုးရှိသော်လဲ ရူပ ဗြဟ္မာဘုံက ၄ ဆင့်ပဲ ရှိပါတယ်။

ဒီလို ဝိညာဏ်ဖြစ်ရခြင်းရဲ့ အကြောင်းကို လူ သတ္တဝါတွေ အတွက်သာ မဟုတ်ပဲ ၃၁ ဘုံလုံးကို ခြုံပြီးတော့ "သင်္ခါရ ပစ္စယာ ဝိညာဏံ"လို့ ဘုရားရှင်က ဟောခဲ့ပါတယ်။

လူ့ဘဝတုန်းက ပဋ္ဌမစျာန်ကုသိုလ် ရခဲ့တဲ့အတွက် စတုတ္ထစျာန် ဘုံမှာ သွားဖြစ်တဲ့အခါ စတုတ္ထစျာန်ဘုံက အသညသတ်ဘုံ ပါနေပါတယ်။ အသညသတ်ဘုံကတော့ နာမ်မရှိ၊ ရုပ်ချည်း သက်သက်ပဲ ရှိတာပါ။ ဒီလို ရုပ်ချည်းသက်သက်ပဲရှိတဲ့ အသညသတ် ဗြဟ္မာမှာ ဘယ်အတွက် သင်္ခါရကြောင့် ဝိညာဏ်မဖြစ်ရတာလဲ။ သင်္ခါရတိုင်းက ဝိညာဏ်ကို မဖြစ်စေနိုင်ဘူးလား။ ဒီလို ပြဿနာဖြစ်ရော အခက်အခဲနဲ့ တွေ့ရပါတယ်။

### သင်္ခါရရှိယင် ဝိညာဏ်ဖြစ်ရမယ်

သင်္ခါရရှိယင် ဝိညာဏ်ကတော့ ဖြင်ရမှာဆိုတဲ့အခါ သင်္ခါရ ပစ္စယာ ဝိညာဏံမှာ အသညသတ် ဗြဟ္မာကို လွှတ်ပြီး ခြွင်းချက်နဲ့ ထားလို့ မရပါ။ ရူပကုသိုလ် သင်္ခါရ ပဋ္ဌမစျာန်ကုသိုလ် ပွားများလို့ သင်္ခါရရှိယင် ဝိညာဏ်က ဖြစ်ရမှာပါပဲ။ အသညသတ် ဗြဟ္မာတွေကလဲ ထူးဆန်းပါတယ်။ သူတို့မှာ ဘဝပြတ်သေးတာ မဟုတ်ပါ။ သူတို့က ဘုရားမပွင့်မီကပဲ တရားရှာနေတဲ့ ပုဂ္ဂိုလ်တွေပါ။ "ဒုက္ခရောက်တယ် ဆိုတာ နာမ်ရှိလို့သာ သိတာ၊ နာမ်ကပဲ ခံစားတယ်၊ နာမ်ကပဲ ချမ်းသာချင်တယ်၊ စိတ်ဆိုးတယ်ဆိုတော့လဲ နာမ်ကပဲ စိတ်ဆိုးတာပါ။ နာမ်ရှိလို့သာ ချမ်းသာ ဆင်းရဲ ပြဿနာတွေ အမျိုးမျိုးပေါ်တာပါ။ နာမ်မရှိလို့ ရုပ်ချည်းပဲဆိုယင် ဘာပြဿနာမှ မပေါ်ပါ"လို့ ဒီလို ယူဆထားတဲ့ ရုပ်ဝါဒသမားတွေဟာ နာမ်ကို လုံးလုံးပယ်တဲ့ အကျင့် တွေကို ကျင့်ကြတာပါပဲ။

သူတို့ ဘာဝနာက နာမ်ကိုပယ်တဲ့ ဘာဝနာ ဖြစ်တော့ ဘာဝနာ အရှိန်ကြောင့် မီးပုံးကို မှိုင်းတွေခံပြီး လွှတ်လိုက်သလို မီးစာ

ရှိသမျှ တက်နေတာပါ။ မီးစာလဲ ကုန်၊ မှိုင်းကလဲ ကုန် ဆိုယင် အောက်ကို ပြန်ပြီး ကျလာတာလို အသညသတ် ဗြဟ္မာကလဲ ဘာဝနာ အရှိန်နဲ့ ကမ္ဘာပေါင်း ၅၀၀ တက်ပြီး ဖြစ်နေတာဆိုတော့ အရှိန် ကုန်တဲ့အခါ လူ့ဘုံကို ပြန်ပြီး ကျရပါတယ်။

## နာမ်တရားက အကြားမရှိ

နာမ်တရားဟာ အကြားမရှိပဲ ဥပါဒ်-ဌီ-ဘင် ပျက်ပြီ ယင် ဖြစ်၊ ပျက်ပြီ ယင် ဖြစ်နဲ့ သံသရာအစက စပြီး ရဟန္တာတို့၏ စုတိစိတ် တိုင်အောင် အစဉ်မပြတ် ဖြစ်နေတာပါ။ ဒီလို မဖြစ်ပဲနေလို့မရ၊ အစဉ် မပြတ် ဖြစ်နေရတာကလဲ စေတနာဆိုတဲ့ သင်္ခါရကြောင့် အသစ်စက် စက် ထပ်ကာထပ်ကာ ဖြစ်နေတာပါ။ အနန္တရပစ္စည်းထဲမှာ စေတနာ ဆိုတဲ့ သင်္ခါရက ပါနေတာဟာ သင်္ခါရပစ္စယာ ဝိညာဏံရဲ့ သဘော ပါပဲ။

## ဆန်းကြယ်တဲ့ ပဋိသန္ဓေဝိညာဏ်

လူ့ဘုံက စုတိစိတ်ကျပြီး အသညသတ်ဘုံမှာ ကမ္ဘာ ၅၀၀ ကြာ သော်လဲ နောက်ပြန်ပြီး လူ့ပြည်မှာ ပဋိသန္ဓေနေမှာပါ။ ဒီလို အသ- ညသတ်ဘုံမှာ ရုပ်သက်သက် ကမ္ဘာပေါင်း ၅၀၀ နေပြီးမှ လူ့ဘုံမှာ နာမ် ပဋိသန္ဓေ ပြန်ပြီး နေတဲ့အခါ ဒီ စုတိနဲ့ ပဋိသန္ဓေက နာမ် နာမ် ချင်းမို့ ကမ္ဘာ ၅၀၀ မခြားပါ။ လူတွေမှာက ဒီ ရုပ်နာမ်ကို ပုဂ္ဂိုလ် သတ္တဝါ ဘဝလို့ မြင်နေကြလို့သာ ကမ္ဘာ ၅၀၀ ခြားတယ်လို့ ထင် နေကြတာပါ။ နာမ်တရား နာမ်တရားချင်းကတော့ စုတ်ပြီးယင် ပဋိ သန္ဓေ တဆက်တည်းပါပဲ။ အသညသတ် ဗြဟ္မာ့ဘုံသို့ မရောက်ခင် လူ့ ဘုံက စုတိက နောင် လူ့ဘုံမှာပြန်ဖြစ်တဲ့ ပဋိသန္ဓေကို အနန္တရပစ္စည်း တပ်ပါတယ်။

သင်္ခါရပစ္စယာ ဝိညာဏံမှာ လူ့ဘုံက အသညသတ် ဗြဟ္မာဘုံ ရောက်ခဲ့သည့် ပုဂ္ဂိုလ်၏ ပဌမစျာန်ကုသိုလ် သင်္ခါရရဲ့ ကံအရှိန်ကြောင့် ဝိညာဏ်က ဖြစ်ကို ဖြစ်ရမှာပါ။ ဘယ်မှာ ပြန်ဖြစ်မလဲဆိုတော့ လူ့ ဘုံမှာ ပြန်ပြီး ပဋိသန္ဓေဝိညာဏ် ဖြစ်ပါတယ်။ ပါဠိတော်မှာ "သညုပ္ပါ- ဒါ - လူ့ပြည်က သညာဖြစ်ခြင်းကြောင့်"လို့ ဆိုပါတယ်။ အသညသတ်

ဖြဟ္မာမှာ နာမ်တရားမရှိတော့ အသညသတ် ဗြဟ္မာ စုတိတော့မယ် ဆိုယင် ဘယ်မှာ သညာဖြစ်သလဲ။ ဒီလူ့ပြည်က ပဋိသန္ဓေသညာ ဖြစ်တော့မှ ဟို အသညသတ် ဗြဟ္မာဟာ စုတ်ရပါတယ်။ သင်္ခါရ ပစ္စယာ ဝိညာဏံမှာ ဝိညာဏ်က အသညသတ် ဗြဟ္မာ့ဘုံက လူ့ဘုံမှာ ပြန်ပြီး ဖြစ်တဲ့ ပဋိသန္ဓေဝိညာဏ်ကိုပဲ ယူရမှာပါ။ ဒါမှလဲ ပဋိစ္စသမုပ္ပါဒ် ပါဠိတော်နဲ့ ပဋ္ဌာန်းပါဠိတော် ညီသွားမှာ ဖြစ်ပါတယ်။

## အရူပကုသိုလ် သင်္ခါရ

အရူပကုသိုလ် သင်္ခါရက ၄ ခုရှိတော့ အရူပဝိပါက် ဝိညာဏ်ကလဲ ၄ ခုပဲ ရှိပါတယ်။ အရူပဈာန်ရတဲ့ ပုဂ္ဂိုလ်များ သေတော့ အရူပ ၄ ဘုံကို ရောက်ပါတယ်။ အရူပ ၄ ဘုံမှာ အာကာသာနဉ္စာ-ယတန ကုသိုလ်သင်္ခါရကြောင့် အာကာသာနဉ္စာယတနဘုံမှာ ဖြစ်ပါတယ်။ ဝိညာဏဉ္စာယတန ကုသိုလ်သင်္ခါရကြောင့် ဝိညာဏဉ္စာယတနဘုံမှာ ဖြစ်ပါတယ်။ အာကိဉ္စညာယတန ကုသိုလ် သင်္ခါရကြောင့် အာကိဉ္စညာယတန ဘုံမှာ ဖြစ်ပါတယ်။ နေဝသညာ နာသညာယတန ကုသိုလ်သင်္ခါရကြောင့် နေဝသညာ နာသညာယတန ဘုံမှာ ဖြစ်ပါတယ်။ အသညသတ်ဘုံနဲ့ အရူပဘုံတွေက ဘုံဆန်းတွေပါ။ အရူပ ဗြဟ္မာတွေကျတော့ ရုပ်မရှိပဲ နာမ်ချည်းသက်သက်ရှိတဲ့ ဗြဟ္မာတွေပါ။ သူတို့က လူ့ဘုံမှာ ပဉ္စမဈာန်ကုသိုလ်ဖြစ်တဲ့ အရူပဈာန်ကို ပွားများကြလို့ အရူပဘုံကို ရောက်ကြတာပါ။ အရူပဘုံရောက်တဲ့ ပုဂ္ဂိုလ်တွေကတော့ ရုပ်ဝါဒသမားနဲ့ ဆန့်ကျင်ဘက် နာမ်ဝါဒသမားတွေပါပဲ။

## ရုပ်ရှိလို့ ဒုက္ခရှိတာ

ဒီပုဂ္ဂိုလ်တွေက “ရုပ်ရှိလို့ ဒုက္ခရှိနေကြတာပါ၊ ရုပ်ရှိလို့ ထမင်းစားနေရတယ်၊ ရုပ်ရှိလို့ အဝတ်အစားတွေ ဝတ်နေရတယ်၊ ရုပ်ရှိလို့ တိုက်တာ အိမ်တွေ ဆောက်ပြီး နေကြရတယ်၊ ရုပ်ရှိလို့ပဲ အလုအယက် ဆင်ပြင်နေရတယ်၊ နေ့ရှိသမျှ ဒီဒုက္ခတွေ ခံနေရတာက ဒီရုပ်ကြီး ရှိနေလို့သာပဲ၊ ရုပ်သာမရှိယင် မြို့ကြီးတွေလဲ တည်စရာမလို၊ စားစရာတွေလဲ ရှာစရာမလို၊ အဝတ်အထည်တွေလဲ လုပ်စရာမလို၊ နာမ်တရားချည်းပဲ

ရှိယင် ချမ်းသာမှာပဲ၊ နာမ်ချည်းပဲ သက်သက်ဆိုယင် နိဗ္ဗာန်ရောက်တာပဲ လို့’’ ဒီလို ယူဆကြတာပါ။

## နာမ်ရဲ့ စွမ်းအင်

နာမ်ရဲ့ တန်ခိုးကလဲ နေဝသညာ နာသညာယတနဘုံ ကျတော့ နာမ်ကိုပဲ ရှိလေသလော မရှိလေသလောလို့ ဒီလောက် ထိအောင် သိမ်မွေ့သွားပါတယ်။။ ဒီနာမ်ဓာတ်ရဲ့ စွမ်းရည်ကလဲ ဘယ်လောက် ရှည်ကြာသလဲဆိုယင် ကမ္ဘာပေါင်း ၈၄၀၀၀ ထိအောင် ကြာပါတယ်။ တကမ္ဘာဆိုယင် မရေမတွက်နိုင်အောင် ကြာပါတယ်။ ကမ္ဘာပေါင်း ၈၄၀၀၀ ကြာမယ်ဆိုတော့ ဒါကလဲ နိဗ္ဗာန်တမျိုးပါပဲ။ ကမ္ဘာပေါ်မှာ အယူဝါဒ အမျိုးမျိုးနဲ့ ဘုရားတွေ အမျိုးမျိုး ပေါ်လာခဲ့တော့ ဘာသာရေး တရားတွေဟာ တော်တော်ခက်ခဲတဲ့ ပြဿနာတွေပါပဲ။

ကမ္ဘာပေါင်း ၈၄၀၀၀ နာမ်တရားချည်းပဲ ရှိဘယ်ဆိုတဲ့ ဘုံသို့ ရောက်သွားတဲ့အခါ အနန္တဝိညာဏ်တော်လို့ပဲ ခေါ်မလား၊ ဝိညာဏ် တော် ဝါဒပဲ ခေါ်မလား၊ ဒီဝိညာဏ်ကလဲ ကမ္ဘာပေါင်း ၈၄၀၀၀ အသက်ရှည်နိုင်တဲ့ အခြေအနေ ရှိတယ်ဆိုတော့ ဒီလိုဝါဒတွေကို သဘော ကျလို့ ကျင့်မယ်၊ အားထုတ်မယ်ဆိုယင်လဲ ကျင့်နိုင် အားထုတ်နိုင်စရာ ပါပဲ။ သို့ပေမယ့် မြတ်စွာဘုရားက “ဘဝဂ္ဂမ္ပိ သမ္ပတ္တိ ပုနာဂစ္ဆန္တိ- ဒုဂ္ဂတိံ’’လို့ ဟောခဲ့ပါတယ်။ ဘဝဂ်ဆိုတဲ့ နေဝသညာ နာသညာယတန ဘုံမှာ ကမ္ဘာပေါင်း ၈၄၀၀၀ နေပြီး လူ့ဘုံကို ပြန်ရောက်ရတယ်။ လူ့ဘုံရောက်ပြီးတော့လဲ ငရဲထိအောင် ပြန်ကျနိုင်တယ်ဆိုတော့ ဒီ နေဝ- သညာ နာသညာယတန ဘုံဟာလဲ ဒုက္ခက တကယ့် လွတ်မြောက်ရေး နေရာဌာန မဟုတ်သေးဘူးတဲ့။ ဗုဒ္ဓဘာသာတရားဟာ ဗြာဟ္မဏဝါဒက လာတာ၊ ဗြဟ္မာ့ပြည်ရောက်ကြောင်းတို့ ၃၁ ဘုံတို့ ဆိုတာကလဲ ဟိန္ဒူ ဘာသာက လာတာပါလို့ ပြောတဲ့သူတွေလဲ ရှိပါတယ်။

## ဗြဟ္မာဖြစ်နိုင်တဲ့လမ်း သူတို့မသိ

ဘုရားမပွင့်မီ ရှေးအခါကပဲ ဗြဟ္မာ့ပြည်ရောက်ကြောင်း ဟောတဲ့ သူတွေ ရှိသလို ကျင့်တဲ့သူတွေလဲ ရှိကြပါတယ်။ သို့ပေမယ့် ဘယ် တရားကို အားထုတ်လို့ ဘယ်ကုသိုလ် သင်္ခါရကြောင့် ဘယ်ဘုံကို

ရောက်ရတယ်ဆိုတာမျိုး သေသေချာချာ ဘယ်သူမှ မဟောနိုင်ခဲ့ကြပါ။ ဟောကြားချက်များလဲ မရှိပါ။ ရုပ်ကို စက်ဆုပ်ပြီး ကျင့်လို့ ဗြဟ္မာ့ပြည် ရောက်သွားကြတာတွေ၊ နာမ်ကို စက်ဆုပ်ပြီး ကျင့်လို့ ဗြဟ္မာ့ပြည် ရောက်သွားကြတာတွေ ရှိသော်လဲ ဒီလို ဗြဟ္မာ့ပြည်ရောက်ကြောင်း တရားလမ်းစဉ်အကျင့်ကို သေသေချာချာ ဟောပြထားတဲ့ ကျမ်းဂန်တွေလဲ မရှိခဲ့ပါ။ ဘုရားပွင့်တဲ့အခါမှ သဗ္ဗညုဉာဏ်တော်နဲ့ ဟောကြားထားခဲ့လို့ အရူပကုသိုလ် သင်္ခါရ ၄ ခုကို လုပ်ယင် အရူပဝိပါက် ဝိညာဏ်နဲ့ အရူပဗြဟ္မာတွေ ဖြစ်တယ်လို့ သိကြရတာပါ။

## ပဋိစ္စသမုပ္ပါဒ်နဲ့ ဝိပဿနာ

ပဋိစ္စသမုပ္ပါဒ်ကို သင်တာက ဒိဋ္ဌိတွေလွတ်အောင် သင်တာပါ။ ဝိပဿနာ ပွားများတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဗုဒ္ဓဘာသာမှာ အမြင့်ဆုံး အဆင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို ကြေညက်အောင် သိထားရမှာပါ။ ပုဂ္ဂိုလ်ရှိတယ်၊ သတ္တဝါရှိတယ်၊ ယောကျာ်းရှိတယ်၊ မိန်းမရှိတယ်၊ ဘုံရှိတယ်၊ ဘဝရှိတယ်လို့ ယူဆထားတဲ့ အောက်ခြေ ဗုဒ္ဓဘာသာ အဆင့်ကနေပြီး ဝိပဿနာ အားထုတ်တဲ့အခါကျတော့ ပုဂ္ဂိုလ်တွေ ဘဝတွေ ဘုံတွေ အစွဲရှိနေယင် ဝိပဿနာတက်လို့ မရနိုင်ပါ။ ဝိပဿနာမှာ မြင်ရမှာက နာမ်နဲ့ ရုပ်ပဲ ရှိတယ်။ ဒါကလဲ အမြဲ ရှိနေတာမဟုတ်၊ အကြောင်းကြောင့် အကျိုးတွေ ဖြစ်နေတာပဲ။ ဘယ်နာမ်နဲ့ ရုပ်မှ ဖန်ဆင်းလို့ ဖြစ်တာမရှိ၊ အလိုလိုဖြစ်နေတာလဲ မဟုတ်၊ အကြောင်းကြောင့် အကျိုးတရားတွေ ဖြစ်နေတယ်လို့ မြင်ရမှာပါ။ ပဋိစ္စသမုပ္ပါဒ်နည်းက တရားအားထုတ်တဲ့ သာမန်ပုဂ္ဂိုလ်တွေ မြင်နိုင်တဲ့ နည်းပါ။ နာမ်ရုပ်တို့၏ အကြောင်းအကျိုးကို ဆင်ခြင်တဲ့အခါမှာ တရားအားထုတ်တဲ့ သာမန်ပုဂ္ဂိုလ်တွေလဲ ပဋိစ္စသမုပ္ပါဒ်နည်းကို သိနိုင်ပါတယ်။

ပဋ္ဌာန်း အကြောင်းအကျိုးကတော့ သာမန်ပုဂ္ဂိုလ်တိုင်း မသိနိုင်ပါ။ ပဋ္ဌာန်းကျတော့ ဝိညာဏ်ဖြစ်ရခြင်းအကြောင်းကို နည်းအမျိုးမျိုးနဲ့ ပြခဲ့ပါတယ်။ ပဋ္ဌာန်းနည်းနဲ့ ဝိညာဏ်ဖြစ်ရခြင်း အကြောင်းကို ရှာယင် အနန္တရမျိုး၊ သဟဇာတမျိုး၊ အာရမ္မဏမျိုး ဆိုတဲ့ အကြောင်းတွေ အများကြီး ရနိုင်ပါတယ်။

## ဝိညာဏ် ဘာကြောင့်ဖြစ်သလဲ

လူတွေမှာ ဝိညာဏ်ဖြစ်တယ်ဆိုတာက သင်္ခါရကြောင့် ဖြစ်တာပါ။ သင်္ခါရဆိုတာက ကုသိုလ်ကံ အကုသိုလ်ကံ စေတနာပါပဲ။ ဒီဝိညာဏ်ကို ဇီဝလို့ ခေါ်ခေါ်၊ သတ္တဝါလို့ပဲ ခေါ်ခေါ်၊ ဗမာစကားမှာကတော့ ဝိညာဉ်ကို အသက်လို့ ခေါ်ပါတယ်။ ဒီ ဝိညာဏ်ကို တဘဝမှ တဘဝ ပြောင်းသွားတယ်လို့ ယူဆကြတာက အမှန်က စုတိပြီးယင် ပဋိသန္ဓေစိတ် ဖြစ်တာက သိပ်မြန်ပါတယ်။ စုတိပြီး ပဋိသန္ဓေ၊ စုတိပြီး ပဋိသန္ဓေ ဆိုတဲ့ ဝိညာဏ်က ဆက်တိုက်ဖြစ်တာပါ။ ပဝတ္တိအခါမှာလဲ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ် တွေဟာ တပြိုင်နက် ဖြစ်နေတယ်လို့ ထင်ရပါတယ်။ ယခု တရားသင်တန်းတက်နေတဲ့ အခါမှာလဲ မြင်တာ ကြားတာ နံတာတွေဟာ တပြိုင်နက်ဖြစ်နေတယ် ထင်ရပေမယ့် ဝီထိမှာက တခုစီဖြစ်တာပါ။ ဒီလို တဝီထိစီဖြစ်နေတယ် ဆိုတာကတော့ ရဟန္တာများတောင်မှ သိနိုင်တာမဟုတ်ပါ။

ဒီဘဝက စုတိပြီး နောက်ဘဝ ဝိညာဏ်ကလဲ ချက်ချင်း ဖြစ်တာပါ။ ဒီလို စုတိပြီး ဝိညာဏ်ချက်ချင်းဖြစ်တာက သိပ်မြန်တဲ့အတွက် ဘယ်ပုဂ္ဂိုလ်မှလဲ သိနိုင်စွမ်းမရှိတဲ့ အခါကျတော့ ဒီဝိညာဉ်ကပဲ ဘဝတခုက ဘဝတခုကို ပြောင်းသွားတယ်လို့ ထင်ကြတာပါ။ သုတ္တန်နည်းနဲ့ ပြောမယ်ဆိုယင်တော့ ဘဝပြောင်းတယ်လို့လဲ ပြောနိုင်ပါတယ်။

သို့ပေမယ့် ဝိပဿနာ အားထုတ်ပြီး ၃၁ ဘုံမှ လွတ်မြောက်ချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီဝိညာဏ်ပြောင်းတယ်လို့ ယူဆထားယင် သဿတဒိဋ္ဌိ အတ္တဒိဋ္ဌိ မလွတ်ပါ။ အနိစ္စ ဆိုတာကလဲ ပြောလို့ မရနိုင်ပါ။

ဒီ ဝိညာဏ်ဟာ ဘဝပြောင်းနေတယ်၊ မြဲနေတယ်လို့ ယူဆတဲ့ အယူကတော့ ဒါနလုပ်လို့လဲ ရပါတယ်၊ သီလဆောက်တည်လို့လဲ ရပါတယ်၊ ဈာန်သမာပတ်တွေ လုပ်လို့လဲ ရပါတယ်။ ဝိပဿနာကျတော့ သဿတဒိဋ္ဌိကို ဖြိုခွဲပစ်မှ အနိစ္စက ထင်မှာပါ။ ဝိညာဉ်ရဲ့ ဖြစ်ပျက်ကို မြင်မှလဲ အနတ္တကို မြင်မှာပါ။ အနတ္တမြင်မှလဲ ဒိဋ္ဌိတွေက ပြုတ်မှာပါ။

## ဝဋ်သုံးပါး လည်နေတာပါ

ဝိညာဏ်ကို မြဲတယ်လို့ ယူဆထားပေမယ့် ဝိညာဏ်က မြဲနေတာ မဟုတ်ပါ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်နေတာပါ။ ကံကြောင့် ဝိညာဏ် ဖြစ်နေတာပါ။ ပဋ္ဌာန်း ကမ္မပစ္စည်းမှာတော့ "ကုသလာ ကုသလံ ကမ္မံ- ကုသိုလ် အကုသိုလ်ကံသည်။ ဝိပါကာနံ ခန္ဓာနံ- ဝိပါက် နာမက္ခန္ဓာဆိုတဲ့ ဝိပါက် ဝိညာဏ်တို့အား။ ကဋတ္တာစ ရူပါနံ-ကမ္မဇ ရုပ်တို့အား" လို့ ဆိုပါတယ်။ ကုသိုလ် အကုသိုလ် ကံ သင်္ခါရကြောင့် ဝိပါက် ဝိညာဏ်ဖြစ်တယ်၊ ကုသိုလ် အကုသိုလ် ကံ ဘာကြောင့် ဖြစ် သလဲ၊ အဝိဇ္ဇာကြောင့် ဖြစ်တယ်၊ အဝိဇ္ဇာက ကိလေသဝဋ်၊ သင်္ခါရက ကမ္မဝဋ်၊ ဝိညာဏ်က ဝိပါကဝဋ်ဆိုတဲ့ ဝဋ်သုံးပါးပါ။ ပဋိစ္စသမုပ္ပါဒ် လည်တယ် ဆိုတာက ဒီ ဝဋ်သုံးပါး လည်နေတာပါ။

လူတွေမှာ ပဋိသန္ဓေအခါ ဝိပါကဝဋ်ဆိုတဲ့ အကျိုးတရား ဝိညာဏ်ဖြစ်ရတာက ဖန်ဆင်းရှင်ကြောင့်လဲ မဟုတ်၊ အကြောင်းမဲ့ ဖြစ်တာလဲ မဟုတ်၊ ဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကံ စေတနာ သင်္ခါရ ကြောင့် ဒီ ဝိပါက်ဝိညာဏ်ကို ရနေတာပါ။ အဲဒီ ကံဆိုတဲ့ ကုသိုလ်ကံ သင်္ခါရကို ဘာကြောင့် လုပ်ရတာလဲ။ အဝိဇ္ဇာကြောင့် လုပ်တာပါ။ အဝိဇ္ဇာဆိုတာက ကိလေသဝဋ်ပါ။

## ကံကို သတ်မလား ကိလေသာကို သတ်မလား

တရားအားထုတ်တဲ့အခါမှာ ကံကို သတ်မလား၊ ကိလေသာကို သတ်မလား။ ဇာတိပိ- ပဋိသန္ဓေ ဝိညာဏ်ကလေးတွေ ထပ်ကာ ထပ်ကာ ဖြစ်နေရခြင်းသည်လည်း။ ဒုက္ခာ- ဆင်းရဲလှ၏။ ဝဋ်သုံးပါးလည်ပြီး ပဋိသန္ဓေ ထပ်ကာ ထပ်ကာ ဖြစ်နေရတယ်လို့ ဆိုတာပါ။ လူဖြင့်ဖြစ် နတ်ဖြင့်ဖြစ် ပြဟ္မာဖြင့်ဖြစ် ဘယ်အဖြစ်မှာပဲ ဖြစ်ရ ဖြစ်ရ ဖြစ်လာယင် တော့ ဒုက္ခမကင်းတော့ပါလား ဆိုပြီး ဝိညာဏ်ဖြစ်ခြင်းကို ဒုက္ခလို့ မြင်လာရမှာပါ။ ဒီလို ဒုက္ခလို့ မြင်လာပြီးတော့ ဝိညာဏ်ဖြစ်ရခြင်း အကြောင်းကို ရှာတဲ့အခါမှာ ကံကြောင့် ဖြစ်လာတယ်၊ သင်္ခါရကြောင့် ဖြစ်လာတယ်လို့ မြင်ရမှာပါ။ ဒီသင်္ခါရက ဘာကြောင့် ဖြစ်ရသလဲ။ အဝိဇ္ဇာကြောင့် ဖြစ်ရပါတယ်။ အဝိဇ္ဇာဆိုတာက ကိလေသဝဋ်ပါ။

## အဝိဇ္ဇာက ကိလေသဝဋ်

ဘုရားလက်ထက်တော်က နိဂဏ္ဍတို့ရဲ့ အယူဝါဒဟာ ယခုခေတ် ဂျိန်းအယူဝါဒနဲ့ တူပါတယ်။ အဲဒီ အယူဝါဒက ''ကမ္မက္ခယာ ဒုက္ခက္ခယော၊ ကံကုန်ယင် ဒုက္ခကုန်တယ်၊ ဝိညာဏ်ဖြင့်ဖြစ် နေရတာက သင်္ခါရ ကုသိုလ်ကံ အကုသိုလ်ကံကြောင့်ဖြစ်နေတာ၊ ကံသာ ကုန်ယင် ဒီဝိညာဏ် မဖြစ်တော့ဘူး'' ဆိုပြီး ကံကုန်အောင် ကျင့်ကြပါတယ်။

သူတို့ဝါဒနဲ့ ဗုဒ္ဓဝါဒမှာ ဘယ်လို ကွာသွားသလဲဆိုတော့ ဗုဒ္ဓဘာသာမှာ ကံ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ ရုပ် နာမ် ဝိညာဏ်တွေ ဖြစ်နေရတာ မှန်ပေမယ့် **ဒီကံကို သတ်တဲ့ ဝါဒမဟုတ်ပါ။ ကံကုန်အောင် လုပ်တဲ့ ဝါဒလဲ မဟုတ်ပါ။** ဒီ ကံဆိုတဲ့ သင်္ခါရက ဘာကြောင့် ဖြစ်သလဲ။ အဝိဇ္ဇာကြောင့် ဖြစ်တာပါ။ အဝိဇ္ဇာက ဘာလဲ။ ကိလေသဝဋ်ပါ။ ဗုဒ္ဓဝါဒမှာ ကိလေသာကို သတ်ယင် ကံက ဝိညာဏ်အကျိုး မပေးတော့ပါ။ အဝိဇ္ဇာကို ခေါင်းတည်ပြီး ဘုရားရှင် ဟောတော်မူတာကတော့ အဝိဇ္ဇာဆိုယင် တဏှာ မာန ဒိဋ္ဌိ အပါအဝင် အခြား ကိလေသာတွေပါ အကုန်ပါသွားပါတယ်။ အဝိဇ္ဇာက ကိလေသ ဝဋ်၊ ဒီ ကံတွေက အဝိဇ္ဇာကြောင့် လုပ်တဲ့ သင်္ခါရ ကမ္မဝဋ်၊ ကိလေသာ ကြောင့် ဖြစ်တဲ့ကံဆိုယင် အဝိဇ္ဇာပစ္စယာ သင်္ခါရာပါပဲ။

## ကိလေသာနဲ့ မလုပ်တဲ့ကံ

ကံကို လုပ်တယ်ဆိုသော်လဲ ကိလေသာကြောင့် မလုပ်တဲ့ကံလဲ ရှိပါသေးတယ်။ မြတ်စွာဘုရားဟာ ၄၅ ဝါပတ်လုံး ဓမ္မဒေသနာ တရားတွေ ဟောကြားပြီးတော့ ဟောနေတာမှာ ကုသိုလ်ကံတွေ လုပ်နေ တာပါ။ ကုသိုလ်ကံတွေ လုပ်ပေမယ့် သင်္ခါရပစ္စယာ ဝိညာဏံ မဖြစ် တော့ပါ။ ဘာကြောင့်လဲ။ မြတ်စွာဘုရားရဲ့ သန္တာန်မှာ အဝိဇ္ဇာက မရှိတော့၊ အဝိဇ္ဇာမရှိတဲ့သူ လုပ်တဲ့ ကုသိုလ်ကို အဘိဓမ္မာမှာ ကြိယာလို့ပဲ ခေါ်ပါတယ်။ ဒီ ကြိယာဟာ သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့ ဝိညာဏ် မဖြစ်တော့ပါ။ နောက်ဘဝ မဖြစ်လာတော့ ဇာတိမဖြစ်တဲ့ ကုသိုလ်ကို ကြိယာလို့ ခေါ်ပါတယ်။ ရဟန္တာတွေမှာလဲ ဘုရားရှိခိုး၊ ဘုရားပန်း ကပ်၊ တရားအားထုတ် အစရှိသဖြင့် ရဟန္တာတွေလုပ်တဲ့ ကုသိုလ်ကံတွေ

အများကြီးပါပဲ။ ကုသိုလ်လုပ်ပေမယ့် ရဟန္တာတွေမှာလဲ အဝိဇ္ဇာက မရှိတော့ ရဟန္တာလုပ်တဲ့ ကံတွေကလဲ သင်္ခါရပစ္စယာ ဝိညာဏံ ဆိုတဲ့ ပဋိသန္ဓေဝိညာဏ် မဖြစ်တော့ပါ။

## သံသရာမလည်တဲ့ ကုသိုလ်

တချို့ ပဋိစ္စသမုပ္ပါဒ်ကို အင်မတန် သဘောပေါက်ပြီး နားလည်နေတဲ့ သူများကတော့ သူတို့ ကုသိုလ်လုပ်တဲ့အခါမှာ သံသရာ မလည်တဲ့ ကုသိုလ် ဖြစ်ချင်တော့ ဘာဆုကိုမှ မတောင်းတော့ပါ။ တချို့ ပုဂ္ဂိုလ်များကဖြင့် ဘုန်းကြီးနဲ့တောင် ရေစက်မချလိုတော့ပါ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့လုပ်လဲ ကုသိုလ်နဲ့ သံသရာလည်မှာ ကြောက်လို့ပါပဲ။ ဘုန်းကြီးများက ဆုတောင်းတွေနဲ့ ချပေးနေပေမယ့် သူတို့က ဘာမှ မလိုချင်ပါ။ သူတို့လုပ်တဲ့ ကုသိုလ်ထဲမှာ လိုချင်တယ်၊ တောင့်တတယ် ဆိုတဲ့ အဝိဇ္ဇာတဏှာဆိုတဲ့ ကိလေသာနည်းနည်းမှ မပါချင်လို့ပါပဲ။ သူတို့က တကယ့် လုံးဝ လွတ်လပ်ရေး နိဗ္ဗာန်ကို သွားနိုင်တဲ့ ကုသိုလ်မျိုး လုပ်ချင်တာပါ။

## ကိလေသာကို သတ်ရမှာ

ဗုဒ္ဓဘာသာ ဝါဒမှာက ကိလေသဝဋ်ဆိုတဲ့ ကိလေသာကို သတ်ရမှာပါ။ ကံကို သတ်စရာ မလိုပါ။ ကောင်းမှုကံကတော့ လုပ်ချင်သလောက် လုပ်လို့ရပါတယ်။ ဘုရား ရဟန္တာဖြစ်လဲ ကုသိုလ်လုပ်လို့ ရပါတယ်။ နတ်တွေဖြစ်လဲ ကုသိုလ်လုပ်လို့ ရပါတယ်။ လူဖြစ်လဲ ကုသိုလ်လုပ်ချင်တိုင်း လုပ်လို့ရပါတယ်။ သို့ပေမယ့် ဒီကံတွေမှာ အဝိဇ္ဇာ တဏှာ ဆိုတဲ့ ကိလေသာမပါယင် အဝိဇ္ဇာကြောင့်ဖြစ်တဲ့ ကံမဟုတ်လို့ သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့ ပဋိသန္ဓေစိတ် ဘဝဝိညာဏ် မဖြစ်နိုင်ပါ။

ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် သုံးမျိုးတို့မှာ ကံက ဘာနဲ့ တူသလဲဆိုတော့ မျိုးစေ့ စပါးနဲ့ တူပါတယ်။ ဝိညာဏ်က အပင်နဲ့ တူပါတယ်။ ကိလေသာက မြေ ရေ ညွန်ဘိုနဲ့ တူပါတယ်။ ကံဆိုတဲ့ မျိုးစေ့ဟာ မြေ ညွန် ရေဆိုတဲ့ လယ်မြေထဲမှာ စိုက်မှသာလျှင် အပင် ပေါက်ပါတယ်။ သမံတလင်းမှာ ချထားယင် စပါးပင် မပေါက်နိုင်ပါ။ ဒါကြောင့်မို့ ကိလေသာရှိနေမှလဲ ဒီကံက အပင် ပေါက်ပါ

တယ်။ ကိလေသာမရှိတဲ့သူ လုပ်တဲ့ ကံတွေဟာ အပင် မပေါက်နိုင်ပါ။ ဒါကလဲ မြတ်စွာဘုရားပေးတဲ့ ဥပမာပါပဲ။

ကိလေသာကို ကုန်အောင်လုပ်တဲ့ ဝါဒက ဘုရားဝါဒပါ။ သတ်ရမယ့်တရားက ကိလေသာပါ။ ကိလေသာကို ကုန်အောင်မလုပ်နိုင်သရွေ့တော့ ကံတွေဖြစ်နေမှာပါ။ ကံတွေဖြစ်နေယင်လဲ ပဋိသန္ဓေဘဝ ဝိညာဏ်က ဖြစ်နေမှာပါပဲ။ သင်္ခါရပစ္စယာ ဝိညာဏံ အပိုင်းကတော့ ဒီလောက်ဆိုယင် တော်လောက်ပါပြီ။

## ၃ ဝိညာဏ ပစ္စယာ နာမရူပံ

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံက အဝိဇ္ဇာနဲ့ တဏှာက အားပေးလို့ ကံက ပစ်ချလိုက်တဲ့ ဘဝမှာ ဝိညာဏ် သွားဖြစ်ပါတယ်။ လူ့ဘဝမှာ အစဦးဆုံး ပဋိသန္ဓေစိတ် ဝိညာဏ်ကလေး ဖြစ်လာတဲ့အခါမှာ ဒီဝိညာဏ်က သူတခုတည်း ဖြစ်လာသလား၊ "ဝိညာဏပစ္စယာ နာမရူပံ" ဝိညာဏ်ဖြစ်လာယင် နာမ်နဲ့ ရုပ် ပါလာပါတယ်။ ဝိညာဏ်နဲ့ နာမ်ရုပ် ဖြစ်တယ်ဆိုတာက ဒီဘဝကို ရောက်လာတာပါ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံမှာ သင်္ခါရဆိုတဲ့ အတိတ်က ကုသိုလ် သင်္ခါရ ကံကြောင့် ဒီဘဝမှာ ဝိညာဏ်ဖြစ်လာတာဟာ ဟိုဘဝက ပြောင်းလာတာမဟုတ်ဆိုတာကိုတော့ သိထားရပါမယ်။ ဝိညာဏ်က အသစ်စက်စက် ဖြစ်တာပါ။ ကုသိုလ်ကံကြောင့် ဝိညာဏ် ဖြစ်တယ်ဆိုတာကို အကြောင်းနဲ့ အကျိုး ခွဲယူမှ ဒိဋ္ဌိပျောက်မှာပါ။

### သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ

ဝိညာဏ်က ဟိုဘဝမှ ဒီဘဝ ပြောင်းလာတယ်ဆိုယင် သဿတဒိဋ္ဌိ ဖြစ်ပါတယ်။ ဒီဘဝ ဝိညာဏ်ဖြစ်တာက သူ့ဟာသူ အသစ်စက်စက် ဖြစ်လာတာပါ။ ဟိုဘဝနဲ့ ဘာမှမဆိုင် ဆိုယင်လဲ ဥစ္ဆေဒ-ဒိဋ္ဌိ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဘဝမှာ ဝိညာဏ် အသစ်စက်စက် ဖြစ်တာမှန်သော်လဲ ဟိုဘဝက အကြောင်းကြောင့် ဖြစ်တယ်ဆိုယင် ဥစ္ဆေဒဒိဋ္ဌိ မဖြစ်တော့ပါ။ ဟိုဘဝ ဝိညာဏ်က ဒီဘဝကို ပြောင်းလာ

တာ မဟုတ်ဆိုယင် သဿတဒိဋ္ဌိ မဖြစ်တော့ပါ။ ဒီ ဒိဋ္ဌိ ၂ မျိုးက ရှင်း သွားပါတယ်။

## ရုပ်ဝါဒသမားရဲ့ ပဋိစ္စသမုပ္ပါဒ်

ဝိညာဏ ပစ္စယာ နာမရူပံ၊ ဒီဘဝမှာ ဝိညာဏ်ရှိယင် နာမ် ရုပ် ရှိရတယ်။ ဘုရားဟော ပါဠိတော်အချို့ကို ကိုးကားပြီး ဝိညာဏ် ဖြစ် တာဟာ ရုပ်ကြောင့်ဖြစ်တယ်လို့ ရုပ်ဝါဒကို အားကိုးချင်တဲ့ ပုဂ္ဂိုလ် တွေက ပဋိစ္စသမုပ္ပါဒ်ကိုပဲ တမျိုး လှည့်ပြီး ယူလိုက်ပါတယ်။ သံယုတ် ပါဠိတော်မှာ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားရှင် ဟောထားတာက သံသရာ လည်ပုံမှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ အစမျိုးသာ မဟုတ်ပဲ ဘယ် နေရာက စပြီး လှည့်လှည့်၊ လှည့်ချင်တဲ့နေရာက စပြီး လှည့်လို့ ရပါ တယ်။

သူတို့က ဘယ်ပဋိစ္စသမုပ္ပါဒ် ပါဠိတော်ကို ယူသလဲ ဆိုတော့ စက္ခုံပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ=တိဏ္ဏံ သင်္ဂတိဖဿော— ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ''ဆိုတဲ့ ပါဠိ တော်ကို ယူတာပါ။ အဲဒီ ပဋိစ္စသမုပ္ပါဒ်က ယခု ပဝတ္တိအခါမှာ ဝိညာဏ်ဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ် လှည့်ပြတာပါ။

စက္ခုပသာဒနဲ့ ရူပါရုံ တိုက်ဆိုင်တဲ့အခါ စက္ခုပသာဒကလဲ ရုပ်၊ ရူပါရုံကလဲ ရုပ်၊ ရုပ်ချင်း တိုက်ဆိုင်တဲ့အခါ စက္ခုဝိညာဏ် ဖြစ်ပါ တယ်။ သူတို့ယူထားတဲ့ ပါဠိတော်အရမှာတော့ ရုပ်ကို အသားပေးပြီး ဟောထားတာ မှန်ပါတယ်။ ဒါပေမယ့် သူတို့က ''ဝိညာဏပစ္စယာ နာမ ရူပံ''ကိုတော့ ကိုးကားပြီး မသုံးတော့ပါ။ ဘာကြောင့်လဲ ဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ်မှာက ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်ရတယ်လို့ ဆိုထား လို့ပါပဲ။

## ဝိညာဏ်ရှိမှ နာမ်ရုပ်ရှိ

ဝိညာဏ်ရှိမှ နာမ်ရုပ်က ဖြစ်လို့ ရပါတယ်။ တမျိုးဆိုယင် စိတ်ရှိလို့ ရုပ်က ဖြစ်ရတာပါ။ စိတ်ဆိုတာက ပဋိသန္ဓေ ဝိညာဏ်ပါပဲ။ အဘိဓမ္မာမှာ စိတ်နဲ့ စေတသိက် တရားနှစ်ခုပေါင်းကို နာမ်လို့ သင်

ခဲ့ပါတယ်။ ဝိညာဏပစ္စယာ နာမရူပံမှာ ပဋိသန္ဓေဝိညာဏ်ကလဲ နာမ်၊ နာမံကလဲ နာမ်၊ ဘာနာမ်ကြောင့် ဘာနာမ် ဖြစ်ရသလဲ။ ဒီနာမ်ထဲမှာ စိတ်ပါပေမယ့် ဝိညာဏ်က စိတ်ဆိုတော့ နာမံက စေတသိက်ပဲ ယူရမှာပါ။ စိတ်ရှိယင် စေတသိက်လဲ ရှိရမှာပါ။

ဒီလို မယူယင် ''ဝိညာဏပစ္စယာ နာမရူပံ''ဝိညာဏ်ကြောင့် နာမ် ဖြစ်တယ် ဆိုရာမှာ စိတ်ကြောင့် စိတ်ဖြစ်တယ်လို့ ဖြစ်နေပါတယ်။ ဒါကြောင့် ဝိညာဏ်ကြောင့် နာမ်ဖြစ်တယ်ဆိုရာမှာ စိတ်ကြောင့် စေတသိက် ဖြစ်တယ်လို့ ယူရမှာပါ။ စိတ်နဲ့ စေတသိက် ဆိုတာကလဲ တပြိုင်နက်တည်း ဖြစ်တယ်၊ အတူတကွ ဖြစ်တယ်လို့ ပဋ္ဌာန်းမှာ သဟဇာတပစ္စည်း၊ အညမည ပစ္စည်းတွေမှာ ဟောထားပါတယ်။ စိတ်နဲ့ စေတသိက်က ကင်းပြီးဖြစ်လို့ မရတဲ့ တရားတွေပါ။ စိတ်ဖြစ်ယင် စေတသိက် ပါရမယ်၊ စေတသိက်ဖြစ်ယင် စိတ်ပါရပါမယ်။

## ပဋိသန္ဓေနေတဲ့ ဝိညာဏ်

ပဋိသန္ဓေနေတဲ့အခါမှာ ဝိညာဏ်က ဝိညာဏ်စိတ်ကလေးချည်းပဲ ရှိတာမဟုတ်ပါ။ ဝိညာဏပစ္စယာ နာမရူပံ အရ ဝိညာဏ်စိတ်ကလေး ရှိလာယင် နာမ်ဆိုတဲ့ စေတသိက်တွေလဲ ပါရပါတယ်။ စေတသိက်ကို အလွယ်ဆုံး ရေတွက်တဲ့အခါမှာ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဆိုတဲ့ ခန္ဓာ ၃ ပါးပဲ ရပါတယ်။ ဒီလို ခန္ဓာဖွဲ့တဲ့အခါမှာ စေတသိက်က ဘယ်နှစ်လုံးပဲ ဖြစ်ဖြစ် ခန္ဓာက သုံးပါးထက် ပိုပြီး မဖွဲ့ပါ။ သင်္ဂြိုဟ်မှာတော့ စိတ်ကို လိုက်ပြီး စေတသိက် အနည်းအများ ဖြစ်သွားပုံကို ပြပါတယ်။

ပဋိသန္ဓေ ဝိညာဏ်စိတ်ကလေး တည်လာတဲ့အခါမှာတော့ နာမံ အရ ဝေဒနာ သညာ သင်္ခါရ ဆိုတဲ့ ခန္ဓာသုံးပါး ပါလာပါတယ်။ ဒီတော့ ပဋိသန္ဓေ ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ နာမံ အရမှာက ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ။ ဒါကြောင့် ပဋိသန္ဓေ ကလလ ရေကြည် တည်တယ်ဆိုတာနဲ့ နာမ်ခန္ဓာက ၄ ပါး ရသွားပါတယ်။

**ပဋိသန္ဓေနေတဲ့ရုပ်**

ရုပ် အရမှာ ရုပ်က ၂၈ ခုရှိတော့ ပဋိသန္ဓေ အစမှာ ဘယ် ရုပ်တွေ ပါသလဲ။ ဝိညာဏပစ္စယာ နာမရူပံမှာ ပဋိသန္ဓေ အခါမှာဖြစ်တဲ့ ရုပ်က ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ကို ယူရပါတယ်။ ကလလရေကြည် ပဋိသန္ဓေတည်ခါစ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်ထဲမှာ ကာယဒသက ယောကျ်ားဆိုယင် ပုမ္ဘာဝဒသက၊ မိန်းမဆိုယင် ဣတ္ထိဘာဝဒသကနဲ့ ဝတ္ထုဒသက ရုပ်တို့ကို ရပါတယ်။

ပဋိသန္ဓေအခါ ကမ္မဇရုပ်မှာ ပါတဲ့ ကာယဒသက ဆိုတာက ကာယပသာဒနဲ့ တကွ ရုပ် ၁၀ ခု၊ ဘာဝဒသက ဆိုတာက ဘာဝ ရုပ်နှင့် တကွ ရုပ် ၁၀ ခု၊ ဝတ္ထုဒသက ဆိုတာက ဟဒယဝတ္ထုရုပ်နဲ့တကွ ရုပ် ၁၀ ခု၊ ပေါင်း ရုပ် ၃၀ တို့ ဖြစ်ကြပါတယ်။ ဒါကလဲ ဒသကနဲ့ တွက်လို့ အရေအတွက်အားဖြင့် များနေတာပါ။ အမှန်ကတော့ ကာယ ပသာဒရုပ်၊ ဣတ္ထိဘာဝရုပ်၊ သို့မဟုတ်ယင် ပုမ္ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်နဲ့ အဝိနိဗ္ဘောဂရုပ်တို့ပါပဲ။ ဒါတွေကို ကလာပ်ဖွဲ့လိုက်တဲ့အခါ ကာယဒသက ကလာပ် တစည်း၊ မိန်းမဆိုယင် ဣတ္ထိဘာဝ ဒသက ကလာပ်တစည်းနဲ့ ယောကျ်ားဆိုယင် ပုမ္ဘာဝဒသက တစည်းနဲ့ ဝတ္ထု ဒသက ကလာပ်တစည်းတို့ ဖြစ်သွားပါတယ်။ ဒါကြောင့်လဲ ပဋိသန္ဓေ ကလလရေကြည် တည်တဲ့အခါမှာ ရုပ်ပေါင်း ၃၀ ရှိတယ်လို့ ပြောလို့ ရပါတယ်။

ယခုခေတ်မှာ ဘယ်လောက်ကောင်းတဲ့ မှန်ပြောင်းနဲ့ ကြည့် သော်လဲ မမြင်နိုင်တဲ့ ကလလရေကြည်ဘဝမှာ ခန္ဓာငါးပါး ရှိနေပါ တယ်။ ပဋိသန္ဓေတည်ခါစ ဝိညာဏ် နာမ် ရုပ်မှာ ဝိညာဏ်အရက ဝိညာဏက္ခန္ဓာ၊ နာမ်အရက ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ရူပ်အရက ရူပက္ခန္ဓာ ဆိုတဲ့ ခန္ဓာငါးပါးပါ။ ဒီ ခန္ဓာငါးပါးဟာ မမြင် ရတဲ့ ကလလရေကြည်ဘဝက ခန္ဓာငါးပါးပါပဲ။ ယခု ဒီလောက် ရုပ်ကြီးနဲ့ လူကြီးဖြစ်လာတော့လဲ ခန္ဓာက ငါးပါးပါပဲ။

**ဝိညာဏ်နှင့် ပဋိသန္ဓေနည်း**

ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ရတဲ့အခါမှာ အတူတကွ ဖြစ်ပါ တယ်။ တပြိုင်နက်လဲ ဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ ဝိညာဏပစ္စယာ

နာမရူပံ ဆိုတာက ဝိညာဏ်က အလျင်ဖြစ်တယ်။ နာမ်ရုပ်က နောက်မှ ဖြစ်တယ်လို့ ဆိုတာက မဟုတ်ပါ။ ပဋိသန္ဓေ ကလလရေကြည် ဝိညာဏ် ဖြစ်တာနဲ့ နာမ်ရုပ်က တခါတည်း ပါလာပါတယ်။ ဒါက သဟဇာတ ပစ္စည်း ခေါ်ပါတယ်။

ပဋ္ဌာန်းမှာ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော။ ဩက္ကန္တိက္ခဏေ-ပဋိသန္ဓေ ခဏ၌။ နာမရူပံ-နာမ်နဲ့ ရုပ်သည်။ သဟဇာတ ပစ္စယေန ပစ္စယော-အတူတကွ တပြိုင်နက် ဖြစ်သောအားဖြင့် ကျေးဇူးပြုပါတယ်။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမည ပစ္စယေန ပစ္စယော၊ နာမ်နဲ့ ရုပ်သည် ပဋိသန္ဓေခဏမှာ ရုပ်ကလဲနာမ်ကို ကျေးဇူးပြုပါတယ်။နာမ်ကလဲ ရုပ်ကို ကျေးဇူးပြုပါတယ်။ ကိုင်း ကျွန်းမှီ၊ ကျွန်း ကိုင်းမှီ၊ ဘဝတခုကို အစ တည်ဆောက်လိုက်တဲ့အခါမှာ အိမ်ထောင်ပြုစ ဇနီးမောင်နှံလို ယောကျ်ားကလဲ မိန်းမကို အားကိုး၊ မိန်းမကလဲ ယောကျ်ားကို အားကိုးရသလို ပဋိသန္ဓေအခါမှာလဲ ရုပ်ကလဲ နာမ်ကို အားကိုး၊ နာမ်ကလဲ ရုပ်ကို အားကိုးပြီး နေရပါတယ်။

"ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယ ပစ္စယေန ပစ္စယော"၊ နိဿယပစ္စည်းနဲ့ ဆိုယင်လဲ ရုပ်ကနာမ်ကို မှီပြီးနေတယ်၊ နာမ်ကလဲ ရုပ်ကို မှီပြီးနေတယ်။ ပဋိသန္ဓေ ခဏမှာ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်ဆိုတာမှာ ဝိညာဏ်နဲ့ နာမ်ရုပ်ဟာ သဟဇာတ အညမည နိဿယပစ္စည်းတွေနဲ့ တပြိုင်နက် အတူတကွ ဖြစ်တာပါ။

**ပဋိသန္ဓေအခါ ခန္ဓာငါးပါး**

ဒီလို တပြိုင်နက် အတူတကွ ဖြစ်တာကို မှိုပေါက်လာတာနဲ့ ဥပမာပေးကြတယ်။မှိုပေါက်လာတဲ့အခါမှာ ထိပ်က အဖူးကလေး တခါတည်း ပါလာသလို ဝိညာဏ်ဖြင်ယင် နာမ် ရုပ် ပါလာတာပါပဲ။ ပဋိသန္ဓေ ခဏမှာပဲ ခန္ဓာငါးပါး ရလာပါတယ်။ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်ဆိုတာမှာ နာမ်က ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်က ဝိညာဏက္ခန္ဓာ။ ရုပ်က ရူပက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါး ဖြစ်တာပါပဲ။

**ပဋိသန္ဓေဝိညာဏ်နှင့် ရုပ်တရား**

ပဋိသန္ဓေအခါမှာ နာမ်နဲ့ ရုပ်က ပဋိသန္ဓေဝီထိနဲ့ ပြောရယင် ပဋိသန္ဓေဝိညာဏ်ရဲ့ နောက်မှာ ပထမဘင်၊ ဒုတိယဘင်၊ တတိယဘင်တို့ ဆက်ပြီး ဖြစ်ပါတယ်။ ပဋိသန္ဓေဝိညာဏ်ရဲ့ ဥပါဒ်ခဏမှာ ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ နာမ်က ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ရုပ်က ကမ္မဇရုပ်တို့ဟာ တပြိုင်နက် ဖြစ်ပါတယ်။ ရုပ်နဲ့နာမ်ဟာ အချင်းချင်း အညမည သဟဇာတ နိဿယ ပစ္စည်းတွေက ကျေးဇူးပြုလို့ ဥပါဒ်ခဏ ဒီဘဝမှာ ပထမဆုံး တွယ်ပါတယ်။ ပဋိသန္ဓေစိတ်နဲ့ အတူဖြစ်တဲ့ ရုပ်တွေထဲက ဥတုဇရုပ်က ပဋိသန္ဓေစိတ်ရဲ့ ဌီခဏမှာ စ ဖြစ်ပါတယ်။

စိတ္တဇရုပ်က ပထမဘင်ရဲ့ ဥပါဒ်ခဏမှာ စ ဖြစ်ပါတယ်။ ခန္ဓာကိုယ်မှာက ကမ္မဇရုပ် ဥတုဇရုပ် စိတ္တဇရုပ် အာဟာရဇရုပ်လို့ ရုပ်က ၄ မျိုးရှိပါတယ်။ ကမ္မဇရုပ်ချည်း သက်သက်ကလဲ အသက်ရှည်နိုင်တာ မဟုတ်ပါ။ စိတ္တဇ ဥတုဇ အာဟာရဇရုပ်တွေကို အမှီသဟဲ ပြုမှလဲ ကမ္မဇရုပ်က အသက်ရှည်ပါတယ်။

ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ခဏမှာဖြစ်တဲ့ ကမ္မဇရုပ်ကို နောက်နောက်မှာ ဖြစ်တဲ့ ပထမဘင်၊ ဒုတိယဘင်၊ တတိယဘင်ဆိုတဲ့ နာမ်တရားတွေက ပစ္ဆာဇာတပစ္စည်းနဲ့ ကျေးဇူးပြုထားပါတယ်။ နာမ်တရားက ကျေးဇူးမပြုယင် ကမ္မဇရုပ်က ကြာရှည်စွာ မတည်မြဲနိုင်ပဲ ကလလရေကြည် ခေါ်တဲ့ ပဋိသန္ဓေနာမ်နဲ့ရုပ်ဟာ ပျက်သွားနိုင်ပါတယ်။

"ပစ္ဆာဇာတာ စိတ္တ စေတသိကာဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော" ပဋိသန္ဓေ ဌီခဏမှာဖြစ်တဲ့ ဥတုဇရုပ်ကိုလဲ နောက်နောက်က နာမ်တရားက ကျေးဇူးပြုထားပါတယ်။ ပထမ ဘင်မှာ စ ဖြစ်တဲ့ စိတ္တဇရုပ်ကိုလဲ နောက် နောက်က နာမ်တရားက ကျေးဇူးပြုထားပါတယ်။

ဤ စတုဇကာယဖြစ်တဲ့ ကမ္မဇကာယ ဥတုဇကာယ စိတ္တဇကာယ အာဟာရဇကာယဆိုတဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ် ၄ မျိုးကို နာမ်တရားတွေက နောက်ကနေ ကျေးဇူးပြုထားလို့ ပဋိသန္ဓေဟာ တဖြည်းဖြည်း ကြီးထွားလာပြီး ကလလရေကြည် ခန္ဓာငါးပါးက နေပြီး ဒီလောက် **ကြီးကျယ်တဲ့ ခန္ဓာကောင်ကြီးတွေ ဖြစ်လာပါတယ်။**

## ရုပ်ဟာ စိတ်ကြောင့် ဖြစ်တာပါ

ပဋိသန္ဓေမှာ ရလာတဲ့ ခန္ဓာငါးပါးကို ကြီးထွားလာအောင် ဘယ်လိုအကြောင်းတွေနဲ့ ထောက်ပံ့ထားတယ်ဆိုတာကို ပဌာန်းမှာ တော့ ကျယ်ကျယ်ပြန့်ပြန့်ကြီး ဟောထားပါတယ်။ ဝိညာဏ်ကြောင့် ရုပ်ဖြစ်တဲ့အခါ ကမ္မဇရုပ် စိတ္တဇရုပ် ဥတုဇရုပ် အာဟာရဇရုပ်တို့ကို ဝိညာဏ်က အကုန်လုံး ကျေးဇူးပြုပါတယ်။ ပဋိသန္ဓေအချိန်မှာ မသိ နိုင်ပေမယ့် ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်ရတာ ပဝတ္တိအခါမှာတော့ ထင်ရှားပါတယ်။ ခြေတကြက် ကွချင်တယ်ဆိုယင် စိတ်ကပြီး ဖြစ်ရ တယ်၊ ခြေက ကွတယ်ဆိုတဲ့စိတ် ဖြစ်ပြီးမှ ကွချင်တဲ့စိတ်ကြောင့် ဝါ ယောဓာတ် ဖြစ်လာပါတယ်။ ဒီစိတ်ကြောင့်ဖြစ်တဲ့ ဝါယောကို စိတ္တဇ ဝါယောလို့ ခေါ်ပါတယ်။ ဒီ ဝါယော ဖြစ်လာမှလဲ ခြေက ကွတာပါ။

ပဝတ္တိအခါမှာ ရုပ်ဟာ စိတ်ကြောင့်ဖြစ်တာ ထင်ရှားပါတယ်။ ပဋိသန္ဓေအခါမှာ ကမ္မဇရုပ်ကတော့ မမြင်ရ၊ မမြင်နိုင်၊ စဉ်းစားလို့လဲ မရပေမယ့် ပဋိသန္ဓေအခါမှာ ဖြစ်တဲ့ ကမ္မဇရုပ်ဟာ စိတ်ကြောင့်ပဲ ဖြစ်နိုင်တယ်ဆိုတာ ပဝတ္တိရုပ်တွေကို ထောက်ဆပြီး အနုမာနအားဖြင့် သိနိုင်ပါတယ်။

## ပဋိသန္ဓေအခါ ပသာဒရုပ်များ သတ္တိအနေနဲ့ ရှိနေသလား

ပဋိသန္ဓေအခါမှာ မျက်စိ နား နှာခေါင်း လျှာ ဆိုတဲ့ ကမ္မ ဇရုပ်တွေ ရှိနေပြီလားဆိုယင် ပဋိသန္ဓေအခါမှာ ကာယ ဘာဝ ဝတ္ထုရုပ် ၃၀ ဖြစ်တဲ့အခါ စက္ခု သောတ ဃာန ဇိဝှါ ပသာဒရုပ် ၄ ခုက မပါပါ။ မပါသေးယင် ပဋိသန္ဓေအခါမှာ မျက်စိ နား နှာခေါင်း လျှာ ဆိုတဲ့ ပသာဒတွေ မရှိသေးဘူးလို့ ဆုံးဖြတ်နိုင်ပါတယ်။ ဒါပေမယ့် အချို့သူတို့က ဒီပသာဒရုပ်တွေဟာ ပဋိသန္ဓေအခါမှာ မျိုးစေ့ သတ္တိ အနေဖြင့် ရှိနေပါတယ်။ အချိန်မကျသေးလို့သာ မဖြစ်သေးတာပါလို့ ဆိုကြပါတယ်။ ဒီလိုယူတဲ့ အယူဝါဒဟာ သဿတဂိုဏ်းကို နွယ်သွား ပါတယ်။

အဘိဓမ္မာစစ်စစ်ကတော့ ပဋိသန္ဓေအခါမှာ ကာယ ဘာဝ ဝတ္ထုဆိုတဲ့ ရုပ် ၃၀ က ပသာဒရုပ်တို့ ဖြစ်ခြင်းအကြောင်းတော့ ဟုတ်

ပါတယ်။ ပဋိသန္ဓေအခါမှာတော့ စက္ခု သောတ ဃာန ဇိဝှါ ဆိုတဲ့ ပသာဒရုပ်တွေ မရှိသေးဘူးလို့ပဲ ဆိုးဖြတ်ရပါတယ်။

## ၄။ နာမရူပပစ္စယာ သဠာယတနံ

နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်တယ်ဆိုရာမှာ နာမ်က ဘယ်နာမ်လဲ၊ ရုပ်က ဘယ်ရုပ်တွေလဲ။

ဝိညာဏပစ္စယာ နာမရူပံ တုန်းကတော့ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ် ဆိုရာမှာ နာမ်က ပဋိသန္ဓေဝိညာဏ်နဲ့ အတူတကွ ဖြစ်တဲ့ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဆိုတဲ့ နာမ်ခန္ဓာ ၃ ပါးပါ။ ရုပ်ကတော့ ကမ္မဇရုပ်ပါပဲ။ ကမ္မဇရုပ်ဆိုရာမှာ ဂဗ္ဘသေယျက အမိဝမ်းတွင်း ပဋိသန္ဓေနေတဲ့ သူတို့မှာ ကာယဒသက ဘာဝဒသက ဝတ္ထုဒသကဆိုတဲ့ ရုပ် ၃၀ ဖြစ်ပါတယ်။ ဒါက ဝိညာဏ်ကြောင့် ပထမဆုံး ဖြစ်တဲ့ နာမ်ရုပ်ပါ။ ပထမဆုံးဖြစ်တဲ့ နာမ်ရုပ်က ဝိညာဏ်ကြောင့်လဲ နာမ်ရုပ်ဖြစ်တယ်။ နာမ်ရုပ်ကြောင့်လဲ ဝိညာဏ် ဖြစ်ပါတယ်။ ပဋ္ဌာန်း သဟဇာတပစ္စည်းမှာ ဝိညာဏ်နဲ့ နာမ်ရုပ်ဟာ အတူတကွ တပြိုင်နက်ဖြစ်ပြီး ကျေးဇူးပြုတယ်။ အညမညပစ္စည်းမှာ အပြန်အလှန် မှီပြီး ကျေးဇူးပြုတယ် ဆိုတာလဲ ဒီ ပဋိသန္ဓေအခါမှာဖြစ်တဲ့ နာမ်ရုပ်ပါပဲ။

နာမရူပပစ္စယာ သဠာယတနံ ကျတော့ သဠာယတန ဆိုတာက အာယတန ၆ ပါးပါပဲ။ မျက်စိ နား နှာခေါင်း လျှာ လို့ ဆိုတဲ့ ပသာဒတွေ စုံလာတဲ့အခါမှာ မျက်စိမှာ မြင်နိုင်တဲ့ စက္ခုပသာဒ ပေါ်လာတယ်။ နားမှာ ကြားနိုင်တဲ့ သောတပသာဒ ပေါ်လာတယ်။ နှာခေါင်းမှာ နံနိုင်တဲ့ ဃာနပသာဒ ပေါ်လာတယ်။ လျှာမှာလဲ အရသာ သိနိုင်တဲ့ ဇိဝှါပသာဒ ပေါ်လာတယ်။ ဒီ ပသာဒရုပ်တွေ ဖြစ်ပေါ်လာတာ ဘာကြောင့်လဲဆိုတော့ နာမရူပပစ္စယာ သဠာယတနံ၊ နာမ်ရုပ်ကြောင့် ပေါ်လာတာပါပဲ။ သို့ပေမယ့် ဒီ ပသာဒရုပ်တွေက ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်တွေပါပဲ။ မြင်နိုင်တဲ့ စက္ခုပသာဒရုပ်ကလဲ ကံကြောင့်ဖြစ်တဲ့ရုပ်၊ ကြားနိုင်တဲ့ သောတပသာဒရုပ်ကလဲ ကံကြောင့်

ဖြစ်တဲ့ရုပ်၊ နံ့နိုင်တဲ့ ဃာနပသာဒရုပ်ကလဲ ကံကြောင့်ဖြစ်တဲ့ရုပ်၊ ရသာသိနိုင်တဲ့ ဇိဝှါပသာဒရုပ်ကလဲ ကံကြောင့်ဖြစ်တဲ့ ရုပ်ပါပဲ။ ဒီပသာဒရုပ်တွေဟာ ပဋိသန္ဓေ စ တည်တဲ့အခါက ဝိညာဏပစ္စယာ နာမရူပံ ဝိညာဏ်ကြောင့်ဖြစ်တဲ့ နာမ်ရုပ်ထဲမှာ ပါသလားဆိုတော့ ရုပ် ၃၀ ထဲမှာ မပါသေးပါ။

## လူနှင့် သက္ကာယဒိဋ္ဌိ

ပဋိစ္စသမုပ္ပါဒ် ဟောတာက အယူစင်ကြယ်အောင် ဟောတာပါ။ သိပ်ဆိုးတဲ့ ဒိဋ္ဌိမဟုတ်ပေမယ့် လူတွေမှာ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကတော့ ရှိတာပါ။ ဒီ သက္ကာယဒိဋ္ဌိကလဲ အနုဆုံး အသိမ်မွေ့ဆုံး ဒိဋ္ဌိဖြစ်လို့ သမ္မာသမ္ဗုဒ္ဓ ဘုရားမှတပါး ဒီ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို ဘယ်သူမှ အကုသိုလ်တရားလို့လဲ မဟောရဲပါ၊ ဟောလဲ မဟောနိုင်ပါ။ လူဆိုတာကလဲ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိနဲ့ လူလုပ်နေကြတာပါ။ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကတော့ သတ္တဝါတွေမှာ ၃၁ ဘုံက လွတ် မြောက်ချင်တယ် ဆိုယင် အရေးအကြီးဆုံးက အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပြုတ်ရမှာပါ။ ဒီ ဒိဋ္ဌိ မရှိမှ ဝိပဿနာတရား အားထုတ်လို့ရမှာပါ။ ဒါကြောင့် အသိမ်မွေ့ဆုံး အနူးညံ့ဆုံးဖြစ်တဲ့ ဒိဋ္ဌိကွာအောင် ပဋိစ္စသမုပ္ပါဒ်ကို ဟောရတာပါပဲ။

## ပဋိသန္ဓေတည်စမှာ ပသာဒရုပ် မျိုးစေ့ ရှိသလား

ဝိညာဏပစ္စယာ နာမရူပံမှာ ရုပ်ဆိုတာက ကမ္မဇရုပ်ပါပဲ။ ဒီ ကမ္မဇရုပ်ထဲမှာ ဒီ ပသာဒရုပ်တွေ ပါသလားလို့မေးယင် ပဋိစ္စသမုပ္ပါဒ် အလိုနဲ့ ရှင်းရှင်းကြီး ပြောရယင် မပါသေးဘူး၊ မရှိသေးဘူးလို့ပဲ ပြောရမှာပါ။ အချို့ ဆရာတွေက အဘိဓမ္မာဆိုပေမယ့် သုတ္တန် ခပ်ဆန်ဆန်ပြောတဲ့ ဟောတဲ့ ရေးတဲ့ အဘိဓမ္မာဆရာတွေလဲ ရှိပါသေးတယ်။ ဒါကြောင့်လဲ ဗုဒ္ဓဘာသာစာပေမှာ ပြဿနာတွေ အများဆုံး ဖြစ်ကြပါတယ်။ သုတ္တန်ဆန်ဆန် ရေးမှလဲ နားလည်တယ်ဆိုပြီး သုတ္တန် ဆန်ဆန် ရေးတဲ့ အဘိဓမ္မာဆရာတွေ ရှိသလို အဘိဓမ္မာစစ်စစ် ရေးတဲ့ သူတွေလဲ ရှိပါတယ်။ ပဋိစ္စသမုပ္ပါဒ်စစ်စစ် အဘိဓမ္မာစစ်စစ်နဲ့ ဆိုယင် ဒီပသာဒရုပ် ၄ မျိုးဟာ (နံပါတ် ၅ ပသာဒရုပ် ကာယပသာဒရုပ်က

ရှိပြီး) ပဋ္ဌိသန္ဓေတည်စက မျိုးစေ့အနေနဲ့ သတ္တိအနေနဲ့ ပါသလား ဆိုတော့ မပါပါ။ ပဋ္ဌိသန္ဓေတည်စက ကာယဒသက ဝတ္ထုဒသက ဘာဝဒသက ရုပ်တွေထဲမှာ ဒီ ပသာဒရုပ်တွေဟာ သတ္တိအနေနဲ့ ပါနေ တယ်လို့ ယူဆတဲ့ အဘိဓမ္မာဆရာတွေကတော့ အဋ္ဌကထာဒိဋ္ဌိ၊ သဿတဒိဋ္ဌိ မကင်းတဲ့ ဆရာတွေပါ။ ဒီပြဿနာက တဝ်ယသံဂါယနာတင်သည် အထိ သဿတဂိုဏ်းသားတွေဟာ ဘုရားဟောတဲ့ တရားတွေမှာ အယူ အဆ နည်းနည်းတိမ်းခဲ့ပါတယ်။

နာမရူပပစ္စယာ သဠာယတနံ နာမ်ရုပ်ဖြစ်တဲ့ အချိန်မှာ ပသာဒ ရုပ် လေးခုက လုံးဝ မရှိသေးပါ။ ပသာဒရုပ် လေးခုဖြစ်တာ ဘာ ကြောင့် ဖြစ်သလဲဆိုယင်တော့ နာမ်ရုပ်ကြောင့်ပဲ ဖြစ်တာပါ။ ဝိညာဏ်နဲ့ နာမ်ရုပ် မရှိယင်တော့ ပသာဒရုပ်က ရှိကို မရှိနိုင်ပါ။ အကြောင်း အကျိုးအားဖြင့် ယူယင် နာမ်ရုပ်သည် ပသာဒရုပ်ဖြစ်ခြင်း အကြောင်း တော့ ဟုတ်ပါတယ်။ သို့ပေမယ့် ဒီ ပသာဒရုပ် လေးခုဟာ ကံက ပစ်ချလိုက်တဲ့ ပဋ္ဌိသန္ဓေအခါမှာ မျိုးစေ့အနေနဲ့ ပါနေသလားဆိုတော့ မပါဘူးလို့ပဲ ပြောရမှာပါပဲ။ သင်္ဂြိုဟ်ရုပ်ပိုင်းမှာ ဖော်ပြထားတာကလဲ ပြဿနာ ဖြစ်နေပါတယ်။ သင်္ဂြိုဟ်ဆရာက—

"တတောပရံ—ပဝတ္တိကာလေ ကမေန
စက္ခုဒသကာဒီနိ—ပါတုဘဝန္တိ"

တတော- ထိုပဋ္ဌိသန္ဓေအခါမှ။ ပရံ- နောက်၌။ ပဝတ္တိကာလေ- ပဝတ္တိအခါ၌။ စက္ခုဒသကာဒီနိ- စက္ခုဒသက စသည်တို့သည်။ ကမေန- အစဉ်အားဖြင့်။ ပါတုဘဝန္တိ- ထင်ရှားဖြစ်ကုန်၏။

ကမေန ဆိုတဲ့ ပါဠိနဲ့ အဓိပ္ပာယ်ယူယင် တမျိုးဖြစ်သွားတယ်။ ကမ္မေနလို့ ယူလိုက်ပြန်ယင်လဲ တမျိုးဖြစ်သွားပါတယ်။

စက္ခု သောတ ဃာန ဇိဝှါ ဆိုတဲ့ ပသာဒရုပ်တွေဟာ ပဋ္ဌိ သန္ဓေအခါမှာ မရှိတာက မှန်တယ်ဆိုတော့ ပဝတ္တိအခါမှာဖြစ်တော့ တပြိုင်နက် ဖြစ်သလား၊ အစဉ်အတိုင်း ဖြစ်သလား၊ စက္ခုပသာဒ ဖြစ် ပြီးမှ သောတပသာဒ ဖြစ်၊ သောတပသာဒ ဖြစ်ပြီးမှ ဃာနပသာဒ ဖြစ်၊ ဃာနပသာဒ ဖြစ်ပြီးမှ ဇိဝှါပသာဒ ဖြစ်၊ ဒီလို ဖြစ်တာလား

ဆိုတော့ သင်္ဂြိုဟ်စာအုပ်တွေက ရုပ်ပိုင်းမှာ 'ကမေန'လို့ ပါဠိက မျှား နေပါတယ်။

## လယ်တီဆရာတော်၏ အဆုံးအဖြတ်

လယ်တီဆရာတော်ကတော့ အခြား အခြားသော အဋ္ဌကထာ ဋီကာကျမ်းတွေ အကုန်ကြည့်ပြီး 'ကမေန' မဟုတ်ပါဘူး၊ ကမ္မေန- ကံကြောင့်။ ပါတုဘဝန္တိ- တပြိုင်နက် ဖြစ်ကုန်၏။ စက္ခု သောတ ဃာန ဇိဝှါ ပသာဒရုပ်ဖြစ်တဲ့ ကမ္မဇရုပ်တို့ဟာ ကံကြောင့် တပြိုင်နက် ဖြာ်ပေါ်လာတယ်လို့ ဒီလိုပဲ လယ်တီဆရာတော်က ဆုံးဖြတ်ပါတယ်။ ဒိပြင် ပါဠိတော် အဋ္ဌကထာတွေမှာလဲ စက္ခု သောတ ဃာန ဇိဝှါ ပသာဒရုပ်တွေက တပြိုင်နက်ထဲ ဖြစ်တယ်လို့ တညီတညွတ်တည်း အကုန် လုံး ဆုံးဖြတ်ကြပါတယ်။

ရှေးက အဘိဓမ္မာကျမ်းများမှာလဲ "သတ္တ–သတ္တတိ" ရက် ပေါင်း ၇၇ ရောက်တဲ့အခါ စက္ခု သောတ ဃာန ဇိဝှါ ပသာဒရုပ် တို့ဟာ တပြိုင်တည်း ကံကြောင့် ဖြစ်လာတယ်လို့ ဆိုကြပါတယ်။ ဒါကြောင့် 'ကမေန' မဟုတ်၊ ကမ္မေန- ကံကြောင့်ပါလို့ လယ်တီ ဆရာတော်က ဆုံးဖြတ်ထားပါတယ်။ လယ်တီဆရာတော် သာမက တနိုင်ငံလုံးမှာရှိတဲ့ ဆရာတော်တွေကလဲ လယ်တီဆရာတော်က ဋီကာ ကျော်ကို ပယ်တဲ့ အချက်ပေါင်းများစွာထဲက ဒီတချက်ကိုတော့ အများ သဘောတူ ထောက်ခံသွားကြပါတယ်။

နာမရူပ ပစ္စယာ သဠာယတနံ၊ နာမ်ရုပ်ရှိလာယင် စက္ခု သောတ ဃာန ဇိဝှါ ဆိုတဲ့ ပသာဒရုပ်တွေဟာ ဖြစ်လာရမှာပဲ။ ပဋ္ဌာန် သမုပ္ပါဒ်မှာ စဉ်းစားစရာက ဝိညာဏ ပစ္စယာ နာမရူပံမှာ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ရတာက သဟဇာတ အတူတကွ တပြိုင်နက်တည်း ဖြစ် ပါတယ်။ နာမရူပ ပစ္စယာ သဠာယတနံ၊ နာမ်ရုပ်ကြောင့် သဠာယတန ဖြစ်ရတာမှာ နာမ်ရုပ် ဖြစ်ပြီးတာနဲ့ ချက်ချင်း ဖြစ်တာမဟုတ်၊ ရက် ပေါင်း ၇၇ လောက် ကြာမှ အာယတန ပသာဒရုပ်တွေ ပေါက်ပွား လာတာပါ။

## ပဋိသန္ဓေနှင့် ဥတုဇရုပ် စိတ္တဇရုပ်

ဝိညာဏ်ကြောင့် ကမ္မဇရုပ်တွေ ပေါက်ပွားလာပုံက ပဋိသန္ဓေ ဥပါဒ် ခဏကစပြီး ဝိညာဏ်နဲ့ ကမ္မဇရုပ်က တပြိုင်နက် ပြီး ဖြစ်ပါတယ်။ ပဋိသန္ဓေရဲ့ ဌီ ခဏမှာ ဥတုဇရုပ်က စ ဖြစ်ပါတယ်။ ဒီလို ဖြစ်ရပုံက ကမ္မဇရုပ်က သူတဦးတည်း ကြာကြာ မနေနိုင်၊ ဥတုဆိုတဲ့ ဓာတ်သဘာဝကို ရနေမှ ပဋိသန္ဓေက တည်မြဲနေမှာပါ။ ပဋိသန္ဓေ ဥပါဒ် ခဏမှ ပြီးဖြစ်တဲ့ ကမ္မဇရုပ်ကလဲ သေသည့်အချိန်ထိ စိတ္တက္ခဏ တိုင်း ခဏတိုင်းမှာ မြစ်ရေအယဉ်များကဲ့သို့ ဆီမီးလျှံတို့ကဲ့သို့ အစဉ် မပြတ် ဖြစ်နေတာပါ။ ဥတုဇရုပ်ကလဲ ဌီ ခဏက ပြီး အသက်ရှိသမျှ ကာလပတ်လုံး ခဏတိုင်း ခဏတိုင်း ဆက်ကာဆက်ကာ ဖြစ်နေတာ ပါ။ ပဋိသန္ဓေ ဌီ ခဏမှာ ဥတုဇရုပ် ရလာတော့ ရုပ်က တိုးပွားလာ ပါတယ်။

ပဋိသန္ဓေစိတ်က ပထမဦးစွာ ဥပါဒ်၊ ဌီ၊ ဘင် ဖြင့်ပြီး ပျက် သွားတဲ့ နောက်မှာ ပထမဘဝင်၊ ဒုတိယဘဝင်၊ တတိယဘဝင် စသဖြင့် ၁၆ ချက် ဆက်ပြီး ဖြစ်ပါတယ်။ ပထမဆုံးဖြစ်တဲ့ စိတ်ကို ပဋိသန္ဓေ စိတ်၊ ပဋိသန္ဓေ ဝိညာဏ်ပြီးတော့ ဒုတိယဖြစ်တဲ့ စိတ် ဝိညာဏ်ကို ဘဝင်လို့ ခေါ်တာပါ။ စိတ်ကတော့ ဒီစိတ်ပါပဲ၊ ပထမဘဝင်ရဲ့ ဥပါဒ် ခဏက ပြီးတော့ စိတ္တဇရုပ်က ဖြစ်ပါတယ်။

## ဘဝရဲ့ အင်္ဂါ ဘဝင်ဆိုတာ ဘာလဲ

ဟိုဘဝက စုတိပြီး ဒီဘဝမှာ စ ဖြစ်တဲ့ ပဋိသန္ဓေစိတ် ဖြင့်ပြီး နောက် ဘဝင် ၁၆ ချက် ဖြစ်ပါတယ်။ ဒီဘဝင်ကို ဝိညာဏ်လို့ ခေါ်ပါတယ်။ အသက်လို့လဲ ခေါ်ပါတယ်။ အဘိဓမ္မာမှာ ပထမဆုံး စိတ်က ပဋိသန္ဓေစိတ်၊ သေတဲ့စိတ်က စုတိစိတ်၊ အကြားမှာ အိပ်နေတဲ့ အခါ မေ့နေတဲ့အခါ အခြားစိတ်တွေ မဖြစ်သေးတဲ့အခါမှာ ဘဝင်လို့ ခေါ်တာပါ။ ဘာဖြစ်လို့ သူ့ကို ဘဝင်စိတ်လို့ ခေါ်ရသလဲ။ ဘဝမှာ အသက်ရှင်နေဖို့၊ တည်မြဲနေဖို့က အရေးအကြီးဆုံး အကြောင်းတခုမို့ ဘဝရဲ့ အင်္ဂါ ဘဝင် = ဘဝင်ပါပဲ။

## အာဟာရဇရုပ် ဖြစ်ချိန်

နာမရူပ ပစ္စယာ သဠာယတနံမှာ ရုပ်ဆိုတာက ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ် ၃ မျိုးရသွားပါပြီ။ အာဟာရဇရုပ်ကတော့ ဂဗ္ဘသေယျက အမိဝမ်း၌ လွယ်၍မွေးသော သတ္တဝါအဖို့မှာ အမိ အစားအသောက် စားလိုက်တဲ့အခါ ဒီအစားအသောက်က ပဋိသန္ဓေကို အားပေးပါတယ်။ ဒီလို အမိရဲ့ အစား အသောက်က အားပေး ထောက်ပံ့တဲ့ အချိန်ကစပြီး အာဟာရဇရုပ်က ဖြစ်ပါတယ်။ ပဋိသန္ဓေ ဝိညာဏ်နဲ့ နာမ်ရုပ်မှာ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ် ဆိုတဲ့ ၄ မျိုးတို့ရဲ့ အချင်းချင်း ထောက်ပံ့မှုကို ရတဲ့အတွက် တဖြည်းဖြည်း ရက် ၇၇ အတွင်းမှာ နာမ်ရုပ်ဟာ ကြီးထွားလာပြီး အာယတန ဆိုတဲ့ စက္ခုပသာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ ဇိဝှါပသာဒတို့ ပေါက်ပွားလာရပါတယ်။

## ရုပ် ၄ မျိုးတို့ အထောက်အပံ့

ဝိညာဏ်ကြောင့် ဖြစ်တဲ့ အစဆုံး ရုပ်က ကမ္မဇရုပ် ဖြစ်ပါတယ်။ ဒီ ကမ္မဇရုပ်ကြောင့်ပဲ အာယတနတွေ ပေါက်ပွားလာသလားလို့ ပြဿနာကို စဉ်းစားတဲ့အခါမှာ နာမ်ရုပ်ကြောင့် အာယတန ပေါက်ပွား တာက ကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ် ဆိုတဲ့ ရုပ် ၄ မျိုး ထောက်ပံ့ကြလို့သာ ပေါက်ပွားလာတာပါ။ ပဋိသန္ဓေစိတ်နဲ့ ကမ္မဇရုပ်က အာဟာရ အထောက်အပံ့မရယင် မကြီးထွားနိုင်ပဲ ပျက် သွားမှာပါ။ စိတ်ရဲ့ အထောက်အပံ့ မရယင်လဲ မကြီးပွားနိုင်ပါ။ အပူ အအေးဆိုတဲ့ ဥတု အထောက်အပံ့ မရယင်လဲ ပဋိသန္ဓေက ပျက်သွား မှာပါ။ ပဋိသန္ဓေစိတ်နဲ့ နာမ်ရုပ်ဟာ ဒီ ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာ ဟာရဇရုပ် ၄ မျိုးတို့ အချင်းချင်း ထောက်ပံ့ကြလို့သာ တဖြည်းဖြည်း ကြီးထွားလာပြီး အာယတနတွေ ဖြစ်လာတာပါ။

ပထမဦးစွာ စ ဖြစ်တဲ့ ပဋိသန္ဓေ ကမ္မဇရုပ်ထဲမှာ အာယတနတွေ ဟာ မျိုးစေ့အနေနဲ့လဲ ရှိမနေပါ။ သတ္တိအနေနဲ့လဲ ရှိမနေပါ။ အဘိဓမ္မာ စစ်စစ်က ဒီ ဝိညာဏ် နာမ် ရုပ်က သဠာယတန ဖြစ်ခြင်းရဲ့ အကြောင်း တော့ ဟုတ်ပါတယ်။ အကြောင်းထဲမှာ အကျိုးမရှိပါ။ အကျိုးတရား

ဟာ အကြောင်းထဲမှာ ရှိနေတယ်ဆိုယင် ဒိဋ္ဌိတမျိုးပါပဲ။ အကြောင်း တရားထဲမှာ အကျိုးတရား လုံးဝမရှိရ။ အကြောင်းတရား မရှိပဲလဲ အကျိုးတရား မဖြစ်နိုင်ပါလို့ ဒိဋ္ဌိစင်အောင် ပဋိစ္စသမုပ္ပါဒ်ကို ဟော တာပါပဲ။ နာမ်ရုပ်ကြောင့် အာယတန ပေါက်ပွားပုံကတော့ ရှင်း လောက်ပါပြီ။

## ၅။ သဠာယတနပစ္စယာ ဖဿော

အာယတန ၆ ပါးကြောင့် ဖဿ ၆ ပါး ဖြစ်တယ်။ ဝိညာဏ် နာမ်ရုပ်နဲ့ သဠာယတနရှိလာယင် လူဆိုတဲ့ အကောင်အထည် ပေါ်လာ ပါတယ်။ ဒါကို လူလို့လဲ ခေါ်တယ်၊ သတ္တဝါလို့လဲ ခေါ်တယ်။ ဒီ ဝိညာဏ် နာမ် ရုပ် သဠာယတနနဲ့ အကောင်အထည် ပေါ်လာတဲ့ နာမ်ရုပ်ကို အစိုင်အခဲ အတုံးအခဲ ဒြပ် သဏ္ဌာန်ကြီးကြောင့် လူလို့ ထင်နေကြတယ်။ သတ္တဝါလို့ ထင်နေကြတယ်။ ငါလို့ ထင်နေကြတယ်။ ဒီ အထင် ဒိဋ္ဌိကြီးကို ဘုရားရှင်က ဖြိုခွဲပေးတာပါပဲ။ ဒီလို ဖြိုခွဲတဲ့အခါမှာ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်လာတယ်။ နာမ် ရုပ် ကြောင့် သဠာ ယတန ဖြစ်လာတယ်။ ဝိညာဏ်ဟာ လူလား၊ သတ္တဝါလား။ နာမ် ရုပ်က လူလား၊ သတ္တဝါလား။ သဠာယတနက လူလား၊ သတ္တဝါ လား။ လူဆိုတာ မရှိ၊ သတ္တဝါဆိုတာ မရှိ၊ အကြောင်းတရားတို့ကြောင့် အကျိုးတရားတွေ ဖြစ်နေတာပါလို့ ဒီလို သတ္တဝါလို့ ထင်နေတဲ့ **ဃနပတ်ည**ကို ဖြိုခွဲလိုက်တာပါပဲ။

### သတ္တဝါဆိုတာ ရှိသလား

ဝိပဿနာ ပွားများတဲ့အခါမှာ ဒီလို လူကို အစိုင်အခဲလို့ ထင် နေတဲ့ **ဃနပညတ်**ကို ဖြိုခွဲဖို့ ခဲယဉ်းလှပါတယ်။ ယေဘုယျကတည်းက လူလို့ထင်လာတယ်၊ သတ္တဝါလို့ ထင်လာတယ်၊ အကောင်အထည်ကြီး တောက်လျှောက် ဖြစ်နေတယ်လို့ ထင်တယ်။ အမှန်က ကမ္မဇရုပ်တွေက ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ သူ့အစဉ်အတိုင်း ဖြစ် ပျက် နေတယ်။ ဥတုဇ ရုပ်ကလဲ ပဋိသန္ဓေ ဌီဧဏက စပြီး ဖြစ် ပျက်၊ ဖြစ်ပျက်နဲ့ သူ့ဘာ

သာသူ ဖြစ် ပျက်နေတယ်။ စိတ္တဇရုပ်ကလဲ သူ့ဘာသာသူ ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ ဖြစ်ပျက်နေတယ်၊ အာဟာရဇရုပ်ကလဲ သူ့ဘာသာသူ ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ သွားနေတယ်။ ဒီရုပ်တွေ အားလုံး ပေါင်းဆုံပြီး အစိုင်အခဲကြီး၊ သဏ္ဌာန်ကြီး ဖြစ်နေတာပါ။

ရုပ်ဖြစ်ပုံ ဥပမာ

သမ္မောအဋ္ဌကထာမှာ ဥပမာပေးတာကတော့ ပရွက်ဆိတ်များ တကောင်ချင်း တန်းနေတဲ့အခါ တန်းနေတယ်လို့ မသိနိုင်ပါ။ သို့ပေမယ့် ပရွက်ဆိတ်တွေ တတန်းပြီးတတန်း အများကြီး ထပ်လာတဲ့အခါ ပရွက်ဆိတ်တန်းကြီးကို ထင်ရှား မြင်ရသလို ရုပ်တရားတွေက နာမ်တရားလို မဟုတ်ပဲ ကမ္မဇရုပ်က ပျက်နေယင် ဥတုဇရုပ်က ဖြစ်နေတယ်၊ ဥတုဇရုပ်က ပျက်နေယင် စိတ္တဇရုပ်က ဖြစ်နေတယ်၊ စိတ္တဇရုပ်က ပျက်နေယင် အာဟာရဇရုပ်က ဖြစ်နေတယ်။ ဘင်ခဏမှာလဲ ဖြစ်တဲ့ရုပ်က ဖြစ်၊ ဥပါဒ်ခဏမှာလဲ ပျက်တဲ့ရုပ်က ပျက်နဲ့ ဒီလို ဖြစ်ပျက် အစဉ်ကြီးဟာ အထပ်ပေါင်း များလာပြီး ရုပ်တုံး ရုပ်ခဲ ဒြပ်သဏ္ဌာန်ကြီး ထင်လာတော့ လူပဲ သတ္တဝါပဲလို့ ယူဆသွားကြတာပါ။ ဒီလို **လူပဲ သတ္တဝါ**ပဲလို့ ယူထားတဲ့ ဒိဋ္ဌိဟာ ဖြိုခွဲရ အခက်ဆုံး ဒိဋ္ဌိပါပဲ။

သမ္မာသမ္ဗုဒ္ဓဘုရား ပွင့်လာတဲ့ အခါများမှာသာ ဒီ ဒိဋ္ဌိကို ဖြိုခွဲလို့ရပါတယ်။ လူကို အကောင်အထည်ကြီး ဒြပ်သဏ္ဌာန်ကြီးလို့ ထင်နေသေးယင် **နိဗ္ဗာန်နဲ့ ဝေးပါသေးတယ်**။ နိဗ္ဗာန်ကို ပြောပြလို့လဲ ရှင်းမှာ မဟုတ်ပါ။ ၃၁ ဘုံမှ လွတ်မြောက်ရေးလမ်း ဆိုတာလဲ စဉ်းစားလို့ ရနိုင်မယ် မဟုတ်ပါ။ ဒီလို အကောင်အထည်ကြီး ထင်နေတာ ပျောက်သွားပြီး ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်တယ်၊ နာမ် ရုပ်ကြောင့် သဠာယတန ဖြစ်တယ်။ အကြောင်းရှိလို့ အကျိုးဖြစ်တယ်လို့ ဒီလို မြင်သွားမှ ဒီလို သေသေချာချာ သိသွားမှ အကောင်အထည် ပျောက်သွားမယ်၊ အကောင်အထည်ဆိုတဲ့ အစွဲအလမ်းလဲ ပျောက်သွားမှာပါ။

# ၆။ ဖဿပစ္စယာ ဝေဒနာ

အာယတန ၆ ပါးရှိတော့ ဖဿကလဲ ၆ ပါးပဲ ရှိပါတယ်။ အာယတန ၆ ပါးက ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ ဆိုတဲ့ အာရုံ ၆ ပါးနဲ့ တိုက်ဆိုင်တဲ့အခါမှာ ဖဿ ၆ ပါး ဖြစ်ပါတယ်။ မတိုက်ဆိုင်သေးတဲ့ အခါမှာတော့ မဖြစ်ပါ။ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေပြီး မွေးဖွားလာရတဲ့ သတ္တဝါတွေမှာ အမိဝမ်းတွင်းမှာပဲ အာယတနတွေက စုံခဲ့ရပါတယ်။ ဒါပေမယ့် မွေးဖွားလာပြီး လူ့ဘဝရောက်တဲ့ အချိန်မှာ ဖဿ ၆ ပါးက ဖြစ်လာပါတယ်။ အာရုံ ၆ ပါးက ရှိသော်လဲ အာယတနတွေမရှိယင် ဖဿက ဘယ်အာရုံနဲ့မှ တိုက်စရာ အကြောင်းမရှိပါ။ အာယတန ၆ ပါးတို့ ရှိနေလို့ ရှိနေသရွေ့ အာရုံတွေနဲ့ တိုက်ဆိုင်ပြီး ဖဿ ၆ ပါး ဖြစ်နေတာပါ။ ဖဿ ၆ ပါး ရှိနေဘယ်ဆိုယင် ဝေဒနာကလဲ ၆ မျိုးပဲ ရှိပါတယ်။ ဖဿရှိတာနဲ့ ဝေဒနာဆိုတဲ့ ခံစားမှု ၆ မျိုး ရှိသော်လဲ ဝေဒနာ ၆ မျိုးကို မပြောပဲ သုံးမျိုးနဲ့ပြောယင် ပိုပြီး ရှင်းပါတယ်။

## ဝေဒနာသုံးမျိုး

ချမ်းသာတယ်လို့ ပြောနေတဲ့ သုခဝေဒနာ၊ ဆင်းရဲတယ်လို့ ပြောနေတဲ့ ဒုက္ခဝေဒနာ၊ ဆင်းရဲလဲ မဟုတ်၊ ချမ်းသာလဲ မဟုတ်၊ ကြားထဲမှာ အချိန်အခါလေးနဲ့ ရှိနေတာက ဥပေက္ခာဝေဒနာ၊ ဒီ ခံစားမှုဆိုတဲ့ ဝေဒနာ ဘာကြောင့် ဖြစ်နေရသလဲ။

ဖဿရှိတဲ့အတွက် ဝေဒနာ ခံစားမှုက ရှိတာပါ။ ဖဿမရှိယင် ဝေဒနာ ခံစားမှု မရှိနိုင်ပါ။ လူလို့ခေါ်နေတဲ့၊ သမုတ်နေတဲ့၊ ပညတ်နေတဲ့ လူဆိုတာက ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောတဲ့အခါမှာ 'ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပါပဲ'။ လူဖြစ်နေတယ်၊ **လူ့ဘဝရောက်နေတယ်** ဆိုတာက အားလုံး နားလည်တဲ့ စကားနဲ့ ပြောနေတာပါ။ ပဋိစ္စသမုပ္ပါဒ် စကားနဲ့ ပြောတော့ 'ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ'လို့ ပြောပါတယ်။ လူမရှိတော့ပါ။ တကယ် ဖြစ်နေတာက ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿနဲ့ ဝေဒနာပါပဲ။

## လူဆိုတာ ချမ်းသာကို ရှာကြတာပါ

လူ့လောကကြီးမှာလဲ ဝေဒနာကို ရှာနေကြတာပါပဲ။ တကမ္ဘာလုံးက လူတွေ ဘာကို ရှာနေကြသလဲ။ ချမ်းသာကို ရှာနေကြတယ်။ ချမ်းသာသည်ထက် ချမ်းသာအောင် ရှာနေကြတာပဲ။ ပစ္စည်းရှာယင် ချမ်းသာမလား၊ တရားရှာယင် ချမ်းသာမလား၊ နိုင်ငံရေးလုပ်ယင် ချမ်းသာမလား၊ ဘာလုပ်ယင် ချမ်းသာမလဲ၊ ချမ်းသာရှာတဲ့ နည်းချင်းကတော့ ကွာချင် ကွာသွားပါမယ်၊ ရှာတာကတော့ ချမ်းသာလို့ထင်တဲ့ ဝေဒနာကိုပဲ လိုက်ရှာနေကြတာပါ။ ဒီလို ရှာကြတော့ ချမ်းသာဆိုတဲ့ ဝေဒနာကိုတော့ မတွေ့၊ များသောအားဖြင့် ဆင်းရဲဆိုတဲ့ ဒုက္ခဝေဒနာကိုပဲ တွေ့ကြရပါတယ်။

တခါတခါတော့ ချမ်းသာတယ်လို့ ထင်ရတာပါ။ တကယ်ကတော့ ခဏတ္တခဏသာ ချမ်းသာတယ်လို့ထင်ရတာပါ။ ချမ်းသာဆိုတဲ့ ဝေဒနာကို လိုက်ရှာနေတာဟာ ဖဿကြောင့်ပါပဲ။ ဖဿကြောင့် ဝေဒနာ ဖြစ်တာပါ။ ဖဿဆိုတာက အာရုံ ၆ ပါးနဲ့ တွေ့ထိတဲ့အခါမှာ၊ တိုက်ဆိုင်တဲ့အခါမှာ ချမ်းသာချင်တယ်။ ရူပါရုံ အဆင်းနဲ့ တွေ့ထိတဲ့အခါ၊ သဒ္ဒါရုံ အသံနဲ့ တွေ့ထိတဲ့အခါ၊ ဂန္ဓာရုံ အနံ့နဲ့ တွေ့ထိတဲ့အခါ၊ ရသာရုံ အရသာနဲ့ တွေ့ထိတဲ့အခါ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ကို တွေ့ထိတဲ့အခါ၊ လူတိုင်း လူတိုင်းဟာ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း တွေ့တိုင်း စိတ်ချမ်းသာချင်တယ်။ ဗမာစကားနဲ့ ပြောရယင် အတွေ့တိုင်း အတွေ့တိုင်းမှာ စိတ်ချမ်းသာချင်တယ်။ ဒီလို ချမ်းသာကို ရှာတာက ဖဿကြောင့် ဝေဒနာ ဖြစ်တာပါ။

ဖဿအကြောင်းကို လိုက်ရှာယင် ဖဿဆိုတာကလဲ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အာယတနရုပ်တွေ ရှိနေလို့ ဖဿဖြစ်လို့ ရတာပါ။ အာယတနမရှိယင် ဖဿ မဖြစ်နိုင်ပါ။ ဒီလို ဖဿရဲ့ မမြဲပုံကို အကြောင်းအကျိုးနဲ့ သိလာရပါတယ်။

အာယတနတွေ ဘာကြောင့် ဖြစ်ရသလဲ။ အာယတနတွေ ဖြစ်ရခြင်းကို အကြောင်းလိုက်ရှာတဲ့အခါ ဝိညာဏ် နာမ် ရုပ် ဖြစ်လာယင် အာယတနတွေ ပေါက်ပွားလာတာပါပဲ။ အာယတနတွေ ဖြစ်လာတော့ ဖဿ ဝေဒနာလဲ ဖြစ်ရတာပါ။ ဒီလိုသိတော့ အကြောင်းတရားတို့

ကြောင့် အကျိုးတရားတွေဖြစ်ပုံက ရှင်းသွားပါတယ်။ ပဋိသန္ဓေအခါကို မကြည့်ပဲ ယခု ပဝတ္တိအခါမှာ ခံစားတယ်ဆိုတာကလဲ ဝေဒနာက ခံစားတာပါ။ ထင်နေကြတာက ငါ တွေ့ထိတယ်၊ ငါခံစားတယ်လို့ ထင်နေကြတယ်။ အမှန်က ဖဿက တွေ့ထိတာပါ။ ဝေဒနာက ခံစား တာပါ။

## သတ္တဝါဆိုတာ ဘာကို ခေါ်တာလဲ

ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာကိုပဲ လူလို့ ခေါ်နေတာပါ။ သတ္တဝါလို့ သမုတ်နေတာပါ။ တကယ်ကတော့ လူလဲ မရှိ၊ သတ္တဝါလဲ မရှိ၊ ပုဂ္ဂိုလ်လဲမရှိ၊ ငါလဲမရှိ၊ ဒီသဘောကို သိယင် ဒိဋ္ဌိတွေ ပြုတ်သွားနိုင်ပါတယ်။

ဒိဋ္ဌိမပြုတ်ချင်သူများကျတော့လဲ ဒီ ဝိညာဏ် နာမ် ရုပ် ဆိုတဲ့ ပဋိသန္ဓေဟာ ဘာကြောင့် ဖြစ်လာသလဲဆိုတဲ့ ပြဿနာကို မိဘနှစ်ပါး ကြောင့်၊ အစားအသောက်ကြောင့် ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတွေကိုပဲ ရုပ် ဝါဒသမားတွေက ဖြေကြပါတယ်။ ဒီလို အကြောင်းတွေရှိသော်လဲ ဘုရားရှင်ကတော့ ဒီအကြောင်းတွေက နာမ် ရုပ် ဖြစ်ရခြင်းရဲ့ တကယ့် ပင်ကိုရင်း အဓိကအကြောင်းတွေ မဟုတ်၊ ဥပတ္ထမ္ဘက အကြောင်း ကတော့ ဟုတ်ပါတယ်၊ သို့ပေမယ့် အဓိက အကြောင်းရင်းကတော့ သင်္ခါရပါပဲလို့ ဟောခဲ့ပါတယ်။

## အနုမာနနည်းဖြင့် သိနိုင်ပုံ

ဒီနေရာမှာ ကံ စေတနာ သင်္ခါရ အတူတူပါပဲ။ ဝိညာဏ် နာမ် ရုပ်က ဘာကြောင့် ဖြစ်သလဲ၊ ကံကြောင့် ဖြစ်ပါတယ်။ ဘယ်ကံလဲ၊ အတိတ်ဘဝက လုပ်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်တယ်၊ လူ့ဘဝကတော့ ကုသိုလ်ကံကြောင့်ပဲ ဖြစ်ပါတယ်၊ အပါယ်ဘဝတွေ ကတော့ အကုသိုလ်ကံကြောင့် ဖြစ်ပါတယ်။

စေတနာဆိုတဲ့ သင်္ခါရကြောင့် နာမ် ရုပ် ဖြစ်နိုင်ပုံကို ပဋိစ္စ သမုပ္ပါဒ်နဲ့ မရှင်းသေးဘူးဆိုယင် ပဋ္ဌာန်းနဲ့ လေ့လာတဲ့အခါ ပဝတ္တိ အခါမှာ စိတ်ကြောင့် ရုပ်တွေဖြစ်နေတာကို တွေ့နိုင်ပါတယ်။ တိုင်မယ်

ထမယ် ဆိုတဲ့ ရုပ်တွေ ဖြစ်နေတာက စိတ္တဇရုပ်တွေ ဖြစ်နေတာပါ။ ဒီလို စိတ္တဇရုပ်တွေ ဖြစ်နေတာက စေတနာကြောင့်ပါပဲ။ စေတနာက လှုံ့ဆော်လို့ ဒီရုပ်ကြီးက လှုပ်လှုပ် လှုပ်လှုပ်နဲ့ ဖြစ်နေတာကို ဒိဋ္ဌ တွေ့နိုင်ပါတယ်။ ဒီ စိတ္တဇရုပ်တွေကို ထောက်ပြီး ပဋိသန္ဓေ နာမ်နဲ့ ရုပ်ကလဲ စေတနာ တည်းဟူသော ကံကြောင့် ဖြစ်လာရတယ်ဆိုတာ အနုမာနနဲ့ မှန်းဆလို့ ရပါတယ်။

## အဝိဇ္ဇာက လုပ်တာပါ

ပဋိသန္ဓေအခါမှာ ဖြစ်တဲ့ နာမ်နဲ့ ရုပ်ဟာ ကံကြောင့် ဖြစ်တယ် ဆိုယင် ကံက ဘာကြောင့်ဖြစ်သလဲ။ ဒီလို တဆင့်တက်မေးယင် ဒီ ကံ ဆိုတဲ့ သင်္ခါရက အဝိဇ္ဇာကြောင့် ဖြစ်တာပါ။ အဝိဇ္ဇာကလုပ်တဲ့ အကုသိုလ်ကံ ကုသိုလ်ကံကို ငါလုပ်တယ်လို့ ထင်နေကြတာပါ။ အဝိဇ္ဇာကြောင့် လုပ်တယ်ဆိုတော့ မသိလို့ ကုသိုလ် အကုသိုလ်ကို လုပ်တာပါ၊ မသိတာက သစ္စာလေးပါးကို မသိတာပါ။ နိဗ္ဗာန်သွားတဲ့ လမ်းကို မသိတာပါ။ ဒီ ကုသိုလ်ကံ အကုသိုလ်ကံတွေကို ငါလုပ်တယ် လို့ ထင်နေယင် ပဋိစ္စသမုပ္ပါဒ် သင်ပေမယ့် ဒိဋ္ဌိက မကွာပါ။ ဒီ ကံတွေက အတိတ်အကြောင်းတရားတွေပါ။ ဒီကံတွေ ရှိနေယင် နာမ်နဲ့ ရုပ်က ကေန်ဖြစ်ရမှာပဲလို့ ဒီလို အတိတ်အကြောင်းကို သိထားရမှာပါ။

## ပဋိစ္စသမုပ္ပါဒ်မှာ ဘယ်ဟာ အစလဲ

ဘာကြောင့် အဝိဇ္ဇာဖြစ်သလဲ၊ ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာက အစပဲလို့ ထင်ရပေမယ့် ပဋိစ္စသမုပ္ပါဒ်ဆိုတာ အစ မရှိနိုင်ပါ။ အဝိဇ္ဇာ ဘယ်သူ့ကြောင့် ဖြစ်သလဲ၊ တဏှာရှိနေလို့ တဏှာကြောင့် အဝိဇ္ဇာ ဖြစ်တာပါ။ တဏှာက ဘဝမှာ တွယ်တာနေတာပါ။ ၃၁ ဘုံမှာ လူဖြစ်ချင်တယ်၊ နတ်ဖြစ်ချင်တယ်၊ ဗြဟ္မာဖြစ်ချင်တယ်၊ ဘဝတခုခုမှာ ဖြစ်ချင်နေတာ တွယ်တာနေတာက တဏှာပါ။ ဓမ္မစကြာနဲ့ ပြော ရယင် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ပါပဲ။ ဒီလို ဘဝကို တွယ်တာတဲ့ တဏှာရှိယင် အဝိဇ္ဇာလဲ ပါရပါတယ်။

အဘိဓမ္မာမှာတော့ အဝိဇ္ဇာက မောဟပါ။ မောဟက သူတခုတည်း ဖြစ်လို့ မရပါ။ မောဟက လောဘနဲ့လဲ တွဲဖြစ်ပါတယ်။ ဒေါသနဲ့လဲ

တွဲဖြစ်ပါတယ်။ အဝိဇ္ဇာဖြစ်ယင် တဏှာက ပါလာပါတယ်။ တဏှာကြောင့် အဝိဇ္ဇာဖြစ်တယ် ဆိုတာမှာ တဏှာက ဖြစ်ချင်တယ်၊ အဝိဇ္ဇာက မသိအောင် ဖုံးလွှမ်းပေးတယ်။ မသိတော့ ကံတွေလုပ်တယ်၊ ကံတွေလုပ်တော့ ဝိညာဏ် နာမ် ရုပ်ပဲ ဆက်ဖြစ်မှာပါ။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို အဝိဇ္ဇာသင်္ခါရက တပိုင်း၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာက တပိုင်း ပိုင်းတဲ့အခါ အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်အကြောင်း ဖြစ်သွားတယ်။ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာက ပစ္စုပ္ပန်အကျိုး ဖြစ်သွားပါတယ်။ လက်ရှိဘဝကို ပဋိစ္စသမုပ္ပါဒ် နှစ်ပိုင်းခွဲပြီး ပြောမှ ပိုရှင်းပါတယ်။

## ၅၄ သောတာပန်

လူလဲ မရှိ၊ သတ္တဝါလဲ မရှိ၊ သံသရာမှာ လည်နေကြတာ ဘာတွေ လည်သလဲဆိုတော့ အတိတ်ကံ အကြောင်းကြောင့် ပစ္စုပ္ပန်မှာ အကျိုးတရားတွေ ဖြစ်တယ်။ ပစ္စုပ္ပန် အကျိုးတရားက ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပါ။ ဒီတရားတွေ တဖွားဖွား ဖြစ်ဖြစ်ပြီး ပျက်နေတာကို ဓမ္မဋ္ဌိတိဉာဏ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ သေသေချာချာ ရှုလို့ရပါတယ်။ နာမ် ရုပ် ဖြစ်လာတယ်ဆိုယင် ဒါ နာမ်ပဲ၊ ဒါ ရုပ်ပဲလို့ သိတာက နာမရူပ ပရိစ္ဆေဒဉာဏ်ပါ။ နာမ်နဲ့ ရုပ်က တွဲပြီး လာပါတယ်။ ပုဂ္ဂိုလ်ပေါ်မှာ၊ သတ္တဝါပေါ်မှာ၊ ယောကျ်ား မိန်းမပေါ်မှာ ဉာဏ်က မတည်ပဲ နာမ်ရုပ် ရှိယင် သဠာယတန ဖြစ်တယ်၊ သဠာယတနရှိယင် ဖဿ ဖြစ်တယ်၊ ဖဿ ရှိယင် ဝေဒနာဖြစ်မှာပါ။ ဖဿဖြစ်လို့သာ ဝေဒနာတွေ တဖွားဖွား ဖြစ်နေတယ်လို့ ဒီလို မြင်ရမှာပါ။ ဉာဏ်အမြင်က ဖဿပေါ်မှာ၊ ဝေဒနာပေါ်မှာ မှီပြီး တည်ပြီး သိနေတာက ဓမ္မဋ္ဌိတိဉာဏ်ပါ။

ဝေဒနာတွေ ဖြစ်လာတာ ဘာကြောင့်လဲ။ ဖဿကြောင့် ဖြစ်ပါတယ်။ ဖဿဖြစ်တာ ဘာကြောင့်လဲ၊ အာယတနကြောင့် ဖြစ်ပါတယ်။ အာယတနဖြစ်တာ ဘာကြောင့်လဲ ဝိညာဏ် နာမ် ရုပ်ကြောင့် ဖြစ်ပါတယ်။ ဝိညာဏ် နာမ် ရုပ် ဖြစ်တာ ဘာကြောင့်လဲ၊ အတိတ်က ဆိုတဲ့ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်ပါတယ်လို့၊ အကြောင်းတရားတို့

ကြောင့် အကျိုးတရားတွေ ဖြစ်တယ်လို့ သိတာက **ပစ္စယပရိဂ္ဂဟဉာဏ်** ပါပဲ။

ဒီလို အကြောင်းအမျိုးမျိုးတွေကို ပဋိစ္စသမုပ္ပါဒ်နဲ့ စဉ်းစားနိုင်ယင် စူဠသောတာပန် ဖြစ်နိုင်ပါတယ်။ အပါယ်တံခါး ပိတ်တယ်ဆိုတာက **အဏ္ဍဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ** ကွာသွားတာပါ။

ပဋိစ္စသမုပ္ပါဒ်နဲ့ တရားအပေါ်မှာ အစဉ်အတိုင်း မမြင်သေးလို့ ဉာဏ်မမီသေးတဲ့ လူတွေအတွက်ဆိုယင် ပဋိစ္စသမုပ္ပါဒ် နောက်ပိုင်းကို ဆက်မသွားသေးပဲ သစ္စာလေးပါးနဲ့ ပြန်ရှုယင်လဲ တရားရနိုင်ပါတယ်။

## သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ

သမုဒယသစ္စာက ဘာလဲ။ အဝိဇ္ဇာနဲ့ သင်္ခါရပါ။ ဒုက္ခသစ္စာက ဘာတွေလဲ။ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပါပဲ။ လူ့လောကကြီးဆိုတာ ဒုက္ခသစ္စာပါ။ လူမျိုးမရွေး၊ ပုဂ္ဂိုလ်မရွေး၊ ၃၁ ဘုံရှိ သတ္တဝါတွေ အားလုံးပေါင်းကို ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ဆိုတော့ "ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ" လို့ ပြောရမှာပါ။ သစ္စာနည်းနဲ့ ပြောရယင် ဒုက္ခသစ္စာပါပဲ။

ဒုက္ခသစ္စာ ဘာကြောင့် ဖြစ်နေရသလဲ။ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ဆိုယင် အတိတ်က အဝိဇ္ဇာ သင်္ခါရ အကြောင်းကြောင့် ဒီဘဝမှာ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ဖြစ်နေတာပါ။ သစ္စာနည်းနဲ့ ပြောပါတိုယင် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်နေတာပါ။

## သမုဒယသစ္စာမှာ ကုသိုလ်ပါနိုင်သလား

သမုဒယသစ္စာ ဆိုတာက အဝိဇ္ဇာနဲ့ သင်္ခါရပါပဲ။ အဝိဇ္ဇာတရားကိုယ်က အဘိဓမ္မာနည်းအားဖြင့် မောဟ၊ သင်္ခါရက ကုသိုလ်ကံ အကုသိုလ်ကံပါပဲ။ တချို့က ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာ သင်္ခါရကို သမုဒယသစ္စာလို့ ပြောတာ မမှားဘူးလားတဲ့။ အဘိဓမ္မာမှာ လောဘတဏှာကိုသာ သမုဒယသစ္စာလို့ ပြောပါတယ်တဲ့။ အဘိဓမ္မာ မာတိကာနဲ့ ဓာတုကထာတို့မှာ သစ္စာလေးပါး ဖွဲ့တဲ့အခါ တဏှာကိုသာ သမုဒယ

သစ္စာဖွဲ့တာ များပါတယ်။ သင်္ဂြိုဟ်ဆရာကလဲ "ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ" တေဘူမကံ ဘုံ ၃ ပါး၌ ဖြစ်တဲ့ လောကီတရားတွေက ဒုက္ခသစ္စာ၊ တဏှာက သမုဒယသစ္စာလို့ သူတို့က သင်ထားတာပါ။

ဒါပေမယ့် သမုဒယသစ္စာကို အဘိဓမ္မာ ဝိဘင်းပါဠိတော်ကျတော့ ငါးမျိုး ပြထားပါတယ်။ (၁) တဏှာကို သမုဒယသစ္စာ၊ (၂) တဏှာမှ ကျန်တဲ့ ကိလေသာ ၉ ပါးကလဲ သမုဒယသစ္စာ၊ (၃) ကိလေသာ ၉ ပါးမှ ကျန်တဲ့ အကုသိုလ်တွေကလဲ သမုဒယသစ္စာ၊ (၄) ကုသိုလ် မူလ ၃ ပါးကလဲ သမုဒယသစ္စာ၊ (၅) မူလ ၃ ပါးမှ ကျန်တဲ့ လောကီကုသိုလ်ကလဲ သမုဒယသစ္စာလို့ ဒီလိုပဲ ခွဲပြထားပါတယ်။ လောကီကုသိုလ်တွေဟာ သမုဒယသစ္စာထဲမှာ ပါနေပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်ဟာ ဘယ်နေရာက တရားပဲဖြစ်ဖြစ် တနေရာမှာ အကုန်လုံးချကြည့်ယင် ညီညွတ်သွားတာပါပဲ။ ဒါကြောင့် ကျမ်းဂန်တတ်ဖို့ထက် ကျမ်းဂန်ညှိဖို့က ပိုပြီးခက်ပါတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာ သင်္ခါရက အတိတ်အကြောင်းပါ။ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတို့က ပစ္စုပ္ပန်အကျိုးတရားပါ။ အဝိဇ္ဇာ သင်္ခါရက သမုဒယသစ္စာပါ။ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတို့က ဒုက္ခသစ္စာပါ။ အကျိုးတရားထဲမှာလဲ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်တယ်။ နာမ် ရုပ်ကြောင့် သဠာယတန ဖြစ်တယ်။ သဠာယတနကြောင့် ဖဿ ဖြစ်တယ်။ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်လို့ အကြောင်းအကျိုးကို အသေးစိတ် ထပ်ခွဲပြီး ဟောပြခဲ့ပါတယ်။

**ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာလေးပါး**

ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားက တနည်းတည်း မဟောပါ။ နိဒါနဝဂ္ဂ သံယုတ်ကျတော့ ပဋိစ္စသမုပ္ပါဒ်ကို နည်းအမျိုးမျိုးနဲ့ ဟောပြထားပါတယ်။ မူလပဏ္ဏာသ သမ္မာဒိဋ္ဌိသုတ်မှာတော့ ပဋိစ္စသမုပ္ပါဒ်က အင်္ဂါ ၁၂ ပါးကို သစ္စာလေးပါး ဖွဲ့နည်း ဖွဲ့ပြပါတယ်။ ဥပမာ အဝိဇ္ဇာကို—

(၁) အဝိဇ္ဇာ
(၂) အဝိဇ္ဇာ သမုဒယ
(၃) အဝိဇ္ဇာ နိရောဓ
(၄) အဝိဇ္ဇာ နိရောဓဂါမိနိပဋိပဒါလို့ သစ္စာလေးချက် ဟော တဲ့အခါမှာ—
(၁) အဝိဇ္ဇာကို သိရမယ်။
(၂) အဝိဇ္ဇာဖြစ်ကြောင်း တဏှာသမုဒယကို သိရမယ်။
(၃) အဝိဇ္ဇာ၏ ချုပ်ရာ နိဗ္ဗာန်ကို သိရမယ်။
(၄) အဝိဇ္ဇာချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိရမယ်လို့ ဒီလို ဖွင့်ပြပါတယ်။

သင်္ခါရကိုလဲ ဒီနည်းအတိုင်းပဲ သင်္ခါရကို သိရမယ်၊ သင်္ခါရ ဖြစ်ကြောင်းကို သိရမယ်။ သင်္ခါရ၏ ချုပ်ရာကို သိရမယ်၊ သင်္ခါရ၏ ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကို သိရမယ်လို့ သစ္စာလေးပါးမှာ ဟောသလို အချက် ၄ ချက် ၄ ချက်နဲ့ ပဋိစ္စသမုပ္ပါဒ်ကို ဟောပြ ထားပါတယ်။

အဝိဇ္ဇာကို သိရမယ်လို့ ပြောတဲ့အခါမှာ အဝိဇ္ဇာက အကျိုး ဒုက္ခသစ္စာပါ။ အဝိဇ္ဇာဖြစ်ခြင်း အကြောင်း တဏှာက သမုဒယသစ္စာပါ။ အဝိဇ္ဇာနိရောဓ အဝိဇ္ဇာချုပ်ရာ နိဗ္ဗာန်ဆိုတာက နိရောဓသစ္စာပါပဲ။ ပဋိစ္စသမုပ္ပါဒ်ကို သင်ပြီးယင် နိဗ္ဗာန်ဆိုတာ ဘာလဲလို့ မေးစရာ မလို တော့ပါ။ ခက်လဲ ခက်မယ် မဟုတ်တော့ပါ။ ပဋိစ္စသမုပ္ပါဒ်ကို သဘော ပေါက်သွားယင် နိဗ္ဗာန်ဆိုတာ ဘာလဲလို့ ကိုယ်တိုင် သိသွားမှာပါ။ အဝိဇ္ဇာနိရောဓဂါမိနီ ပဋိပဒါဆိုတာ အဝိဇ္ဇာချုပ်ရာ နိဗ္ဗာန် ရောက် ကြောင်း အကျင့် မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာပါပဲ။

အဝိဇ္ဇာနိရောဓ သင်္ခါရနိရောဓ ဝိညာဏနိရောဓ နာမ်ရုပ်နိရောဓ သဠာယတနနိရောဓ ဖဿနိရောဓ ဝေဒနာနိရောဓလို့ ပဋိစ္စသမုပ္ပါဒ် သံသရာစက် ပြတ်ပုံ ပဋိလုံပါဠိတော်ကို "အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော" လို့ ဘုရားရှင်က နိရောဓနဲ့ ပြန်ဟောတော်မူတဲ့အခါမှာ နိဗ္ဗာန်ကို သိသွားပါပြီ။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ဒီ နှစ်ခုကိုသိယင် ဒုက္ခနိရောဓာ နိရောဓသစ္စာနဲ့ ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ မဂ္ဂသစ္စာကိုလဲ သိတာပါပဲ။

အဝိဇ္ဇာနဲ့ သင်္ခါရကို သမုဒယသစ္စာလို့ သိတယ်၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာကို ဒုက္ခသစ္စာလို့ သိတယ်။ ဒီ သစ္စာ ၂ ပါးကို သိတာဟာ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဆိုတဲ့ သမ္မာ ဒိဋ္ဌိမဂ္ဂင်နဲ့ သိသွားတာပါပဲ။

**အရေးအကြီးဆုံး သမ္မာဒိဋ္ဌိမဂ္ဂင်**

မဂ္ဂင်ရှစ်ပါးမှာ အရေးအကြီးဆုံးက သမ္မာဒိဋ္ဌိပဲ။ ဗုဒ္ဓဘာသာမှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ မဂ္ဂသမ္မာဒိဋ္ဌိလို့ သမ္မာဒိဋ္ဌိ ကလဲ အဆင့်ဆင့် ရှိပါတယ်။ ယခု ရောက်နေတဲ့ အဆင့် သမ္မာဒိဋ္ဌိက သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိကို ဖြိုခွဲတဲ့ မဂ်ရခါနီး ဝိပဿနာ သမ္မာဒိဋ္ဌိပါ။ ဒီ သမ္မာဒိဋ္ဌိအဆင့်မှာ ပုဂ္ဂိုလ်လဲ မရှိ၊ သတ္တဝါလဲ မရှိပါ။ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာပဲ ရှိတယ်လို့ သိတယ်။ ဒီ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတို့ဟာလဲ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်တယ်လို့ သိတယ်။

ဒီ အဝိဇ္ဇာ သင်္ခါရက သမုဒယသစ္စာ။

ဒီ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာက ဒုက္ခသစ္စာ ပါပဲ။

သမုဒယသစ္စာ မရှိယင် ဒီ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဒုက္ခသစ္စာလဲ မရှိနိုင်ဘူးလို့ သိတာဟာ နိရောဓသစ္စာကို သိတာပါပဲ။ သစ္စာသုံးပါးကို သိတာက သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတဲ့ မဂ်ဉာဏ် ပါပဲ။ ဒီလို မဂ်ဉာဏ် မရောက်သေးခင် လေ့လာနေတဲ့ သုတေသန လုပ်နေတဲ့ စဉ်းစားနေတဲ့ သင်တန်းတက်နေတဲ့ ပညာဟာ ဝိပဿနာ ပညာပါပဲ။

**ဝိပဿနာရှုတာနှင့် တရားထိုင်တာ တူသလား**

ဝိပဿနာပညာဆိုတာက ရိပ်သာသွားပြီး တရားထိုင်မှ ဝိပဿနာ ပညာ မဟုတ်ပါ။ ဝိပဿနာရှုတယ် ဆိုတာက ဉာဏ်ဒဿနမြင်မှာ ပုဂ္ဂိုလ် သတ္တဝါ ယောကျာ်း မိန်းမ ပျောက်သွားအောင် အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ပျောက်သွားအောင် လေ့လာပွားများတဲ့ အကျင့်ပါ။ ယခု ပဋိစ္စ-

သမုပ္ပါဒ် သင်တန်းတက်နေတာ လေ့လာနေတာ စဉ်းစားနေတာ ဟာလဲ သက္ကာယဒိဋ္ဌိပျောက်အောင် နည်းအမျိုးမျိုးနဲ့ လေ့လာနေတာပဲ မဟုတ်လား။

ဒီ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်နေတာက ဒုက္ခသစ္စာ ဖြစ်နေတာပါ။ ဒါတွေ ဖြစ်နေခြင်း အကြောင်းက အဝိဇ္ဇာ သင်္ခါရဆိုတဲ့ သမုဒယသစ္စာပါ။ ဒီလို မဂ်ဉာဏ်အမြင် မပေါက်ခင်မှာ သိတော့မလိုလို၊ သိခါနီး သိခါနီး ဖြစ်နေတဲ့ ပညာက ဝိပဿနာ ပညာပါ။ ဒီ ဝိပဿနာပညာကလဲ ဒုက္ခချုပ်ရာသို့ ရောက်ကြောင်း အကျင့် သမ္မာဒိဋ္ဌိမဂ္ဂင်ပါပဲ။ ပုဂ္ဂိုလ်လဲ မရှိ၊ သတ္တဝါလဲ မရှိ၊ ယောကျ်ားလဲ မရှိ၊ မိန်းမလဲ မရှိ၊ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်နေတာ။ သမုဒယသစ္စာမရှိယင် ဒုက္ခအားလုံး ချုပ်ငြိမ်းမှာပဲလို့ ကကာလ်ိ မဂ် ဉာဏ် အနေမျိုးနဲ့ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်သွားယင်တော့ ဒုက္ခနိရောဓ-ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်ကို အာရုံပြုတာပါပဲ။

အမြင့်ဆုံး တရားမျှား

ပဋိစ္စသမုပ္ပါဒ် တရားနဲ့ သစ္စာလေးပါး တရားဟာ ဗုဒ္ဓဘာသာမှာ အမြင့်ဆုံးတရားပါပဲ။ အမြင့်ဆုံးတရာ ဖြစ်သော်လဲ အခြေခံဖြစ်တဲ့ ဗုဒ္ဓကျမ်းစာ သင်္ဂြိုဟ်ပစ္စည်းပိုင်းမှာ ပဋိစ္စသမုပ္ပါဒ်ကို ထည့်ထားပါတယ်။ ရည်ရွယ်ချက်ကတော့ ပဋိစ္စသမုပ္ပါဒ်အကြောင်းကို ငယ်ငယ်ဘည်းက သိထားယင် တရားရချင်လို့ လေ့လာတဲ့အခါမှာ အမြင့်ဆုံးတရားပေမယ့် သိနိုင်လိမ့်မယ်ဆိုတဲ့ သဘောပါပဲ။

ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း အကြောင်းအကျိုးပြ တရားနှစ်ခုမှာ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ယူတာက ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားယင် သဘောပေါက်နိုင်စရာ ရှိပါတယ်။ ပဋ္ဌာန်းနည်း အကြောင်းအကျိုးယူတာက ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားယင် အကြောင်းမျိုးစုံ ကုန်အောင် မသိနိုင်ပါ။ ပဋ္ဌာန်းမှာက အကြောင်းပေါင်း ၂၄ မျိုးတောင် ရှိတော့ သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာသာ ဖြစ်ပါတယ်။ သဗ္ဗညုတ ဉာဏ်တော်နဲ့သာ အကြောင်းမျိုးစုံကို သိနိုင်ပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို တဝက်စီ ခွဲလိုက်တဲ့အခါမှာ အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်အကြောင်းတရား ၂ ပါး၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာက ပစ္စုပ္ပန်အကျိုး ငါးပါး၊ ဒီ ပထမပိုင်းနဲ့ပဲ တရားရှာမယ်၊ ဝိပဿနာ အားထုတ်မယ်ဆိုယင် တရား ရနိုင်ပါတယ်။

## သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ

ပဋိစ္စသမုပ္ပါဒ် ဟောရခြင်း အကြောင်းရင်းက သတ္တဝါတွေမှာ ဖြုတ်ရ အခက်ဆုံးက သက္ကာယဒိဋ္ဌိပဲ ဖြစ်ပါတယ်။ သမ္မာသမ္ဗုဒ္ဓ ဘုရားမှတပါး သက္ကာယဒိဋ္ဌိကို အကုသိုလ်တရားထဲမှာ ထည့်ပြီး ဘယ်ဘုရားကမှ မဟောရပါ။ မြတ်စွာဘုရားကသာ ၃၁ ဘုံက လွတ်မြောက်ချင်တယ် ဆိုယင် သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ဟာ အရေးအကြီးဆုံးပဲလို့ ဟောခဲ့ပါတယ်။

## သက္ကာယဒိဋ္ဌိနဲ့ လုပ်တဲ့ကုသိုလ်

သက္ကာယဒိဋ္ဌိခံနေယင် ဘယ်လိုပဲ တရားအားထုတ်၊ ဘယ်လိုပဲ ဝိပဿနာတရား ဟောဟော၊ ဘယ်တော့မှ မဂ်တရား ဖိုလ်တရားကို မရနိုင်ပါ။ သို့ပေမယ့် ငါ ကောင်းစားရေး၊ ငါ့ဘဝ ချမ်းသာရေး၊ ငါ နိဗ္ဗာန်မရမီစပ်ကြား ချမ်းသာရေး ဆိုပြီး သက္ကာယဒိဋ္ဌိနဲ့ ဒါနလုပ်တဲ့အခါ လုပ်သလောက် လောကီအကျိုးအားလုံး ရနိုင်ပါတယ်။ ဒီ သီလကြောင့် ဒီဘဝမှာ ငါချမ်းသာရေး၊ ငါ ဘဝ အဆက်ဆက်မှာ ချမ်းသာရေး၊ ငါ နိဗ္ဗာန်မရမီစပ်ကြား ချမ်းသာရေးဆိုပြီး သက္ကာယဒိဋ္ဌိနဲ့ သီလဆောက်တည်တဲ့ အခါမှာလဲ လောကီအကျိုး အားလုံးပဲ ရပါတယ်။ ငါ အကြားအမြင်ရအောင်၊ ငါ သူတပါးစိတ် သိအောင်၊ ငါ အဘိညာဉ် အမျိုးမျိုးရအောင်၊ ငါ ဒီဘဝမှာ ဈာန်ရပြီး နောက်ဘဝ ဗြဟ္မာ့ပြည်ရောက်အောင် ဆိုပြီး သက္ကာယဒိဋ္ဌိနဲ့ တရားအားထုတ်တဲ့ အခါမှာလဲ သမာဓိအကျိုး ဈာန်အဘိညာဉ်အားလုံး ရနိုင်ပါတယ်။ ဒါပေမယ့် သက္ကာယဒိဋ္ဌိနဲ့ ပြုလုပ်တဲ့ ဒါန သီလ သမထ ကုသိုလ်တွေကတော့ အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သင်္ခါရကုသိုလ်ချည်းပါပဲ။

ငါ မင်္ဂ ဖိုလ်ရအောင်၊ ငါ နိဗ္ဗာန်ရအောင် ဆိုပြီး သက္ကာယဒိဋ္ဌိနဲ့ ဝိပဿနာတရား အားထုတ်လို့တော့ မဂ် ဖိုလ်က မရနိုင်ပါ။ နိဗ္ဗာန်လည်း မရနိုင်ပါ။ မဂ် ဖိုလ်ကို ခံနေတဲ့နေရာမှာ သက္ကာယဒိဋ္ဌိက အရေးအကြီး ဆုံးပါပဲ။ အဲဒါကြောင့် သက္ကာယဒိဋ္ဌိဖြုတ်ဖို့ တရားကို သမ္မာသမ္ဗုဒ္ဓ ဘုရားမှတပါး ဘယ်ဘုရားမှလဲ မဟောနိုင်ပါ။ ဟောခဲ့တဲ့လမ်းစဉ် လုပ်ငန်းစဉ်လဲ မရှိခဲ့ပါ။ ဒါကြောင့် ယောဂီတွေဟာ သက္ကာယဒိဋ္ဌိခွဲဖို့တဲ့ လုပ်ငန်း လုပ်ကြပေမယ့်လဲ များသောအားဖြင့် မအောင်မြင်ကြပါ။ ဘာဖြစ်လို့လဲဆိုတော့ လူလုပ်နေတာကိုက သက္ကာယဒိဋ္ဌိနဲ့ လူလုပ်နေလို့ ပါပဲ။

သက္ကာယဒိဋ္ဌိနဲ့ လူလုပ်နေတာဖြစ်တော့ သက္ကာယဒိဋ္ဌိ ဖြုတ်ခွဲဖို့ တရား ဆိုတာကလဲ အင်မတန် မလွယ်တဲ့ တရားပါ။ မြတ်စွာဘုရား အဘိဓမ္မာတရား ဟောတာကလဲ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောတာ ပါပဲ။ သုတ္တန်ပါဠိတော် အားလုံးဟာလဲ သက္ကာယဒိဋ္ဌိပြုတ်အောင် ဟောတာပါပဲ။ ပရိသတ်က ကွဲနေလို့ တရားပွဲအမျိုးမျိုး လုပ်ရလို့ ပါဠိတော်တွေ ဒီလောက် များနေတာပါ။

## ခန္ဓာကိုယ်ကို 'ငါ' လို့ ထင်နေတယ်

သက္ကာယဒိဋ္ဌိပြုတ်ရေး တရားတွေထဲမှာ ပဋိစ္စသမုပ္ပါဒ် တရားဟာ အကောင်းဆုံးတရားပဲ ဖြစ်ပါတယ်။ သက္ကာယဒိဋ္ဌိဆိုတာက ခန္ဓာကိုယ် ကြီးကို ငါလို့ ထင်နေတယ်။ ခန္ဓာကိုယ်ကြီးကို အကောင်အထည်လို့ ထင်နေတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ကိုကိုယ်တော့ လူလို့ထင်တာပဲ။ ယောက်ျားကလဲ ယောက်ျားလို့ ထင်နေတာပဲ။ မိန်းမကလဲ မိန်းမလို့ ထင်နေတာပဲ။ ပုဂ္ဂိုလ် သတ္တဝါ ငါလို့ ဒီလို ထင်နေတဲ့ အထင်ကြီးကို ပုဂ္ဂိုလ် မဟုတ်ပါဘူး၊ သတ္တဝါလဲ မဟုတ်ပါဘူး၊ ယောက်ျားလဲ မရှိ၊ မိန်းမလဲ မရှိလို့ ဒီလို မြင်သွားဖို့က အင်မတန် ခဲယဉ်းလှပါတယ်။ တွေးကြည့်ရုံနဲ့ပဲ **စိတ်မောစရာ ကောင်းလှပါတယ်**။ သာမညဉာဏ်နဲ့ သာ တွေးကြည့်ယင် မဖြစ်နိုင်တာတွေကိုပဲ ဘုရားက ဟောနေသလားလို့တောင် ထင်ရပါတယ်။

တရားနာတဲ့အခါမှာ တရားဟောပုဂ္ဂိုလ်က ရှင်းပြနေလို့ ခေါင်းညိတ်ရတာကတော့ လွယ်ပါတယ်။ သို့သော် တကယ် လုပ်ငန်းစဉ်လုပ်တဲ့အခါ 'ငါ'ဆိုတာ မရှိ၊ အကောင်အထည်ဆိုတာ မရှိ၊ ရုပ် နာမ် ၂ ခုပဲ ရှိတယ်လို့ သိဖို့ကတော့ သိပ်မလွယ်လှပါ။

## ဒိဘဝမှာ လူရယ်လို့ ခေါ်နေတာက

သက္ကာယဒိဋ္ဌိ ပြုတ်အောင် ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက ဘယ်လို ဟောသလဲဆိုယင် ဒီဘဝမှာ ဖြစ်နေတာက "ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ"ဖြစ်နေတာ။ ဒါကို လူလို့ ခေါ်နေကြတာ။ အကျဉ်းချုံးယင် နာမ်နဲ့ ရုပ်ပါပဲတဲ့။ နာမ် ရုပ်ဆိုတဲ့ ခန္ဓာငါးပါးကိုပဲ သတ္တဝါလို့ ထင်နေကြတယ်။ ပုဂ္ဂိုလ်လို့ ထင်နေကြတယ်။ ယောကျ်ားလို့ ထင်နေကြတယ်။ မိန်းမလို့ ထင်နေကြတယ်။ ခန္ဓာငါးပါးကလဲ အကြောင်းမဲ့ ဖြစ်နေတာမဟုတ်။ ဝိညာဏ်ရှိလို့ နာမ် ရုပ် ဖြစ်လာတယ်၊ နာမ် ရုပ်ရှိလို့ သဠာယတန ဖြစ်လာတယ်၊ သဠာယတန ရှိလို့ ဖဿဖြစ်လာတယ်၊ ဖဿရှိလို့ ဝေဒနာ ဖြစ်လာတယ်။ ဒီ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာကလဲ အဝိဇ္ဇာနဲ့ သင်္ခါရဆိုတဲ့ အကြောင်းကြောင့် ဖြစ်လာရတာပါတဲ့။

ပထမလူများစုမှာ ခံနေတဲ့ ဒိဋ္ဌိက အဟေတုက ဒိဋ္ဌိပါ။ ခန္ဓာငါးပါးနဲ့ လူဖြစ်လာတာဟာ ရိုးရိုးဉာဏ်နဲ့ စဉ်းစားမယ်ဆိုယင် ဒီဘဝမှာ မိဘနှစ်ပါးဆိုတဲ့ အကြောင်းကြောင့် ခန္ဓာငါးပါးဆိုတဲ့ သတ္တဝါ ဖြစ်လာတာပါ။ ခန္ဓာငါးပါးဖြစ်တာဟာ အတိတ်အကြောင်း မပါပါဘူးလို့ ဒီလောက်ပဲ သိကြတာပါ။ ဒီအသိ ဒီအယူက အဟေတုက ဒိဋ္ဌိ ဖြစ်သွားပါတယ်။

ကံ ကံ၏အကျိုးကို ယုံကြည်ယင် ဗုဒ္ဓဘာသာဖြစ်တယ် ဆိုတာက ဗုဒ္ဓဘာသာမှာ အခြေခံက သဒ္ဓါပါပဲ။ လူဖြစ်တာ အကြောင်းမဲ့ဖြစ်တာ မဟုတ်၊ ကံကြောင့် ဖြစ်တာ၊ အခုဖြစ်နေတဲ့ ခန္ဓာငါးပါးဟာ ကံရဲ့ အကျိုးပဲလို့ ဒီလို ယုံကြည်တာက ဗုဒ္ဓဘာသာမှာ ပထမ အခြေခံ အပိုင်းပါပဲ။

ပဋိစ္စသမုပ္ပါဒ် သင်တဲ့အခါကျတော့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ခန္ဓာငါးပါး ဖြစ်နေတာ၊ သတ္တဝါ ဖြစ်

နေတာ၊ လူဖြစ်နေတာ အကြောင်းမဲ့ ဖြစ်နေတာ မဟုတ်၊ ကုသိုလ်ကံကြောင့် ဖြစ်နေတာ။ ဒီကုသိုလ်ကံက ဘယ်ကုသိုလ်ကံလဲ။ သင်္ခါရဆိုတဲ့ ကာမာဝစရ ကုသိုလ်ကံကြောင့် ဖြစ်နေတာပါ။ ကာမာဝစရကုသိုလ်ကံရဲ့ အကြောင်းကို ရှာယင်လဲ အဝိဇ္ဇာပါပဲ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်နေတာ၊ သင်္ခါရကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်နေတာ။ ဒီလို ကံကို ယုံကြည်ယင် အဟေတုက ဒိဋ္ဌိ ပျောက်သွားပါတယ်။

## သဿတဒိဋ္ဌိ

တခါ သဿတဒိဋ္ဌိကလဲ ဖြစ်ကြပြန်တယ်၊ ကံ ကံ၏အကျိုးကို ယုံကြည်ပြီး သဿတဒိဋ္ဌိ ဘယ်လိုဖြစ်သလဲဆိုယင် ဝိညာဏ်ဟာ သေပြီးယင် နောက်ဘဝ ပြောင်းသွားတယ်၊ လူဖြစ်ယင်လဲ အင်မတန်ချမ်းသာတဲ့လူ၊ နတ်ဖြစ်ယင်လဲ အင်မတန်ချမ်းသာတဲ့ နတ် ဖြစ်ချင်လို့ ဒါန သီလတွေ လုပ်တယ်။ ဒီလိုကုသိုလ် လုပ်ထားတဲ့သူ့ရဲ့ ဝိညာဏ်ဟာ ဟိုဘဝမှာ ဘုရင့်သားလို သဌေးကြီးသားလို သွားဝင်စားတယ်။ ဒီဝိညာဏ်ဟာ အတိတ်ဘဝက လိုက်လာပြီး ယခု ပစ္စုပ္ပန်ဘဝမှာ လာတွယ်တယ်။ ဒီလို တဘဝက တဘဝ ကူးပြောင်းသွားနေတယ်လို့ ယူယင် သဿတဒိဋ္ဌိပါပဲ။

သုတ္တန်ပါဠိတော်တွေ ကျတော့လဲ ဘုရားရှင်က ဒီလိုပဲ ဟောထားပါတယ်။ ငါဘုရားသည် ဝေဿန္တရာဘဝမှာ ဘာတွေ လှူခဲ့တယ်၊ ဒီလို လှူခဲ့တဲ့ ဝေဿန္တရာဟာ ငါဘုရားပဲလို့ သုတ္တန်နည်းနဲ့ကတော့ ဟောလဲ ဟောကောင်းပါတယ်၊ ပြောလဲ ပြောကောင်းပါတယ်။ ဟောတာ ပြောတာကတော့ နားလည်အောင် ပြောတာပါ။ တကယ်သိရမှာကတော့ ဝိညာဏ်က တဘဝမှ တဘဝသို့ မပြောင်း၊ အတိတ်ဘဝက ဝိညာဏ်က ဖြစ်ပြီး ပျက်သွားတယ်။ စုတိဆိုတဲ့ ဝိညာဏ်ဖြစ်ပျက်နဲ့ ပဋိသန္ဓေဆိုတဲ့ ဝိညာဏ်ဖြစ်ပျက်တို့ဟာ အနန္တရပစ္စည်းနဲ့ တဆက်တည်း ဖြစ်နေလို့ ဝိညာဏ်ပြောင်းတယ်လို့ ထင်ရတာပါ။ တကယ်တော့ ဝိညာဏ်ဟာ မပြောင်းနိုင်ဘူးလို့ သိရမှာပါ။

## နာမ်တရား ဖြစ်ပျက်ဆုံးတဲ့အချိန်

နာမ်တရား ဖြစ်ပျက်ကလဲ ပဋ္ဌာန်းသင်မှ တကယ် သိတာပါ။ ရှေးတုန်းက ဗုဒ္ဓဘာသာအမွေခံကို ပိုင်အောင် သင်္ဂြိုဟ်၈ ပိုင်း ကုန်အောင် သင်ရပါတယ်။ ပဋ္ဌာန်းနည်း အနန္တရပစ္စည်းမှာ နာမ်တရားတွေက ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ နိဗ္ဗာန်မရမီတိုင်အောင် တခါတည်း အမြဲတမ်း ဖြစ် ပျက်နဲ့ သွားနေပါတယ်။ မဖြစ်ပျက်ပါနဲ့လို့ ဘယ်ဘုရင် ဘယ်ဘုရားကမှလဲ အမိန့်ပေးလို့ မရပါ။

ဒီ နာမ်တရားတွေ ဖြစ် ပျက်၊ ဖြစ်ပျက်နဲ့ နေတာကို ဒီဘဝမှာပဲ တွေးကြည့်ယင် ရိပ်မိနိုင်ပါတယ်။ လူတယောက်မှာ မွေးသည့်နေ့ကစပြီး သေသည့်နေ့တိုင်အောင် နာမ်တရားလေးတွေဟာ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ နေကြတာပါ။ ဘယ်သူ နာမ်တရားကို ပိုင်သလဲ၊ ကိုယ့်ဘာသာကိုယ်လဲ မပိုင်ပါ။ တရားထိုင်တဲ့အခါမှာ ကိုယ်က ဒီက မှတ်နေတယ် သူက ဟိုမှာ လျှောက်ပြီး ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ နေတယ်။ ဘယ်လိုမှ တားဆီးမရပဲ ဖြစ်ပြီး ပျက်နေတာပါ။ ဘယ်လောက် တန်ခိုးကြီးသည့်သူ ဖြစ်ပါစေ၊ နာမ်တရာ ဖြစ် ပျက်ကို ရပ်အောင် လုပ်လို့ မရပါ။ နာမ်တရားတခု ပျက်ပြီး နောက်တခုက ဆက်ပြီး ဖြစ်တာပါ။

ဒီဘဝမှာ ဖြစ်နေသလိုပဲ စုတိပြီး နောက်နာမ်တရားက ဆက်ပြီး ဖြစ် ပျက်နဲ့ နေတာပါ။ လူသေတယ်လို့ ပြောတာမှာ အဘိဓမ္မာနဲ့ ပြောရယင် ရုပ်ကသာ သေတာပါ။ နာမ်တရားက ဖြစ် ပျက်၊ ဖြစ် ပျက် နဲ့ ဆက်နေတာပါ၊ မသေပါ။ နာမ်တရား ဖြစ် ပျက် ဆုံးတဲ့ အချိန်ဟာ နိဗ္ဗာန်ပါပဲ။

ဒီ နာမ်တရားကြောင့် ဈာန် အဘိညာဉ်ရတဲ့ သူတွေမှာတောင် သဿတဒိဋ္ဌိ ဖြစ်နေကြပါတယ်။ သူတို့က ဝိညာဏ်ပြောင်းတာကိုပဲ မြင်နေပါတယ်။ “ဖြူဟာ သေပြီးတော့ ယခု သူဘယ်ဘဝရောက်နေတယ်”လို့ ဒီလိုပဲ မြင်ကြပါတယ်။ သူတို့ဟာ နာမ်တရားလေးရဲ့ ဉပါဒ်၊ ဌီ၊ ဘင် စိတ္တက္ခဏ ဖြစ် ပျက် ကို မမြင်နိုင်၊ ဝီထိတခုမှာ ဖြစ်နေတဲ့ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏဆိုတဲ့ နာမ်တရား ဖြစ် ပျက်တွေကို ဘုရားမှတပါး ဘယ်သူမှလဲ မမြင်နိုင်ပါ။ နာမ်တရားတို့ရဲ့ ဖြစ်ပျက်က အင်မတန် မြန်လွန်းလို့ တဘဝက တဘဝ ပြောင်းသွားနေတယ်လို့ ထင်

နေကြတာပါ။ ဒီလို ထင်နေတာက ပျောက်သွားတယ်ဆိုယင် သဿတ ဒိဋ္ဌိ ပျောက်သွားတာပါပဲ။

## ဉစ္ဆေဒဒိဋ္ဌိ

တချို့ကျတော့ ဉစ္ဆေဒဒိဋ္ဌိတွေ ဖြစ်ပြန်တယ်။ သူတို့ကတော့ ဝိညာဏ်ဖြစ်ခြင်းရဲ့ ရှေ့ဘဝအကြောင်းကို ဘာမှ မြင်နိုင်တော့ ဒီဘဝမှာ ဝိညာဏ်ဖြစ်ရတာ မိဘနှစ်ပါးကြောင့် ဖြစ်လာရတယ် ဆိုတဲ့ ပစ္စုပ္ပန် အကြောင်းကိုပဲ ကြည့်ကြတာပါ။ ဒီလိုကြည့်တော့ အတိတ်ကံ အကြောင်းလဲ မရှိ၊ နောက်ဘဝလဲ မရှိ ဆိုတော့ ဉစ္ဆေဒဒိဋ္ဌိ ဖြစ်သွား ပါတယ်။ ယခုခေတ်မှာ ပါရဂူတွေဟာ မိမိတို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား ကြတယ်။ သိပ္ပံနည်းကျကျ လိုက်စားကြတော့ လူဆိုတာ တဘဝပဲ ရှိတယ်၊ ဘဝဆိုတာ မွေးတာအစ သေတာအဆုံးပဲ။ သေပြီးယင် ဘဝ မရှိ၊ တဘဝပဲရှိတယ်လို့ ဆိုတော့ ဉစ္ဆေဒဒိဋ္ဌိတွေ များလာပါတယ်။

ဝိညာဏ်က အင်မတန် နက်နဲတဲ့ နာမ်တရားကလေးပါ။ ဒီနာမ် တရားကို လူလုပ်လို့ မရပါ။ လူက ကူပေးရတဲ့ ဒိပြင် အကြောင်းတရား တွေတော့ ရှိပါသေးတယ်။ ဒါပေမယ့် ဝိညာဏ်ရတာကတော့ ကံလုပ်လို့ ရတာပါ။ သင်္ခါရဆိုတဲ့ ကံမရှိယင် ဝိညာဏ်ဖြစ်လို့ မရပါ။ သင်္ခါရဆိုတဲ့ ကံအကြောင်း ရှိမှ ဝိညာဏ်ဖြစ်လို့ ရတာပါ။ ကံကြောင့် ဝိညာဏ်ဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ်ကို လေ့လာပြီး လေးလေးနက်နက် စဉ်းစားယင် သဘော ပေါက်နိုင်ပါတယ်။

ဝိညာဏ်ဟာ ပစ္စုပ္ပန်အကြောင်းတရားသက်သက်ချည်း မဟုတ်ပဲ အတိတ်ဘဝက အကြောင်းရှိတယ်ဆိုတာကို မိဘတဦးတည်းက မွေးတဲ့ သားသမီးတွေမှာ ပညာတတ်၊ ပညာမဲ့၊ လူဆိုး၊ လူကောင်း ကွဲပြားနေ ကြပါတယ်။ ပစ္စုပ္ပန်အကြောင်းချည်းပဲ ဆိုယင် အဖေက ပညာရှိယင် မွေးတဲ့ကလေး အားလုံးပဲ ပညာရှိဖြစ်ရမှာပါ။ အဖေက လူကောင်း ဆိုယင် အားလုံး လူကောင်းပဲ ဖြစ်ရမှာပါ။ ဒီလိုက မဖြစ်လာပဲ သား သမီးတွေမှာ အမျိုးမျိုး ကွဲနေတာက အကြောင်းတခုခု ရှိရပါမယ်။ ဒီအကြောင်းက "ကမ္မံ သတ္တေ ဝိဘဇတိ" ပါပဲ။ အတိတ်ကံရှိမှ ဝိညာဏ် ဖြစ်ရပါတယ်ဆိုတော့ ဉစ္ဆေဒဒိဋ္ဌိ ပျောက်သွားပါတယ်၊ သဿတဒိဋ္ဌိနဲ့ အဟေတုကဒိဋ္ဌိတွေလဲ ပျောက်သွားပါတယ်။

## သက္ကာယဒိဋ္ဌိနှင့် နာမ်ရုပ်

ပြောခဲ့ပြီးတဲ့ ဒိဋ္ဌိတွေထက် သက္ကာယဒိဋ္ဌိကတော့ လူရိုးရိုးတွေမှာ အမြဲ ရှိနေပါတယ်။ လူတွေမှာ ခန္ဓာကိုယ်ကြီးက အထင်အရှားရှိနေပါတယ်။ယယ်ယယ်လေးကတည်းက ဒါတွေကို လူတွေလို့ပဲ မှတ်ထားကြပါတယ်။ ပုဂ္ဂိုလ် သတ္တဝါလို့ မှတ်ထားကြပါတယ်။ ယောကျ်ားပဲ မိန်းမပဲလို့ မှတ်ထားကြပါတယ်။ သညာက ဒီလောက် မှတ်ထားတဲ့ခန္ဓာကိုယ် ဒြပ်ကြီးကို ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်တော့ လူဆိုတာ မရှိ၊ ယောကျ်ားဆိုတာ မရှိ၊ မိန်းမဆိုတာ မရှိ၊ **ယ**ခုဘဝမှာ ရှိနေတာက **ဝိညာဏ်** နာမ်ရုပ် **သဠာယတန** ဖဿ **ဝေဒနာ**ပဲ ရှိတယ်။ ဒီဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာကို ပေါင်းလိုက်တော့ နာမ်နဲ့ ရုပ်ပဲ ရှိတယ်လို့ သိတာက **နာမရူပ ပရိစ္ဆေဒဉာဏ်**ပါ။ ဒီလို သိသွားယင် သက္ကာယဒိဋ္ဌိ ပျောက်သွားပါတယ်။

ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်တယ်။ နာမ် ရုပ်ကြောင့် သဠာယတန ဖြစ်တယ်။ သဠာယတနကြောင့် ဖဿ ဖြစ်တယ်။ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်။ လူတွေမှာ နေ့ရှိသရွေ့ ဝေဒနာတွေဖြစ်နေကြပါတယ်။လူ့ဘဝမှာ ငိုမယ်၊ ရယ်မယ်၊ မငိုမရယ် နေမယ်၊လူမှာ ငိုလိုက်တဲ့အခါ ဒုက္ခဝေဒနာ၊ ရယ်လိုက်တဲ့အခါ သုခ ဝေဒနာ၊ မငိုမရယ် ကြားထဲမှာနေတဲ့ အခါမှာ ဥပေက္ခာဝေဒနာတွေက ဖြစ်နေတာပဲ။ ဒါကိုပဲ လူဖြစ်နေတယ်၊ လူ့စည်းစိမ် ခံစားနေတယ်၊ ဒုက္ခ ခံစားနေတယ်၊ သုခခံစားနေတယ်လို့ ဒီလိုပဲ လောက ဝေါဟာရနဲ့ ပြောဆိုနေကြပါတယ်။

## ဝူဠသောတာပန်

လူဆိုတာ မရှိ၊ သတ္တဝါဆိုတာ မရှိ၊ အဝိဇ္ဇာ သင်္ခါရကြောင့် နာမ်နဲ့ ရုပ် ဖြစ်နေတာပဲလို့ ပဋိစ္စသမုပ္ပါဒ်ကို လေ့လာပြီး သေသေချာချာ စဉ်းစားယင် ခန္ဓာကိုယ်ကြီး ပျောက်သွားမယ်၊ လူ ပျောက်သွားမယ်၊ သတ္တဝါ ပျောက်သွားမယ်။ ငယ်ငယ်ထဲက မှတ်လာတဲ့ အမှတ်သညာတွေကို ဖွင့်ခွဲချလိုက်တော့ နာမ်နဲ့ ရုပ်ပဲ ရှိတယ်။ ဒီနာမ်နဲ့ ရုပ်ကလဲ အကြောင်းမဲ့ ဖြစ်တာမဟုတ်၊ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်တယ်လို့ သိတာက **ပစ္စယ ပရိဂ္ဂဟဉာဏ်**ပါ။ ဒီလိုသိတဲ့ လူကို ဝူဠ

သောတာပန်လို့ ခေါ်တာပါပဲ။ သူဟာ အပါယ်ကို မကျတော့ပါ။ ဂတိမြဲပြီလို့ ဆိုကြပါတယ်။

## ဒုက္ခသစ္စာသိယင် သောတာပန်

အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်နေတယ်။ ဒီထက်လွယ်အောင် ပြောရယင် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ ဖြစ်နေတာပါ။ "ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာက ဒုက္ခသစ္စာပါပဲ။ ဒီ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ဖြစ် ပျက်၊ ဖြစ် ပျက်နဲ့ ဖြစ်နေတာဟာ လူပဲခေါ်ခေါ်၊ နတ်ပဲ ခေါ်ခေါ်၊ ဗြဟ္မာပဲ ခေါ်ခေါ်၊ ခွေးပဲ ခေါ်ခေါ်၊ ခေါ်ချင်တာ ခေါ်၊ သူ ဒုက္ခသစ္စာပါပဲ။ ဒီလိုဒုက္ခသစ္စာကို ထိုးထွင်းသိတဲ့ သူကတော့ သောတာပန် ဖြစ်တာပါပဲ။

ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တာကို ဒုက္ခလို့ မသိပဲ စားရေးရာ ရှိသူကမှ ဆင်းရဲတယ်။ ဝင်ကိန်နဲ့ မော်တော်ကားနဲ့ နေနိုင်တဲ့သူက ချမ်းသာပါတယ်လို့ ဒီအသိမျိုးကတော့ အဝိဇ္ဇာနဲ့ သိတဲ့ အသိပါ။ အဝိဇ္ဇာက သံသရာမှာ လည်လို့ကောင်းရဲ့ လှည့်ပေးနေတဲ့အခါမှာ ဟုတ်လိမ့်မလားလို့ အဝိဇ္ဇာနိုင်းတာ လိုက်ပြီး လုပ်နေကြတော့ ဒုက္ခကို ဘယ်တော့မှ မမြင်နိုင်ပါ။

ပဋိစ္စသမုပ္ပါဒ်နဲ့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ဖြစ်နေတာဟာ **ဒုက္ခပါပဲလို့ သိတာက** မဂ်ဉာဏ်ပါ၊ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိ မဂ္ဂင်ပါပဲ။

သမ္မာဒိဋ္ဌိကလဲ ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ ဈာန သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ လို့ ရှိပါတယ်။ ဒီလေးမျိုးထဲက ဒီတရားတွေ ဖြစ်နေတာဟာ ဒုက္ခသစ္စာပဲ။ ဒီတရားတွေဟာ သမုဒယသစ္စာကြောင့် ဖြစ်နေတဲ့ တရားတွေပဲဆိုတဲ့ အသိဟာ မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ မဂ္ဂင်ပညာပါပဲ။

## ဒုက္ခနိရောဓသည် နိဗ္ဗာန်

ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်နေခြင်းသည် ဒုက္ခ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ မဖြစ်ခြင်းသည် ဒုက္ခရဲ့ ချုပ်ငြိမ်းရာ၊ ဒုက္ခရဲ့ လွတ်ရာ ဒုက္ခနိရောဓပါပဲ။ လောက

ဝေါဟာရနဲ့ ပြောရယင် ၃၁ ဘုံမှာ ဖြစ်နေရတာက လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ပြဟ္မာ ဖြစ်စေ၊ ခွေး ဝက်ပဲ ဖြစ်စေ ဘယ်အဖြစ်မျိုးနဲ့ ဖြစ်ဖြစ် ဒီလို ဖြစ်ဖြစ်ပြီး နေရတာက ဒုက္ခ၊ ဘယ်အဖြစ်မျိုးနဲ့မှ မဖြစ်တော့ပဲ ဒုက္ခငြိမ်းတာက ဒုက္ခ နိရောဓ နိဗ္ဗာန်ပါပဲ။ ပိဋကတ်တော် စာကြီးပေကြီးတွေ လျှောက်ပြီး ကြည့်နေယင် နိဗ္ဗာန်က ခက်ပါတယ်။ သစ္စာလေးပါးနဲ့ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်တဲ့အခါမှာ နိဗ္ဗာန်က လွယ်လွယ်ကလေးနဲ့ သိနိုင်ပါတယ်။

## သတ္တဝါသေယင် နောက်ဘဝ ဖြစ်ဦးမှာလား

ဘဝ ပုဂ္ဂိုလ် သတ္တဝါနဲ့ ပြောနေယင် ဒီပြဿနာတွေ မျိုးမျိုးက မလွတ်နိုင်ပါ။ မြတ်စွာဘုရား ပွင့်လာတော့ ဘုရားနဲ့ ပြိုင်နေတဲ့ ပုဂ္ဂိုလ်တွေက ဒီလို အမေးမျိုးတွေ မေးတဲ့အခါမှာ မြတ်စွာဘုရားက မဖြေခဲ့ပါ။

မေးပုံက "လူဟာ သေပြီးယင် နောက်ဘဝမှာ ဖြစ်ပါသေးသလား"တဲ့။

ဘုရားရှင်က "ဒီ အမေးမျိုးကို ငါ မဖြေ"တဲ့။

တခါ "သေပြီးတော့ နောက်ဘဝ မဖြစ်တော့ဘူးလား" လို့ မေးပြန်တယ်။

ဒီအမေးမျိုးကိုလဲ ဘုရားရှင်က "ငါမဖြေ"တဲ့။ ဒီလိုမေးတဲ့ မေးခွန်းတွေမှာ နောက်ဘဝ ဖြစ်တယ်လို့ ဖြေယင် သဿတဒိဋ္ဌိနဲ့ စွပ်စွဲမယ်၊ နောက်ဘဝ မဖြစ်တော့ဘူးလို့ ဖြေယင် ဥစ္ဆေဒဒိဋ္ဌိနဲ့ စွပ်စွဲမယ်။ ဒါကို သိတဲ့အတွက် ဘုရားရှင်က မဖြေတာပါ။ တခါ သူတို့က မေးပြန်တယ်။

"အယူနဲ့ ပတ်သက်လို့ ဘယ်အယူကိုမှ မယူဘူးဆိုယင် အရှင်ဘုရား ဘာတရားတွေများ ဟောကြားနေပါသလဲ"တဲ့။

ဒီလို မေးတဲ့အခါ ဘုရားရှင်က "ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်နေရတာကို **ဒုက္ခ သစ္စာ**လို့ ငါ ဟောတယ်၊ ဒီတရား ဖြစ်နေရခြင်း အကြောင်း အဝိဇ္ဇာသင်္ခါရကို **သမုဒယသစ္စာ** လို့ ငါ ဟောတယ်၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ မဖြစ်ယင်

ဒုက္ခငြိမ်းတယ်လို့ ဒုက္ခ နိရောဓကို ငါဟောတယ်၊ ဒုက္ခငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ဖြစ်တဲ့ မဂ္ဂသစ္စာကို ငါဟောတယ်''တဲ့။ ဘုရားရှင်ရဲ့ အဖြေအကျဉ်းချုပ်က သစ္စာလေးပါးပါပဲ။

## ဘယ်လို အသိမျိုးလဲ

မဂ္ဂသစ္စာဆိုတာ ဘာလဲ။ ဓမ္မစကြာတရားတော်မှာပါတဲ့ မဂ္ဂင်ရှစ်ပါးကို ပြောနေဖို့ မလိုပါ။ မဂ္ဂသစ္စာ ဆိုတာက လွယ်လွယ် ပြောရယင် 'သိတာ' ပါပဲ။ ဘယ်လိုသိတာလဲ။ ဘယ်လို အသိမျိုးလဲ။ ကံခန်းမှာ သိတဲ့ အသိမျိုးလား၊ ဈာန်ခန်းမှာသိတဲ့ အသိမျိုးလား။ မဂ္ဂသစ္စာဆိုတာဟာ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာတွေ ဖြစ်နေရတဲ့ အဖြစ်မျိုးသည် **ဒုက္ခသစ္စာပဲလို့** သိတာပါ။

လူတွေ နားလည်တဲ့ စကားလုံးနဲ့ ပြောရယင် လူဖြစ်ရတာ နတ်ဖြစ်ရတာ ဗြဟ္မာဖြစ်ရတာ ဘယ်အဖြစ်မျိုးနဲ့ပဲ ဖြစ်ရပါစေ၊ နာမ် ရုပ် ဖြစ်ရခြင်းသည် ဒုက္ခပဲလို့ သိတာပါ။ ဒီ အသိဉာဏ်မျိုး ပေါက်ဖို့က လွယ်ချင်တဲ့ ပုဂ္ဂိုလ်တွေမှာ လွယ်ပေမယ့် ခက်ချင်တဲ့ သူတွေ အတွက်တော့ ခက်လှပါတယ်။

ရှေ့ဘဝ နောက်ဘဝတွေ ထားလိုက်ပါဦး၊ ယခုလက်ရှိ ဘဝမှာပဲ ''ဝန်ကြီး နေ့လိုက်ပြီ''၊ ''ဟာ ဝန်ကြီးမလုပ်ပါရစေနဲ့ ဒုက္ခပါပဲ''။ ''ငွေတွေ ရွှေတွေ ပြီး ပေးလိုက်ပြီ''၊ ''ဟာ မလုပ်ပါနဲ့၊ ဒုက္ခပါပဲ''။ ''တိုက်တွေ မော်တော်ကားတွေ ပေးလိုက်ပြီ''၊ အမလေး မလုပ်ပါနဲ့၊ ဒုက္ခပါပဲ''။ ဒါတွေကို ဒုက္ခ ထင်ပြီလား၊ ဒီအဆင့်ကို ရောက်ပြီလား ကိုယ့်ကိုယ်ကို မေးကြည့်ပါ၊ ရှင်းပါတယ်။

ဒုက္ခသစ္စာ သိတဲ့သူမှာ နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ် ထားပါဦး၊ ယခုဘဝမှာပဲ ရှင်ဘုရင်တို့ ဝန်ကြီးတို့ သဌေးကြီးတို့ ဆိုတဲ့ တိုးတက်ပြီး ဖြစ်လာတဲ့ အဖြစ်မျိုးပဲဖြစ်ဖြစ်၊ အောက်ကျပြီးဖြစ်တဲ့ အဖြစ်မျိုးပဲ ဖြစ်ဖြစ်၊ ဘယ်အဖြစ်မျိုးဖြင့်ဖြစ် ရုပ် နာမ် ဖြစ်ပေါ်လာသမျှ ဒုက္ခပဲလို့ သိတာက မဂ်ဉာဏ် သမ္မာဒိဋ္ဌိပါပဲ။

ဝန်ကြီးဖြစ်ရတဲ့ ဒုက္ခကို သိလို့ ဝန်ကြီးဖြင့် မလုပ်ပါရစေနဲ့လို့ စွန့်လိုက်ယင် ဝန်ကြီးဒုက္ခက လွတ်သွားတာပါ။ သဌေးကြီး ဆိုတဲ့

ဘွဲ့ထူး ဂုဏ်ထူးနဲ့ သဒ္ဓေးကြီး ဒုက္ခသိလို့ သဒ္ဓေး မလုပ်ပါရစေနဲ့လို့ စွန့်လိုက်ယင် သဒ္ဓေးကြီး ဒုက္ခက လွတ်သွားတာပါ။

## ပင်ရင်းက အဝိဇ္ဇာပါ

ဒီ နာမ် ရုပ် ဖြစ်နေရခြင်းဟာ ဒုက္ခပါပဲလို့ မသိအောင် ဖုံးလွှမ်းထားတာက ပင်ရင်း အဝိဇ္ဇာပါပဲ။ အဝိဇ္ဇာကြောင့် သခါရကုသိုလ် အကုသိုလ်ကံတွေ လုပ်နေကြတာပါ။ အဝိဇ္ဇာက ဖုံးလွှမ်းပေးတော့ သူက ချမ်းသာသည်ထက် ချမ်းသာအောင်ပဲ လုပ်နေတာပါ။ လူဆိုယင်လဲ တဆင့်ထက်တဆင့် ချမ်းသာအောင်၊ နတ်ဆိုယင်လဲ တဆင့်ထက် တဆင့် ချမ်းသာအောင်၊ ဗြဟ္မာဆိုယင်လဲ တဆင့်ထက်တဆင့် ချမ်းသာအောင် လုပ်နေကြတာဟာ အဝိဇ္ဇာကြောင့် လုပ်နေကြတာပါပဲ။

နာမ် ရုပ် ဖြစ်ရတာ ဒုက္ခပါပဲလို့ သိတာနဲ့ တပြိုင်နက် အဝိဇ္ဇာ ရှိသေးရဲ့လား၊ သိတာက အလျှင်၊ အဝိဇ္ဇာကို ပယ်တာက နောက် မဟုတ်ပါ။ သစ္စာလေးပါးကို သိလိုက်တာနဲ့ တပြိုင်နက် မသိဆိုတဲ့ အဝိဇ္ဇာက မရှိတော့ပါ။

## တပြိုင်နက် သိတာပါ

ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတယ်၊ သမုဒယသစ္စာကို ပယ်တယ်၊ နိရောဓသစ္စာကို မျက်မှောက်ပြုတယ်၊ မဂ္ဂသစ္စာကို ပွားများတယ်လို့ စာတွေ ရထားသော်လဲ သစ္စာလေးပါး တပြိုင်နက်သိပုံကို ငယ်ငယ်တုန်းကတော့ နားမလည်ခဲ့ပါ၊ သဘောပေါက်လာတဲ့ အခါကျတော့လဲ လွယ်ပါတယ်။

ဥပမာအားဖြင့် မိမိအိမ်မှာ ဘုရားတဆူ ဂူတလုံးကဲ့သို့ အင်မတန် ချစ်ခင်ကြည်ညိုပြီး ကျွေးမွေးထားတဲ့ လူတယောက်ရှိတယ်။ အဲဒီလူက တနေ့ကျယင် မိမိကို သတ်မယ့်သူဆိုတာ သိလာတယ်။ မသိခင်က အင်မတန် ချစ်ခင်ကြင်နာနေပေမယ့် သတ်မယ့်သူလို့ သိတာနဲ့ တပြိုင်နက် ချစ်ခင်တဲ့စိတ်တွေ တွယ်တာတဲ့စိတ်တွေ ပျောက်သွားတယ်။

သူ့လက်တွင်းမှ လွှတ်ရာကို ရှာတယ်၊ လွှတ်ရာကို အာရုံပြုတယ်။ ဒီဥပမာလိုပါပဲ။ သစ္စာလေးပါးကို တပြိုင်နက် သိတယ်ဆိုရာမှာလဲ အရေးအကြီးဆုံးက 'ဒုက္ခ'ကို သိဖို့ပဲ လိုပါတယ်။ ဒုက္ခသစ္စာ သိယင် သမုဒယသစ္စာ ပယ်ပြီးသား ဖြစ်သွားပါတယ်။ နိရောဓသစ္စာကို အာရုံပြုပြီးသား ဖြစ်သွားပါတယ်။ ဒါကြောင့် အားထုတ်ရမှာက ဒုက္ခသစ္စာကို သိအောင် အားထုတ်ရမှာပဲ။ အဲဒီဉာဏ်ဟာ မဂ္ဂသစ္စာပါပဲ။ အဲဒီဉာဏ်ကို ရဖို့ကတော့ ပဋိစ္စသမုပ္ပါဒ်ဟာ အကောင်းဆုံးတရားပါပဲ။

ဒုတိယဆင့် သင်တန်း ပြီးပါပြီ။

# ဒုတိယဆင့် သင်တန်း

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးထဲမှာ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ပထမပိုင်းကို သေသေချာချာ သဘောပေါက်သွားယင် မဂ်ဖိုလ် ရနိုင်ပါတယ်။ သို့ပေမယ့် မြတ်စွာဘုရားက တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ ဆိုတဲ့ ဒုတိယပိုင်းကို ထပ်ပြီး ဟောခဲ့ပါတယ်။

ပဋိစ္စသမုပ္ပါဒ်ကို ၂ ပိုင်းခွဲပြီး ဟောရတာက ပထမအပိုင်းက အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်အကျိုး ဆက်သွယ်ပုံကို ရှင်းပြတာပါ။ ယခုလာမယ့် ဒုတိယပိုင်းက လက်ရှိ ပစ္စုပ္ပန်အကြောင်းနဲ့ နောင် အနာဂတ်အကျိုး ဆက်သွယ်ပုံကို ရှင်းပြတာပါ။ ပဋိစ္စသမုပ္ပါဒ်နည်းတွေ အများကြီးရှိပေမယ့် ဗမာပြည် တပြည်လုံးမှာ ဒီနှစ်ပိုင်း ခွဲနည်းကိုပဲ သင်ပေးနေကြတာ များပါတယ်။

### ယခုဘဝမှာ တဏှာက ခေါင်းဆောင်

ပဋိစ္စသမုပ္ပါဒ်မှာ ခေါင်းက ၂ ခေါင်းရှိပါတယ်။ အဝိဇ္ဇာက သစ္စာလေးပါး မသိအောင် ဖုံးလွှမ်းပေးလို့ ကုသိုလ်ကံ အကုသိုလ်ကံတွေ လုပ်ခဲ့ကြတယ်။ မသိလို့ လုပ်ခဲ့တော့ ဒီဘဝမှာ ခန္ဓာငါးပါး ရလာတယ်။ ဒါကြောင့် အတိတ်အကြောင်းမှာ အဝိဇ္ဇာက ခေါင်းဆောင်ပါ။

ယခု ဒီဘဝ ပစ္စုပ္ပန်အကြောင်းမှာတော့ တဏှာက ခေါင်းဆောင်ပါတယ်။ ဒီလို တဏှာကို ခေါင်းဆောင်တင်ထားတဲ့ ပဋိစ္စသမုပ္ပါဒ်မျိုးကို သံယုတ်ပါဠိတော်မှာ အများကြီး ဟောထားပါတယ်။ ဒီ ပစ္စုပ္ပန် အကြောင်းကတော့ လက်တွေ့မို့ တရားအားထုတ်သူတွေ သဘောပေါက်တာ များပါတယ်။

## ၁။ ဝေဒနာ ပစ္စယာ တဏှာ

ဝေဒနာပစ္စယာ တဏှာမှာ 'ချမ်းသာ' ဆိုတဲ့ သုခဝေဒနာကိုပဲ လူတွေက လိုက်ရှာနေကြတာပါ။ ချမ်းသာအောင်ပဲ လုပ်နေကြတာပါ။ တကမ္ဘာလုံးရှိ လူတွေဟာ ဘာကိုပဲလုပ်လုပ် ချမ်းသာဖို့ လုပ်နေကြတာပါပဲ။ စားစရာမရှိတဲ့သူက စားစရာရှိအောင်၊ စားစရာရှိတဲ့သူက ပိုပြီး စားနိုင်အောင် လုပ်နေကြတာပါ။ ကမ္ဘာပေါ်ရှိ အစိုးရတွေကလဲ ဘယ်နည်းနဲ့ ချမ်းသာမလဲဆိုပြီး ချမ်းသာမယ့် စီမံကိန်းတွေကိုပဲ လိုက်ရှာနေကြတယ် မဟုတ်လား။ ချမ်းသာဆိုတဲ့ ဒီဝေဒနာကို လိုက်ရှာနေတဲ့အတွက် ယခုဘဝမှာ တဏှာက ခေါင်းဆောင်နေပါတယ်။

ယခုဘဝ ပစ္စုပ္ပန်အကြောင်းမှာ 'တဏှာ ဥပါဒါန် ကမ္မဘဝ' လို့ ဆိုတဲ့ အထဲမှာ တဏှာက လောဘစေတသိက်ပါ။ တဏှာထဲမှာ အဝိဇ္ဇာမပါဘူးလားဆိုတော့ တဏှာဖြစ်နေတာကိုက အဝိဇ္ဇာကြောင့်ပါပဲ။

### အဆိုးဘက်ရှုတဲ့ ဝါဒတဲ့

၃၁ ဘုံမှာ ဖြစ်နေတဲ့ အဖြစ်တွေ အားလုံးဟာ သစ္စာအားဖြင့် ဒုက္ခပါပဲလို့ ဆိုတော့ ဗုဒ္ဓဘာသာကို အဆိုးဘက်ရှုတဲ့ ဓုက္ခဝါဒလို့ ပြောတဲ့သူတွေလဲ ရှိပါတယ်။ သဘာဝအားဖြင့် ဘုရားရှင်က ဟောတဲ့အခါမှာတော့ သုခဝေဒနာ ချမ်းသာဆိုတာ ရှိပါတယ်တဲ့။ သို့ပေမယ့် အဲဒီ သုခက ခေတ္တယာယီ မမြဲတဲ့သုခမို့ ဘုရားရှင်က သစ္စာအားဖြင့် ဒုက္ခလို့ ဟောခဲ့တာပါ။ အဲဒီ မမြဲတဲ့ သုခကိုပဲ လူတွေက တကယ့်ချမ်းသာလို့ ထင်နေကြတယ်။ ဒီ သုခက ဒုက္ခနဲ့ ရောနေလို့ ဒုက္ခလို့ ဘုရားရှင်က ဟောခဲ့ပေမယ့် သတ္တဝါတို့ရဲ့ အမြင်ကတော့ သုခလို့ပဲ မြင်နေကြပါတယ်။ ဒုက္ခကို သုခလို့ အဝိဇ္ဇာက ဖုံးလွှမ်းပေးတော့ တဏှာက သုခဝေဒနာကိုပဲ လိုက်ရှာနေတာပါ။

## ၂။ တဏှာပစ္စယာ ဥပါဒါန်

တဏှာရှိယင် ဘာတွေလုပ်သလဲ။ တဏှာပစ္စယာ ဥပါဒါန်ဆို တော့ ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် ဆိုတဲ့ ဥပါဒါန် လေးပါးကို ပထမပိုင်းမှာ ပြောသလောက် ပြောခဲ့ပြီး ပါပြီ။ သံသရာစက် လည်ပုံက တဏှာရှိနေတော့ ကာမုပါဒါန် ကာမ ဂုဏ်တရားတွေ ရအောင်လုပ်တာပါ။ ကာမုပါဒါန်သမားက ဒါန သီလတွေကို လုပ်တော့ ကာမ ၁၁ ဘုံ ရောက်သွားပါတယ်။ ကာမု ပါဒါန်မှ လွတ်မြောက်အောင်လုပ်တဲ့ ဈာန်လမ်းသမားတွေကတော့ ကာမုပါဒါန်က လွတ်မြောက်သော်လဲ ဒိဋ္ဌုပါဒါန်ကြောင့် ဗြဟ္မာ့ပြည် ရောက်ကြပါတယ်။

အတ္တဝါဒုပါဒါန်ကတော့ သက္ကာယဒိဋ္ဌိပါပဲ။ ပဋိစ္စသမုပ္ပါဒ် တရားက သက္ကာယဒိဋ္ဌိကို ဖြိုခဲ့တဲ့ တရားမှာ အကောင်းဆုံးပါ။ တဏှာ ရှိနေတော့ ဥပါဒါန်ကြောင့် ကမ္မဘဝကို လုပ်ကြတယ်၊ ကမ္မဘဝ ဆိုတာက ပထမပိုင်းမှာတုန်းက ပြောခဲ့သလို သင်္ခါရနဲ့ အတူတူပါပဲ။ ဒါကြောင့် ကမ္မဘဝကို တဏှာ ဥပါဒါန်ကြောင့် လုပ်ကြပါတယ်။

**ချမ်းသာခံစားဖို့ဆိုယင် တဏှာပါပဲ**

လူ့စည်းစိမ် နတ်စည်းစိမ်ရဖို့ လုပ်တယ်ဆိုတာက ကာမုပါဒါန် ပါ။ ဒိဋ္ဌုပါဒါန်ကတော့ အယူဝါဒ အမျိုးမျိုးတွေပါ။ လူသတ်ယင် နတ်ပြည်ရောက်မယ်၊ ကောင်းကင်ဘုံ ရောက်မယ်ဆိုတာမျိုးတွေပါပဲ။ ဒိဋ္ဌုပါဒါန်ကတော့ သူ့အယူဝါဒနဲ့သူ ဖြစ်လို့ ငရဲလဲ ကျနိုင်တယ်၊ နတ်ပြည် ဗြဟ္မာ့ပြည်လဲ ရောက်နိုင်တာပါပဲ။ သူလုပ်တဲ့ ကံအတိုင်း အကျိုးပေးတော့ အလုပ်ကိုမူတည်ပြီး ရောက်ချင်တဲ့ဘုံ ရောက်နိုင်တာ ပါ။

သီလဗ္ဗတုပါဒါန်မှာလဲ သီလအကျိုးပေးက ဒီ အတိုင်းပါပဲ။ ကောင်းတဲ့ အကျင့် သီလနဲ့ ပြည့်စုံယင် ကောင်းတဲ့ဘုံ ရောက်မယ်၊ မကောင်းတဲ့ အကျင့်သီလမျိုးနဲ့ ဆိုယင် မကောင်းတဲ့ဘုံ ရောက်မှာပါပဲ။ ဥပါဒါန်ကြောင့် ကံတွေ လုပ်နေကြတာ ဘာကြောင့်လုပ်သလဲ။ တဏှာ ဆိုတဲ့ လိုချင်တောင့်တမှုကြောင့် လုပ်တာပါ။ ဥပါဒါန်ကြောင့် နတ်

ပြည် ရောက်ချင်တယ်ဆိုယင် နတ်ပြည်ရောက်တဲ့ အလုပ်မျိုးတွေ လုပ်ကြတယ်။ ဗြဟ္မာ့ပြည် ရောက်ချင်တယ်ဆိုယင် ဗြဟ္မာ့ပြည် ရောက်တဲ့ အလုပ်မျိုးတွေ လုပ်ကြတယ်။ ဥပါဒါန်ကြောင့်ဘာ ကုသိုလ်တွေ အကုသိုလ်တွေ လုပ်နေကြတာပါ။ သို့ပေမယ့် ဥပါဒါန်က ပင်ရင်းအကြောင်းမဟုတ်ပါ။ ပင်ရင်းအကြောင်းက တဏှာ တောင့်တမှုပါပဲ။ နိဗ္ဗာန်ဆိုတာက ဘုံသီးခြားတခုလို့ ထင်ပြီး နိဗ္ဗာန်ကို တောင့်တပြီး နေယင်လဲ တဏှာသဘောမျိုးပဲ ဖြစ်နေတာပါ။

## နိဗ္ဗာန်ဆိုတာ ဘုံတခုလား

လောကမှာ ချမ်းသာကို နားလည်နေကြတာက လူ့စည်းစိမ် နတ်စည်းစိမ် ဗြဟ္မာ့စည်းစိမ်တွေကို ချမ်းသာတယ်လို့ ထင်ပြီး နေကာပါ။ ဒါတွေကို တောင့်တနေယင် တဏှာပါပဲ။ သိပ်ချမ်းသာတဲ့ဘဝကို ရောက်ချင်လို့ ယခု ချမ်းသာတာထက် ချမ်းသာတာကို လိုချင်လို့ ဒါန သီလ ဘာဝနာတွေ ဘာပဲလုပ်လုပ် သိပ်လိုချင်နေတာက တဏှာပါ။ အဲဒီလို ချမ်းသာတဲ့ နေရာကို ရောက်ချင်နေတဲ့ အစွဲအလမ်းကြီးက ဥပါဒါန်ပါ။ အဲဒီ ချမ်းသာတွေကို လိုချင်လို့ ဘာကိုပဲလုပ်လုပ် ကံတွေ ဖြစ်တာပါပဲ။ ကံတွေဖြစ်ယင် ကမ္မဘဝကြောင့် ဇာတိဖြစ်မှာပါ။

ဇာတိ ပဋိသန္ဓေနေယင် အိုရမယ်၊ နာရမယ်၊ သေရမယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တွေက မအိုရာ မနာရာ မသေရာ နိဗ္ဗာန်သို့ ရောက်ရပါလို၏လို့ ဆုတောင်းကြတာပါ။ အချို့ လူတွေက မအိုမနာ မသေတဲ့နေရာ ဘုံတခု ရှိတယ်လို့ ထင်နေကြပါတယ်။ ပုထုဇဉ် ဉာဏ်အမြင်မှာ သက္ကာယဒိဋ္ဌိရှိနေတော့ ဒီလိုပဲ မြင်နေတဲ့လူတွေ များပါတယ်။

## ပဋိစ္စ မုပ္ပါဒ်မှာ အဝိဇ္ဇာ အစလား

ပဋိစ္စသမုပ္ပါဒ်ကို ပထမပိုင်းမှာ အတိတ်အကြောင်းက အဝိဇ္ဇာ သင်္ခါရ။ ပစ္စုပ္ပန် အကျိုးငါးပါးက ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ။ နောက် ဒုတိယပိုင်းမှာ ပစ္စုပ္ပန်အကြောင်းက တဏှာ ဥပါဒါန် ကမ္မဘဝ။ အနာဂတ်အကျိုးက ဇာတိ၊ ဇရာ မရဏလို့

ပြောခဲ့ပါတယ်။ အလျင်အပတ်က တဏှာ ဉပါဒါန် ကမ္မဘဝကို ပြောခဲ့ပြီးပါပြီ။

ပဋိစ္စသမုပ္ပါဒ်ကို အစပ် ၃ ပါး၊ အလွှာ ၄ လွှာ၊ ဝဋ် ၃ ပါး၊ မူလ ၂ ပါးလို့လဲ ခွဲကြပါတယ်။ အဲဒီလို ခွဲနည်းက အင်္ဂါ ၁၂ ပါးကို ရယင် လွယ်လွယ်ကလေး ခွဲတတ်သွားပါတယ်။ သံသရာလည်ပုံမှာလဲ လည်ဖို့ လွယ်သွားပါတယ်။ ယခု ရေးထားတဲ့အတိုင်း အင်္ဂါ ၁၂ ပါးကို ကြည့်ယင် ပဋိစ္စသမုပ္ပါဒ်မှာ အစမရှိဘူး ဆိုပေမယ့် အဝိဇ္ဇာက ပြီး ဇရာ မရဏမှာ ဆုံးသလို ဖြစ်နေပါတယ်။ အမှန်က ပဋိစ္စသမုပ္ပါဒ် တခုလုံးမှာ အစလဲ မရှိ၊ အဆုံးလဲ မရှိ။ သတ္တဝါတွေရဲ့ သံသရာလည်ပုံပါပဲ။

## သတ္တဝါ ဘယ်က စသလဲ

သတ္တဝါ ဘယ်က စသလဲ၊ သတ္တဝါ အစရှိသလား ဆိုတဲ့ ပြဿနာက နှစ်ပေါင်းများစွာက ပေါ်ခဲ့တာပါ။ သတ္တဝါဟာ ဘဝပေါင်း ဘယ်လောက်က စခဲ့သလဲလို့ မေးတဲ့အခါ သတ္တဝါမှာ အစသာရှိခဲ့လျှင် ဘုရားက ဟောခဲ့မှာပါ။ ဒီပြဿနာနဲ့ ပတ်သက်လို့ အချို့ ပုဂ္ဂိုလ်တွေက ဘယ်လို ဖြေသလဲဆိုယင် "သတ္တဝါမှာ အစရှိပါတယ်။ အစရှိပေမယ့် ဘုရားက မဟောခဲ့တာမှာ သတ္တဝါတယောက်ရဲ့ အစကို သာ ဟောနေရမယ်ဆိုယင် အကျိုးမရှိပဲ အချိန်တွေ ကုန်မယ်။ အဲဒါ ကြောင့် သတ္တဝါရဲ့ အစကို မဟောခဲ့တာပါ"လို့ ဖြေကြပါတယ်။

အမှန်ကတော့ သတ္တဝါမှာ အစမရှိပါ။ မြတ်စွာဘုရားကလဲ ဒီလို အစမရှိတဲ့ အကြောင်းကို သိစေချင်လို့ ပဋိစ္စသမုပ္ပါဒ်ကို ဟောခဲ့တာပါ။ သတ္တဝါ ဘယ်က စသလဲဆိုတာကို မျောက်က ပြီး လူ ဖြစ်တယ်၊ ဗြဟ္မာကြီး ၄ ယောက်က လူဖြစ်တယ်လို့ ပညတ်နည်းနဲ့လဲ ပြောလို့ မရပါ။ အဘိဓမ္မာနည်းနဲ့ အဝိဇ္ဇာက စတယ်၊ တဏှာက စတယ်၊ ဉပါဒါန်က စတယ်လို့ ဒီလိုလဲ ပြောလို့ မရပါ။ ပဋိစ္စသမုပ္ပါဒ် ဆိုတာကိုက လည်နေရမှာပါ။

ပဋိစ္စသမုပ္ပါဒ်ကို ဒီလို လေးပိုင်းခွဲထားယင် သံသရာလည်ပုံတွေ လွယ်သွားပါမယ်။

(၁) အဝိဇ္ဇာ သင်္ခါရ
(၂) ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ
(၃) တဏှာ ဥပါဒါန်ဘဝ
(၄) ဇာတိ ဇရာ မရဏ
အင်္ဂါ ၁၂ ပါးက ဒီမူအတိုင်းပဲ အများ သုံးနေကြပါတယ်။

## သတ္တဝါ ဘာကြောင့် ဖြစ်လာသလဲ

အဝိဇ္ဇာ သင်္ခါရကြောင့် 'ဝိညာဏ် နာမ်ရုပ်,သဠာယတန ဖဿ ဝေဒနာ' ဖြစ်တယ်။ ဆိုလိုရင်းကတော့ အတိတ်ဘဝက အဝိဇ္ဇာ သင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝမှာ လူဖြစ်လာတယ်။ သတ္တဝါ ဖြစ်လာတယ်၊ သတ္တဝါ ဖြစ်လာတယ် ဆိုတဲ့နေရာမှာ သတ္တဝါလို့ မသုံးပဲ 'ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ' ဖြစ်လာတယ်။ ဒီလို ပစ္စုပ္ပန်ဘဝမှာ လူဖြစ်လာတော့ လူက ဘာလုပ်သလဲ။

လူဆိုတာ သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာ ဝေဒနာ ဆိုတဲ့ ခံစားမှုတွေ အပေါ်မှာ လူလုပ်နေပါတယ်။ ဝေဒနာဖြစ်ယင် ပစ္စုပ္ပန်ဘဝမှာ ဘာတွေ ဖြစ်ပြန်သလဲ၊ တဏှာ ဥပါဒါန်နဲ့ ကမ္မဘဝ ဖြစ်တယ်။ တဏှာဆိုတာ တောင့်တမှုပါပဲ။ လူက ချမ်းသာကို တောင့်တပါတယ်၊ ချမ်းသာသည်ထက် ချမ်းသာအောင် ကြီးကျယ်သည်ထက် ကြီးကျယ်အောင် သတ္တဝါဖြစ်လာတဲ့အခါ တောင့်တမှု ရှိလာပါတယ်။တောင့်တမှု ရှိတော့ ဘာလုပ်ယင် ဘာဖြစ်မယ်ဆိုတဲ့ ဥပါဒါန် စွဲလမ်းမှုတွေ ပေါ်လာပါတယ်။ စွဲလမ်းမှုတွေ ရှိလာတော့ ကမ္မဘဝဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရားတွေ ထင်ပြီး လုပ်ကြပါတယ်။

## ဇာတိ ဇရာ မရဏ ဆိုတာ ဘာလဲ

လူ့ဘဝမှာ ခံစားမှုတွေ ပေါ်လာတော့ တဏှာဆိုတဲ့ တောင့်တမှုက ရှိလာပါတယ်။ တဏှာကြောင့် ဥပါဒါန်ဆိုတဲ့ ဘာသာရေး အယူဝါဒ အမျိုးမျိုး၊ စီးပွားရေး အယူဝါဒ အမျိုးမျိုး၊ နိုင်ငံရေး အယူဝါဒ အမျိုးမျိုးတွေ ပေါ်လာပါတယ်။ ဒီ ဥပါဒါန်ဆိုတဲ့ အယူအစွဲတွေနဲ့ ကမ္မဘဝ ကံတွေကို လုပ်ကြပါတယ်။ လုပ်ရင်းကတော့ ကောင်း

မလားလို့ လုပ်ကြတာပါပဲ၊ ကုသိုလ်ရော အကုသိုလ်ပါ ဒီလို ကံတွေ လုပ်တဲ့အခါ အနာဂတ်ဘဝမှာ ဇာတိ ဇရာ မရဏ ဆိုတဲ့ အကျိုးတွေ ရလာပါတယ်။ဇာတိက ပဋိသန္ဓေနေတာပါ။ဇရာ မရဏဆိုတာက အိုတာ သေတာပါ။

ဇာတိ ဇရာ မရဏ ဆိုတာက ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာနဲ့ အတူတူပါပဲ။ ဇာတိ ပဋိသန္ဓေနေယင် 'ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ' ဖြစ်လာတာပါ။ ဒါပေမယ့် သုတ္တန် နည်းအားဖြင့် ပဋိသန္ဓေနေတယ်၊ အိုတယ်၊ နာတယ်၊ သေတယ် လို့ ဟောခဲ့တာပါ။ တဖန် ဘာက ပဋိသန္ဓေနေတာလဲလို့ မေးယင် နာမ် ရုပ်ပဲ ပဋိသန္ဓေနေတာပါ၊ အိုတာလဲ နာမ် ရုပ်၊ နာတာလဲ နာမ် ရုပ်၊ သေတာလဲ နာမ် ရုပ်ပဲ သေတာပါပဲ။

ဒါကြောင့် ဇာတိ ဇရာ မရဏလို့ ခေါ်မယ့်အစား 'ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ'လို့ ဒီလို ပြောင်းပြီး မှတ်ထားလိုက်ယင် ပိုပြီး ကောင်းပါတယ်။ ဒါမှလဲ ပဋိစ္စသမုပ္ပါဒ် လည်ပြတဲ့အခါ အဓိပ္ပာယ် ရှင်းသွားပါမယ်။

**အစပ်သုံးပါးဆိုတာ ဘာလဲ**

အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တယ်။ ဝေဒနာရှိယင် တဏှာ ဥပါဒါန် ကမ္မဘဝ ကံတွေ ပြန်လုပ်မယ်။ ကံတွေ ပြန်လုပ်ယင် ဇာတိ ဇရာ မရဏ ဆိုတဲ့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ အနာဂတ်ဘဝမှာ ဖြစ်မှာပါ။

ဒီလိုဆိုတော့ အစပ်သုံးပါးက လွယ်ပါတယ်။အတိတ်အကြောင်း သင်္ခါရနဲ့ ပစ္စုပ္ပန်အကျိုး ဝိညာဏ်နဲ့က တစပ် (သင်္ခါရ ပစ္စယာ ဝိညာဏံ)။ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တယ်ဆိုတဲ့ အကြောင်းအကျိုး အစပ်တခုပါ။

ပစ္စုပ္ပန်ဘဝမှာ 'ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ'ဆိုတဲ့ (ဝေဒနာပစ္စယာ တဏှာ) ခံစားမှုရှိယင် တဏှာဆိုတဲ့ တောင့်တမှု ရှိတာပါပဲ။ ဝေဒနာဆိုတဲ့ ပစ္စုပ္ပန်အကျိုးတရားနဲ့ တဏှာဆိုတဲ့ ပစ္စုပ္ပန် အကြောင်းတရား စပ်ထားလို့ ဒါကလဲ အစပ်တခုပါပဲ။

ကမ္မဘဝဆိုတဲ့ ကံကို ပြန်လုပ်တဲ့အခါမှာ (ဘဝပစ္စယာ ဇာတိ) ကမ္မဘဝနဲ့ ဇာတိပဋိသန္ဓေက အစပ်တခုပါ။ ကမ္မဘဝက ပစ္စုပ္ပန် အကြောင်း၊ ဇာတိက အနာဂတ်အကျိုး။ ဒါကိုပဲ—

(၁) အကြောင်းနဲ့ အကျိုး စပ်တယ်(သင်္ခါရပစ္စယာ ဝိညာဏံ)၊

(၂) အကျိုးနဲ့ အကြောင်းစပ်တယ်(ဝေဒနာပစ္စယာ တဏှာ)၊

(၃) အကြောင်းနဲ့ အကျိုး စပ်တယ် (ဘဝပစ္စယာ ဇာတိ) လို့ အစပ်သုံးပါး ဆိုပြီး ဘုရားရှင်က ဟောခဲ့ပါတယ်။

ခြင်းရာ ၂၀ ဆိုတာ ဘာလဲ

ခြင်းရာ ၂၀ ကို လွယ်ချင်ယင် ဒီ အင်္ဂါ ၁၂ ပါးကိုပဲ ရေး ထားပါ။ အတိတ်အကြောင်းမှာ အဝိဇ္ဇာ သင်္ခါရလို့ ဆိုတော့ အဝိဇ္ဇာက မောဟ၊ အကုသိုလ် စေတသိက်၊ မောဟရှိတဲ့ ပုဂ္ဂိုလ်မှာ မောဟက သူချည်းပဲ သန့်သန့် ဖြစ်ပါ။ ဒီ မောဟဆိုတဲ့ အဝိဇ္ဇာမှာ တဏှာ ဥပါ-ဒါန်လဲ ပါလာပါတယ်။ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်ကို နည်း အမျိုးမျိုးနဲ့ ဟောခဲ့ပါတယ်။ ဒီ ပဋိစ္စသမုပ္ပါဒ်မှာတော့ အတိတ် အကြောင်းကို အဝိဇ္ဇာ သင်္ခါရ ခေါင်းတည်ပြီး ဟောပေမယ့် အတိတ် အကြောင်းထဲမှာ အဝိဇ္ဇာက သစ္စာလေးပါးကို မသိလို့ ကုသိုလ်ကံ အကုသိုလ်ကံတွေ လုပ်ပါတယ်။ ဘာကြောင့် လုပ်သလဲ။ တောင့်တမှု တဏှာရှိလို့ လုပ်တာပါ။ အဝိဇ္ဇာက မသိအောင် ဖုံးလွှမ်းပေးတော့ တဏှာက တောင့်တပါတယ်။ တဏှာရှိတော့ ဥပါဒါန်က ဖြစ်လာ ပါတယ်။

ဒါကြောင့် အဝိဇ္ဇာပါယင် တဏှာ ဥပါဒါန်က ပါရပါတယ်။ ဒီလိုယူလိုက်တော့ ခြင်းရာ ၂၀ မှာ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ ဆိုတဲ့ အတိတ်အကြောင်း ငါးပါးရှိပါတယ်။

အတိတ်အကြောင်း ငါးပါးကြောင့် ဝိညာဏ် နာမ် ရုပ် သဠာ-ယတန ဖဿ ဝေဒနာ ဆိုတဲ့ ပစ္စုပ္ပန်အကျိုး ငါးပါးဖြစ်ပါတယ်။

သတ္တဝါဖြစ်ခြင်း အကြောင်းတရား အပြည့်အစုံ ပြောပါဆိုယင် သတ္တဝါ ဘာကြောင့်ဖြစ်သလဲ။ အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံကြောင့် သတ္တဝါဖြစ်တယ်။ သတ္တဝါဖြစ်တယ် ဆိုတော့ ဝေါဟာရ အားဖြင့် လူဖြစ်လာတယ်၊ နတ်ဖြစ်လာတယ်၊ ခွေးဖြစ်လာတယ်၊ အဘိ-

ဓမ္မာ ပရမတ္ထ နည်းနဲ့ကတော့ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်လာတယ်။ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန် အကျိုးငါးပါး ဖြစ်လာပါတယ်။

တဏှာ ဥပါဒါန် အကြောင်းထဲမှာ တဏှာဖြစ်တယ်ဆိုတဲ့အခါ တဏှာက လောဘစေတသိက်၊ အတိမ္မေသရုပ်ကို သင်ဖို့အခါမှာ တဏှာ လောဘက မောဟ မပါပဲ အဝိဇ္ဇာ မပါပဲ ဘယ် အကုသိုလ် စေတသိက်မှ မဖြစ်ပါ။ လောဘဖြစ်လဲ မောဟက ပါရတယ်၊ ဒေါသ ဖြစ်လဲ မောဟက ပါရပါတယ်။

လောဘ ဖြစ်တယ် ဆိုတာက ပစ္စည်းတခုကို ယူချင်လို့ လို ချင်လို့ တဏှာဖြစ်တာပါ။ ဒီလို တဏှာဖြစ်လာအောင် မောဟကလဲ ဖုံးလွှမ်းပေးတာပါ။ ဒေါသဖြစ်တဲ့ အခါမှာလဲ "သူတို့လဲ စိတ်ညစ် ရမယ်၊ ငါလဲ စိတ်ညစ်ရမယ်" လို့ ဒီလို အကျိုးတရားကို မဆင်ခြင်နိုင် အောင် မောဟက ဖုံးလွှမ်းပေးလို့ ဒေါသ ဖြစ်တာပါ။ ဘယ်အကုသိုလ် ဖြစ်ဖြစ် မောဟမပါပဲ ဘာအကုသိုလ်မှ ဖြစ်လို့ မရပါ။ ဒါကြောင့်လဲ မောဟကို သဗ္ဗာကုသလသာဓာရဏ စေတသိက် အကုသိုလ် ပြုတိုင်း ပါဝင်တဲ့ စေတသိက်လို့ ခေါ်ပါတယ်။

ယခု ပစ္စုပ္ပန်အကြောင်းတရားမှာ တဏှာကို ခေါင်းတည်ပြီး ဟောပါတယ်။ အတိတ်အကြောင်းမှာက အဝိဇ္ဇာကို ခေါင်းတည်ပြီး ဟောပါတယ်။ ပစ္စုပ္ပန်မှာ တဏှာကို ခေါင်းတည်ပြီး ဟောပေမယ့်လဲ တဏှာပါယင် အဝိဇ္ဇာက ပါရမှာပါ။ သင်္ခါရနဲ့ ကမ္မဘဝဟာလဲ ကုသိုလ် အကုသိုလ် စေတနာအရ အတူတူမို့ ကမ္မဘဝပါယင် သင်္ခါရ ပါတယ်လို့ ပြောပြီးသား အဓိပ္ပာယ်ပါပဲ။

ဒါကြောင့် ပစ္စုပ္ပန်အကြောင်း ငါးပါးကို ရေတွက်တဲ့အခါ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရလို့ ရေတွက်ရပါတယ်။ ဒီပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် အနာဂတ် အကျိုးငါးပါး ဖြစ်ဘယ်ဆိုတာက ဇာတိ ဇရာ မရဏ ဖြစ်တာပါ။ ဒီနေရာမှာ ဇာတိ ဇရာ မရဏ အမည်နဲ့ ရေတွက်ယင် ငါးပါးလဲ မဖြစ်၊ သံသရာလည် လို့လဲ မရပါ။ ဒါကြောင့် ဇာတိ ဇရာ မရဏလို့ ဆိုမယ့်အစား ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာလို့ အမည်ပြောင်းလိုက်ပါ။

ဒါကြောင့် တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ ပစ္စုပ္ပန်အကြောင်း ငါးပါးကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ အနာဂတ်အကျိုး ငါးပါး ဖြစ်လာပါတယ်။

ဒါကြောင့် ခြင်းရာ ၂၀ ဆိုတာမှာ—

(၁) အတိတ်အကြောင်း ငါးပါး = အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝ၊

(၂) ပစ္စုပ္ပန်အကျိုး ငါးပါး = ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ၊

(၃) ပစ္စုပ္ပန်အကြောင်း ငါးပါး = တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ၊

(၄) အနာဂတ်အကျိုး ငါးပါး = ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာလို့

ဖြစ်လာပါတယ်။ ခြင်းရာ ၂၀ ကို ရသွားတော့ ပဋိစ္စသမုပ္ပါဒ်ဟာ ဘယ်လိုမှ ဆုံးလို့မရ၊ လည်နေတယ်ဆိုတာ သဘောပေါက်နိုင်ပါတယ်။

**ဘာကမှ မစပါ၊ ဘယ်လိုမှ မဆုံးပါ**

အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကမ္မဘဝကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်ပါတယ်။ ဒီဝေဒနာ ဖြစ်လာတယ်ဆိုယင်ပဲ တဏှာက ဖြစ်ကို ဖြစ်ရမှာပါ။ သတ္တဝါမှန်သမျှ ဒီ ခံစားမှုကိုပဲ လိုက်ပြီး ရှာနေကြတာပါ။ ခံစားမှုကြောင့် တွယ်တာ တောင့်တတဲ့ တဏှာဖြစ်ရတယ်။ တဏှာဖြစ်တော့ ဥပါဒါန်နဲ့ ကမ္မဘဝလဲ ဖြစ်လာတယ်။ ဒီ ကမ္မဘဝကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အနာဂတ်အကျိုး ငါးပါး ဖြစ်ရပြန်ပါတယ်။

တခါ အနာဂတ်အကျိုး ငါးပါးမှာလဲ ဝေဒနာရှိလာယင် တဏှာဖြစ်လာပြန်တော့ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ ထပ်ပြီး ဖြစ်မှာပါ။ အဝိဇ္ဇာ သင်္ခါရ ကံတွေလုပ်ပြန်တော့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်ပြန်ပါတယ်။ ဝေဒနာ ဖြစ်ယင်လဲ တခါ တဏှာ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရ ဖြစ်အုံးမှာ

ဆိုတော့ မုန့်လုံး စက္ကူကပ်သလို ပဋိစ္စသမုပ္ပါဒ်က မဆုံးနိုင်အောင် လည်နေမှာပါ။ အနာဂတ် ဘဝမှာပဲ ဖြစ်ဖြစ်၊ ပစ္စုပ္ပန်ဘဝမှာပဲဖြစ်ဖြစ် ဝေဒနာက ရှိကို ရှိရမှာပါ။ ဝေဒနာရှိယင်လဲ တဏှာကတော့ ရှိလာမှာပါ။ တဏှာရှိယင်လဲ ဥပါဒါန် ကမ္မဘဝ အဝိဇ္ဇာ သင်္ခါရတို့က ဖြစ်အုံးမှာပါ။ အဝိဇ္ဇာ သင်္ခါရ ဖြစ်ပြန်ယင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်အုံးမှာပါ။ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်ဟာ အဝိဇ္ဇာက စတာလဲ မဟုတ်၊ တဏှာက စတာလဲ မဟုတ်၊ ဝေဒနာက စတာလဲ မဟုတ်၊ ဘယ်တရားကမှ စတာမဟုတ်လို့ အစလဲ မရှိ၊ အဆုံးလဲ မရှိပါ။

## ဝဋ်သုံးပါးဆိုတာ ဘာလဲ

ခြင်းရာ ၂၀ မှာ ပဋိစ္စသမုပ္ပါဒ် သံသရာလည်ပုံက ရှင်းလောက်ပါပြီ။ သံသရာလည်ပုံ ပိုပြီး သဘောပေါက်အောင် ဘုရားရှင်က ဝဋ်သုံးပါးကိုလဲ ဟောခဲ့ပါတယ်။ ဝဋ်လိုက်တတ်တယ်လို့ ဗမာစကားမှာ ရှိပါတယ်။ ဝဋ္ဋဆိုတဲ့ ပါဠိစကားက လာတာပါ။ ဝဋ္ဋက ပါဠိလို အလုံးကလေးတွေပါ။ ဘောလုံးလို လုံးနေတာပါ။ တဝမ်းပူနဲ့ ရေးတဲ့ ဝတ္ထု က ဝတ္ထုရားဘို့၊ ဝတ်ရွတ်စဉ်တို့မှာ သုံးပါတယ်။ ဒီ ဝဋ္ဋ ဆိုတဲ့ ပါဠိ စကားက လုံးနေတယ် လည်နေတယ်ဆိုတဲ့ သဘောနဲ့ ဝဋ်သုံးပါးမှာ သုံးတာပါ။

## ကိလေသဝဋ်

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးထဲက အဝိဇ္ဇာ တဏှာ ဥပါဒါန် ၃ ပါးကို ကိလေသဝဋ်လို့ ခေါ်ပါတယ်။ ကိလေသဝဋ် ဆိုတာ ကိလေသာ အမည်ရတဲ့ စေတသိက်ပါပဲ။ ဗမာတွေ နားလည်နေတဲ့ ကိလေသာက တမျိုးပါ။ ဗမာစကားတွေထဲမှာ အဘိဓမ္မာစကားတွေ အများကြီး ပါနေပါတယ်။ ဒါက ရှေးက ဗမာတွေ အဘိဓမ္မာ ဘယ်လောက် တတ်ကြသလဲဆိုတာကို ဖော်ပြနေပါတယ်။ သို့ပေမယ့် မှန်သလားဆိုတော့ သိပ်ပြီး တိတိကျကျတော့ မမှန်တော့ပါ။ ဝေဒနာဆိုတဲ့ ပါဠိစကားမှာ ဗမာက ဝေဒနာဖြစ်တယ်ဆိုယင် နေမကောင်းဘူး၊ ရောဂါဖြစ်နေတာလို့ နားလည်ပါတယ်။အဘိဓမ္မာနဲ့ကတော့ အဓိပ္ပာယ် အယူအဆ တော်တော် ကွာသွားပါတယ်။

သင်္ဂြိုဟ်ကို သင်တဲ့အခါမှာ ကိလေသာက ၁၀ ပါး ရှိပါတယ်။ မာနကြီးတာလဲ ကိလေသာများတာပါ။ ဒိဋ္ဌိအယူ အငွဲအလမ်း ကြီးတာလဲ ကိလေသာ များတာပါ။ သူများချမ်းသာတာ မနာလိုတဲ့ ဣဿာဖြစ်တာလဲ ကိလေသာ များတာပါပဲ။မစ္ဆရိယဆိုတဲ့ ကိုယ့်ပစ္စည်း သူများပေးရမှာ နှမြောတာလဲ ကိလေသာ များတာပါပဲ။ သို့ပေမယ့် အရပ်ထဲမှာ ဒါတွေကို ကိလေသာများတယ်လို့ ဘယ်သူမှ မပြောကြပါ။ အမှန်က အဘိဓမ္မာကျတော့ အကုသိုလ် စေတသိက် အားလုံးဟာ ကိလေသာချည်းပါပဲ။

ကိလေသာဆိုတာက ဖြူစင်နေတဲ့ စိတ်ကို ညစ်နွမ်းစေတယ်။ မည်းစေတယ်။ ညစ်စေတယ်။ လူ့စိတ်ဟာ အဝတ်လိုပါပဲ။အဝတ်များဟာ ဝတ်ပါများတော့ သိပ်ညစ်ပတ်လာတယ်။ လျှော်လိုက်တော့မှပဲ ညစ်ပတ်တယ်ဆိုတာ သိလာပါတယ်။ မလျှော်ပဲနဲ့ နေယင်တော့ သိပ်ညစ်ပတ်နေပေမယ့်လဲ ညစ်ပတ်မှန်း မသိတော့ပါ။ စိတ်ကလဲ ပဌမတော့ ဖြူစင်နေတာပါ။ အကုသိုလ် စေတသိက်တွေ များလာတော့ စိတ်က သိပ်ညစ်ပတ်လာပါတယ်။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှာ အကုသိုလ် စေတသိက်နဲ့ ကြည့်မယ်ဆိုယင် အဝိဇ္ဇာက မောဟ စေတသိက်၊ တဏှာက လောဘ စေတသိက်၊ ဥပါဒါန် လေးမျိုးတွင် ကာမုပါဒါန်က လောဘ၊ ဒိဋ္ဌုပါဒါန်က ဒိဋ္ဌိ၊ သီလဗ္ဗတုပါဒါန်ကလဲ ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်ကလဲ ဒိဋ္ဌိပါပဲ။ ဥပါဒါန်ကို ဒီလို ၄ ပါးခွဲပြီး စေတသိက်နဲ့ကြည့်ယင် စေတသိက်က လောဘနဲ့ ဒိဋ္ဌိပါပဲ။ ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာ ဥပါဒါန်ဟာ ကိလေသာဝဋ်ပါပဲ။

**အာသဝေါတရား ၄ ပါး**

ဗုဒ္ဓဘာသာတွေမှာ ငယ်ငယ်တည်းက အာသဝက္ခယံ-အာသဝေါ တရား ၄ ပါးတို့၏ ကုန်ရာ နိဗ္ဗာန်သို့ ရောက်ရပါလို၏လို့ လူတိုင်းလိုပဲ ဆိုနေကြပါတယ်။ တကယ်တော့ အာသဝေါတရား ၄ ပါးကို သိပ် သိကြတာတော့ မဟုတ်ပါ။ အာသဝေါတရား ၄ ပါးက ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝတို့ပါပဲ။ ကာမာသဝက ဘာလဲဆိုတော့ လောဘစေတသိက်၊ ဘဝါသဝကလဲ လောဘစေတသိက်၊

ဒိဋ္ဌာသဝက ဒိဋ္ဌိစေတသိက်၊ အဝိဇ္ဇာသဝက မောဟ စေတသိက်ပါ။ အာသဝေါတရား ၄ ပါးကို ကြည့်ယင်လဲ ကိလေသဝဋ်ဖြစ်တဲ့ လောဘ၊ ဒိဋ္ဌိနဲ့ မောဟတို့ပါပဲ။

အဘိဓမ္မာမှာ အကျယ်ချဲ့ပြီးဟောလို့ အကုသိုလ် စေတသိက်မှာ ၁၄ လုံး ရှိတာပါ။ လက်တွေ့ သုတ္တန်နည်းနဲ့ တရားပြကဲ့ အခါမှာတော့ မြတ်စွာဘုရားက သစ္စာလေးပါးကို မသိနိုင်တဲ့ မောဟ အဝိဇ္ဇာ ရှိနေယင် သတ္တဝါတွေမှာ တဏှာ တောင့်တမှု ရှိလာပါမယ်။ လူ့စည်းစိမ် တောင့်တ၊ နတ်စည်းစိမ် တောင့်တ၊ အမျိုးမျိုးတောင့်တတဲ့ တဏှာ ရှိလာမယ်။ ဒီတဏှာကလဲ ဒုက္ခသစ္စာကို မသိသေးတဲ့ ကာလပတ်လုံး ရှိနေမှာပါ။ တောင့်တမှု တဏှာရှိနေယင် ဥပါဒါန်တွေလဲ ဖြစ်လာပါမယ်လို့ ဒီလို သုံးပါးပဲ ဟောခဲ့ပါတယ်။ ဒါကြောင့်မို့ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့က ကိလေသဝဋ်ပါ။

**ကမ္မဝဋ်နှင့် ဝိပါကဝဋ်**

ကမ္မဘဝကို အင်္ဂါ ၁၂ ပါးထဲမှာ အတိတ်အကြောင်းနဲ့ ဆိုယင် သင်္ခါရလို့ ခေါ်ပါတယ်။ ပစ္စုပ္ပန်အကြောင်းနဲ့ဆိုယင် ကမ္မဘဝလို့ ခေါ်ပါတယ်။ သင်္ခါရလို့ပဲခေါ်ခေါ်၊ ကမ္မဘဝလို့ပဲ ခေါ်ခေါ် ပြုလုပ်ကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံ စေတနာပါပဲ။ ဒီလိုကံတွေ လုပ်တာကို ကမ္မဝဋ်လို့ ဆိုပါတယ်။

ဥပါဒါန် အယူ အစွဲအလမ်းနဲ့ တခုခုဖြစ်ချင်တယ်ဆိုတဲ့ တောင့်တမှု ရှိလာတဲ့အခါ နတ်ဖြစ်ချင်တဲ့သူကလဲ နတ်ဖြစ်မယ့်လမ်းကို လုပ်တယ်၊ ဗြဟ္မာဖြစ်ချင်သူကလဲ ဗြဟ္မာဖြစ်တဲ့လမ်းကို လုပ်တယ်၊ ကောင်းတာပဲ ဖြစ်ဖြစ်၊ မကောင်းတာပဲ ဖြစ်ဖြစ် ကိုယ်ဖြစ်ချင်တာကို ကိုယ်လုပ်ကြတာ ပါပဲ။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် ရှိယင် သင်္ခါရ ကမ္မဘဝဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေ လုပ်ကြပါတယ်။ ကိလေသဝဋ် ရှိနေသေးသရွေ့ ကမ္မဝဋ်က ရှိနေတော့တာပါပဲ။

ကမ္မဝဋ်ကို လုပ်တယ်ဆိုယင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ ဇာတိ ဇရာ မရဏ ဖြစ်တာပါပဲ။ ဇာတိ ဇရာ မရဏနဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာက အတူတူပါပဲ။ သို့ပေမယ့် အင်္ဂါ ၁၂ ပါးကို ဝဋ်သုံးပါးနဲ့ ခွဲတဲ့အခါမှာ ဝိညာဏ်

နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ခုနစ်ခုလုံး ထည့်မှ အင်္ဂါ ၁၂ ပါး ပြည့်မှာမို့ ထည့်ရတာပါ။ အဲဒီလို ဖြစ်လာတဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ ဟာ ဝိပါကဝဋ်ပါပဲ။

သံသာရ ဝဋ္ဋ ဒုက္ခတော—သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရပါလို၏လို့ လူတိုင်းပဲ ငယ်ငယ်ကတည်းက ဆိုပြီး လာခဲ့ကြပါတယ်။ ဝဋ်လိုက်သတ်တယ်လို့လဲ ဗမာတွေ အများကြီး ပြောကြပါတယ်။ သူ့ အသက်သတ်ယင် အဖန်ငါးရာ ငါးကမ္ဘာ အသက်ခံရတယ်ဆိုပြီး ဟုတ်တာ မဟုတ်တာ အပထား၊ ပြောတော့ ပြောတတ်ကြပါတယ်။ ဒါကြောင့် အကုသိုလ်လုပ်တိုင်း ဝဋ်လိုက်သလားလို့ မေးတဲ့အခါ "အဘိဓမ္မာနဲ့ ပြောရယင် ဘယ်အကုသိုလ်ကံပဲဖြစ်ဖြစ်၊ အကျိုးပေးခွင့် ရယင် ဘယ်ဘဝမျိုးမှာပဲ ဖြစ်ဖြစ် လိုက်ပြီး အကျိုးပေးမှာပါ။ အကျိုးပေးခွင့်မရအောင် ကောင်းတာတွေချည်း လုပ်နေယင်တော့ အကုသိုလ်က အကျိုးမပေးနိုင်ပါဘူး။ ဥပမာ—ရာထူးကြီးကြီးရှိတဲ့သူကို သတ်မယ့်သူက နောက်က လိုက်နေသော်လည်း အစောင့်အရှောက် လုံခြုံရေးတွေ ချထားတဲ့အတွက် အသက်မခံရသလို ကုသိုလ်ကောင်းမှုဆိုတဲ့ လုံခြုံရေးတွေ ချထားယင် အသက်မခံရတော့ပါ" လို့ ဖြေလိုက်ပါတယ်။ ရဟန္တာတို့မှာ ဝဋ်က ဆုံးနေတော့ ဘယ်ကံကမှ မလိုက်နိုင်တော့ပါ။

**အရေးကြီးတာက ကိလေသာ**

ဝဋ်သုံးပါးမှာ-ကိလေသဝဋ်က အဝိဇ္ဇာ တဏှာ ဥပါဒါန်၊
ကမ္မဝဋ်က သင်္ခါရ ကမ္မဘဝ၊
ဝိပါကဝဋ်က ဝိညာဏ် နာမ်ရုပ် သဠာယတန
ဖဿ ဝေဒနာ ဇာတိ ဇရာ မရဏ။

ဝဋ် ၃ ပါးကို ကြည့်တဲ့အခါမှာ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ပါတယ်။ ဒီဝဋ်သုံးပါးကို ရှင်းရှင်း နားလည်သွားယင် ဗုဒ္ဓဘာသာတရားရဲ့ လိုရင်း အကျဉ်းချုပ်ကို ခန့်မှန်းနိုင်ပါတယ်။ ဗုဒ္ဓတရားမှာ ကမ္မဝဋ်ဆိုတဲ့ အကုသိုလ်ကံ ကုသိုလ်ကံကို ပယ်ဖို့ အရေးကြီးသလား၊ ကိလေသာကို ပယ်ဖို့ အရေးကြီးသလား။ ပဋိစ္စသမုပ္ပါဒ် တရားတော်အရက ကိလေသာကို ပယ်ဖို့

ပါပဲ။ ကိလေသာမရှိယင် ကမ္မဝဋ် မရှိနိုင်ပါ။ ကိလေသာရှိနေယင် ကံတွေ လုပ်နေမှာပါပဲ။ ဒါကြောင့် ကိလေသာမရှိဖို့က ပိုပြီး အရေးကြီးပါတယ်။

ဘုရားရှင် သက်တော်ထင်ရှားရှိနေတဲ့ အချိန်မှာပဲ ကံတွေ ကုန်သွားယင် နိဗ္ဗာန်ရမယ်ဆိုပြီး ကုသိုလ်ကံလဲ မလုပ်၊ အကုသိုလ်ကံလဲ မလုပ်တဲ့ အယူဝါဒရှိတဲ့သူတွေ ပေါ်ခဲ့တယ်။ ကံမလုပ်ပဲ နေရုံနဲ့လဲ ကံက မကုန်နိုင်ပါ။ ကိလေသာကို ပယ်နိုင်တဲ့ ကိလေသာ ကုန်ရာ ကုန်ကြောင်းဖြစ်တဲ့ ကုသိုလ်ကို လုပ်မှ ကံကုန်မှာပါ။ ကုသိုလ်လဲ မလုပ်၊ အကုသိုလ်လဲ မလုပ်ရုံနဲ့ကတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ပါ။ ဗုဒ္ဓဘာသာတရားက ကံကိုပယ်တဲ့ ဝါဒမဟုတ်ပါ။

ပဋိစ္စသမုပ္ပါဒ်မှာ သင်္ခါရဆိုတာက လောကီကုသိုလ်ကံ အကုသိုလ်ကံ ပါပဲ။ ပဋိစ္စသမုပ္ပါဒ်ကို တကယ် သဘောပေါက်သူတို့က ဒါနကုသိုလ် သီလကုသိုလ် ဈာန်ကုသိုလ်တွေ လုပ်ယင် (သင်္ခါရပစ္စယာ ဝိညာဏံ) ပြန်ပြီး သံသရာလည်မှာ ကြောက်လို့ ဘဝတဏှာ မပါရအောင် ဘယ်ဘဝကိုမှ ဆုမတောင်းကြပါ။ အရေးကြီးတာက ဘဝတဏှာ ကိလေသာမရှိယင် ကံက အကျိုးမပေးပါ။ ဘုရား ရဟန္တာများမှာ ကုသိုလ်ကို အများဆုံးလုပ်ပါတယ်။ ဘုရားရှင်မှာ ၄၅ ဝါပတ်လုံး ဒအများအကျိုး၊ ကမ္ဘာသူ ကမ္ဘာသား အကျိုးတွေ အများဆုံး လုပ်ခဲ့ပါတယ်။ ဒီလို လုပ်ခဲ့တဲ့ ဘုရားနဲ့ ရဟန္တာတွေရဲ့ ပြုသမျှကံတွေမှာ ကိလေသာ မရှိတော့တဲ့အတွက် အကျိုး မပေးတော့ပါ။ ကိလေသာ ရှိနေသေးသူများအဖို့မှာတော့ ကံက အကျိုးပေးအုံးမှာပါပဲ။

ဗုဒ္ဓဝါဒက ကံကိုပယ်ဖို့ မဟုတ်ပါ။ ဘာကိုပဲဖြင့်ဖြစ် တခုခုဖြစ်ချင်လို့ လုပ်နေကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံတွေရဲ့ အကြောင်းရင်းမှာ ကိလေသာကသာ အရင်းခံပါပဲ။ ဒါကြောင့် အဋ္ဌကထာဆရာများက ဗုဒ္ဓဝါဒဟာ ခြင်္သေ့နဲ့ တူပါတယ်။ ခြင်္သေ့ဟာ ရန်သူက ပစ်လိုက်ယင် ရန်သူပစ်လိုက်တဲ့ လက်နက်တွေ ကျည်ဆန်တွေကို လိုက်ပြီး ခုခံတာမဟုတ်ပဲ လက်နက် ဘယ်နေရာက လာသလဲဆိုတာကို အကဲခတ်ပြီး အရင်းခံကျတဲ့ လက်နက်လာတဲ့နေရာကို ပြေးပြီး လိုက်ပါ

တယ်။ ခွေးများကတော့ ဒီလိုမဟုတ်ပဲ ပစ်လိုက်တဲ့ လက်နက်ကိုပဲ လိုက်ပြီး ကိုက်ပါတယ်တဲ့။ ဒီလို ဉပမာပေးပါတယ်။ ဒါကြောင့် ဗုဒ္ဓဝါဒဟာ အရင်းခံကျတဲ့ ကိလေသာကို ပယ်တဲ့ဝါဒ ဖြစ်ပါတယ်။

**ဝဋ်သုံးပါးနဲ့ သံသရာလည်ကြတယ်**

ပဋိစ္စသမုပ္ပါဒ်ကို သင်တဲ့အခါမှာ သံသရာလည်ပုံက ဝဋ်သုံးပါးနဲ့ လည်တာမှာ ပိုပြီး ရှင်းပါတယ်။ သံသရာလည်တဲ့အခါမှာ ကိလေသ ဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ပါတယ်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ပါ တယ်။ ဝိပါကဝဋ် ဆိုတာက 'ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ'တွေ ဖြစ်တာပါ။ ဝေဒနာသာ ဖြင်ယင် တဏှာ ဖြစ်လာပါ တယ်။ တဏှာ ဖြစ်လာပြန်ယင်လဲ အဝိဇ္ဇာ ပါလာပါတယ်။ အဝိဇ္ဇာနဲ့ တဏှာက ကိလေသဝဋ်ပါ။ ဒါက ဝိပါကဝဋ်ကြောင့် ကိလေသဝဋ် ဖြစ်လာတာပါ။ အကျိုးတရားကြောင့် အကြောင်းတရားက ပြန် ပြန် လာတာပါ။ ဝိပါကဝဋ်က တခါ ကိလေသဝဋ်ကို ပြန်လည်သွား တာပါ။ ပဋိစ္စသမုပ္ပါဒ်ကို မသိသေးသမျှ ကာလပတ်လုံး သံသရာက ထွက်မြောက်တဲ့ လမ်းကို မသိနိုင်ပါ။ မြတ်စွာဘုရားဟာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတို့ ကာလပတ်လုံး သံသရာက ထွက်မြောက်ကြောင်း လမ်းကို ရှာတာမှာ သတ္တဝါတွေကို ကယ်တင်ဖို့ ဆိုပြီးတော့ အသား အသွေး အသက်တွေ ပေးပြီး ဒါန သီလ ဘာဝနာ လုပ်ရေးတွေ အားလုံး အကုန်လုံးပဲ လုပ်ခဲ့ပါတယ်။ ဒီလို လုပ်ပေမယ့် အဝိဇ္ဇာ တဏှာနဲ့ လုပ်နေတော့ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်တွေနဲ့ပဲ တခါတည်း လည်နေပါတယ်။ နောက်ဆုံး ဘုရားဖြစ်တဲ့အခါမှ 'ဂဟ ကာရက ဒိဋ္ဌောသိ=သတ္တဝါဆိုတဲ့ ခန္ဓာကိုယ်ကို တည်ဆောက်နေတဲ့ ကိလေသဝဋ်ဆိုတဲ့ တဏှာယောကျ်ား လက်သမား၊ သင့်ကို ငါ မြင်ပြီ'တဲ့။ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ရန်သူကို လိုက်ရှာနေတာမှာ ရန်သူကို တွေ့လိုက်တော့ ဝမ်းသာအားရ ဉဒါန်းကျူးတာပါ။ ဒီ ဂါထာနဲ့ပဲ ယခုအခါမှာတော့ ဘုရားအနေကဇာ တင်နေကြတာ ပါပဲ။

ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ဆိုတဲ့ အဝိဇ္ဇာတဏှာ ပြန်ဖြစ် မှာပဲ။ ကိလေသဝဋ်ဆိုတဲ့ အဝိဇ္ဇာတဏှာဖြစ်ယင် ကမ္မဝဋ် ဖြစ်မှာပါ။

ကမ္မဝဋ်ဖြစ်ယင် ဝိပါကဝဋ် ပြန်ဖြစ်မှာပါ။ ဒီလို လည်နေတာကို သိယင် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့ နိဗ္ဗာန်ကို အနုမာနနည်းနဲ့ အာရုံပြုနိုင်ပါတယ်။

**ကိလေသဝဋ်က ထပ်ဖြစ်နေမှာပါ**

ပဋိလုံ ဘဝ ဘုံ သတ္တဝါ ဆိုတဲ့ ပညတ်တွေနဲ့ စဉ်းစားနေယင်တော့ နိဗ္ဗာန်က မမြင်နိုင်ပါ။ ဝဋ်သုံးပါးနှင့် လည်ကြည့်ယင်တော့ နိဗ္ဗာန်ကို မမြင်နိုင်စရာအကြောင်း ဘာမှ မရှိပါ။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်တယ်၊ ကမ္မဝဋ် ဖြစ်ယင် ဝိပါကဝဋ် ဖြစ်မှာပါပဲ။ ဝိပါကဝဋ် ရှိနေယင် ပဋိစ္စသမုပ္ပါဒ်ကို မသိသေးသမျှ ကိလေသဝဋ် ထပ်ဖြစ်မှာပါ။ တရားအားထုတ်ပုံ လုပ်နည်းလုပ်ဟန် မမှန်ယင်တော့ ကိလေသဝဋ်က ထပ် ထပ် ဖြစ်နေမှာပါပဲ။

ဥပမာအားဖြင့် အသညသတ် ဗြဟ္မာတွေဟာ ဝဋ်သုံးပါးက လွတ်မြောက်အောင် လုပ်တာပါပဲ။ သူတို့လုပ်တာက 'နာမ်တရား ရှိနေလို့သာ ဒုက္ခဖြစ်နေတာ၊ ဆင်းရဲနေတာ၊ ရုပ်တရားချည်း ရှိနေယင် ဆင်းရဲတာလဲ မသိ၊ ချမ်းသာတာလဲ မသိ၊ ဘာမှ မသိတော့ နိဗ္ဗာန်ပဲ' ဆိုပြီး ကျင့်ကြလို့ အသညသတ်ဘုံကို ရောက်သွားကြပါတယ်။ အရူပဘုံက အရူပဗြဟ္မာတွေမှာလဲ 'ရုပ်တရားဟာ ဒုက္ခပဲ၊ ရုပ်ရှိနေလို့ အစားရှာရ အဝတ်ရှာရ နေစရာရှာရ၊ နာမ်တရားချည်းသာဆိုယင် ဘာမှ လုပ်စရာမရှိလို့ ငြိမ်းချမ်းမှာပဲ' ဆိုပြီး သူတို့အယူအဆက လမ်းမမှန်တော့ အရူပဘုံမှာ ကမ္ဘာပေါင်း ၈၄၀၀၀ ကြာသွားပါတယ်။ သူတို့ အဖို့ သံသရာမှာ အင်မတန်ကြီး ကြာသွားပါတယ်။ သူတို့လုပ်တာကတော့ ဝဋ်ဆင်းရဲမှ လွတ်အောင် လုပ်တာပါပဲ။ ဒါပေမယ့် အမှန်အတိုင်း ဒုက္ခသစ္စာကို မသိတော့ လမ်းချော်သွားပြီး ကမ္ဘာပေါင်း ၈၄၀၀၀ ကြာသွားပါတယ်။

သံသရာက ထွက်မြောက်ရအောင် ဘုရားရှင်က နိဒါနဝဂ္ဂ သံယုတ် ပါဠိတော်မှာ ဒုတိယပိုင်း ပဋိစ္စသမုပ္ပါဒ်ကို နည်းအမျိုးမျိုးနဲ့ ဟောခဲ့ပါတယ်။ ဥပမာအားဖြင့် ရူပါရုံနဲ့ စက္ခုပသာဒ တိုက်ဆိုင်တဲ့ အခါ ဖဿဖြစ်တယ်၊ ဖဿဖြစ်တော့ ဝေဒနာဖြစ်မယ်၊ ဝေဒနာ ဖြစ်

တော့ တဏှာ ဖြစ်ယ်မ၊ ဒီဝေဒနာ ခံစားမှုကနေပြီး ကိလေသာ တဏှာ မဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ဟောခဲ့ပါတယ်။

အဝိဇ္ဇာ ရှင်းရှင်းကွာသွားမှ

အဝိဇ္ဇာဆိုတဲ့ မသိမှုကိုတော့ ၄ မျိုး သင်ခဲ့ပါတယ်။ အဝိဇ္ဇာ မသိနည်းကလဲ အမျိုးမျိုးရှိတော့ ၃၁ ဘုံက လွတ်မြောက်တယ် ဆိုတာက ၃၁ ဘုံမှာ လူအဖြစ် နတ်အဖြစ် ဗြဟ္မာအဖြစ် ဘယ်လောက်ပဲ ချမ်းသာတဲ့ ဘဝမျိုးမှာပဲဖြင့်ဖြစ် အဲဒီအဖြစ်တွေ အားလုံးဟာလဲ ဒုက္ခ ချည်းပါလားလို့ ဒုက္ခသစ္စာကို သိမှ အဝိဇ္ဇာက ရှင်းရှင်းကြီး ကွာ သွားမှာပါ။

အဝိဇ္ဇာ မရှိယင် ဓမ္မစကြာမှာ ဘုရားရှင် ဟောကြားထားခဲ့တဲ့ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ဆိုတာလဲ မရှိတော့ပါ။ တဏှာ တော မရှိယင် ဥပါဒါန်ဆိုတဲ့ အယူဝါဒ အစွဲအလမ်းတွေလဲ မရှိ နိုင်တော့ပါ။ နောက်ဆုံး မိမိခန္ဓာကိုယ်ကို 'အတ္တ' ငါလို့ ထင်နေတဲ့ အထင်လဲ မရှိတော့ပါ။ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဒီသုံးမျိုး မရှိခဲ့ ယင် ကိလေသဝဋ် မရှိတော့ပါ။ ကိလေသဝဋ် မရှိယင် နိဗ္ဗာန်ကို အလိုလို ရနေတာပါပဲ။

နိဗ္ဗာန်ဆိုတာ ယခုဘဝရဖို့ အရေးကြီး

နိဗ္ဗာန်က နတ်ပြည်ကို ရောက်သွားတာလဲ မဟုတ်၊ ဗြဟ္မာ့ပြည်ကို ရောက်သွားတာလဲ မဟုတ်၊ နိဗ္ဗာန်က အမြဲတမ်း ရှိနေတာပါ။ အဝိဇ္ဇာ တဏှာ ဥပါဒါန်မရှိယင် နိဗ္ဗာန်က ရနေတာပါ။ ယခုဘဝမှာပဲ ရနိုင် တာပါ။ ဒီ အဝိဇ္ဇာ တဏှာ ဥပါဒါန်တွေ မရှိယင် ဘယ်လောက် အေးမလဲ၊ ချမ်းသာမလဲဆိုတာ ကိုယ့်ဘာသာကိုယ် အာရုံ ပြုကြည့် စမ်းပါ။

ဘာကိလေသာမှ မရှိတော့တဲ့ ပုဂ္ဂိုလ်တယောက်ကို ဘယ်သူက ဘာတွေ ပြောပြော ဘယ်စိတ်ဆိုးတော့မှာလဲ။ ဘာတွေပေးပေး ဘယ် ယူချင်တော့မှာလဲ။ ရွှေတွေပုံပေး၊ စိန်တွေပုံပေး၊ တိုက်တွေ ဆောက် ပေး၊ ဘယ်ယူချင်တော့မှာလဲ။ ကိလေသာ မရှိတဲ့အခါ ဖြစ်ပေါ်လာ မယ့် အေးငြိမ်းတဲ့ခံစားကို အာရုံပြုကြည့်ပါ။ အေးငြိမ်းတဲ့ နိဗ္ဗာနခံစား

ဆိုတာက အလွန်စင်ကြယ်တဲ့ စိတ်က အင်မတန် အေးငြိမ်းတဲ့ နိဗ္ဗာန ဓာတ်ကို အာရုံပြုလို့ ရပါတယ်။ အရိယာ ပုဂ္ဂိုလ်တွေဟာ အင်မတန် အေးငြိမ်းတဲ့ နိဗ္ဗာနဓာတ်ကိုပဲ အာရုံပြုကြတာပါ။ ပုထုဇဉ်တွေမှာလဲ ယခုလောက် သဘောပေါက်အောင် ပြောယင် ဒီ အေးငြိမ်းတဲ့ နိဗ္ဗာန်ကို အနုမာနအားဖြင့် အာရုံပြုနိုင်ပါတယ်လို့ အဋ္ဌကထာဆရာများက ဆိုကြပါတယ်။ နိဗ္ဗာန်ကို ပစ္စက္ခအားဖြင့်သာ ပုထုဇဉ်တွေက အာရုံမပြုနိုင်တာပါ။ ယခုလို ပြောတဲ့အခါမှာ နိဗ္ဗာန်ဟာဖြင့် ဘယ်လိုနေမှာပဲလို့ အနုမာနအားဖြင့် သိနိုင်ပါတယ်။ ပုဂ္ဂိုလ် သတ္တဝါ ဘုံ ဘဝတွေ အသာဖယ်ထားပြီး ကိလေသာတွေ မရှိတော့ယင် ဘယ်လောက် အေးချမ်းလိုက်မလဲလို့ မှန်းဆပြီး သိနိုင်ပါတယ်။

အဝိဇ္ဇာ တဏှာ ဥပါဒါန် မရှိယင် ဒီဘဝမှာ နိဗ္ဗာန်ရမှာပါ။ နိဗ္ဗာန်ကို အာရုံအားဖြင့် မှန်းဆနိုင်သူကတော့ ပုဂ္ဂိုလ် သတ္တဝါ ဘုံ ဘဝတွေ သူ့စိတ်မှာ မရှိပဲ ဒီဘဝမှာ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဆိုတဲ့ ကိလေသာတွေ ကုန်ယင် အေးမှာပဲလို့ ဒီလိုပဲ နိဗ္ဗာန်ကို မှန်းဆ သိနေတာပါ။

**နောက်ဘဝကျမှ နိဗ္ဗာန်ရချင်သလား**

နောက်ဘဝမှာ နိဗ္ဗာန်ရရေး ဆိုပြန်တော့ ဘဝတဏှာ ဖြစ်သွားလို့ အဝိဇ္ဇာပစ္စယာ သင်္ခါရ ဆိုတဲ့ ကံထဲ ဝင်သွားဦး မှာပါ။ ဒါကြောင့် နောက်ဘဝအတွက်မဟုတ်ပဲ ယခုဘဝမှာပဲ ကိလေသာ ကုန်ရေးကို လုပ်ရမှာပါ။ ယခုဘဝမှာ ကိလေသာကုန်သွားယင် ယခု ဘဝမှာပဲ နိဗ္ဗာန်ရမှာပါ။

အဲဒီ နိဗ္ဗာန်ကို ဘုရားရှင်က 'သဉပါဒိသေသ'နိဗ္ဗာန်လို့ ဟော ခဲ့ပါတယ်။ သဉပါဒိသေသ နိဗ္ဗာန်ဆိုတာက ခန္ဓာတော့ ရှိပါတယ်။ သို့ပေမယ့် ဒီခန္ဓာ ရှိရက်နဲ့ပဲ နိဗ္ဗာန်ကို ရနိုင်တယ်။ နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်တဲ့။ လူအများစုကတော့ "နိဗ္ဗာန် မဂ် ဖိုလ် ဘဝ တိုတိုနဲ့ ရောက်ရပါလို၏"လို့ နောက်ဘဝတွေမှာ နိဗ္ဗာန်ဖို့ပဲ ဆု တောင်းကြပါတယ်။ ဒီလူစုက ဒီဘဝမှာ နိဗ္ဗာန်ရနိုင်တာကို မသိတဲ့ အပြင် နိဗ္ဗာန်ဆိုတာကိုလဲ သဘောမပေါက်ကြပါ။ သားသမီး စည်းစိမ်ဥစ္စာနဲ့ နေယင်း နိဗ္ဗာန်ရနိုင်တယ်ဆိုယင် ပိုပြီး မကောင်းဘူးလား။

သားသမီး စည်းစိမ်နဲ့ အတူနေယင်း ရတဲ့နိဗ္ဗာန်က ပိုပြီး လက်တွေ့ကျတယ် မဟုတ်လား။ ဒီလိုရနိုင်တဲ့ ထင်ရှားတဲ့ သာဓကက အချို့သောတာပန်များဟာ သားသမီး စည်းစိမ်ဥစ္စာတွေနဲ့ပဲ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ် မဟုတ်လား။ သောတာပန် နိဗ္ဗာန်မျက်မှောက်ပြုတယ် ဆိုတာကလဲ သောတာပန်ဟာ ဒီဘဝမှာ နိဗ္ဗာန်ရတယ်လို့ ဆိုတာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ သောတာပန်မှာ အပါယ်ကျစေနိုင်သည့် အဝိဇ္ဇာ တဏှာ ဉပါဒါန် ဆိုတဲ့ ကိလေသဝဋ္ဋ အားလုံးကို ပယ်လိုက်ပါပြီ။ ဒီ ကိလေသဝဋ္ဋ မရှိယင် အပါယ်ကျနိုင်တဲ့ကံတွေ မရှိတော့ပါ။ ဒီကံတွေ မရှိတော့ယင် အပါယ်သံသရာမှ လွတ်သွားပါပြီ။ အပါယ်ရုပ်နာမ် ခန္ဓာတွေ ငြိမ်းသွားပါပြီ။ ဒါက သောတာပန် မျက်မှောက်ပြုတဲ့ ရတဲ့ နိဗ္ဗာန်ပါပဲ။

**ပဋိစ္စသမုပ္ပါဒ်သိမှ တရားသိ**

ပဋိစ္စသမုပ္ပါဒ်ကို ဒီနေ့ အဆုံးသတ်ပါတော့မယ်။ ပြီးခဲ့တဲ့ အပတ်က ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋ သုံးပါးကို ပြောခဲ့ပါတယ်။ ပဋိစ္စသမုပ္ပါဒ် သံသရာလည်နည်းမှာ ဝဋ္ဋသုံးပါးနဲ့ လည်ပြယင် ပိုပြီး သိလွယ်ပါတယ်။ ကိလေသဝဋ္ဋ ဆိုတာက အဝိဇ္ဇာ တဏှာ ဉပါဒါန် သုံးပါးပါပဲ။ အဝိဇ္ဇာ တဏှာ ဉပါဒါန်ကြောင့် သခါရ ကမ္မဘဝခေါ်တဲ့ ကမ္မဝဋ္ဋ ကုသိုလ် အကုသိုလ်ကံတွေ လုပ်ကြပါတယ်။ ဒီ ကမ္မဝဋ္ဋ ကုသိုလ် အကုသိုလ်ကံတွေ လုပ်ကြခြင်းကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ ဝိပါကဝဋ္ဋတွေ ဖြစ်ကြပါတယ်။

ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တယ် ဆိုယင် တဏှာ ပြန်ဖြစ်တယ်။ တဏှာဖြစ်ယင် အဝိဇ္ဇာက ပါလာတယ်။ အဝိဇ္ဇာနဲ့ တဏှာ ပါလာယင် ဉပါဒါန် ပြန်ဖြစ်လာပါတယ်။ ဒီလို ကိလေသဝဋ္ဋ ပြန်ဖြစ်ယင် ကုသိုလ် အကုသိုလ်ကံတွေ လုပ်ကြတော့ ကမ္မဝဋ္ဋ ဖြစ်လာပြန်တယ်။ ကမ္မဝဋ္ဋကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဆိုတဲ့ ဝိပါကဝဋ္ဋတွေ ဖြစ်ပြန်တယ်။ ဒီလို

ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တယ်ဆိုတာ သတ္တဝါ ဖြစ်တာပါပဲ။ လူဖြစ်တာပါပဲ။ နတ်ဖြစ်တာပါပဲ။

"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ" ပဋိစ္စသမုပ္ပါဒ်ကို သိတဲ့သူသည် တရားသိတဲ့သူပါပဲတဲ့။ တရားသိတယ်ဆိုတာက ပဋိစ္စသမုပ္ပါဒ်မှာ ပုဂ္ဂိုလ် သတ္တဝါ ဘုံ ဘဝတွေ မပါပါ။ ဒါတွေ ပါနေယင်လဲ သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိတို့က လွတ်ကို မလွတ်နိုင်ပါ။ ဒီ ဒိဋ္ဌိတွေ လွတ်ဖို့ရန် ပဋိစ္စသမုပ္ပါဒ်ကို ဟောတာပါပဲ။ တရားချည်းပဲ ကြည့်မယ်ဆိုယင် အဝိဇ္ဇာ တဏှာ ဥပါဒါန်တွေရှိယင် ကံကို လုပ်မယ်၊ ကံတွေလုပ်ယင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်မယ်။ ဒီလို သံသရာလည်နေမှာပါ။ ဘယ်တော့မှ ဆုံးမှာ မဟုတ်ပါ။ ဘုရားရှင်ဟာ သံသရာက ထွက်မြောက်ကြောင်းတရားကို ရှာတာမှာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကြာခဲ့ပါတယ်။ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း လေ့လာပြီးမှ ဒီဉာဏ်မျိုး ပေါ်လာတာပါ။ ပုဂ္ဂိုလ် သတ္တဝါ ဘုံ ဘဝတွေ ဖယ်ပြီး ဆင်ခြင်တဲ့အခါမှာ ဒီ ဒိဋ္ဌိအမျိုးမျိုးက လွတ်သွားတာပါ။

## ဗုဒ္ဓဘာသာတရားရဲ့ အကျဉ်းချုပ်

ဗုဒ္ဓဘာသာတရားရဲ့ အကျဉ်းချုပ်ကို ပြောပါဆိုယင် ကိလေသာဝဋ်ဆိုတဲ့ ကိလေသာကို ပယ်ဖို့က လိုရင်းပါပဲ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ရှိယင် ကုသိုလ် အကုသိုလ်ကံတွေ လုပ်မယ်။ ဒီ ကုသိုလ်ကံ အကုသိုလ်ကံ မျိုးစေ့ရှိယင် အပင်အမျိုးမျိုး ပေါက်မှာပဲ၊ လူပင် ပေါက်မယ်၊ နတ်ပင် ပေါက်မယ်၊ ဗြဟ္မာပင် ပေါက်မယ်၊ တိရစ္ဆာန်ပင်တွေလဲ ပေါက်နေမယ်။ ကိလေသာက ရွှံ့ ညွန် ရေနဲ့ တူပါတယ်။ မျိုးစေ့က ကုသိုလ် အကုသိုလ်ကံနဲ့ တူပါတယ်။ ဘုရား ရဟန္တာတို့ရဲ့ ကုသိုလ်ကံတွေကိုတော့ အဘိဓမ္မာမှာ ကြိယာလို့ ခေါ်ပါတယ်။ နောက်ဘဝ ပဋိသန္ဓေ မပေးတော့တဲ့အတွက် ကြိယာလို့ ခေါ်တာပါ။ ပုထုဇဉ်မှာတော့ ကံတွေ လုပ်လေသမျှ ပဋိသန္ဓေအကျိုးကို ရနေမှာပါ။ အရေးကြီးတာကတော့ ကိလေသာဝဋ်ကို ပယ်ဖို့ပါပဲ။ ဒီဘဝမှာပဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဆိုတဲ့ ကိလေသာဝဋ် ကုန်သွားယင် ခန္ဓာငါးပါးရှိတဲ့ နိဗ္ဗာန်ကို ရနိုင်ပါတယ်။

## လိုချင်တာတွေ ကုန်ယင် ဒုက္ခတွေ ငြိမ်းမှာပါ

အဝိဇ္ဇာ တဏှာ ဥပါဒါန်မှာ ထင်ရှားဆုံးက တဏှာပါပဲ။ တဏှာဆိုတဲ့ တောင့်တမှု တွယ်တာမှု လိုချင်မှုတွေ ငြိမ်းသွားယင် ဒုက္ခအများကြီး ငြိမ်းသွားတာပါ။ ဆေးလိပ် သောက်တတ်တဲ့သူဟာ ဆေးလိပ် ဖြတ်ပစ်လိုက်ယင် ဆေးလိပ်ဒုက္ခ ငြိမ်းသွားတာပါပဲ။ မော်တော်ကား စီးချင်တဲ့ လောဘဟာ မော်တော်ကား စီးချင်တဲ့ စိတ်ကို ဖြတ်ပစ်လိုက်ယင် မော်တော်ကားဒုက္ခ ငြိမ်းသွားတာပါ။ လောကမှာ လိုချင်တာတွေ များသလောက် ဒုက္ခတွေ များပါတယ်။ လိုချင်တာတွေကို ဖျောက်ဖျက်ပစ်လိုက်ယင် ဒုက္ခအားလုံး အေးငြိမ်းသွားတာပါပဲ။

ဒီလို ဖြစ်ချင်နေတဲ့ တဏှာကလဲ အဝိဇ္ဇာက ဖုံးလွှမ်းပေးလို့ လူနတ် ဗြဟ္မာ ဖြစ်တာဟာ ချမ်းသာတယ်လို့ ထင်နေကြပါတယ်။ ချမ်းသာတယ်ဆိုတဲ့ ချမ်းသာကလေးကလဲ ရှိသင့်သလောက် ရှိတော့ အဲဒီ ချမ်းသာကလေးကိုပဲ တကယ့်ချမ်းသာလို့ ထင်နေကြတာပါ။ ဒုက္ခသစ္စာကို မမြင်နိုင်အောင် အဝိဇ္ဇာက ဖုံးလွှမ်းပေးတော့ အဲဒီ ချမ်းသာလေးကို တွယ်တာတပ်မက် တောင့်တပြီး ကံတွေ အမျိုးမျိုး လုပ်ကြတာပါပဲ။ တပ်မက်တဲ့ တဏှာမရှိယင် ဒီကံတွေ လုပ်ပေမယ့် ဒီကံက နောက်ဘဝ အကျိုးမပေးနိုင်တော့ပါ။ အဘိဓမ္မာမှာ ကိလေသာတွေ အများကြီးရှိပေမယ့် ဒီ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတဲ့ ကိလေသာ ၃ ပါး ငြိမ်းသွားယင် ဒီခန္ဓာငါးပါး ရှိနေပေမယ့် အလွန် အေးငြိမ်းတဲ့ နိဗ္ဗာန် ရောက်နေတာပါပဲ။

## အလှူမကျော်ကြီးနှင့် ဆရာတော်

အဝိဇ္ဇာ တဏှာ ကိလေသာ မရှိတော့တဲ့သူဟာ ဘာကိုပဲ ပေးပေး လိုချင်တော့မယ် မဟုတ်ပါ။ ဘာမှလဲ သိမ်းထားမယ် မဟုတ်တော့ပါ။ ဆရာ ခပ်ငယ်ငယ်တုန်းက ညောင်ရမ်း ဆရာတော်ထံမှာ စာသွားတက်ရပါတယ်။ ဆရာတော်က စာသင်သားတွေ မပျင်းအောင် ရယ်စရာ ပြောတတ်ပါတယ်။

ဘာပြောသလဲဆိုတော့ အလှူကြီးတခုဟာ အင်မတန် ချမ်းသာတဲ့ သူက လှူတဲ့ အလှူဖြစ်တော့ မဏ္ဍပ်ကြီးကလဲ အကြီးအကျယ် ထိုးထားတယ်။ ပင့်တဲ့ ဘုန်းကြီးတွေကလဲ တကယ့် ထိပ်ထိပ်ကြဲ၊ တံဆိပ်တော်ရဆရာတော်ကြီးတွေကို ပင့်ထားတယ်။ ဖိတ်ထားတဲ့ ပရိသတ်တွေကလဲ သဌေးကြီးတွေ၊ မင်းပရိသတ်တွေ များတယ်။ အဲဒီ မဏ္ဍပ်ကြီးထဲမှာ ပရိသတ်တွေကလဲ စုံ၊ သံဃာတော် အားလုံးလဲ စုံတဲ့အခါ ကိုယ်တော်ကြီးတပါးဟာ သင်္ကန်းကလဲ ခပ်စုတ်စုတ်နဲ့ မဏ္ဍပ်ရှေ့မှာ လာရပ်လိုက်ပြီး သံဃာ့စင်က သံဃာတော်တွေနဲ့ စုဝေးနေတဲ့ ပရိသတ်တွေကို တယောက်စီ သေသေချာချာ ကြည့်ပြီးတော့ "ဟောဒီ မဏ္ဍပ်ထဲမှာ သံဃာစင်ပေါ်က ဟိုထိပ်ကအကောင်ကစပြီး ဒီအထဲရှိတဲ့လူအားလုံးဟာ ပိုက်ဆံမလိုချင်တဲ့အကောင် တကောင်မှ မရှိဘူး" ဆိုပြီး ထွက်သွားပါသတဲ့။

## ဒုက္ခကို သိယင် နိဗ္ဗာန်ရတာပါပဲ

လိုချင်မှု တဏှာ ဘာမှ မရှိတော့လို့ ရဟန္တာဖြစ်သွားတယ်ဆိုတာက ဘာကိုပဲလှူလှူ၊ အလှူခံပေမယ့် သူ့မှာ လိုချင်မှု တောင့်တမှု ဘာမှ မရှိတော့ပါ။ သူလုပ်တဲ့ ကုသိုလ်တွေအတွက်လဲ လူဖြစ်ဖို့ နတ်ဖြစ်ဖို့ ဘယ်ဘဝကိုမှလဲ မလိုချင်တော့ပါ။ ဖြစ်ပေါ်မှုတွေ အားလုံးရဲ့ ဒုက္ခသစ္စာကို သိသွားတာပါပဲ။ "ယော ဒုက္ခံ ပဿတိ- သော သမုဒယံ- ပဿတိ" သစ္စာလေးပါးလို့ ဆိုသော်လဲ သစ္စာမှာ တပါးကို သိယင် လေးပါးလုံး သိသွားတာပါပဲ။ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိတာပါ။ သိတယ်ဆိုတာကလဲ ဉာဏ်ပါ။ မဂ္ဂင်ရှစ်ပါးမှာ သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်ပါပဲ။ ဒုက္ခသစ္စာကို သိတယ်လို့ ပြောတာကိုက မဂ္ဂသစ္စာက သိတာပါ။ သိတယ်ဆိုတာနဲ့ တပြိုင်နက် သမုဒယသစ္စာ "တွယ်တာတဲ့ တဏှာ" အကုန်လုံး ကွာကျသွားပါတယ်။ ၃၁ ဘုံမှာ ခန္ဓာငါးပါး၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ဖြစ်ယင် ဒုက္ခပဲလို့ သိတာနဲ့ တပြိုင်တည်း ဖြစ်ချင်တဲ့ ဘဝတဏှာ ကွာကျသွားပါတယ်။ နိရောဓသစ္စာဆိုတဲ့ ဒီတဏှာမရှိတဲ့ နေရာကိုလဲ မျက်မှောက်ပြုတာပါပဲ။ တဏှာမရှိယင် အေးငြိမ်းလှတဲ့ ဒုက္ခနိရောဓကို အာရုံပြုတာပါ။

**တဏှာကို ပယ်လိုက်ရမှာ စိုးရိမ်သလား**

ဒုက္ခရောက်နေကြတာက တဏှာရှိနေလို့ ဒုက္ခအထပ်ထပ် ရောက်နေကြတာပါ။ တဏှာမရှိယင် ဒုက္ခအေးပုံက ပမာအားဖြင့် သားဆိုး သမီးဆိုးတွေနဲ့ နေရသူတဦးဟာ သားဆိုးသမီးဆိုးတွေ တယောက်မှ မရှိတော့ပဲ အိမ်က ဆင်းသွားပြီ ဆိုတာနဲ့ သူ့အတွက် အေးငြိမ်းသွားသလိုပါပဲ။ လူတွေမှာ တဏှာကိုပဲ မိတ်ဆွေကောင်းကြီး လုပ်ပြီး လောကကြီးမှာ ကျင်လည်ခဲ့ကြတာပါ။ တဏှာကိုပဲ မခွဲနိုင် မခွာရက် ဆွဲထားချင်ကြပါတယ်။ တဏှာကို လုံးလုံး ပစ်လိုက်ရမှာကိုတောင် စိုးရိမ်နေကြပါတယ်။ လောကရေးရာနဲ့ ကြည့်ပြန်တော့လဲ တဏှာက မိတ်ဆွေကြီး ဖြစ်တဲ့နေရာမှာ ဖြစ်နေတာပါ။ ကိုယ့်အပေါ်သူက ကောင်းသလောက်လဲ ကောင်းနေခဲ့တာပါ။ ဒါပေမယ့် တကယ့် မဂ္ဂသစ္စာကို ရတော့မှ သူ့ရဲ့ လိမ်ပုံ ညာပုံ ဖြားယောင်းပုံတွေကို သိရတာပါ။

**လူဆိုတာ အယူဝါဒနဲ့ လာတာပါ**

ကမ္ဘာလောကမှာ ရှိရှိသမျှ လူတွေဟာ ဥစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ ဆိုတဲ့ ဒီ ဒိဋ္ဌိ နှစ်ခုပေါ်မှာပဲ မေးတင်နေကြပါတယ်။ အယူဝါဒ အမျိုးမျိုးနဲ့ ဘာသာတွေ ဘယ်လောက် များနေနေ၊ ဂိုဏ်းပေါင်း ဘယ်လောက် ကွဲနေနေ သူတို့ အယူဝါဒတွေကို အကျဉ်းချုံးလိုက်ယင် ဒီ ဒိဋ္ဌိ နှစ်ခုပဲ ဖြစ်တယ်။ သဿတဒိဋ္ဌိ ဖြစ်နေသူတွေကတော့ ဝိညာဏ်ဟာ မြဲနေတယ်။ ဘဝကနေပြီး တဘဝကို ပြောင်း ပြောင်းသွားနေတယ်။ နိဗ္ဗာန်ရတဲ့ ဘဝကျမှပဲ နိဗ္ဗာန်ကို ဝင်သွားတယ်လို့ ဒီလို ယူဆကြပါတယ်။ သေသွားတယ် ဆိုပေမယ့် ဘုန်းကြီးများကျတော့ နတ်ရွာစံတယ်၊ လူဆိုယင် ဘဝတပါး ပြောင်းသွားတယ်လို့ ဒီလိုပဲ ပြောနေ ရေးနေကြပါတယ်။ ဒီလို ဝိညာဏ်ဟာ မြဲတယ်၊ တဘဝက တဘဝကို ပြောင်းသွားနေတယ်လို့ ယူဆထားတာကတော့ သဿတဒိဋ္ဌိပါ။

ဒီလိုမှ မဟုတ်ယင်လဲ လူတွေဟာ သေပြီးယင် ပြတ်တယ်၊ လူဟာ မွေးတာအစ သေတာနောက်ဆုံးပဲ။ ဒီလို ယူဆသူတွေကတော့ ဥစ္ဆေဒဒိဋ္ဌိတွေပါ။ ကမ္ဘာပေါ်မှာရှိတဲ့ အယူဝါဒ အမျိုးမျိုးတွေဟာ ဒီ

ဂိုဏ်းကြီး ၂ ဂိုဏ်းမှ ကွဲသွားကြတာပါပဲ။ သဿတဒိဋ္ဌိတွေကတော့ ဒါန သီလ လုပ်ယင် ဒါန သီလ အကျိုးတွေ ရပါတယ်။ ဈာန်ထိအောင် လဲ ရနိုင်ပါတယ်။ ဒါပေမယ့် မဂ် ဖိုလ် နိဗ္ဗာန် ရချင်တယ် ဆိုယင် တော့ သဿတအယူနဲ့ မရနိုင်ပါ။ ဒီလို ယူဆထားတဲ့ အယူနဲ့တော့ ဝိပဿနာကို တက်လို့မရနိုင်ပါ။

## တရားပေါ်မှာတည်တဲ့ ဉာဏ်

ပဋိစ္စသမုပ္ပါဒ်ကို သိရမယ်ဆိုတာက ဝိပဿနာနဲ့ ကြည့်ယင် တရားပေါ်မှာတည်တဲ့ ဉာဏ်ဆိုတဲ့ ဓမ္မဋ္ဌိတိဉာဏ်ပါ။ ပုဂ္ဂိုလ် ဘုံ ဘဝတွေ မြင်နေယင် တရားကို မမြင်နိုင်ပါ။ ဓမ္မဋ္ဌိတိဉာဏ် ဆိုတာက တရား ပေါ်မှာ မှီပြီး တည်ပြီး မြင်တဲ့ဉာဏ်ပါ။ ဘယ်လို မြင်လာသလဲ ဆိုယင် ကုသိုလ်ကံ အကုသိုလ်ကံ သင်္ခါရ ဘာကြောင့်ဖြစ်သလဲ၊ အဝိဇ္ဇာ ကြောင့် ဖြစ်တယ်။ သင်္ခါရ ဖြစ်လို့ ဝိညာဏ် ဖြစ်လာတယ်၊ ဝိညာဏ် ဖြစ်လို့ နာမ် ရုပ် ဖြစ်လာတယ်၊ နာမ် ရုပ် ဖြစ်လာလို့ သဠာယတန ဖြစ်တယ်၊ သဠာယတနကြောင့် ဖဿ ဖြစ်တယ်၊ ဖဿကြောင့် ဝေဒနာ ဖြစ်တယ်လို့ ဒီလို တရားတွေပေါ်မှာ မှီပြီး သိရမှာပါ။

ငါ ကုသိုလ်လုပ်လို့ ငါ လူ့ပြည်ရောက်တယ်၊ ငါ ကုသိုလ် လုပ်လို့ နတ်ပြည်ရောက်တယ်၊ ငါ ဘာလုပ်လို့ ငါ ဘာဖြစ်တယ်လို့ ဒီလို ငါတွေ ဘုံ ဘဝ ပုဂ္ဂိုလ်တွေကို မမြင်ရပါ။ မြင်ရမှာက ဒီဘဝမှာ ရုပ် နာမ် ဖြစ်တာ ဘာကြောင့်လဲ။ အဝိဇ္ဇာ သင်္ခါရကြောင့်ပဲ။ ဒီဘဝက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ အကြောင်းတရားတွေကြောင့် နောက် ဘဝမှာ ဇာတိ ဇရာ မရဏ ဖြစ်တယ်။ ဒီလို တရားပေါ်မှာချည်းပဲ မြင်နေတဲ့ ဉာဏ်မျိုးဟာ ဓမ္မဋ္ဌိတိဉာဏ်ပါ။ တရားကို မြင်ယင် ဒိဋ္ဌိ မရှိ တော့ပါ။

## ကံခန်းနှင့် ဓမ္မဋ္ဌိတိဉာဏ်

အဝိဇ္ဇာ သင်္ခါရက အကြောင်း၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာက အကျိုးပါ။ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တယ်လို့ သိတာက တရားချည်း သက်သက် သိတဲ့ ဓမ္မဋ္ဌိတိဉာဏ်ပါ။ လူတွေ အများနားလည်ရအောင်

ကံခန်းနဲ့ ပြောရယင်ဖြင့် ကာမာဝစရ ကုသိုလ်ကံလုပ်ယင် လူဖြစ်မယ်၊ နတ်ဖြစ်မယ်၊ မဟဂ္ဂုတ် ကုသိုလ်ကံလုပ်ယင် ဗြဟ္မာဖြစ်မယ်၊ အကုသိုလ်ကံ လုပ်ယင် အပါယ်လေးဘုံမှာ သတ္တဝါတွေဖြစ်မယ်၊ ကံခန်းက ဟောနည်း ပြောနည်း ကံခန်းက အတွေးအခေါ်နဲ့ တွေးခေါ်သလို တွေးခေါ်နေယင်တော့ ဓမ္မဋ္ဌိတိဉာဏ် မဖြစ်နိုင်သေးပါ။

ကံခန်းမှာတော့ ဘုံတွေ ဘဝတွေကို စွဲစွဲမြဲမြဲ ယုံကြည်ထားရပါတယ်။ ဒီဘုံဘဝတွေကို စွဲစွဲမြဲမြဲ ယုံကြည်မှလဲ ရှိသမျှ ချွေးနဲ့စာနဲ့ ဒါနလုပ်နိုင်မယ်၊ သီလ ဆောက်တည်နိုင်မယ်။ ဒီ ဒါန သီလတွေ လုပ်ထားယင် သေတဲ့အခါမှာ ကောင်းရာသုဂတိ ရောက်မယ်ဆိုပြီး စွဲစွဲမြဲမြဲပဲ ယုံကြည်ထားရပါတယ်။ ဒါတွေက မမှန်ဘူးလားဆိုတော့ မှန်ပါတယ်။ ကောင်းတဲ့ဘဝတွေမှာ ကုသိုလ်ကံတွေ လုပ်ခဲ့လို့ ခု ကောင်းတဲ့ ဘဝမှာ ဘုရားရှင်ရဲ့ တရားနဲ့ ကြုံကြိုက်နေရတာပါ။

## မဂ်ဖိုလ် ရချင်တယ်ဆိုဘဲ့အခါ

သို့သော် ဒီလိုချည်း မနေလိုလို့၊ ဘုရားပွင့်တဲ့အချိန်နဲ့ ကြုံကြိုက်လို့၊ ဘုရားရှင် တရားတော်တွေကို နာရ ကြားရလို့ မဂ်ဖိုလ်ရချင်တယ်ဆိုတဲ့အခါမှာ ဒီ သမုတိသစ္စာ ကံခန်းမှ ပရမတ္ထသစ္စာ ဝိပဿနာသို့ ပြောင်းသွားရမှာပါ။ ''ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ ဘုံ ဘဝ ဆိုတာ ပညတ်တွေပဲ။ တကယ့် ပရမတ္ထအားဖြင့် အဝိဇ္ဇာ သင်္ခါရ ကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်တာပဲ။ သတ္တဝါ ဆိုတာကလဲ အတုံးအခဲကြီးလို မြင်နေရပေမယ့် တကယ်ဆိုတော့ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်ပေါ်လာတယ်။ နာမ် ရုပ် ရှိနေလို့ သဠာယတန ဖြစ်ပေါ်လာတယ်။ သဠာယတန ရှိနေလို့ ဖဿ ဖြစ်ပေါ်လာတယ်။ ဖဿ ရှိလို့ ဝေဒနာတွေ ဖြစ်ပေါ်လာတယ်။ ဒါကိုပဲ 'လူ' လို့ ထင်နေကြတာပါလား၊ ဒါကိုပဲ သတ္တဝါလို့ ထင်နေကြတာပါလား၊ တကယ်ကတော့ အကြောင်းတရားကြောင့် အကျိုးတရားတွေ ဖြစ်နေတာပဲ။ အဝိဇ္ဇာ သင်္ခါရကြောင့် ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဖြစ်နေတာပါလားလို့ မြင်လာတဲ့အခါ အတိတ် ဘဝနဲ့ ပစ္စုပ္ပန်ဘဝဟာ တခြားစီ ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိလဲ ပျောက်သွားပါတယ်။

သဿတဒိဋ္ဌိ ပျောက်သွားပုံကတော့ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ် ဆိုရာမှာ သင်္ခါရက တခြား၊ ဝိညာဏ်က တခြားပါ။ သင်္ခါရထဲက ဝိညာဏ် ထွက်လာတာမဟုတ်၊ အတိတ်အကြောင်းထဲက ပစ္စုပ္ပန်အကျိုးတရား ထွက်လာတာလဲမဟုတ်၊ အတိတ်အကြောင်းဟာ သူ့ဘာသာသူ ဖြစ် ပျက် ချုပ်သွားတာပဲ။ အတိတ်အကြောင်းကြောင့် ဒီဘဝမှာ ဝိညာဏ်က အသစ်စက်စက် ဖြစ်လာတာပဲလို့ ပဋိစ္စသမုပ္ပါဒ်ကို သိသွားတဲ့အခါ ဝိညာဏ်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိ ပြုတ်သွားပါတယ်။ ဒီ ပင်မ အရင်းခံ ဒိဋ္ဌိကြီးနှစ်ခု ပြုတ်သွားဖို့ဟာ ဘယ်လောက် နက်နဲ သလဲဆိုတာ ရိပ်မိနိုင်ကြပါပြီ။

## ဒိဋ္ဌိတွေ ပြုတ်နည်း လေးမျိုး

### ဧကတ္တနည်း

အဋ္ဌကထာ ဆရာတွေက ပဋိစ္စသမုပ္ပါဒ်မှာ ဧကတ္တနည်း၊ နာနတ္တနည်း၊ အဗျာပါရနည်း၊ ဧဝံဓမ္မတာနည်းလို့ နည်းလေးမျိုးကို ပြခဲ့ပါသေးတယ်။ ဧကတ္တနည်းဆိုတာက သင်္ခါရနဲ့ ဝိညာဏ်ဟာ အစဉ် ပြတ်တာ မဟုတ်၊ စုတိပြီး ပဋိသန္ဓေ သန္တတိအစဉ် ဆက်လျက်ပါပဲ။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ရာမှာ သန္တတိအစဉ် တဆက်တည်း ဖြစ်နေတယ်လို့ ဒီလို အသိဉာဏ် ပေါ်လာယင် ဥစ္ဆေဒဒိဋ္ဌိ ပျောက်သွား ပါတယ်။

### နာနတ္တနည်း

နာနတ္တနည်း ဆိုတာကတော့ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ် ဆိုရာမှာ သင်္ခါရက တခြား၊ ဝိညာဏ်က တခြားပါ။ အကြောင်းနဲ့ အကျိုးဟာ တခုတည်းမဟုတ်ပါ။ ဝိညာဏ်ဟာ အသစ်စက်စက် ဖြစ် လာတယ်လို့ အသိဉာဏ်ပေါ်လာယင် သဿတဒိဋ္ဌိ ပျောက်သွားပါ တယ်။

### အဗျာပါရနည်း

အတ္တဒိဋ္ဌိ ဆိုတာက ဝိပဿနာလုပ်ငန်းမှာ ဖြိုရ အခက်ဆုံးပါ။ အတ္တဆိုတာကတော့ 'ငါ'ပါပဲ။ သင်္ခါရ ကုသိုလ်ကံ အကုသိုလ်ကံတွေ

လုပ်တာဟာ ဘယ်သူကမှ ခိုင်းလို့ လုပ်တာမဟုတ်ပါ။ ဆဝိဇ္ဇာကလဲ သင်္ခါရကို လုပ်ကြလို့ ခိုင်းတာမဟုတ်ပါ။ သင်္ခါရ ကုသိုလ်ကံ အကုသိုလ်ကံ အကြောင်းတရားကြောင့် ဒီဘဝမှာ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ နာမ်တရားဟာ သူ့ဟာသူ ဖြစ်ပေါ်လာတာပါ။ ကုသိုလ်ကံ အကုသိုလ်ကံကလဲ ငါ့အမိန့်နဲ့ ဝိညာဏ်ဖြစ်စေလို့ အမိန့်ပေးတာလဲ မဟုတ်ပါ။ အကြောင်းတရားကြောင့် အကျိုးတရား ပေါ်လာတာပဲ ရှိပါတယ်။ ခိုင်းစေလို့ ငါကခိုင်းလို့ သူကခိုင်းလို့ ဖြစ်လာတာမဟုတ်ပါ။

အတ္တဆိုတာက 'ကာရက' ပြုလုပ်သူလို့ အဓိပ္ပာယ်ရတော့ 'ငါလုပ်တာ၊ ငါ တရားတွေ အားထုတ်ထားတာ၊ ငါ ကုသိုလ်တွေ လုပ်ထားတာ၊ ငါ ဘယ်ကုသိုလ်တွေ လုပ်ထားတော့ ဘယ်ကို ငါ ရောက်မှာပါ'လို့ ဒီလို မယူရပါ။ ဓမ္မဋ္ဌိတိ တရားဉ် မြင်တဲ့ဉာဏ်ဆိုတာက ကုသိုလ်ကို လုပ်တဲ့ ပုဂ္ဂိုလ်လဲ မရှိ၊ အကုသိုလ်ကို လုပ်တဲ့ ပုဂ္ဂိုလ်လဲ မရှိ၊ 'အတ္တ' မရှိရပါ။ သင်္ခါရ ကုသိုလ် အကုသိုလ်ကံတွေ ရှိနေယင် ဝိညာဏ် ဆိုတဲ့ ပဋိသန္ဓေ ထပ်ဖြစ်နေမှာပဲလို့ ဓမ္မဋ္ဌိတိဉာဏ်က ဒီထိအောင် မြင်ရမှာပါ။ သူလုပ်ဘယ်၊ ငါလုပ်ဘယ် ဆိုတဲ့ ပြုလုပ်သူ 'ကာရက' ရှိနေယင် ဒီအတ္တဒိဋ္ဌိက ခံနေမှာပါ။

ကာရက ပြုလုပ်သူမရှိယင် 'ဝေဒက' ခံစားသူလဲ မရှိလို့ မြင်နေရမှာပါ။ ရှိတာက ကုသိုလ်ကံ အကုသိုလ်ကံပဲ ရှိတယ်။ ကုသိုလ်ကံ အကုသိုလ်ကံ ရှိလို့ ဝိညာဏ် ရှိနေတယ်။ ကုသိုလ်ကံ အကုသိုလ်ကံ မရှိယင်တော့ ဝိညာဏ်မရှိတော့လို့ ဒီလိုမြင်ရမယ် ဆိုတာက ဗုဒ္ဓဘာသာတရားမှာ အမြင့်ဆုံးအဆင့် ဖြစ်နေပါပြီ။

**ကံခန်းနှင့် ဝိပဿနာခန်း**

ဒါန သီလ လုပ်တဲ့ ပုဂ္ဂိုလ်လဲ မရှိ၊ ဒါနသီလအကျိုးကို ခံစားသူလဲ မရှိ၊ တနည်းပြောရယင် 'ကာရက' ပြုသူလဲ မရှိ၊ 'ဝေဒက' ခံစားသူလဲ မရှိဆိုတဲ့ ဒီလို အဆင့်ကို ရောက်နေတဲ့အခါမှာ ဗုဒ္ဓဘာသာတရားတော် ပထမဆင့်ကနေ စောဒက တက်ခဲ့ကြပါတယ်။ ပြုလုပ်သူ ပုဂ္ဂိုလ်လဲ မရှိ၊ ခံစားသူလဲ မရှိယင် ကုသိုလ်ကောင်းမှုတွေ ဘာကြောင့် လုပ်တော့မလဲ။ ခံစားသူမှ မရှိပဲ၊ အကုသိုလ်လုပ်ယင်ကော ဘာကြောက်စရာ ရှိသလဲ။ ခံစားရမှာမှ မဟုတ်ပဲလို့ ဒီလို စောဒက တက်ခဲ့

ကြပါတယ်။ ဒီအဆင့်မှာ ကံခန်းတွေ ပြန်ပြီး ပြောနေရယင် ပြဿနာ ဖြစ်နေမှာပါ။ ဒါကြောင့်လဲ မိုးကုတ်ဆရာတော်က သူ့တရားကို နားကြီးကြီးနဲ့ ထောင်ပါလို့ မကြာမကြာ ပြောလေ့ရှိပါတယ်။

**ဘုရားတည်ပြီး ငြမ်းဖျက်ရမှာ**

ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်တို့က အောက်ဆင့် ဘုံခန်း ကံခန်းတွေမှာ အင်မတန် ယုံကြည်တဲ့ သဒ္ဓါနဲ့ လုပ်လာခဲ့ပြီးသား၊ ဒါန သီလ ဘာဝနာတွေ အားလုံး နားလည်ပြီးသားပုဂ္ဂိုလ်က တဆင့်တက်ပြီးတော့ တကယ် အတ္တဒိဋ္ဌိ ပြုတ်ချင်ပါတယ်၊ ဒါတွေ အားလုံးကို ပယ်ပြီး မဂ်ရောက် ဖိုလ်ရောက် အားထုတ်ချင်တယ် ဆိုသူကတော့ ဒါတွေကို ပယ်ရမှာပါ။ ဘုရားတည်ပြီးယင် ငြမ်းတွေက ဖျက်ပင်ရမှာပါ။ ဘုရားတည်တယ် ဆိုတာကလဲ ငြမ်းတွေဖြစ်တဲ့ ဒါန သီလ ဘာဝနာတို့ မပါပဲ ဘုရားက တည်လို့ မရနိုင်ပါ။

**ဘုရားတည်ယင်တော့ ငြမ်းဆင်ရမှာပါ**

တချို့ကျတော့လဲ တဘက်စွန်း ရောက်သွားတတ်ပါတယ်။ ဒီ လောကီကုသိုလ် ဒါန သီလ ဘာဝနာတွေ လုပ်နေယင် သံသရာ ရှည်တယ်၊ မဂ်ရောက် ဖိုလ်ပေါက် လုပ်ချင်ယင် ဒါတွေကို မလုပ်ပဲနဲ့ ဝိပဿနာတရားသက်သက် အားထုတ်လို့ဆိုတော့ တဘက်စွန်း ရောက်သွားပြန်ပါတယ်။ မဖြေရှင်းနိုင်တဲ့ ဒိဋ္ဌိတမျိုး ဖြစ်သွားပြန်ပါတယ်။ ဒါကြောင့် ဒီအဆင့် တရားတော်ဟာ အင်မတန် သိမ်မွေ့တဲ့ တရားတော်ပါ။

ဘုရားတည်နေတဲ့ အခါမှာတော့ ငြမ်းဆင်ရမှာပါပဲ။ ငြမ်းမဆင်ပဲ ဒီလောက်မြင့်တဲ့ ဘုရားကြီးကို တည်လို့ မရနိုင်ပါ။ ဘုရားတည်တဲ့အခါမှာ ငြမ်း အရေးကြီးသလို ဒါန သီလ ဘာဝနာကလဲ ဝိပဿနာ အားထုတ်တဲ့အခါ အရေးကြီးတာပါပဲ။ ဒါက ငြမ်းဆင်တဲ့ အဆင့်ပါ။ ဒီအဆင့်က လွန်ပြီး ဘုရားတည်ပြီးတဲ့ အခါမှာတော့ ငြမ်းတွေက ဖျက်ရမှာပါပဲ။ ခန္ဓာငါးပါး ရုပ်နာမ်တရားဆိုတာ အကြောင်းရှိလို့ အကျိုးဖြစ်လာတာပါပဲ။ အကြောင်းမဲ့သက်သက် ဖြစ်လာတာ မဟုတ်၊ တဦးဦးက ပြုလုပ်လို့ ရလာတာလဲ မဟုတ်။ တဦးဦးက ဖန်

ဆင်းလို့ ဖြစ်လာတာလဲ မဟုတ်လို့ အဲဒီလို ဉာဏ်က ပေါ်လာတဲ့အခါ ကျတော့ အတ္တဒိဋ္ဌိ ပြုတ်သွားပါတယ်။

**နိဗ္ဗာန် လင်းကနဲ ပေါ်လာမှာပါ**

လူတွေက ငါလုပ်တယ်၊ သူလုပ်တယ်နဲ့ သက်သက်မဲ့သား ထင်နေတာပါ။ ဒီတရားကြောင့်သာ ဒီတရားဖြစ်တယ်။ (ပဋိစ္စသမုပ္ပါဒ် အနုလုံ) ဒီတရားမရှိယင် ဒီတရားမဖြစ်ဘူးလို့ (ပဋိစ္စသမုပ္ပါဒ် ပဋိလောမ) ကို ပြန်ပြန်ပြီး မြင်လိုက်ယင် နိဗ္ဗာန်ကို အာရုံပြုနိုင်တာပါပဲ။ ကိလေသ ဝဋ္ဋ မရှိယင် ကမ္မဝဋ္ဋမဖြစ်ဘူးလို့ သိတာက နိဗ္ဗာန် လင်းကနဲ ပေါ်တာပါ။ အဝိဇ္ဇာမရှိယင် သင်္ခါရကံတွေ မဖြစ်ဘူးလို့ သိတာကလဲ နိဗ္ဗာန်ကို လင်းကနဲ မြင်တာပါပဲ။

အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော၊ အဝိဇ္ဇာချုပ်ယင် သင်္ခါရချုပ်တယ်။

သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ သင်္ခါရချုပ်ယင် ဝိညာဏ် ချုပ်တယ်။

ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ ဝိညာဏ်ချုပ်ယင် နာမ် ရုပ် ချုပ်သွားတယ်။

ဝိညာဏ်ရှိယင် နာမ်ရုပ် ဖြစ်တယ်၊ ဝိညာဏ်မရှိယင် နာမ်ရုပ် မရှိလို့ မြင်တဲ့အမြင်ဟာ အလင်းရောင်ပါပဲ။ နိဗ္ဗာန်ပါပဲ။ ဒီအခါမှာ သိမ်မွေ့တဲ့ အတ္တအထင်ဟာလဲ ပြုတ်သွားတာပါပဲ။

ဒီလို အတ္တပြုတ်သွားတာက အဗျာပါရနည်းပါ။ အဗျာပါရ နည်း ဆိုတာက ဘယ်သူကမှ ဖန်ဆင်းတာလဲ မဟုတ်၊ ဗျာပါရ ဆိုတဲ့ ဘယ်သူမှ ကြောင့်ကြစိုက်ရတာလဲ မဟုတ်၊ အကြောင်းကြောင့် အကျိုး ဖြစ်နေတာပဲလို့ မြင်ရမှာပါ။ အကြောင်းတရားရှိယင် အကျိုးတရား ဖြစ်မယ်၊ အကြောင်းတရားမရှိယင် အကျိုးတရား မဖြစ်ဘူးလို့ အဲဒီလို မြင်တဲ့နည်းပါ။

အဗျာပါရနည်းမှာ ပြဿနာက ဘယ်လိုဖြစ်နိုင်သလဲဆိုတော့ အဗျာပါရဆိုတာ ဘာမှ ကြောင့်ကြမစိုက်ရပဲနဲ့ သူ့ဘာသာသူ အဖို

အလျောက် ဖြစ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ရောက်နေပါတယ်။ ဒီလို ဆိုယင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဏ် ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်တယ်၊ ဒီလို မဟုတ်ပဲနဲ့ အကြောင်းအကျိုး တရားတွေဟာ သူ့ဘာသာသူ ပရမ်းပတာ ဖြစ်ချင် သလို လျှောက်ဖြစ်နေတာလား ဆိုတော့ နည်းတနည်းနဲ့ ပြောရယင် ဧဝံဓမ္မတာနည်းနဲ့ ဖြေရှင်းရမှာပါ။

## ဧဝံဓမ္မတာနည်း

ဧဝံဓမ္မတာနည်း ဆိုတာကတော့ 'ဓမ္မတာ'ရှိသလိုသာ ဖြစ်တယ် လို့ ဆိုတာပါပဲ။ ဓမ္မတာဆိုတာက အဝိဇ္ဇာကြောင့် သင်္ခါရပဲ ဖြစ်ရ ပါတယ်၊ သင်္ခါရကြောင့် ဝိညာဏ်ပဲ ဖြစ်ရပါတယ်၊ ဝိညာဏ်ကြောင့် နာမ် ရုပ်ပဲ ဖြစ်ရပါတယ်။ ဒိပြင် ဓမ္မတာမဟုတ်တဲ့တရား မဖြစ်ပဲ ဓမ္မတာအတိုင်းပဲ ဖြစ်ရပါတယ်။ အကြောင်းအားလျော်စွာ ဖြစ်သင့်တဲ့ အကျိုးပဲ ဖြစ်ရပါတယ်။ မဖြစ်သင့်တဲ့ အကျိုးတရား မဖြစ်ပါ။ အကြောင်းအားလျော်စွာ ဖြစ်ရတယ် ဆိုတော့ အကြောင်းမဲ့ ဆိုတဲ့ အဟေတုက ဒိဋ္ဌိကို ပယ်ပြီး ဖြစ်သွားပါတယ်။

ခု သင်ခဲ့တဲ့ နည်းကတော့ အဘိဓမ္မာမှာ လာတဲ့ ဗမာပြည် တပြည်လုံးမှာ သင်နေတဲ့ နည်းပါပဲ။ မြတ်စွာဘုရား ကိုယ်တော်တိုင်လဲ ဒီနည်းနဲ့ ဆင်ခြင်တာပါပဲ။ ပဋိစ္စသမုပ္ပါဒ်တွင် နည်း ၄ မျိုးတို့နဲ့ ဒိဋ္ဌိ တွေ ပြုတ်ရသည်မှာ နက်နဲလှပါတယ်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို နက်နဲတယ်လို့ ဘုရားရှင် ကိုယ်တော်တိုင်ပဲ ဟောခဲ့ပါတယ်။

နည်း ၄ မျိုးနဲ့ ဒိဋ္ဌိတွေကို အသီးသီး ပယ်သွားပုံမှာ—
ဧကတ္တနည်းက ဥစ္ဆေဒဒိဋ္ဌိကို ပယ်ပါတယ်။
နာနတ္တနည်းက သဿတဒိဋ္ဌိကို ပယ်ပါတယ်။
အဗျာပါရနည်းက အတ္တဒိဋ္ဌိကို ပယ်ပါတယ်။
ဧဝံဓမ္မတာနည်းက အဟေတုက ဒိဋ္ဌိကို ပယ်ပါတယ်။

ဒီ ဒိဋ္ဌိတွေ အကုန်ပြုတ်ယင်တော့ သောတာပန်စစ်စစ် ဖြစ်ပါပြီ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါပြီ၊ သံသရာဝဋ္ဋကလဲ ကျွတ်ပါပြီ၊ လွတ်ပါပြီ။

သာဓု၊ သာဓု၊ သာဓု။

# ဆုတောင်း

၁။ ယံ ပတ္တံ ကုသလံ တာယီ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနံ သုခမုတ္တမံ။

၃။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၄။ ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံပဇံ။ ။

၁။ မယာ၊ အကျွန်ုပ်သည်။ ယံ ကုသလံ၊ အကြင်ကောင်းမှု ကုသိုလ်ကို။ ပတ္တံ၊ ရောက်အပ် ရအပ်ပြီ။ တာယီ၊ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အစွမ်းအားကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ၊ တရားမင်းစစ် ဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်နိုင်သော။ ဓမ္မံ၊ တရားတော်ကို။ ဉာယန္တု၊ သိနိုင် ကျင့်နိုင်ကြပါစေကုန်သတည်း။ ဉတွာ၊ သိပြီး ကျင့်ပြီးနောက်—

၂။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ သုခါယ၊ လွယ်ကူသော။ ပဋိပတ္တိယာ၊ အကျင့်ဖြင့်။ အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ အနုပါယာသံ၊ ပူပန်မှုမရှိသော။ ဥတ္တမံ သုခံ၊ အမြတ်ဆုံး ချမ်းသာ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပုဏန္တု၊ ရောက်နိုင်ကြပါစေကုန်သတည်း။

၃။ သဒ္ဒမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ ရိုသေလေးစားခြင်း ရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဒေဝေါ၊ မိုးသည်။ ကာလေန၊ ရွာသင့်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာသွန်းပါစေသတည်း။

၄။ ပေါရာဏာ၊ ရှေးခေတ်၌ ဖြစ်ကုန်သော။ သုရာဇာနော၊ မင်းကောင်း, မင်းမြတ်တို့သည်။ ပဇံ၊ တိုင်းသူပြည်သား လူအများကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခိံသု ယထာ၊ စောင့်ရှောက်ကြကုန်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ရာဇာ၊ တိုင်းပြည် အုပ်ချုပ်သော မင်းသည်။ အတ္တနော၊ မိမိ၏။ ပဇံဣဝ၊ ရင်ဝယ်သားကိုကဲ့သို့။ ဣမံ ပဇံ၊ တိုင်းသူ ပြည်သား ဤလူအများကို။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။